The
# Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL . 15, NO . 45 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | November 23 , 2015




## ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် တိုးပွားနေသည့် ရင်းနှီးမြှုပ်နှံမှုများ

ဒေါက်တာမောင်အောင် ၁၈



ကယားပြည်နယ်ကို ခရီးသွားဈေးကွက် မြှင့်တင်ပေးတဲ့ ကေထိုးဘိုးတံခွန်တိုင်ပွဲတော် ၁၂

ပွင့်လင်းရာသီ ဈေးကွက်တွင် ပြည်ပပို့ကုန် ပုသိမ်ထီး အရောင်းအဝယ်သွက် ၂၄

ပြည်ဈေးကွက်သို့ ပဲတီစိမ်းစတင် ဝင်ရောက်လာပြီး ဈေးကောင်းရနေ ၅

ကြက်သွန်နီအသစ် မပေါ်သရွေ့ ဈေးတက်နေမယ့် ပြည်ကြက်သွန်နီဈေး ၇


ONCE DRIVEN
NEVER FORGOTTEN.
THE NEW BMW 3 SERIES.
Enjoy sheer driving pleasure with the excellent handling of the new BMW 3 Series. Seize the moment to discover the exhilarating power of the BMW TwinPower Turbo Engine as well as the seamless performance of an 8-speed automatic transmission.
BMW Service Inclusive that cover the cost of your vehicle maintenance for 3 years and extends the statutory warranty period to 3 years.
Visit Prestige Automobiles or call +95 (1) 230 6133 for a test drive today.
Service Hotline: +95 (1) 230 6144.
Prestige Automobiles
bmwmyanmar.com
Sheer Driving Pleasure
The New BMW 3 Series
BMW EFFICIENTDYNAMICS.
LESS CONSUMPTION. MORE DRIVING PLEASURE.
Prestige Automobiles Co.,Ltd. The Exclusive Authorised BMW Dealer in Myanmar.
No.485, Corner of Pyay Road and Narnattaw Street, Kamayut Township, Yangon, Myanmar.
Join BMW Myanmar
www.facebook.com/BMWPAC

# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ဒသမအကြိမ်မြောက် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တက်ရောက်



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ ကုန်သွယ်ရေးဦးစီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ မြန်မာနိုင်ငံသားများဘဏ်လီမိတက်နှင့် မြန်မာ့ကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက် မိသားစုများ၏ ဒသမအကြိမ်မြောက် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို နိုဝင်ဘာ ၂၀ ရက်က နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စုပေါင်းအစည်းအဝေးခန်းမ၌ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး တက်ရောက်ပြီး ဆရာတော်အရှင်သူမြတ်များအား ကထိန်သင်္ကန်းများ ဆက်ကပ်လှူဒါန်းသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဆုတောင်းဖွင့်လှစ်ပြီး ပျဉ်မနားမြို့ ဘုရားကြီးတောရကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဓမ္မပါလထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော်အရှင်သူမြတ်များက ပရိတ်တရားတော်များရွတ်ပွားချီးမြှင့်သည်။

စာမျက်နှာ ၂၃ သို့ ➲

# ကုန်သွယ်ရေးဦးစီးဌာနနှင့် ဖရက်ဒရစ်နော်မန်ဖောင်ဒေးရှင်းတို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တက်ရောက်




စီးပွားရေးနှင့်ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနနှင့် ဂျာမနီနိုင်ငံ၊ ဖရက်ဒရစ်နော်မန်ဖောင်ဒေးရှင်းတို့အကြား နားလည်မှုစာချွန်လွှာ (Memorandum of Understanding-MoU) လက်မှတ်ရေးထိုးပွဲအခမ်းအနားကို နိုဝင်ဘာ ၁၉ ရက်က နေပြည်တော်ဟိုတယ်ဇုန်ရှိ ကမ်ပါစကီးဟိုတယ် ပုဂံခန်းမ၌ ကျင်းပပြုလုပ်ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ ကုန်သွယ်ရေးကဏ္ဍမှာ ကုန်သွယ်ရေးဦးစီးဌာနက အဓိကဦးဆောင်နေသလို ဖရက်ဒရစ်နော်မန်ဖောင်ဒေးရှင်းသည်လည်း မြန်မာနိုင်ငံ၏ ကုန်သွယ်မှုလွတ်လပ်ရေး၊ တရားဥပဒေစိုးမိုးရေး

စာမျက်နှာ ၆ သို့ ➲

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Gautam Mukhopadhaya အား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၀ ရက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Gautam Mukhopadhayaအား လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ပဥ္စမအကြိမ် မြန်မာ-အိန္ဒိယ ကုန်သွယ်ရေးပူးတွဲကော်မတီ အစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင်



နေပြည်တော်၌ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပါကြောင်း၊ နှစ်နိုင်ငံအကြား တတိယအကြိမ် မြန်မာ-အိန္ဒိယအရာထမ်းအဆင့် နယ်စပ်ကုန်သွယ်ရေးကော်မတီ အစည်းအဝေးနှင့် ပထမအကြိမ် နှစ်နိုင်ငံ နယ်စပ်ဈေးပူးတွဲကော်မတီ အစည်းအဝေးများကို ကျင်းပနိုင်ခဲ့ပြီး မြန်မာ-အိန္ဒိယ နယ်စပ်ဈေးများဖွင့်လှစ်နိုင်ရေးအတွက် နယ်စပ်ဈေးများ စီမံခန့်ခွဲရေးနည်းလမ်းအား လက်မှတ်ရေးထိုးနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ စတုတ္ထအကြိမ် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှုကော်မတီ အစည်းအဝေး ကျင်းပချိန်တွင် ဒုတိယအကြိမ် မြန်မာ-အိန္ဒိယ နယ်စပ်ဈေးပူးတွဲကော်မတီ အစည်းအဝေးကို Back to Back အနေဖြင့် နှစ်ဘက်အဆင်ပြေ

စာမျက်နှာ ၂၃ သို့ ➲

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
ဒေါက်တာမောင်အောင်
အောင်စိုး(MPM)၊ သန်းအောင်ကျော်
ကျော်စိုးလင်း
မြတ်ထွန်းကျော်
ဝင်းမြင့်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**
မောင်ရွှေ၊ ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊
ခင်မောင်မောင်အုန်း၊ ချိုသက်မူ၊ သန်းအေး

**လက်ထောက်စာတည်း**
ချောစုမာ၊ နှင်းပန်းဖြူ
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**
ခင်မြင့်မြင့်သန်း(မန္တလေး)၊
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)
စိုးဦး(ကျုံပျော်)၊ မင်းဇော်မှန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ ဆုမွန်ဆွေ(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဧခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(လွိုင်ကော်)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့်(ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၇၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း - ၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
တင်တင်အေး၊ ခင်မြတ်မွန်၊
အုန်းခင်

**ကွန်ပျူတာ**
မြင့်မြင့်ကြည်၊ အေးအေးနွဲ့၊ တင်နီလာကျော်
သီရိဝင်း၊ မြတ်ဆုလှိုင်၊ သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

Rice Market News
Vol: 15, No.45 Monday November 23 2015

# ဆန်ချောသစ်အဝင်လှိုင်လို့ အဝယ်အေးစျေးအေးသော်လည်း ဆန်ကြမ်းဟောင်းစျေးခိုင်

ရန်ကုန်မြို့၊ ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း)ရဲ့ ဒီတစ်ပတ်ဆန်စျေးကွက်မှာတော့ နိုဝင်ဘာ ၁၉ ရက်နေ့ စျေးနှုန်းများအရ ဆန်ဟောင်းစျေးဖြစ်တဲ့ ဖျာပုံပေါ်ဆန်း လတ်စ တစ်အိတ် ၃၆၅၀၀ ကျပ်၊ ထိပ်စ တစ်အိတ် ၄၀၀၀၀ ကျပ်၊ မြောင်းမြ၊ ပုသိမ်ပေါ်ဆန်း လတ်စ တစ်အိတ် ၃၉၅၀၀ ကျပ်၊ ထိပ်စ တစ်အိတ် ၄၂၀၀၀ ကျပ်၊ နယ်စုံပေါ်ဆန်း လတ်စ တစ်အိတ် ၃၅၀၀၀ ကျပ်၊ ထိပ်စ တစ်အိတ် ၃၆၀၀၀ ကျပ်ဖြစ်ကြောင်း၊ ပေါ်ဆန်းဆန်သစ်စျေးကတော့ ၂၄၅၀၀ ကျပ်မှ ၂၇၅၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်ထက် တစ်အိတ်ကို ၁၅၀၀ ကျပ်မှ ၂၅၀၀ ကျပ်ထိ စျေးကျသွားကြောင်း၊ ကုန်စည်ဒိုင်သို့ ပေါ်ဆန်းဆန်အသစ်များ အဝင်များပြီး ဝယ်လိုအားနည်းလို့ ပေါ်ဆန်းဆန်အသစ်စျေး တော်တော်လေး ကျရခြင်းဖြစ်ကြောင်း၊ ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထဆန်ဟောင်းလတ်စ တစ်အိတ်ကို ၂၄၀၀၀ ကျပ်၊ ထိပ်စ တစ်အိတ် ၂၆၀၀၀ ကျပ်၊ မိုးသုခ ၂၇၀၀၀ ကျပ်မှ ၂၈၀၀၀ ကျပ်၊ ရက် ၉၀ မီးကောက် ၂၈၅၀၀ ကျပ်မှ ၃၁၀၀၀ ကျပ်၊ ဆင်းသွယ်လတ် ၂၈၅၀၀ ကျပ်မှ ၃၁၀၀၀ ကျပ် စျေးဖြစ်နေကြပြီး၊ နွေဆန်ရှယ် တစ်အိတ် ၂၄၅၀၀ ကျပ်မှ ၂၆၀၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် ရက် ၉၀ မီးကောက် တစ်အိတ်ကို ၁၅၀၀ ကျပ်မှ ၂၀၀၀ ကျပ်ခန့်စျေးတက်လာပြီး၊ ဆင်းသွယ်လတ် တစ်အိတ်ကို ၁၅၀၀ ကျပ်မှ ၃၀၀၀ ကျပ်ခန့် စျေးတက်လာကြောင်း၊ ကုန်စည်ဒိုင်စျေးနှုန်းအရ စိစစ်တွေ့ရှိရပါတယ်။ ဧည့်မထဆန်သစ်စျေးကတော့ ၁၉၀၀၀ ကျပ်မှ ၂၂၀၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်တိုင်း စျေးနှုန်းမပြောင်းဘဲ စျေးငြိမ်နေတယ်လို့ ကုန်စည်ဒိုင်စျေးကွက်မှ သိရပါတယ်။

နိုဝင်ဘာလ ၂၀ ရက် မူဆယ်ဆန်စျေးကွက်ရဲ့ စျေးနှုန်းများအရ ဧည့်မထ ၅ မှတ် မှော်ဘီ တစ်အိတ် ၁၃၈-၁၄၂ ယွမ်နဲ့ မနောသုခ တစ်အိတ် ၁၃၁-၁၃၄ ယွမ်၊ ဧည့်မထ ၁၀ မှတ် မှော်ဘီ တစ်အိတ် ၁၃၆-၁၃၇ ယွမ်နဲ့ မနောသုခ တစ်အိတ် ၁၂၉-၁၃၀ ယွမ်၊ ဧည့်မထ ၁၅ မှတ် မှော်ဘီတစ်အိတ် ၁၃၂-၁၃၅ ယွမ်၊ မနောသုခ တစ်အိတ် ၁၂၇-၁၂၈ ယွမ်၊ ဧည့်မထ ၂၅ မှတ် ရတနာတိုးတစ်အိတ် ၁၂၅-၁၂၇ ယွမ်နဲ့ မနောသုခ တစ်အိတ် ၁၂၄-၁၂၅ ယွမ်၊ ငစိန် ၅ မှတ် တစ်အိတ် ၁၃၂-၁၃၅ ယွမ်၊ ငစိန် ၁၅ မှတ် တစ်အိတ် ၁၂၉-၁၃၁ ယွမ်၊ ငစိန် ၂၅ မှတ် တစ်အိတ် ၁၂၅-၁၂၇ ယွမ် အသီးသီးဖြစ်ခဲ့ကြပြီး၊ ယခင်တစ်ပတ်ထက် ဧည့်မထဆန်မှာ ၂ ယွမ်မှ ၇ ယွမ်ခန့်၊ ငစိန်ဆန်မှာ ၈ ယွမ်မှ ၁၂ ယွမ်ခန့်ထိ စျေးကျဆင်းနေကြောင်း၊ နိုဝင်ဘာ ၂၀ ရက်နေ့ ငွေလဲနှုန်းမှာ တစ်ယွမ်ကို ၂၀၁ ဒသမ ၂၁ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်ထက် တစ်ယွမ်ကို သုည ဒသမ ၈၁ ကျပ်ခန့် စျေးတက်လာခဲ့ကြောင်း၊ ယခုတစ်ပတ်အတွင်း ပြည်တွင်းနယ်စုံမှ မူဆယ်သို့ ဆန်တန် ၂၀၇၄၀ ခန့်ဝင်ရောက်ခဲ့ပြီး ယခင်တစ်ပတ်ထက် ဆန်တန် ၁၆၀၁ ခန့်ပိုမိုဝင်ရောက်ခဲ့ကြောင်း၊ ဆန်သစ်များအဝင်များနေလို့ စျေးနှုန်းကျဆင်းသော်လည်း အရောင်းအဝယ်ကောင်းလျက်ရှိပြီး၊ မှော်ဘီ၊ စူပါ၊ သုခ၊ ရတနာတိုးတို့က အမြဲတန်းအရောင်းအဝယ် ပုံမှန်ဖြစ်လျက်ရှိတယ်လို့ မူဆယ်ဆန်စျေးကွက်မှ သိရပါတယ်။

မြန်မာ့ဆန် ပြည်ပတင်ပို့မှုမှာ ယခုဘဏ္ဍာနှစ်၊ ဧပြီလ ၁ ရက်မှ နိုဝင်ဘာ ၁၃ ရက်ထိ တန်ချိန် ၅၈၇၃၃၃ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၁၅ သန်းကျော်ဖိုး ရှိနေပြီး၊ ယခင်ဘဏ္ဍာနှစ် ကာလတူထက် တန်ချိန် ၁၅၆၀၀၈ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၆၄ သန်းကျော်ဖိုး လျော့နည်းလျက်ရှိပြီး၊ ဆန်ကွဲပြည်ပတင်ပို့မှုမှာ တန်ချိန် ၂၄၉၅၂၃ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၇၇ သန်းကျော်ဖိုးရှိနေပြီး၊ ယခင်ဘဏ္ဍာနှစ် ကာလတူထက် တန်ချိန် ၉၄၀၂၉ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၈ သန်းကျော်ဖိုး တင်ပို့နိုင်မှု ပမာဏနှင့် တန်ဖိုးလျော့နည်းလျက်ရှိကြောင်း သိရပါတယ်။

**MIRT -YGN**

# ပုသိမ်ဆန်စပါးစျေးကွက် မိုးစပါးသစ်များ စျေးကွက်ဝင်ရောက်ချိန် တောင်သူများ ယခင်နှစ်ထက် စျေးနှုန်းအမြင့်ရပြီး အရောင်းအဝယ်သွက်

ပုသိမ်မြို့နယ်မှာ အောက်တိုဘာလလယ်ပိုင်းမှစတင်ထွက်ရှိသော ကောက်စောစပါးများသည် နိုဝင်ဘာလတွင် စျေးကွက်သို့ ပုံမှန်ဝင်ရောက်လျက် ဒီဇင်ဘာလ သက်ကြီးစပါး မီးကောက်၊ ဧရာမင်း၊ ပေါ်ဆန်းဘေးကြား၊ ဧရာဝတီပေါ်ဆန်းစပါးများထွက်ရှိချိန် စျေးကွက်မှာ စပါးများလှိုင်လှိုင်ပေါ်လာမှာဖြစ်ကြောင်းသိရ ပါတယ်။

လက်ရှိ ဆန်စပါးစျေးကွက်တွင် ယခင်မိုးစပါးအဟောင်းများမှာ တောင်သူများထံတွင်မရှိတော့ဘဲ စက်ပိုင်ကုန်သည်များနဲ့ စျေးကွက်တွင်ရှိသော ဧရာဝတီ ပေါ်ဆန်းတစ်အိတ်ကို ၄၀၀၀၀ ကျပ်၊ ၄၁၀၀၀ ကျပ်၊ ပေါ်ဆန်းရင်တစ်အိတ် ၃၉၀၀၀ ကျပ်၊ ၄၀၀၀၀ ကျပ်နဲ့ ရွှေသွယ်ဆန်အဟောင်း တစ်အိတ် ၂၈၀၀၀ ကျပ်၊ ၃၀၀၀၀ ကျပ်၊ မနောသုခ၊ မျိုးပွား၊ ဆင်းသုခအဟောင်းတစ်အိတ် ၂၆၀၀၀ ကျပ်နဲ့ ရောင်းဝယ်လျက်ရှိကြောင်း သိရပါတယ်။

ယခင်နှစ် မိုးကောက်စောစပါးများထွက်ရှိချိန် မနောသုခ၊ မျိုးပွား၊ ဆင်းသုခ၊ စပါးပေါင် ၁၀၀၊ တင်း ၁၀၀ ကို၄၂၀၀၀၀ ကျပ်စျေးသာရှိသော်လည်း ယခုနှစ် အဖွင့်စျေးမှာပင် မနောသုခ၊ မျိုးပွား၊ ဆင်းသုခ ပေါင် ၁၀၀၊ တင်း ၁၀၀ ကို တောစျေး ၅၈၀၀၀၀ ကျပ်၊ မြို့စျေး ၆၀၀၀၀၀ ကျပ်၊ ဆန်တစ်အိတ် ၂၁၀၀၀ ကျပ်၊ ယခင်နှစ် ပေါ်ဆန်းရင်စပါးတင်း ၁၀၀ လျှင် ၇၀၀၀၀၀ ကျပ်မှ ယခုနှစ် ၇၅၀၀၀၀ ကျပ်၊ ပေါ်ဆန်းရင်ဆန်သစ် တစ်အိတ်ကို ယခုလက်ရှိ ၂၇၀၀၀ကျပ်၊ ၂၈၀၀၀ကျပ်ဖြင့် အရောင်းအဝယ်သွက်လျက်ရှိကြောင်း၊ မနောသုခ၊ မျိုးပွား၊ ဆင်းသုခစပါးစျေးမှာ ယခင်နှစ်ပေါက်စျေးထက် ၁၀၀၀၀၀ ကျပ်ခန့်စျေးပိုရပြီး၊ ပေါ်ဆန်းရင်စပါးစျေးနှုန်းမှာ ယခင်နှစ်ထက် ကျပ် ၅၀၀၀၀ ကျပ်စျေးနှုန်းပိုရကြောင်း ဆန်စပါးအသိုင်းအဝိုင်းမှသိရပါတယ်။

လက်ရှိဆန်စျေးကွက်တွင် တိုင်းအတွင်းနဲ့ ရန်ကုန်၊ ပြည်၊ အညာဒေသများမှ ဆန်ဟောင်းဆန်သစ်များ အဝယ်လိုက်လျက်ရှိကြောင်း၊ ပုသိမ်မြို့နယ်မှာ ယခုနှစ်ရေကြီး ထိခိုက်မှုနည်းပါးပြီး၊ တောင်သူများအထွက် နှုန်းကောင်း စျေးကောင်းရလျက်ရှိကြောင်း၊ အထွက်နှုန်းကောင်းပြီး စျေးမကောင်းလျှင်လည်း တောင်သူများ တွက်ခြေကိုက်မှုနည်းပါးမှာဖြစ်ကြောင်း၊ လက်ရှိစျေးကွက်တွင် ဆန်စျေးကွက်နဲ့အတူ ရာသီကုန်ဖြစ်သော ကောက်ညှင်းစျေးကွက်မှာ အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာများတွင်သာ အရောင်းအဝယ်သွက်လျက် နယ်ဝယ်လက်များမှာ လှောင်ကုန်အဖြစ်ထားရှိပြီး၊ နှစ်ပတ်လည်ရောင်း ချလျက်ရှိကြောင်း၊ လက်ရှိကောက်ညှင်း အဖြူအသွယ်တစ်အိတ်လျှင် ၃၅၀၀၀ ကျပ်၊ ကောက်ညှင်းအဖြူအပွတစ်အိတ် ၃၃၀၀၀ ကျပ်၊ ကောက်ညှင်းငချိပ် အသွယ် ၂၈၀၀၀ ကျပ်၊ ကောက်ညှင်းငချိန်အပွ ၂၅၀၀၀ ကျပ်စျေးဖြင့် အရောင်းအဝယ်သွက်လျက်ရှိပြီး၊ ကောက်ညှင်းစိုက်တောင်သူများမှာ ယခင်နှစ်ထက် တစ်အိတ်ကို ၅၀၀၀ ကျပ်ခန့် စျေးနှုန်းမြင့်ပြီးရရှိကြောင်း ဆန်စပါးစျေးကွက်မှသိရပါတယ်။

**မင်းမင်းဦး-ပုသိမ်**

## အာရှနိုင်ငံတွေက FOB ဆန်စျေးနှုန်းများ

၁၉-၁၁-၂၀၁၅ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၃၇၉ | ၃၇၇ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၆၇ | ၃၆၅ | ▽ | ၃၇၀ | ၃၇၀ | □ | ၃၄၅ | ၃၄၅ | □ | ၃၁၅ | ၃၁၅ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၅၈ | ၃၅၆ | ▽ | ၃၅၅ | ၃၅၅ | □ | ၃၂၅ | ၃၂၅ | □ | ၂၉၀ | ၂၉၀ | □ |
| ပေါင်းဆန် | ၃၅၅ | ၃၅၀ | ▽ | - | - | - | ၃၄၀ | ၃၄၀ | □ | ၄၀၅ | ၄၀၅ | □ |

*Source: oryza.com*

## အမေရိကန်နိုင်ငံတွေက FOB ဆန်စျေးနှုန်းများ

၁၉-၁၁-၂၀၁၅ ဒေါ်လာ/တန်

| | ယူအက်စ် | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၄၉၀ | ၄၉၀ | □ | ၅၃၅ | ၅၃၅ | □ | ၅၃၀ | ၅၃၀ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၅၀၀ | ၅၀၀ | □ | - | - | - | - | - | - |

*Source: oryza.com*

## ပြည်တွင်းမြို့ကြီးများ၏ (၂၀-၁၁-၂၀၁၅) ရက်နေ့ ဆန်၊ စပါးစျေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၄၉၀၀ | ▽ | ၂၄၀၀၀ | □ | ၇၇၂၀ | □ | ၃၅၀၀၀ | □ |
| ပုသိမ် | ၅၄၂၀ | □ | ၂၄၅၀၀ | □ | ၈၃၂၃ | □ | ၃၈၀၀၀ | □ |
| ပဲခူး | ၅၂၀၀ | □ | ၂၄၀၀၀ | □ | ၈၁၀၀ | □ | ၃၅၀၀၀ | □ |
| ရွှေဘို | ၅၆၀၀ | △ | ၂၃၅၀၀ | △ | ၁၃၅၀၀ | □ | ၄၅၀၀၀ | □ |
| စစ်တွေ | ၅၆၀၀ | □ | ၂၄၀၀၀ | □ | ၈၇၅၀ | □ | ၃၇၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၆၀၀၀ | □ | ၂၈၀၀၀ | □ | - | - | ၄၆၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၃၀၀ | □ | ၂၄၀၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မန္တလေး | ၅၅၀၀ | □ | ၂၆၅၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မကွေး | ၇၈၀၀ | □ | ၂၆၇၀၀ | □ | - | - | ၄၂၀၀၀ | □ |
| မော်လမြိုင် | ၅၅၀၀ | □ | ၂၃၀၀၀ | □ | ၈၄၀၀ | □ | ၃၅၀၀၀ | □ |
| လွိုင်ကော် | ၇၆၆၀ | □ | ၃၀၀၀၀ | □ | - | - | ၅၂၅၀၀ | □ |
| မြိတ် | ၅၃၀၀ | □ | ၂၆၀၀၀ | □ | - | - | ၄၂၀၀၀ | □ |
| ဘားအံ | ၅၇၀၀ | □ | ၂၅၀၀၀ | □ | - | - | ၃၈၀၀၀ | □ |
| တောင်ကြီး | - | - | ၂၅၅၀၀ | △ | - | - | ၅၀၀၀၀ | △ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်စျေးမှာ နတ္တလင်းဆန်စျေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လွိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ်စျေးများ ဖြစ်ပါသည်။

## ပြည်ပသို့ ဆန်တင်ပို့မှု ယခင် တစ်ပတ်ထက် ပိုမို

နိုဝင်ဘာလ ၇ ရက်နေ့မှ ၁၃ ရက်နေ့ထိကာလအတွင်းမှာ ကုန်သွယ်ရေးစခန်းများမှ ဆန်တင်ပို့မှုဟာ ယခင်တစ်ပတ်ထက် တန် ၃၉၉၀ ပိုမိုတင်ပို့နိုင်ပါတယ်။ ယခုသီတင်းပတ်မှာ ကန်ဒေါ်လာ ၁၀ ဒသမ ၈၃၇ သန်းဖိုးရှိတဲ့ ဆန်တန်ချိန် ၂၉၂၅၄ တန်ကျော်ကို မူဆယ်၊ ချင်းရွှေဟော်၊ လွယ်ဂျယ်စခန်းတို့မှ တင်ပို့ခဲ့ပြီး မူဆယ်မှ ငစိန်ဆန် ၁၈၀၃၂ တန်နဲ့ ဧည့်မထဆန် ၁၀၃၇၂ တန်၊ ချင်းရွှေဟော်မှ ငစိန်ဆန် တန် ၃၅၀ နဲ့ လွယ်ဂျယ်မှ ငစိန်ဆန် တန် ၅၀၀ တင်ပို့ခဲ့ပါတယ်။ ကန်ဒေါ်လာ ၁ ဒသမ ၂၁၈ သန်းဖိုးရှိ ဆန်ကွဲ ၃၇၄၅ တန်ကျော်ကို မူဆယ်မှတင်ပို့ခဲ့ပြီး ယခင်တစ်ပတ်ထက် ၆၃၃ တန် လျော့နည်းတင်ပို့ခဲ့ပါတယ်။

ပင်လယ်ရေကြောင်းမှ တင်ပို့မှုကတော့ နိုဝင်ဘာလ ၈ ရက်မှ ၁၄ ရက်နေ့ထိမှာ ကန်ဒေါ်လာ သုည ဒသမ ၄၆၁ သန်းဖိုးရှိ ပေါင်းဆန် ၈၇၅ တန်နဲ့ ဧည့်မထဆန် ၂၂၅ တန်တင်ပို့ခဲ့ပါတယ်။ ပေါင်းဆန်ကို တရုတ်နိုင်ငံသို့ တန် ၃၀၀၊ စင်ကာပူနိုင်ငံသို့ တန် ၅၀ နဲ့ အီးယူနိုင်ငံများသို့ ၅၂၅ တန်၊ ပိုလန်နိုင်ငံသို့ ဧည့်မထ ၂၂၅ တန် တင်ပို့ခဲ့တာဖြစ်ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုထက် တန် ၅၈၀ ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ဆန်ကွဲကိုတော့ အီးယူနိုင်ငံများသို့ တန် ၄၀၀ တင်ပို့ခဲ့ပါတယ်။ တန်ဖိုးမှာ ကန်ဒေါ်လာ သုည ဒသမ ၁၀၅ သန်းဖြစ်ပြီး ယခင်တစ်ပတ် ထက် ၂၇၅ တန်ပိုမိုတင်ပို့ခဲ့ကြောင်း သိရှိရပါတယ်။ **ယဉ်ယဉ်အေး**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၀-၁၁-၂၀၁၅ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁၃/၁၁ | ၂၀/၁၁ | ပြောင်းလဲမှု | ၁၃/၁၁ | ၂၀/၁၁ | ပြောင်းလဲမှု | ၁၃/၁၁ | ၂၀/၁၁ | ပြောင်းလဲမှု | ၁၃/၁၁ | ၂၀/၁၁ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၃၅၈၂ | ၃၇၁၅ | ▲ | - | ၃၅၀၀ | - | ၃၆၀၀ | ၃၆၀၀ | ■ | - | ၃၅၀၀ | - |
| ၂ | ပဲစင်းငုံ | - | - | - | - | - | - | - | ၂၂၈၀ | - | - | ၂၂၅၀ | - |
| ၃ | ပဲတီစိမ်း | ၂၂၃၀ | ၂၁၀၀ | ▼ | ၁၉၅၆ | ၁၉၉၁ | ▲ | ၁၀၄၂ | ၁၀၆၀ | ▲ | ၂၀၅၀ | ၂၀၃၀ | ▼ |
| ၄ | ကုလားပဲရိုးရိုး | ၂၄၀၀ | ၂၃၅၀ | ▼ | - | - | - | - | - | - | ၁၉၅၀ | ၁၉၂၀ | ▼ |
| ၅ | ပဲလွန်းဖြူ | ၁၃၈၀ | ၁၃၈၀ | ■ | - | - | - | - | - | - | ၁၀၈၀ | ၁၀၃၀ | ▼ |
| ၆ | ထောပတ်ပဲ | ၉၀၀ | ၉၀၀ | ■ | ၉၂၄ | - | - | - | - | - | ၇၁၀ | ၆၀၅ | ▼ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၂၀-၁၁-၂၀၁၅ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | | ၁၂/၁၁ | ၁၉/၁၁ | ပြောင်းလဲမှု | ၁၂/၁၁ | ၁၉/၁၁ | ပြောင်းလဲမှု | ၁၂/၁၁ | ၁၉/၁၁ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၇၀၀ | ၁၇၀၀ | ■ | ၁၅၀၈ | ၁၆၆၄ | ▲ | ၁၄၃၂ | ၁၃၆၁ | ▼ |
| ၂ | ပဲစင်းငုံ | ၁၅၇၀ | ၁၅၇၀ | ■ | ၁၅၀၇ | ၁၅၈၈ | ▲ | ၁၅၀၈ | ၁၆၁၉ | ▲ |
| ၃ | ပဲတီရွှေဝါ | ၁၀၀၀ | ၁၀၀၀ | ■ | - | - | - | ၁၁၉၁ | ၁၁၆၅ | ▼ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၇၀၀ | ၇၀၀ | ■ | ၇၇၆ | ၇၉၄ | ▲ | ၇၇၆ | ၈၁၃ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
ဒေလီဈေးကွက်မှ ဈေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်ဈေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် | ယခုတစ်ပတ် | (၁.၄.၁၅) မှ |
| | (၇.၁၀.၁၅)ထိ | (၁၄.၁၁.၁၅)ထိ | (၁၄.၁၁.၁၅) ထိ |
| မတ်ပဲ | ၄၄၃ | ၃၉၈ | ၃၈၅၁၀၄ |
| ပဲတီစိမ်း | ၁၃၀၃ | ၂၃၁၃ | ၁၁၁၈၆၅ |
| ပဲစင်းငုံ | ၈၁ | - | ၁၁၅၆၅၆ |
| ကုလားပဲ | ၂၅ | - | ၂၃၂၃၂ |
| ပဲလွန်းဖြူ | ၃၆၁ | ၇၂ | ၁၂၉၃၆ |
| မြေထောက်ပဲ | ၃ | ၃၇ | ၁၂၂၂၇ |

# ဆောင်းကုလားပဲများ စတင်စိုက်ပျိုး

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်မှာ ၂၀၁၅-၂၀၁၆ ခုနှစ်၊ ဆောင်းကုလားပဲများ စတင်စိုက်ပျိုးနေပြီဖြစ်ပါတယ်။ ယာမြေ၊ ကုန်းမြေများပေါ်တွင် အောက်တိုဘာလကုန်ပတ်မှ စတင်စိုက်ပျိုးထားခဲ့ရာ ယခုအချိန်တွင် ကုလားပဲအပင်ပေါက်များ ကောင်းမွန်စွာ အောင်မြင်ဖြစ်ထွန်းလျက်ရှိပါတယ်။ ကုလားပဲများကို များသော အားဖြင့် မိုးစပါးများ ရိတ်သိမ်းပြီးမှသာစိုက်ပျိုးကြပါတယ်။ မိုးစပါးများမှာလည်း အစောစိုက် ရွှေသွယ်ရင်၊ မနော သုခစပါးများ စတင်ရိတ်သိမ်းနေပြီဖြစ်ပါတယ်။

ရွာမုန်းကြီး၊ စပယ်တောကျေးရွာများမှာ အစောစိုက်စပါးများ ရိတ်သိမ်းနေပြီဖြစ်လို့ ကုလားပဲစိုက်ပျိုးရန်မြေပြင်ခြင်း၊ ထယ်ထိုးခြင်းလုပ်ငန်းများ စတင်နေပြီဖြစ်ပါတယ်။ အောက်တိုဘာလကုန်ရက်အထိ မြို့နယ်များရဲ့ ကုလားပဲစိုက်ပျိုးပြီးဧကများမှာ ကျောက်ဆည်မြို့နယ်တွင် ၁၉၀ ဧကနဲ့ တံတားဦးမြို့နယ်မှာ ၉၈၁ ဧက စုစုပေါင်း ၁၁၇၁ ဧကစိုက်ပျိုးပြီးကြောင်း သက်ဆိုင်ရာဌာနရဲ့ စာရင်းများ အရသိရှိရပါတယ်။

ကုလားပဲမျိုးကို V2 မျိုးနှင့်ရိုးရိုးကုလားပဲလုံးသေးမျိုးဆိုပြီး နှစ်မျိုးရှိရာမှ V2 ကုလားပဲမျိုးကို အများဆုံး စိုက်ပျိုးကြပါတယ်။ ကုလားပဲဈေးကွက်အနေနဲ့ ကုလားပဲရိုးရိုးတစ်တင်းကို ၃၇၀၀၀ ကျပ်၊ ကုလားပဲ V2 တစ်တင်း ၄၀၀၀၀ ကျပ်ဈေးနှုန်းများနဲ့ အရောင်းအဝယ်အေးလျက်ရှိကြောင်း ပွဲရုံများမှသိရှိရပါတယ်။

**နှင်းလဲ့လဲ့-ကျောက်ဆည်**

# လက်ကျန်ပဲ အနည်းငယ်သာ အရောင်းအဝယ်ဖြစ်ခဲ့တဲ့ မုံရွာကုန်စည်ဒိုင်ရဲ့ နိုဝင်ဘာတတိယပတ်ပဲဈေးကွက်

မုံရွာကုန်စည်ဒိုင် နိုဝင်ဘာတတိယပတ် ပဲဈေးကွက်မှာ ပဲလက်ကျန်အနည်းငယ်ရှိတဲ့ ကုန်သည်တချို့ရဲ့ အရောင်းအဝယ်သာရှိခဲ့ပြီး ဒိုင်ကို ပုံမှန်ဝင်ရောက်နေတဲ့ မြေပဲဆန်တစ်မျိုးသာ အရောင်းအဝယ်သွက်ခဲ့တယ်လို့ ပွဲရုံနဲ့ကုန်သည်ရပ်ကွက်ကဆိုပါတယ်။

ယခုတစ်ပတ် ပဲဈေးကွက်မှာ ဝယ်လိုအားကောင်းပြီး၊ ရောင်းလက်မရှိတဲ့ မတ်ပဲက တစ်တင်း ၇၂၀၀၀ ကျပ်နဲ့ ဈေးဆက်ဖွင့်ခဲ့ကာ၊ စိမ်းကြီးကတစ်တင်း ၃၅၅၀၀ ကျပ်၊ စိမ်းသေးက တစ်တင်း ၃၈၀၀၀ ကျပ် ပေါက်ဈေး မြင့်လာခဲ့ပေမယ့် လက်ကျန် အနည်းငယ်သာ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ဆိုပါတယ်။

ကုလားပဲမျိုးစုံ ဈေးကွက်မှာတော့ ထိုင်ဝမ်တစ်တင်း ၃၇၈၀၀ ကျပ်၊ V2 တစ်တင်း ၃၈၃၀၀ ကျပ်နဲ့ 929 တစ်တင်း ၃၈၃၀၀ ကျပ် အသီးသီးပေါက်ဈေးငြိမ်ခဲ့သလို ပဲခွဲစက်၊ အမှုန့်ကြိတ်စက်နဲ့ ပဲကြာဆံသမားများရဲ့ အဝယ်ပုံမှန်သာဖြစ်ခဲ့တယ်လို့ ဒိုင်ရပ်ကွက်က ဆိုပါတယ်။

ယခုရက်သတ္တပတ်အတွင်း ဒိုင်မှာ သက်နုပဲစင်းငုံနီအသစ် တစ်တင်းစ၊ နှစ်တင်းစဝင်ရောက်ခဲ့ပြီး၊ တစ်တင်း ၄၅၀၀၀ ကျပ်နဲ့ ဈေးဖွင့်ခဲ့သလို အဟောင်းဈေးကတော့ တစ်တင်း ၃၅၀၀၀ ကျပ်မှာငြိမ်နေကာ၊ ရောင်းလက်ရှားတယ်လို့ ဆိုပါတယ်။ ဒေသတွင်းနဲ့ပြည်တွင်းသုံးပဲတွေ ဆက်လက်ဈေးအေးနေခဲ့ရာ ယခုတစ်ပတ်မှာ ထောပတ်ပဲတစ်တင်း ၁၄၈၀၀ ကျပ်၊ ပဲကြီး တစ်တင်း ၃၁၀၀၀ ကျပ်၊ စွန်တာနီ တစ်တင်း ၁၇၀၀၀ ကျပ်နဲ့ ပဲနီလုံးတစ်တင်း ၁၇၅၀၀ ကျပ် အသီးသီး ပေါက်ဈေးဖြစ်ပေါ်ခဲ့ပါတယ်။

ပဲတီစိမ်းဈေးကွက်ရဲ့ ထူးခြားမှုအနေနဲ့ ယခုရာသီမှာ ကလေးနယ်ဘက်က ပုံမှန်ဝင်လာနေကျပဲတွေ ဝင်ရောက်မှု မရှိတော့လို့ ဂန့်ဂေါ၊ ချင်းတွင်း အနောက်ဘက်ကမ်းနဲ့ ရေဦး၊ တန့်ဆည်၊ ချောင်းဦးနယ်က ပဲတွေကိုသာ အားပြုရောင်းဝယ်နိုင်မယ်လို့ ကုန်သည်ရပ်ကွက်က လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

# နိုဝင်ဘာတတိယပတ် ပြည်ပဲမျိုးစုံဈေးကွက်မှာ မတ်ပဲသီးနှံနဲ့ ကုလားပဲ၊ မျိုးပဲအဝယ်ဆက်လက်ရှိပြီး ဈေးနှုန်းတည်ငြိမ်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ပဲမျိုးစုံဈေးကွက်မှာ နိုဝင်ဘာလ တတိယပတ်မှာ ပြည်ပဝယ်လက်ရှိတဲ့ ပဲထဲမှာ မတ်ပဲသီးနှံအနေဖြင့် ပဲလက်ကျန်နည်းသွားပြီဖြစ်လို့ အရောင်းအဝယ်ပမာဏလည်း လျော့ကျသွားပြီဖြစ်ပါတယ်။ မျိုးပဲကတော့ ပန်းတောင်း၊ ပေါင်းတလည်၊ ပေါက်ခေါင်းမြို့နယ်များမှ ဆက်လက်ဝယ်ယူမှု ရှိလို့ အိတ် ၃၀ ကျော် ၄၀ ခန့်တော့ နေ့စဉ် အရောင်းအဝယ်ဖြစ်နေခဲ့ပါတယ်။ မျိုးပဲဈေးမှာ တစ်တင်း ၇၅၀၀၀ ကျပ်ရရှိပြီး လက်ကားအဝယ်ဈေးကတော့ တစ်တင်း ၇၃၀၀၀ ကျပ်ဖြင့် ဈေး ငြိမ်နေခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်း ဝယ်လက်ပဲများထဲမှာတော့ ကုလားပဲနှင့် ပဲကြီးသီးနှံမှာ မျိုးပဲရော၊ လက်လီ၊ လက်ကားပါ အဝယ်ရှိနေတဲ့အတွက် အိတ် ၂၀၀ ကျော် နေ့စဉ်ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။ ကုလားပဲသီးနှံမှာ တစ်တင်း ၃၈၇၀၀ ကျပ်ဖြင့် ခွဲစက်သမားအဝယ်ရှိပြီး မျိုးပဲဈေးကတော့ တစ်တင်း ၃၉၅၀၀ ကျပ်ရရှိကာ ပန်းတောင်း၊ ကံမ၊ ဥသျှစ်ပင်၊ ပေါင်းတလည်မြို့နယ်များမှ လာရောက်ဝယ်ယူကြတယ်လို့ သိရပါတယ်။

ပဲကြီးသီးနှံကတော့ (ရွှေကျွန်း) မှာ အရောင်းအဝယ် သိပ်မဖြစ်ဘဲ (ကမ်းနား) ပဲက ပိုအရောင်းအဝယ် ဖြစ်ခဲ့ကာ တစ်ရက်အိတ် ၂၀၀ - ၂၅၀ ကျော် ပဲကြော်ဖိုသမားများ ဝယ်ယူလျက်ရှိကာ တစ်တင်း ၃၂၀၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်က ဈေးအတိုင်း ဈေးငြိမ်နေခဲ့ပါတယ်။ ပဲကြီး (ရွှေကျွန်း) ကတော့ တစ်တင်း ၃၄၅၀၀ ကျပ်ရရှိပေမယ့် အရောင်းအဝယ်အေးတာကို တွေ့ရပါတယ်။ ယခုနှစ်တွင် ပဲသီးနှံများအားလုံးလိုလို ယခင်နှစ်ထက် ဈေးကောင်းရနေတဲ့အတွက် ပဲကြီးသီးနှံကလည်း ယခင်နှစ်ထက် ဈေးပိုလာခဲ့တာကို တွေ့ရပါတယ်။

ယခင်နှစ်က ကာလတူအချိန် ပဲကြီးသီးနှံရဲ့ ဈေးနှုန်းများမှာ (ရွှေကျွန်း) တစ်တင်း ၂၃၀၀၀ ကျပ်နဲ့ (ကမ်းနား) တစ်တင်း ၂၀၀၀၀ ကျပ်ခန့်သာ ရရှိခဲ့တယ်လို့ သိရပါတယ်။

လက်လီပဲထဲမှာတော့ ပဲသစ်အချို့ဈေးကွက်သို့စတင်ဝင်ရောက်လာသလို အချို့ပဲများကတော့ ပဲဟောင်းလက်ကျန်များဖြင့် ဆက်လက်အရောင်းအဝယ်ဖြစ်နေခဲ့ကြပါတယ်။ ပဲနီပြားသီးနှံမှာ လက်လီလက်ကား အရောင်းအဝယ်ဖြစ်လို့ အိတ် ၃၀ ကျော်အရောင်းအဝယ်ဖြစ်ပြီး ပဲဈေးကလည်း ဈေးအနည်းငယ် မြင့်တက်ခဲ့လို့ တစ်တင်း ၂၇၅၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်ထက် ကျပ်တစ်ထောင်ခန့် ပိုရရှိခဲ့ပါတယ်။ စားတော်ပဲသီးနှံကတော့ လက်လီပဲဈေးကွက်မှာ တစ်တင်း ၃၇၀၀၀ ကျပ်ဖြင့် ဈေးကောင်းကောင်းနဲ့ ဈေးအမြင့်ဆုံးရရှိနေခဲ့ပါတယ်။ အရောင်းအဝယ်ပမာဏကတော့ ၁၀ အိတ်၊ ၁၅ အိတ်ခန့်သာ ဖြစ်ခဲ့ကြပါတယ်။ ထောပတ်ပဲနဲ့ ပဲပုပ်သီးနှံကလည်း ယခုတစ်ပတ်မှာ ဈေးဆက်ငြိမ်နေခဲ့ကာ ထောပတ်ပဲ တစ်တင်း ၁၇၅၀၀ ကျပ်၊ ပဲပုပ်တစ်တင်း ၁၉၀၀၀ ကျပ်ဖြင့် အိတ်အနည်းငယ်သာ လက်လီသမားများ ဝယ်ယူခဲ့ကြပါတယ်။

ယခုနိုဝင်ဘာ တတိယပတ်အတွင်း ပဲဟောင်းလက်ကျန်များနည်းခဲ့လို့ ပဲကြီးနဲ့ကုလားပဲသာ ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့ပြီး ကျန်ပဲအားလုံးလိုလိုကတော့ အရောင်းအဝယ်အေးခဲ့ကြောင်း သိရပါတယ်။ ဈေးနှုန်းအနေဖြင့်လည်း ဈေးဆက်ငြိမ်နေသော ပဲများရှိခဲ့သလို ပဲနီပြားသီးနှံနဲ့ ပဲအချို့သာ ဈေးအနည်းငယ် ပိုလာခဲ့တာကို တွေ့ရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

# ပြည်ဈေးကွက်သို့ ပဲတီစိမ်းစတင်ဝင်ရောက်လာပြီး ဈေးကောင်းရနေ

ယခုနိုဝင်ဘာလ တတိယပတ်အတွင်း ပြည်ပဲဈေးကွက်သို့ ပဲတီစိမ်းသီးနှံသစ်များ စတင်ဝင်ရောက်လာခဲ့ပြီ ဖြစ်ပါတယ်။ ပန်းတောင်း၊ ပေါင်းတလည်၊ ပေါက်ခေါင်းမြို့နယ်များမှ ဝင်ရောက်ခဲ့ခြင်းဖြစ်ပြီး ပဲသစ်ပေါ်စမှာပင် တစ်ရက်အိတ် ၇၀၀ ကျော်မှ ၁၀၀၀ အထိ ဝင်ရောက်မှုများခဲ့တာကို တွေ့ရပါတယ်။

မန္တလေးဝယ်လက်ကလည်း အဝယ်ရှိနေတဲ့အတွက် နေ့စဉ်အိတ် ၈၀၀ ကျော်အထိ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲဈေးမှာ တစ်တင်း ၄၁၅၀၀ ကျပ်ဖြင့် ဈေးဖွင့်ဝယ်ယူခဲ့ကြသလို ပဲဟောင်းလက်ကျန်ထက်လည်း ဈေးပိုရခဲ့ပါတယ်။ ယခင်နှစ်က ပဲတီစိမ်းသစ်မှာ အောက်တိုဘာလကုန်တွင် ဈေးကွက်သို့ စတင်ဝင်ရောက်လာသော်လည်း ပဲသစ်ဈေး မှာ တစ်တင်း ၃၈၂၀၀ ကျပ်သာ ရရှိပြီး ယခုနှစ်မှာတော့ ပဲသစ်အဝင်နောက်ကျပေမယ့် ယခင်နှစ်ထက်ဈေးပိုကောင်းခဲ့တာကို တွေ့ရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

# နိုဝင်ဘာလ တတိယပတ် မန်းကုန်စည်ဒိုင် ပဲ၊ ပြောင်း၊ နှမ်းများရဲ့ ဈေးနှုန်းများ

မန္တလေးကုန်စည်ဒိုင် (ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း)မှာ အရောင်းအဝယ် ပြုလုပ်တဲ့ ပဲ၊ ပြောင်း၊ နှမ်းများရဲ့ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ တတိယအပတ် အရောင်းအဝယ်ဖြစ်တဲ့ ဈေးနှုန်းများကို ယခင်လ ကာလတူဈေးနှုန်းနဲ့ နှိုင်းယှဉ်ကြည့်ပါက-

တစ်ပိဿာဈေး - ကျပ်

| သီးနှံအမည် | ၁၇. ၁၀. ၂၀၁၅ | | ၁၇. ၁၁. ၂၀၁၅ | |
|---|---|---|---|---|
| | နိမ့် | မြင့် | နိမ့် | မြင့် |
| ပဲတီစိမ်း | ၁၃၃၃ | ၂၂၉၃ | ၂၀၄၄ | ၂၁၃၃ |
| ပဲကြီး | - | ၁၉၀၀ | - | ၁၉၀၀ |
| ပဲပုပ် (ရှမ်း) | ၉၉၅ | ၁၀၉၉ | ၉၇၇ | ၁၀၈၉ |
| ပဲပုပ် (ဗမာ) | ၁၀၅၂ | ၁၀၇၀ | - | ၁၀၁၄ |
| ပဲယင်း | ၉၅၀ | ၉၆၇ | - | ၉၀၀ |
| ထောပတ် | ၉၄၂ | ၁၀၃၁ | ၉၂၄ | ၉၇၈ |
| မတ်ပဲ | - | ၃၈၃၃ | - | ၃၈၃၃ |
| ပြောင်းဖူးစေ့ (ရှမ်း) | - | ၄၂၆ | - | ၄၃၅ |
| ပြောင်းဖူးစေ့ (စီပီ) | ၄၃၅ | ၄၄၄ | ၄၃၅ | ၄၄၄ |
| ထွက်တိုးပြောင်း | - | ၆၁၃ | ၅၈၅ | ၆၀၄ |
| ဆန်ပြောင်း | - | ၅၅၇ | - | ၅၄၀ |
| နှမ်းဖြူ | ၂၂၆၇ | ၂၄၄၄ | ၂၂၂၂ | ၂၅၁၁ |
| နှမ်းညို | ၁၉၃၃ | ၂၀၀၀ | ၁၈၄၄ | ၁၉၁၁ |
| နှမ်းနက် | ၂၇၇၈ | ၃၄၄၄ | ၂၈၈၉ | ၄၀၀၀ |
| နှမ်းနက်(စမုံ) | ၄၃၃၃ | ၄၈၄၄ | ၄၂၂၂ | ၅၀၀၀ |
| ပန်းနှမ်း | - | ၂၆၆၇ | ၁၇၇၈ | ၂၀၀၀ |
| မြေပဲဆန် (S 1 လုံးဆန်) | ၂၆၀၀ | ၂၇၀၀ | ၂၅၀၀ | ၂၅၅၀ |

ယခု ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ တတိယပတ်မှာ ပဲတီစိမ်း တစ်ပိဿာ ၂၁၃၃ ကျပ် (တစ်တန် ၁၃၀၆၂၂၈ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်ကာလတူ ဈေးနှုန်းအောက် တစ်ပိဿာ ၁၆၀ ကျပ် (တစ်တန် ၉၇၉၈၂ ကျပ်) လျော့နည်းသလို အရောင်းအဝယ်လည်း သိသိသာသာလျော့နည်းပါတယ်။ ပဲကြီးမှာ ယခုလနဲ့ ယခင်လ ကာလတူပေါက်ဈေးတူညီနေပြီး ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၉၀၀ ကျပ် (တစ်တန် ၁၁၆၃၅၄၁ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ နေ့စဉ်သုံးတင်းအိတ် ၁၅၀ ခန့် ပုံမှန်အရောင်းအဝယ်ဖြစ်နေပါတယ်။ ပဲပုပ်များ ယခင်လ ဈေးနှုန်းအောက်ရောက်နေပြီး ပဲပုပ် (ရှမ်း) တစ်ပိဿာ ၁၀၈၉ ကျပ် (တစ်တန် ၆၆၆၈၉၃ ကျပ်) ပဲပုပ် (ဗမာ) တစ်ပိဿာ ၁၀၁၄ ကျပ် (တစ်တန် ၆၂၀၉၆၃ ကျပ်)နဲ့ ပဲပုပ်နှစ်မျိုးပေါင်း နေ့စဉ်သုံးတင်းအိတ် ၂၀၀ ကျော်၊ ပဲယင်း တစ်ပိဿာ ၉၀၀ ကျပ် (တစ်တန် ၅၅၁၁၅၁ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်ကာလတူဈေးအောက် တစ်ပိဿာ ၆၇ ကျပ် (တစ်တန် ၄၁၀၃၀ ကျပ်)လျော့နည်းပြီး နေ့စဉ် သုံးတင်းအိတ် ၁၂၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ထို့အတူ ထောပတ်ပဲမှာလည်း ယခုတစ်ပတ်မှာ တစ်ပိဿာ ၉၇၈ ကျပ် (တစ်တန် ၅၉၈၉၁၇ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်ကာလတူ ဈေးနှုန်းအောက် တစ်ပိဿာ ၅၃ ကျပ် (တစ်တန် ၃၂၄၅၇ ကျပ်) ဈေးအေးသွားသလို အရောင်းအဝယ်လည်းအေးသွားပါတယ်။ ယခင်ကာလများမှာ ဈေးနှုန်းသင့်တင့်ပြီး အရောင်းအဝယ် (ပြည်တွင်း၊ ပြည်ပ) အားအလွန်ကောင်းတဲ့ မတ်ပဲများ ယခုအပတ်မှာ တစ်ပိဿာ ၃၈၃၃ ကျပ် (တစ်တန် ၂၃၄၇၂၉၁ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်ကာလတူ ဈေးနှုန်းနဲ့ တူညီလျက်ရှိပေမယ့် အရောင်းအဝယ်မှာ အေးသွားကြောင်း သိရပါတယ်။

ယခုတစ်ပတ်မှာ ပြောင်းဖူးစေ့ (ရှမ်း) တစ်ပိဿာ ၄၃၅ ကျပ် (တစ်တန် ၂၇၇၄၁၃ ကျပ်)၊ ပြောင်းဖူးစေ့ (စီပီ) တစ်ပိဿာ ၄၄၄ ကျပ် (တစ်တန် ၂၇၁၉၀၁ ကျပ်)၊ ထွက်တိုးပြောင်း တစ်ပိဿာ ၆၀၄ ကျပ် (တစ်တန် ၃၆၉၈၈၄ ကျပ်)၊ ဆန်ပြောင်း တစ်ပိဿာ ၅၄၀ ကျပ် (တစ်တန် ၃၃၀၆၉၁ ကျပ်)နဲ့ အဆိုပါပြောင်းဖူးစေ့ လေးမျိုးပေါင်း နေ့စဉ်သုံးတင်းအိတ် ၄၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်လို့ ယခင်လများနဲ့ နှိုင်းယှဉ်ပါက အရောင်းအဝယ် သိသာစွာနည်းပါးကြောင်း သိရပါတယ်။ ဆီထွက်သီးနှံတစ်မျိုးဖြစ်တဲ့ နှမ်းရောင်စုံများအနက် ယခင်ကာလတူ ဈေးနှုန်းနဲ့ နှိုင်းယှဉ်ပါက နှမ်းနက်နှင့် နှမ်းနက် (စမုံ) ရဲ့ ဈေးနှုန်းများ ဈေးမာလျက်ရှိပြီး ကျန်နှမ်းများဈေးအေးလျက်ရှိကြောင်းသိရပါတယ်။ ယခုတစ်ပတ်မှာ နှမ်းဖြူ တစ်ပိဿာ ၂၅၁၁ ကျပ် (တစ်တန် ၁၅၃၇၇၁၁ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လကာလတူဈေးအောက် တစ်ပိဿာ ၆၇ ကျပ် (တစ်တန် ၄၁၀၃၀ ကျပ်)၊ နှမ်းညိုတစ်ပိဿာ ၁၉၁၁ ကျပ် (တစ်တန် ၁၁၇၀၂၇၇ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်ကာလတူ ဈေးအောက် တစ်ပိဿာ ၈၉ ကျပ် (တစ်တန် ၅၄၅၀၃ ကျပ်)၊ ပန်းနှမ်း တစ်ပိဿာ ၂၀၀၀ ကျပ် (တစ်တန် ၁၂၂၄၇၈၀ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လကာလတူ ဈေးနှုန်းအောက် တစ်ပိဿာ ၆၆၇ ကျပ် (တစ်တန် ၄၀၈၄၆၄ ကျပ်)ဈေးအေးလျက်ရှိသလို အရောင်းအဝယ်လည်း အနည်းငယ်အေးနေပါတယ်။ နှမ်းနက်မှာမူ တစ်ပိဿာ ၄၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လကာလတူဈေးနှုန်းအထက် တစ်ပိဿာ ၅၅၆ ကျပ် (တစ်တန် ၃၄၀၄၈၉ ကျပ်)နဲ့ ဈေးမာသလို နှမ်းနက်(စမုံ) တစ်ပိဿာ ၅၀၀၀ ကျပ် (တစ်တန် ၃၀၆၁၉၅၀ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လ ကာလတူဈေးနှုန်းထက် တစ်ပိဿာ ၁၅၆ ကျပ် (တစ်တန် ၉၅၅၃၃ ကျပ်) ဈေးမာလျက်ရှိပေမယ့် အရောင်းအဝယ် အေးတာကြောင့် အဆိုပါနှမ်းငါးမျိုး နေ့စဉ်သုံးတင်းအိတ် ၄၀၀ ခန့် သာ အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ယခုအပတ်မှာ မြေပဲဆန်( ၁ လုံးဆန်) တစ်ပိဿာ ၂၅၅၀ ကျပ် (တစ်တန် ၁၅၆၁၅၉၅ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လ ကာလ တူဈေးအောက် တစ်ပိဿာ ၁၅၀ ကျပ် (တစ်တန် ၉၁၈၅၉ ကျပ်)ဈေးအေးသွားသလို အရောင်းအဝယ်လည်းအေးသွားပါတယ်။

အခုလမှာရော အခုတစ်ပတ်မှာပါ သီးနှံစုံ အရောင်း အဝယ် အေးကြောင်း၊ ယခင်ကအလုံးအရင်းနဲ့ အရောင်းအဝယ်ဖြစ်တဲ့ ပဲတီစိမ်း၊ ပဲစင်းငုံ၊ မတ်ပဲများနဲ့ ပြောင်းမျိုးစုံများ၊ ဆီထွက်သီးနှံဖြစ်တဲ့ နှမ်းနဲ့ မြေပဲများ လက်ကျန်နည်းနေတာကြောင့် အရောင်းအဝယ် အေးကြောင်း၊ ပဲအများစုဈေးအေးပေမယ့် နှမ်းနက်နဲ့ နှမ်းနက်(စမုံ) မှာဈေးမာပေမယ့် အရောင်းအဝယ်အေးကြောင်း ပဲနှမ်းကုန်သည်ကြီး တစ်ဦးက ပြောပါတယ်။

**စိုးအောင် - မန္တလေး**

## ပြည်ပဲလွန်းဖြူ လက်လီသာအဝယ်ရှိပေမယ့် ဈေးကောင်းရ

ပြည်ပဲဈေးကွက်မှာ လက်လီအရောင်းအဝယ်ဖြစ်ခဲ့တဲ့ ပဲလွန်းဖြူသီးနှံဟာ ဈေးမြင့်တက်လာလို့ ယခုတစ်ပတ်မှာ တစ်တင်း ၃၂၀၀၀ ကျပ်အထိ ဈေးကောင်းရနေခဲ့ပါတယ်။ လက်လီပဲဈေးကွက်လည်း စားတော်ပဲသီးနှံပြီးရင် ဒုတိယဈေးအမြင့်ဆုံးရနေတဲ့ ပဲဖြစ်ခဲ့ပါတယ်။ ယခင်နှစ်က ပဲလွန်းဖြူသီးနှံရဲ့ ကာလတူအချိန် အရောင်းအဝယ်ဖြစ်ခဲ့တဲ့ ဈေးမှာတစ်တင်း ၁၆၅၀၀ ကျပ်ခန့်သာရရှိခဲ့ပြီး ယခုနှစ်ကတော့ ယခင်နှစ်ဈေးရဲ့ ၂ ဆခန့်ဈေးပိုရခဲ့ကာ ဒေသတွင်းအရောင်းအဝယ်ဖြစ်ခဲ့တာကြောင့် ရောင်းဝယ်မှုပမာဏကတော့ နည်းနေခဲ့တာကို တွေ့ရပါတယ်။

**ခင်ဆွေဝင်း - ပြည်**

### ➡ စာမျက်နှာ ၃ – ကုန်သွယ်ရေးဦးစီးဌာနနှင့် ဖရက်ဒရစ်နော်မန် . . . မှ အဆက်

နှင့် ဒီမိုကရေစီဖော်ဆောင်ရေးတို့တွင် တစ်ဖက်တစ်လမ်းမှ ပံ့ပိုးဆောင်ရွက်နေသော အဖွဲ့အစည်းဖြစ်ပါကြောင်း၊ ၎င်းဖောင်ဒေးရှင်းနှင့် ကုန်သွယ်ရေးဦးစီးဌာနတို့ ၂၀၁၃ ခုနှစ်ကပင် စတင်၍ မိတ်ဖက်ကောင်းများအဖြစ် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ဖောင်ဒေးရှင်းအနေဖြင့် ဝန်ကြီးဌာနဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လွတ်လပ်သော စီးပွားရေးစနစ်များ ဖြစ်ထွန်းပေါ်ပေါက်လာစေရေးတို့အတွက် ထိထိရောက်ရောက် အားပေးကူညီခဲ့ပါကြောင်း၊ ယှဉ်ပြိုင်မှုနည်း ဥပဒေအကောင်အထည်ဖော် ဆောင်ရွက်ရေးတို့ကိုလည်း ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန် သဘောတူညီထားပြီး၊ နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုများ အချိန်ကာလတစ်ခုအထိ ရောက်ရှိလာကာ ယုံကြည်မှုများလည်း ပိုမိုခိုင်မာလာပြီဖြစ်ကြောင်း နှင့် နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာအား လက်မှတ်ရေးထိုးရခြင်းဖြစ်ကြောင်း၊ ဤသို့ ဆောင်ရွက်သဖြင့် နှစ်စဉ်ရတို/ရေရှည် စီမံကိန်းများပူးပေါင်းဆောင်ရွက်မှုများကို တစ်ဆင့်ချင်း ဆောင်ရွက်သွားနိုင်မှာဖြစ်ပြီး နှစ်ဖက်အဖွဲ့အစည်းများအနေနှင့် နားလည်မှုစာချွန်လွှာပါ တာဝန်ဝတ္တရားများ၊ လိုက်နာရမည့် စည်းကမ်းအချက်အလက်များကို တိတိကျကျ လိုက်နာဆောင်ရွက်သွားကြရန်ပြောကြားသည်။

ထို့နောက် ကုန်သွယ်ရေးဦးစီးဌာနနှင့် ဖရက်ဒရစ်နော်မန်ဖောင်ဒေးရှင်းအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးနားလည်မှုစာချွန်လွှာအား ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးညွန့်အောင်နှင့် ဖရက်ဒရယ်နော်မန်ဖောင်ဒေးရှင်း ဒေသဆိုင်ရာဒါရိုက်တာ Mr. Siegfried Herzoy တို့မှ လက်မှတ်ရေးထိုးကာ အပြန်အလှန်လဲလှယ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။


## ကုမ္ပဏီကိုယ်စားလှယ်များအတွက် ပို့ကုန်သွင်းကုန်လုပ်ငန်းလုပ်ထုံးလုပ်နည်း သင်တန်း သင်တန်းသားများခေါ်ယူခြင်း

(က) သင်တန်းကာလ - ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလအတွင်း (၂)ပတ်ကြာ၊
(ခ) သင်ကြားမည့်နေ့ရက် - ရက်သတ္တပတ် (၂)ပတ် (တနင်္လာနေ့မှ သောကြာနေ့ထိ)
(ဂ) သင်တန်းအချိန် - နံနက် (၀၉:၄၅) မှ (၁၂:၃၀) အချိန်ထိ
(ဃ) လက်ခံသင်ကြားမည့်ဦးရေ - (၅၀)ဦး
(င) သင်တန်းတည်နေရာ - စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်၊ ရုံးအမှတ်(၃)၊ ညီလာခံခန်းမ
(စ) သင်တန်းဝင်ခွင့်လျှောက်လွှာ - ဓာတ်ပုံ(၃)ပုံ၊ ပညာအရည်အချင်းထောက်ခံချက်မိတ္တူနှင့်အတူပါရှိရမည့် အချက်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ
(ဆ) သင်တန်းကြေး - တစ်ဦးလျှင် ကျပ် ၃၀၀၀၀
(ဇ) ဆက်သွယ်ရန်ဖုန်းနံပါတ် - ၀၆၇-၄၀၈၄၁၃၊ ၄၀၈၂၄၁၊ ၄၀၈၄၁၂၊ Fax : ၄၀၈၂၆၀

**မှတ်ချက်။** သင်တန်းဝင်ခွင့်ပုံစံများကို သင်တန်းတည်နေရာ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃)၊ နေပြည်တော်၊ ကုန်သွယ်ရေးဦးစီးဌာန၊ ကုန်သွယ်မှုပညာပေးရေးဌာနခွဲနှင့်ရန်ကုန်တိုင်းဒေသကြီးရုံး၊ ကုန်သွယ်မှုသင်တန်းကျောင်းတို့တွင် ဖြည့်စွက်၍ စာရင်းပေးသွင်းနိုင်ပါသည်။

## နှမ်း

### နှမ်း ၂၉ တန်ကျော်တင်ပို့

နိုဝင်ဘာ ၈ ရက်မှ ၁၄ ရက်သီတင်းပတ်အတွင်း နှမ်း ၂၉ ဒသမ ၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှတင်ပို့ခဲ့ပါတယ်။ဒီတစ်ပတ်မှာ ကန်ဒေါ်လာ ၁၀၆၅၀ တန်ဖိုးရှိ နှမ်း၁၅ တန်ကို မလေးရှားနိုင်ငံသို့လည်းကောင်း ကန်ဒေါ်လာ ၁၀၂၉၅တန်ဖိုးရှိ နှမ်း၁၄ ဒသမ ၅ တန်ကို အိန္ဒိယနိုင်ငံသို့လည်းကောင်း တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က နှမ်းတင်ပို့မှုမှာ တန်ချိန် ၂၄၀ ကျော်အထိရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာနှမ်းတင်ပို့မှု တော်တော်လေးလျော့ခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

### နှမ်းတက် တန်ချိန် တစ်ရာကျော်တင်ပို့

နိုဝင်ဘာလ ဒုတိယပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၇၁၉၄၁ တန်ဖိုးရှိ နှမ်းတက်(ရှမ်းစ) ၁၀၁ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က စစ်တွေစခန်းတစ်ခုတည်းမှ နှမ်းတက် ၂ တန်သာ တင်ပို့မှုရှိခဲ့ပြီး မူဆယ်မှ အပို့မရှိခဲ့ပါဘူး။ မူဆယ်ကုန်စည်ဒိုင်မှာ (ငွေလဲနှုန်းအရ)နှမ်းတက် တစ်တန်ကို ယခင်လက ၉၀၇၃၈၀ ကျပ်ဈေးရှိရာမှ ယခုလတွင် ၉၁၃၀၆၀ ကျပ်ဈေးသို့ အနည်းငယ်မြင့်တက်ခဲ့ပါတယ်။တစ်ဖက်နိုင်ငံမှာ နှမ်းကို ဆေးဝါးကုန်ကြမ်းအဖြစ် အသုံးပြုကြတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

### ဟိုပုံးဈေးကွက်မှာ နှမ်း ပုံမှန်အရောင်းအဝယ်ဖြစ်

ရှမ်းနှမ်းကတော့ ချင်းလိုမျိုးအများအပြား ဝယ်လက်မရှိပေမယ့် နည်းနည်းချင်းစီတော့ အရောင်းအဝယ် ဖြစ်နေပါတယ်။ အောင်ပန်းဈေးကွက်မှာလည်း ပွဲရုံလက်ကျန် နှမ်းတွေကိုသာ အရောင်းအဝယ်လုပ်နေရပါတယ်။ အဝင်ကလည်း တစ်ပတ်မှာ ပိဿာချိန် တစ်ရာမှ နှစ်ရာခန့်သာ အဝင်ရှိပါတော့တယ်။ ဈေးပတ်သမားတွေကတော့ အဝယ်မရှိသေးပါဘူး။ ဒါပေမယ့် အောင်ပန်းဈေးကွက်မှာရှိတဲ့ နှမ်းကို ဒေသတွင်းဝယ်လက်တွေကပဲ ဟိုပုံးဈေးကွက်ကို ပြန်ပို့ဖို့အတွက် ဝယ်ယူနေတာကြောင့် အရောင်းအဝယ်ကတော့ဖြစ်နေပါတယ်။ ဈေးကတော့ တစ်ပိဿာ ၁၄၀၀ ကျပ်မှ ၁၅၀၀ ကျပ်ဈေးရှိပြီး၊ ဆင်တောင်နှမ်းကတော့ ၁၆၀၀ ကျပ်မှ ၁၇၀၀ ကျပ်ဈေးရှိပါတယ်။

ဟိုပုံးဈေးကွက်မှာတော့ နှမ်းက ပုံမှန်အရောင်းအဝယ်ဖြစ်နေပါတယ်။ မူဆယ်ဝယ်လက်တွေက တစ်ပတ်ဝယ်၊ တစ်ပတ်နား၊ စနစ်နဲ့ဝယ်နေကြလို့ ဈေးကွက်ကသိပ်ပြီး မပြတ်သွားဘူးလို့လည်း သိရပါတယ်။ ဒီတစ်ပတ်မှာ ဟိုပုံးနှမ်းက တစ်ပိဿာကို ၁၅၅၀ ကျပ်ဈေးရှိတယ်လို့သိရပါတယ်။

**ဧခိုင်-တောင်ကြီး**

## ငရုတ်

### ချောင်းဦးနယ်က ငရုတ်စိမ်းဈေးကွက် တောင်သူနဲ့ ပွဲစားပါ တွက်ခြေကိုက်

မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်ရဲ့ မြစ်ရေလွတ်ဒေသတွေမှာ စိုက်ပျိုးခဲ့ကြရွေ့ ငရုတ်သီးတွေ ယခုအခါ လှိုင်လှိုင် ပေါ်နေသလို ပြည်တွင်းဝယ်လိုအားမြင့်မားနေတာကြောင့် အရောင်းအဝယ်သွက်လျက်ရှိပြီး၊ တောင်သူရော ပွဲစားပါ တွက်ခြေကိုက်လျက်ရှိတယ်လို့ သိရပါတယ်။

ယခုအခါ ချောင်းဦးမြို့နယ်က ငါးလုံးတင်၊ ငထိသာ၊ မင်းခေါင်၊ မန်ကျည်းခွ၊ မင်းတည် စတဲ့ကျေးရွာတွေမှာ ပြီးခဲ့တဲ့ မိုးလယ်ကစိုက်ပျိုးခဲ့ကြတဲ့ ငရုတ်တွေ ယခုအခါ လှိုင်လှိုင်ပေါ်နေသလို ပေါ်ကာစက ငရုတ်သီး (အစိမ်း) ဈေးတစ်ပိဿာ ၁၃၀၀ ကျပ်အထိ အမြင့်ဆုံးဈေးရခဲ့ကြပြီး၊ ယခုတစ်ပတ်မှာ အာမို-၁၁ (မိုးထောင်) တစ်ပိဿာ ၉၀၀ ကျပ်နဲ့ အောက်စွဲ (အတောင့်ကြီးအစိမ်း) တစ်ပိဿာ ၅၀၀ ကျပ် အသီးသီးပေါက်ဈေးဖြစ်နေကာ၊ မြေအမျိုး အစားပေါ် မူတည်ပြီး တစ်ဧကပိဿာချိန် ၃၀၀၀ မှ ၆၀၀၀ အကြား ထွက်ရှိနေတဲ့အတွက် ဝင်ငွေကောင်းလျက် ရှိတယ်လို့ မင်းခေါင်ကျေးရွာမှ ငရုတ်တောင်သူတွေကပြောပါတယ်။

တောင်သူတွေ အခုလိုဝင်ငွေကောင်းနေသလို ဒေသခံငရုတ်ပွဲစားများအနေနဲ့လည်း ရွာဈေးနဲ့ဝယ်လက်ထံ အရောက်ရောင်းဈေးတစ်ပိဿာ ၁၀၀ ကျပ်နှုန်း ဝန်ဆောင်ခရရှိလို့ တွက်ခြေကိုက်နေတယ်လို့ဆိုပါတယ်။ လောလောဆယ် ချောင်းဦးမြို့နယ်မှ ငရုတ်စိမ်းပိဿာချိန်တစ်ရက် ၄၀၀၀ မှ ၅၀၀၀ ကြား နေ့စဉ်တင်ပို့လျက်ရှိပြီး၊ မန္တလေး၊ ရန်ကုန်၊ ပခုက္ကူနဲ့ ကလေးမြို့နယ်တို့ကို အများဆုံးတင်ပို့ရတယ်လို့ ငရုတ်တောင်သူနဲ့ ပွဲစားတွေထံက လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

## ချင်း

### အောင်ပန်းမှာ တန်ဆောင်တိုင်ပွဲတော်ကြောင့် ချင်းသစ်အဝင်များ

အောင်ပန်းဈေးကွက်မှာ ချင်းသစ်ကပုံမှန်အဝင်ရှိနေပါတယ်။ နေ့စဉ်ပုံမှန်အဝယ်ရှိနေပေမယ့် အဖိတ်ဈေးလို့ခေါ်တဲ့ ဈေးနေ့ရှေ့တစ်ရက်မှာတော့ ပုံမှန်ထက်ပိုပြီး ဝင်တယ်လို့လည်းသိရပါတယ်။ အောက်တိုဘာ၊ နိုဝင်ဘာလတွေဆိုရင် ဒေသစုံက ချင်းသစ်တွေ အကုန်ထွက်လာပြီး၊ အလှူပွဲ၊ သီတင်းကျွတ်ပွဲ၊ တန်ဆောင်တိုင်ပွဲတွေကြောင့် ငွေလိုနေတဲ့တောင်သူတွေက ထုတ်ရောင်းလေ့ရှိတာကြောင့် အဝင်များတဲ့လတွေလည်းဖြစ်ပါတယ်။ အလှူပွဲတွေလည်း ဆက်တိုက်လုပ်လေ့ရှိတာကြောင့် အလှူပွဲမှာ ကျွေးလေ့ရှိတဲ့ ချင်းသုတ်လုပ်ဖို့အတွက်လည်း မြန်မာနိုင်ငံ တစ်ဝန်းရှိ ချင်းထိုးသမားတွေကလည်း အတော်ဝယ်ယူမှုရှိတာကြောင့် အဝင်များသလို ရောင်းအားကလည်း ကောင်းပါတယ်။ ဒီတစ်ပတ်အောင်ပန်းဈေးကွက်ကိုဝင်လာတဲ့ ချင်းတွေကိုလည်း ဝယ်ယူတဲ့ပွဲရုံတွေက အမျိုးအစားနဲ့ အရည်အသွေးပေါ် မူတည်ပြီး ဈေးဖြတ်ဝယ်ကြတယ်လို့သိရပါတယ်။ မြေမဲချင်းကိုတော့ တစ်ပိဿာ ၄၀၀ ကျပ်မှ ၄၅၀ ကျပ်၊ မြေနီချင်းမှာ ပုံမှန်ဆိုရင် ၅၀၀ ကျပ်နဲ့ မြေနီအခက်ကြီး၊ အခက်လှဆိုရင် တစ်ပိဿာ ၅၂၅ ကျပ်ဈေးနဲ့ ဝယ်ယူတယ်လို့လည်းသိရပါတယ်။ ချင်းထိုးသမားတွေကိုတော့ တစ်ပိဿာ ၅၀၀ ကျပ်၊ ၆၀၀ ကျပ်၊ ၆၅၀ ကျပ်နဲ့ ပြန်ရောင်းဖြစ်တယ်လို့လည်း ဈေးကွက်ကသိရှိရပါတယ်။

ချင်းခြောက်ကတော့ အဝင်လည်းမရှိတော့သလို အရောင်းအဝယ်ကလည်း အေးနေပါတယ်။ ပစ္စည်း လက်ကျန်လည်းနည်းနေပြီး၊ တစ်ပိဿာကို အနိမ့်ဆုံး ၂၅၀၀ ကျပ်မှ အမြင့်ဆုံး ၂၈၀၀ ကျပ်ဈေးရှိပါတယ်။ တစ်ပတ်အတွင်း အောင်ပန်းဈေးကွက်မှ မြန်မာပြည်အနှံ့ ချင်းပိဿာချိန်ပေါင်း ရှစ်သောင်းခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့လည်း သိရပါတယ်။

**ဧခိုင်-တောင်ကြီး**


### တန်ဆောင်တိုင်ပွဲတော်ရက်ဖြစ်လို့ ပြည်ချင်း အရောင်းသွက်

ယခုတစ်ပတ်မှာတော့ အောင်ပန်းဘက်မှ ချင်းများအဝင်များလာပြီး ပိဿာ ၃၀ ဝင်အိတ် ၂၅၀ ခန့်ကို ယခင်အပတ်ထက် ပိုမိုစီးဝင်မှုရှိ၍အရောင်းအဝယ်မှာလည်း လက်လီ၊ လက်ကားရောင်းဝယ်သူများနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်တို့သို့ တင်ပို့မှုအပါအဝင် အိတ် ၄၅၀ ခန့် ယခင်အပတ်ကထက် အရောင်းအဝယ်သွက်လျက်ရှိနေပါတယ်။

လှော်လက်သမားများမှ ချင်းတက်အသစ်များကို ပိုမိုဝယ်ယူလာတာ တွေ့ရပါတယ်။ ကထိန်အလှူပွဲနဲ့ တန်ဆောင်တိုင်ပွဲတော်ရက်ဖြစ်လို့ စားသုံးသူများမှ အဝယ်လိုက်နေသောကြောင့် ပြည်ဈေးကွက်အတွင်း အရောင်းအဝယ်သွက်နေတာဖြစ်ကြောင်း သိရပါတယ်။ ပွဲရုံများရှိ ချင်းဈေးမှာ တစ်ပိဿာ ၉၀၀ ကျပ်မှ ၁၂၀၀ ကျပ်တို့ဖြင့် အသီးသီးရောင်းဝယ်လျက်ရှိကြောင်း သိရှိရပါတယ်။

**ဝင်းဝင်းခိုင်-ပြည်**

## သီဟိုဠ်



### မူဆယ်ကုန်သွယ်ရေးဇုန်မှ သီဟိုဠ်စေ့ တန် ၃၀ ကျော်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်ကုန်သွယ်ရေးဇုန်မှ နိုဝင်ဘာလ ၇ ရက်နေ့မှ ၁၃ ရက်တာကာလ အတွင်း ကန်ဒေါ်လာ သုည ဒသမ ၁၈၄ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ တန် ၃၀ ကျော် တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၁၄ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်နဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းများမှ ယခုတစ်ပတ်တွင် သီဟိုဠ်စေ့ တင်ပို့နိုင်ခြင်းမရှိခဲ့ပေမယ့် ယခင်သီတင်းပတ်မှာ မြဝတီကုန်သွယ်ရေးဇုန်က သုံးတန်နဲ့ ကော့သောင်း ကုန်သွယ်ရေးစခန်းကသုံးတန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။

**ခင်မြနွယ်**

## ကြက်သွန်

### ကြက်သွန်နီအသစ် မပေါ်သရွေ့ ဈေးတက်နေမယ့် ပြည်ကြက်သွန်နီဈေး

နိုဝင်ဘာလ တတိယပတ်ရဲ့ ပြည်ကြက်သွန်နီပွဲရုံများမှာ ပြည်ခရိုင်တွင် ကြက်သွန်နီလက်ကျန်များ ပြတ်ခဲ့ပြီး ဈေးနှုန်းများ ဆက်လက်မြင့်တက်နေခဲ့သည်မှာ ယခုတစ်ပတ်ထိဖြစ်နေပြီး ကြက်သွန်နီအသစ်တွေ မပေါ်သေးသ၍ ဈေးဆက်တက်နေမယ်လို့ခန့်မှန်းကြပါတယ်။ စားသုံးသူဒေသခံများမှလည်း စားဖိုဆောင်ကြက်သွန်နီ ကအစ ဈေးကြီးပေးဝယ်ယူသုံးစွဲရကြောင်း ပြောကြားပါတယ်။

ယခုတစ်ပတ် ကြက်သွန်နီ (ပွဲရုံဈေး) တစ်ပိဿာ (ကြီး) ၃၂၀၀ ကျပ်၊ (လတ်) ၃၀၀၀ ကျပ်၊ (သေး) ၂၈၀၀ ကျပ်ဖြစ်ပြီး ဒေသတွင်း လက်လီဈေး တစ်ပိဿာ (ကြီး) ၃၄၀၀ ကျပ်၊ (လတ်) ၃၂၀၀ ကျပ် နဲ့ (သေး) ၃၀၀၀ ကျပ်တို့ဖြင့် ရောင်းဝယ်ကြောင်း တွေ့ရပါတယ်။

ဒေသတွင်းလက်ကျန်မရှိတော့တဲ့ ကြက်သွန်နီဟာ အခြားတိုင်းမှ ဝင်ရောက် ရောင်းဝယ်ကြလို့ ဈေးနှုန်းမှာ မြင့်သည်ထက်မြင့်လာတာနဲ့ ရင်ဆိုင်နေရပြီး၊ တရုတ်မှထွက်သော ကြက်သွန်နီတွေလည်း ဈေးကွက်သို့ ဝင်ရောက်လာပါတယ်။ တရုတ်ကြက်သွန်နီမှာ အစိုဓာတ်များပြီး အနံ့မွှန်သဖြင့် စားသုံးသူ တွေ သိပ်မကြိုက်တာ တွေ့ရပါတယ်။ တရုတ်ကြက်သွန်နီမှာ တစ်ပိဿာ ၃၀၀၀ ကျပ်ထိ မြင့်နေပြီး ပွဲရုံများမှာလည်း တစ်ဦးကိုအိတ် ၂၀ နီးပါးနဲ့ ၄ ဦး၊ ၅ ဦးသာ လာရောက်ဝယ်ယူနေကြောင်း သိရပါတယ်။

**နီနီဝင်း-ပြည်**

### ကြက်သွန်နီဈေး အဆမတန်မြင့်တက်

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ နိုဝင်ဘာလ ဒုတိယပတ်အတွင်း ကန်ဒေါ်လာ ၁၅၃၆၀ တန်ဖိုးရှိကြက်သွန်နီ ၃၂ တန် တင်ပို့ခဲ့ပါတယ်။

ယခင်တစ်ပတ်က မြဝတီကုန်သွယ်ရေးဇုန်တစ်ခုတည်းက ကြက်သွန်နီ တန်၃၀ တင်ပို့ခဲ့တာပါ။ ပြီးခဲ့တဲ့နှစ် နိုဝင်ဘာလက ကြက်သွန်နီ တစ်ပိဿာကို ၈၀၀ ကျပ်သာ အများဆုံးရှိခဲ့ပြီး ယခုနှစ်တွင် ၂၅၀၀ ကျပ်ထိ သုံးဆ မြင့်တက်သွားတာပါ။ ဇူလိုင်လကုန်က ဖြစ်ပွားခဲ့တဲ့ ရေဘေးသင့်မှုကြောင့် ကြက်သွန်နီအဓိကထွက်တဲ့ ရေနံချောင်း၊ ပွင့်ဖြူ နဲ့ စေတုတ္တရာမြို့နယ်များမှာရှိတဲ့ စိုက်ခင်းတွေ ပျက်စီးခဲ့လို့ ယခုလိုဈေးမြင့်တက်ရတာလို့ ကြက်သွန်ပွဲရုံလုပ်ငန်းရှင်များက ပြောပါတယ်။

မကွေးတိုင်းဒေသကြီးတွင် ယခင်နှစ်က အကောင်းဆုံး ကြက်သွန်နီ ၁ ပိဿာလျှင် ကျပ် ၈၀၀ နှုန်းသည် အမြင့်ဆုံးဖြစ်ပြီး ယခုနှစ်တွင် အနိမ့်ဆုံးဈေးမှာ ၁၈၀၀ ကျပ် ဖြစ်နေတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

Vol: 15, No.45 Monday November 23 2015



# ထူးခြားပါစေ - သီလဝါအထူးစီးပွားရေးဇုန်

|ခင်မောင်ညို (ဘောဂဗေဒ)|

အိပ်မက်တစ်ခု၊ စိတ်ကူးတစ်ခု အကောင်အထည်ပေါ်ရန် မည်မျှကြာကြာစောင့်ရသနည်း။

ကျွန်တော်မက်ခဲ့ဖူးသော အိပ်မက်များတွင် သီလဝါအထူးစီးပွားရေးဇုန်နှင့်ရန်ကုန်စတော့အိပ်ချိန်းတို့လည်း ပါဝင်သည်။

လွန်ခဲ့သော ဆယ်နှစ်ခရီးက အသက်၅၀သာရှိသေးသော်လည်း ကျွန်တော်အငြိမ်းစားယူခဲ့သည်။ ကျွန်တော်အငြိမ်းစား မယူမီကတည်းက မြန်မာနိုင်ငံနှင့်ပတ်သက်၍ ဖြစ်စေချင်သော အိပ်မက်များထဲတွင် အထူးစီးပွားရေးဇုန် ပါဝင်သည်။ ထိုစဉ်ကတည်းကပင် ကျွန်တော်တို့ ဆောင်းပါးတွေ၊ သုတေသနစာတမ်းတွေ ရေးသားကြ၊ ဆွေးနွေးကြ လုပ်ခဲ့ကြသည်။ ပြည်တွင်းစုဆောင်းမှုနှင့် ရင်းနှီးမြှုပ်နှံမှုနှုန်းနိမ့်ကျသော နိုင်ငံတစ်နိုင်ငံအနေဖြင့် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို အားမကိုး၍မရ။ ပြည်တွင်းစားသုံးမှုမှဖဲ့ပြီး နိုင်ငံခြားပို့ကုန်လုပ်နေရသော နိုင်ငံတွင်နိုင်ငံခြားသို့ တင်ပို့ရန် ရည်ရွယ်ချက်ဖြင့် သီးခြားထုတ်လုပ်ရန် လိုအပ်သည်။ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် လေကြီးပေါ်လေငယ်တင်သလို တစ်နိုင်ငံထဲ စနစ်နှစ်မျိုး ကျင့်သုံးသလို လုပ်ရန်လိုသည်မှာ စိတ်အခင်းအကျင်းပြောင်းရမည့်အရေးဖြစ်၍ မလွယ်လှကြောင်း၊ ဆယ်နှစ်ကျော်ကြာသွားခဲ့သည်က သာဓကပြနေသည်။ ကိုယ့်ဘက်ကသာ အပြောင်းအလဲ လိုအပ်သည်မဟုတ်။ စီးပွားရေးပိတ်ဆို့ထားသူတို့၏ ဘက်ကလည်း အပြောင်းအလဲ လိုအပ်သည်။ တကယ်တော့ ထိုအချိန်ကတည်းကပင် အစိုးရခေါင်းဆောင်များက မြန်မာနိုင်ငံတွင် အများဆုံး ရင်းနှီးမြှုပ်နှံသော နိုင်ငံကြီးတစ်နိုင်ငံကို အကြိမ်ကြိမ်သွားရောက်ဖိတ်ခေါ်သည့်တိုင် အကြောင်းကြောင်းကြောင့် လက်ရှောင်ခဲ့သည်ကို တွေ့ရသည်။

မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် ရည်သန်သူတို့က အခြေခံအဆောက်အအုံ အားနည်းမှုကို ထောက်ပြကြသည်။ တစ်ဖက်တွင် ထိုသို့ အခြေခံအဆောက်အအုံ အားနည်းမှုသည် ရင်းနှီးမြှုပ်နှံစရာ အခွင့်အလမ်းတစ်ခု ဖြစ်နေသည်။ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ရှားရှားပါးပါး ကျန်ရှိနေသော ရင်းနှီးမြှုပ်နှံစရာ နယ်သစ်ပယ်သစ်တစ်ခုဖြစ်ရာ အတန်အသင့်သော စွန့်စားမှုတွေနှင့်အတူ၊ စောစောရောက်လာသူတို့ စောစောစီးစီး ခံစားနိုင်ပြီး ခံစားခွင့်ရကြသော အခွင့်အလမ်းတွေကလည်း ရှိနေသည်။ ရှေ့ကလုပ်ငန်းစီမံကိန်းများတွင် တွေ့ကြုံခဲ့ရသော ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာတွေ၊ လူမှုရေးဆိုင်ရာ ပြဿနာတွေ၊ ဒေသခံတွေအတွက် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးရေးတို့ကို ထည့်သွင်းစဉ်းစားတွက်ချက်ရမှန်း မြန်မာတို့ သဘောပေါက်နားလည်လာပါပြီ။

ဂျပန်နိုင်ငံ၏ ကိုယ်ရောစိတ်ပါ ကူညီထောက်ပံ့မှု၊ မြန်မာတာဝန်ရှိသူများ၏ စိတ်အားထက်သန်မှုတို့ဖြင့် “သီလဝါ အထူးစီးပွားရေးဇုန်” ပေါ်ထွန်းလာပြီး ဖွင့်ပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီဟု ဆိုသောအခါ ယုံရခက်နေသည်။ သတင်းစာများ၊ ရုပ်မြင်သံကြား ဖန်သားပြင်ပေါ်တွင် သတင်းကောင်းတွေ ကြားနေရ

**မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ရှားရှားပါးပါး ကျန်ရှိနေသော ရင်းနှီးမြှုပ်နှံစရာ နယ်သစ် ပယ်သစ်တစ်ခုဖြစ်ရာ အတန်အသင့်သော စွန့်စားမှုတွေနှင့်အတူ စောစောရောက်လာသူတို့ စောစောစီးစီး ခံစားနိုင်ပြီး ခံစားခွင့်ရကြသော အခွင့်အလမ်းတွေကလည်း ရှိနေသည်။**

သည်။ နိုင်ငံခြားကုမ္ပဏီတွေလည်း ရောက်လာနေကြပြီ၊ အဆောက်အအုံတွေ တည်ဆောက်နေကြပြီး အပိုင်း(က)တွင် စွန့်ပစ်ရေနှင့် အညစ်အကြေးတွေ စီမံခန့်ခွဲမှု ထိန်းသိမ်းမှုတွေပါ တစ်ပါတည်း ထည့်ဆွဲထားသည်။ ပြီးလျှင် ဝန်ထမ်းအိမ်ရာတွေ၊ စတိုးဆိုင်ကြီးတွေ ပါလာမည်။

ထားဝယ် အထူးစီးပွားရေးဇုန် စီမံကိန်းနှင့်ပတ်သက်သော အပြင်အဆင်တွေကို ကြည့်ရစဉ်က လုပ်ငန်းကြီးမားလွန်း၍ သံသယဖြစ်ခဲ့သည်။ ယခု သီလဝါစက်မှုဇုန်က သတင်းကောင်းတွေ ကြားနေရပြီး ခရီးကလည်း ဝေးလှသည်မဟုတ်။ ကျင်းပသော အခမ်းအနားတွေက ကိုယ်နှင့်မသက်ဆိုင်။ သို့သော် ကိုယ်တိုင် မြင်တွေ့ခွင့်ရလျှင် ကောင်းမည်ဟု ဆုတောင်းသည်။

ထိုဆုတောင်းကို မိတ်ဆွေတစ်ဦးက ဖြည့်ဆည်းပေးသည်။ အိပ်မက်မဟုတ်၊ တကယ်အကောင်အထည်ဖော်နေပြီကိုမြင်တွေ့ခွင့်ရသည်။ တစ်နိုင်ငံထဲ စနစ်နှစ်မျိုး ကျင့်သုံးသည့်သဘောကို လေ့လာနေသည့်သူတွေ ရှိနေဦးမည်။ သို့သော် စည်းမျဉ်းစည်းကမ်း ထိန်းသိမ်းချမှတ်သူသည် တစ်ဖက်တွင်လည်း လုပ်ငန်းတိုင်းကို ချောမွေ့အောင် ဆောင်ရွက်ပေးနိုင်စွမ်း ရှိပါသည်။ မြန်မာ့နည်းမြန်မာ့ဟန်မဟုတ် နိုင်ငံတကာ လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်မည်ဟုဆိုလျှင် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူတွေ မယုံကြည်စရာအကြောင်းမရှိ။

လမ်းတွေ၊ ရေမြောင်းတွေ၊ တံတားတွေက အဆင်သင့် ခင်းကျင်းထားပြီး၊ စက်ရုံတွေက အပြိုင်အဆိုင် ဆောက်လုပ်နေကြသည်။ နိုင်ငံတကာကုမ္ပဏီများနှင့်အတူ မြန်မာကုမ္ပဏီအချို့လည်း ပါဝင်သည်။ ဒေသခံတွေက ယခုကတည်းကပင် အလုပ်စတင်ဝင်နေ၊ လုပ်ကိုင်နေကြပြီ။ မကြာမီ ရန်ကုန်နှင့် မနီးမဝေး နိုင်ငံတကာသဘော်ာတွေ အဝင်အထွက် အလွယ်တကူ လုပ်နိုင်သော နေရာတစ်နေရာတွင် ရန်ကုန်ထက် ကြီးမားသော မြို့ကြီးတစ်မြို့ ပေါ်ပေါက်လာဦးမည်။ မြန်မာနိုင်ငံတွင် ရှားပါးဆဲ ကုန်ချောထုတ်ကုန်တွေ တင်ပို့ကြပါဦးမည်။ ဂျပန်မိတ်ဆွေများ၏ အကူအညီဖြင့် ယခုကဲ့သို့ အလျင်အမြန် ပေါ်ပေါက်လာခဲ့သည်ဟုဆိုရာ ကျွန်တော်က ကျွန်တော်စောင့်ဆိုင်းခဲ့ရသော ဆယ်စုနှစ်တစ်ခုခန့်ကာလကို ပြန်လည်သတိရမိသည်။

သီလဝါ အထူးစီးပွားရေးဇုန် အထူးတိုးတက်၍ မြန်မာ့စီးပွားရေး၊ မြန်မာနိုင်ငံသားတို့၏ စီးပွားရေးကို အထူးအကျိုးပြုစေသတည်း။

## နွားစာအတွက် ကောက်ရိုးများကို ဗီယက်နမ်မှ ဂျပန်နိုင်ငံသို့တင်ပို့နိုင်တော့မည်

ကောက်ရိုးများကို ပုံမှန်အားဖြင့် စပါးများ ရိတ်သိမ်းပြီးတဲ့အခါ မီးရှို့ဖျက်ဆီးလေ့ရှိပါတယ်။ လာမယ့်နှစ်က စပြီး ဗီယက်နမ်နိုင်ငံအတွက် ပို့ကုန်အမယ်သစ်အဖြစ် ပြည်ပကို တင်ပို့တော့မယ်လို့ သိရပါတယ်။ နိုင်ငံပိုင် Song Hau Collective Farm ကလာမယ့် ဆောင်းရာသီထွက် ကောက်ရိုးများကို (Japan Beef Import Export Association) က (ဂျပန်အမဲသား ပို့ကုန်သွင်းကုန်အသင်း) မှ နွားစာထုတ်လုပ်ရာမှာ အသုံးပြုရန်အတွက် ရောင်းချသွားနိုင်ရေး နိုဝင်ဘာလ တတိယပတ်အတွင်းမှာ သဘောတူညီမှုလက်မှတ် ရေးထိုးခဲ့တာဖြစ်ပါတယ်။

Song Hau ဒါရိုက်တာ တစ်ဦးဖြစ်တဲ့ Nguyen Thanh Phu ပမာဏ ဘယ်လောက်ဝယ်မယ်၊ ဈေးဘယ်လောက်ပေးမယ်ဆိုတာတော့ ထည့်သွင်းဆွေးနွေး မထားသေးဘူးလို့ မီဒီယာတွေကို ပြောကြားခဲ့ပါတယ်။ ဂျပန် အမဲသား ပို့ကုန်သွင်းကုန်အသင်းမှ ဒါရိုက်တာ Yataka Aoyama က ဂျပန်နိုင်ငံအနေနဲ့ ပြုပြင်ပြီး ကောက် ရိုးတန်ချိန် ၂၂၀၀၀၀ ခန့်ကို နှစ်စဉ် ပြည်ပမှတင်သွင်းရန် လိုအပ်ပြီး ထက်ဝက်ခန့်ကိုတော့ တရုတ်နိုင်ငံက တင်သွင်းနေတယ်လို့ ဆိုင်ဂုံတိုင်း အွန်လိုင်းသတင်းကို ပြောကြားခဲ့ပါတယ်။

ဒါပေမယ့် အန္တရာယ်ဖြစ်စေတဲ့ ဘက်တီးရီးယားများ ပါရှိတဲ့အတွက် တရုတ်နိုင်ငံမှ ကောက်ရိုးတင်သွင်းမှုကို ရပ်ထားလိုက်ပြီလို့ ပြောပါတယ်။ ဒါကြောင့်လည်း ကမ္ဘာမှာ ဆန်အများဆုံး ထုတ်လုပ်တဲ့ ဗီယက်နမ်နိုင်ငံကို အများဆုံး ကောက်ရိုးတင်သွင်းမယ့် နိုင်ငံအဖြစ် သတ်မှတ်လိုက်တာ ဖြစ်ပါတယ်။

ဗီယက်နမ်နိုင်ငံ မဲခေါင်မြစ်ဝှမ်းဒေသက တောင်သူများအတွက် အပိုဝင်ငွေ ရရှိလာနိုင်တဲ့ အခွင့်အလမ်းကောင်းကြီးဖြစ်ပါတယ်။ မဲခေါင်မြစ်ဝှမ်းရှိဗီယက်နမ်တောင်သူတွေအနေနဲ့ ပုံမှန်အားဖြင့် ကောက်ရိုးများကို မီးရှို့ပစ်တဲ့အတွက် ပတ်ဝန်းကျင်လေထုညစ်ညမ်းမှုနဲ့ အော်ဂဲနစ်များ မြေကြီးထဲသို့ စိမ့်ဝင်မှုများဖြစ်စေပါတယ်။ ပြည်ပသို့ တင်ပို့ခြင်းမပြုမီ ကောက်ရိုးကို မည်ကဲ့သို့ စုဆောင်းမည်၊ မည်ကဲ့သို့ ထုတ်လုပ်မည်ကို သင်တန်းပို့ချခြင်းနဲ့ လိုအပ်တဲ့ ကိရိယာ တန်ဆာပလာများကို ဂျပန်အသင်းက ပံ့ပိုးပေးမယ်လို့ သိရပါတယ်။

နှစ်ဖက်သဘောတူညီမှုများတွင် နွားနို့ထုတ်လုပ်ရေး တိုးတက်စေရန်လည်း ဂျပန်နိုင်ငံ အစိုးရက ဘဏ္ဍာရေးအထောက်အပံ့ပေးမယ်ဆိုတဲ့ အချက်လည်း ပါရှိပါတယ်။

CMK

## ဓာတ်ဆီ/ဒီဇယ်

### ဒီတစ်ပတ် ဓာတ်ဆီ၊ ဒီဇယ်အဝင်နားခဲ့

နိုဝင်ဘာ ၈ ရက်မှ ၁၄ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ၃၈၀၈၇၄၇ တန်ဖိုးရှိ ဒီဇယ် ၆၆ တန်နဲ့ ကန်ဒေါ်လာ၇၂၁၀၃၅ တန်ဖိုးရှိ ဓာတ်ဆီ ၂၅ ဒသမ ၇၅ တန်ကို တင်သွင်းခဲ့ပါတယ်။ စုစုပေါင်းတင်သွင်းခဲ့တဲ့ကုမ္ပဏီမှာ လေးခုရှိခဲ့တယ်လို့ သက်ဆိုင်ရာဌာနရဲ့ စာရင်းများအရ သိရပါတယ်။ ယခင်သီတင်းပတ် အဝင်ပျောက်ခဲ့တဲ့ စက်သုံးဆီများက ဒီတစ်ပတ်မှ ပြန်လည်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ နိုဝင်ဘာ ၁၆ ရက်နေ့မှ ၂၀ ရက်နေ့အတွင်း ရောင်းချနေတဲ့ဓာတ်ဆီ၊ ဒီဇယ်ဈေးများက မော်လမြိုင်နဲ့ တောင်ကြီးမှာ ဈေးငြိမ်နေပြီး ရန်ကုန်မှာဈေးနည်းနည်းကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပြင်ပမှာ လက်လီရောင်းချနေတဲ့ ဒီဇယ်၊ ဓာတ်ဆီပီပါဈေးများမှာလည်း ယခင်တစ်ပတ်ဈေးနှင့် နှိုင်းယှဉ်ကြည့်ရင်ရန်ကုန်မှာဓာတ်ဆီ၊ဒီဇယ်ဈေး ဈေးငြိမ်ခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ ဒီဇယ်၊ အဆင့်မြင့် ဒီဇယ်၊ အောက်တိန်း (92)နဲ့ အောက်တိန်း (95) မှာဈေးအနည်းငယ်ကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဒီဇယ် ၆၃၀ ကျပ်၊အောက်တိန်း (92) ၆၇၀ကျပ်၊ အောက်တိန်း (95) ၇၇၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၆၇ ၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

ပြင်ပလက်လီဆိုင်များမှာ အရောင်း အဝယ်ဖြစ်နေတဲ့ပီပါဈေးများမှာ နိုဝင်ဘာလ ၁၆ ရက် နေ့ ဓာတ်ဆီဝယ်ဈေး ၁၅၃၀၀၀ ကျပ်၊ ရောင်းဈေး ၁၅၅၀၀၀ ကျပ်နဲ့အရောင်း အဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဒီဇယ်ဈေးမှာ နိုဝင်ဘာလ ၁၆ ရက်မှာ ဝယ်ဈေး ၁၂၄၀၀၀ ကျပ်၊ ရောင်းဈေး ၁၂၆၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဒီဇယ်ရော ဓာတ်ဆီပါ ဈေးငြိမ်နေခဲ့တယ်လို့ သိရပါတယ်။ တစ်ဂါလန် ဝယ်ဈေး၊ရောင်းဈေးများမှာ ဓာတ်ဆီဈေးက တစ်ဂါလန် ၃၅၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၅၀၀ ကျပ်နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ ဓာတ်ဆီ၊ ဒီဇယ်အရောင်းအဝယ်သမား တစ်ဦးထံမှ စုံစမ်းသိရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် ရောင်းချနေတဲ့ဈေးမှာ ဒီဇယ်၊ ဓာတ်ဆီ၊ အောက်တိန်း၊ အဆင့်မြင့်ဒီဇယ်မှာ ဈေးငြိမ်နေတယ်လို့သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီတစ်လီတာ ၇၁၀ ကျပ်၊ အောက်တိန်း ၆၇၀ ကျပ်၊ ဒီဇယ် ၆၇၀ ကျပ်၊အဆင့်မြင့်ဒီဇယ် ၇၁၀ ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ နိုဝင်ဘာလ ၁၆ ရက်နေ့မှာ ဒီဇယ်ဝယ်ဈေး ၁၂၈၀၀၀ ကျပ်၊ ရောင်းဈေး ၁၂၉၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ရာ တစ်ပတ်လုံးဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီဈေးမှာ နိုဝင်ဘာ ၁၆ ရက်နေ့မှာ ဝယ်ဈေး ၁၄၇၀၀၀ ကျပ်၊ရောင်းဈေး ၁၄၈၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဒီဈေးနဲ့ပဲ အရောင်းအဝယ် ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များတွင် တစ်ဂါလန်ဈေးမှာ ဒီဇယ် ၃၁၀၀ ကျပ်၊ ဓာတ်ဆီ ၃၃၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ဒီတစ်ပတ်စက်သုံးဆီဈေးများမှာ ဈေးငြိမ် ခဲ့တယ်လို့သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်ရဲ့ဈေးမှာ ဓာတ်ဆီ တစ်ဂါလန် ၃၃၀၀ ကျပ်၊ဒီဇယ် ၃၃၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီ ၃၃၀၀ ကျပ်၊ ဒီဇယ် ၃၃၀၀ ကျပ်နဲ့အရောင်း အဝယ်ဖြစ်တယ်လို့သိရပါ တယ်။

**မော်လမြိုင်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ဓာတ်ဆီ၊ ဒီဇယ်၊ အောက်တိန်းဈေးမှာ ဒီဇယ်ဈေးငြိမ်နေပြီး ဓာတ်ဆီ ဈေးနည်းနည်းကျခဲ့ပြီး အောက်တိန်းဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ဈေးများက ဓာတ်ဆီ တစ်ဂါလန် ၃၁၅၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၃၀၆၀ ကျပ်၊ အောက်တိန်း ၃၃၃၀ ကျပ်နဲ့ရောင်းချတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလန် ၃၃၀၀ကျပ်၊ ဒီဇယ် တစ်ဂါလန် ၃၂၀၀ ကျပ်၊အောက်တိန်း ၃၄၀၀ ကျပ် နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။ **MIRT-DOT**

### Energy NYMEX 20-11-2015

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 40.43 | -0.11 | -0.27 |
| Brent Crude Futr (USD/bbl) | 44.12 | -0.06 | -0.14 |
| Gasoline Rbob Fut (Cent/gal) | 128.59 | -0.20 | -0.16 |
| Natural Gas Futr (USD/MMBtu) | 2.23 | -0.04 | -1.85 |
| Heating Oil Futr (Cent/gal) | 137.26 | 0.08 | 0.06 |

## တစ်ပတ်အတွင်း ပြည်တွင်းငွေလဲနှုန်း ကျပ် ၁၀ ခန့်မြင့်တက်လာ

ယခုတစ်ပတ်အတွင်း ပြည်တွင်းငွေလဲနှုန်းများသည် ကျပ်တစ်ဆယ်ခန့် မြင့်တက်လာခဲ့ကြောင်း ဈေးကွက် အတွင်းမှ စုံစမ်းသိရှိရသည်။ ရွေးကောက်ပွဲမတိုင်မီက ရပ်နားထားခဲ့သည့်လုပ်ငန်းများနှင့်ရွေးကောက်ပွဲကာလအတွင်း ရပ်နားထားခဲ့သည့် လုပ်ငန်းများသည် ယခုအခါတွင် လုပ်ငန်းများ ပြန်လည်စတင်လာခဲ့ပြီး လိုအပ်သည့်ငွေများကို ဝယ်ယူလာခဲ့ကြ သည့်အတွက် ဈေးကွက်အတွင်း အဝယ်လိုက်လာခဲ့မှုကြောင့်ဈေးနှုန်းများ မြင့်တက်လာခဲ့ရခြင်းဖြစ်သည်ဟုဆိုသည်။

“ဈေးကွက်ထဲမှာရွေးကောက်ပွဲ မတိုင်ခင်ကရော ရွေးကောက်ပွဲအပြီးမှာ ရော ရပ်နားထားခဲ့တဲ့လုပ်ငန်းတွေက ပြန်စလာတယ်။ အဲဒီလို ပြန်စလာတဲ့အတွက် ဈေးကွက်ထဲမှာ အဝယ်လိုက်လာခဲ့တယ်။ အဝယ်လိုက်လာတဲ့အတွက် ဈေးတက်လာရတာပါ။ တစ်နေ့ထက်တစ်နေ့ ဈေးကတက်လာတယ်။ ခုဆိုရင် ကျပ်၁၃၀၀ နားကိုကပ်လာတယ်။ ဈေးကွက်ထဲမှာတော့ ပစ္စည်းမပြတ်ပါဘူး။ အဝယ်လိုက်လာလို့ဈေးတက်သွားတဲ့သဘောမျိုးပဲရှိပါတယ်။ ဗဟိုဘဏ်ကထုတ်ပြန်လိုက်တဲ့ ရည်ညွှန်းငွေလဲနှုန်းကလည်း နိုဝင်ဘာလ ၁၆ ရက်နေ့က ၁၂၈၈ ကျပ်ဖြစ်ပေ မယ့် နိုဝင်ဘာလ ၂၀ ရက်လည်းရောက်ရော ၁၂၉၇ ကျပ်ကို မြင့်တက်သွားတယ်။ ဗဟိုဘဏ်ရဲ့ ရည်ညွှန်းငွေလဲနှုန်းက မြင့်တက်သွားတဲ့အတွက် ငွေလဲစင်တာတွေမှာလည်း လိုက်လံမြင့်တက်ရတာပါ”ဟု ဈေးကွက်အတွင်း လှုပ်ရှား နေသူတစ်ဦးက ဆိုသည်။

ငွေလဲစင်တာများတွင် နိုဝင်ဘာလ ၁၆ ရက်နေ့တွင် ရောင်းဈေး ၁၂၈၅ ကျပ်၊ ဝယ်ဈေး ၁၂၈၁ကျပ်ရှိခဲ့ပြီး နိုဝင်ဘာလ ၁၈ ရက်နေ့ ညနေပိုင်းတွင် ရောင်းဈေး ၁၂၉၃ကျပ်၊ ဝယ်ဈေး ၁၂၈၉ ကျပ်သို့မြင့်တက်ခဲ့သည်။ နိုဝင်ဘာလ ၂၀ရက်နေ့တွင် ရောင်းဈေး ၁၂၉၄ကျပ်၊ ဝယ်ဈေး ၁၂၉၁ ကျပ်သို့ ဆက်လက်မြင့်တက်ခဲ့သည်။

ဗဟိုဘဏ်၏ ရည်ညွှန်းငွေလဲနှုန်းသည် နေ့စဉ်မြင့်တက်ခဲ့ရာ နိုဝင်ဘာလ ၁၆ ရက်နေ့က ၁၂၈၈ ကျပ်ရှိခဲ့ပြီး နိုဝင်ဘာလ ၁၈ ရက်နေ့တွင် ၁၂၈၁ ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့သည်။ နိုဝင်ဘာလ ၁၉ရက်နေ့တွင် ၁၂၉၄ ဒေါ်လာသို့ ပြောင်း လဲသတ်မှတ်ခဲ့ပြီးနိုဝင်ဘာ လ ၂၀ ရက်နေ့တွင် ၁၂၉၇ ဒေါ်လာသို့ တိုးမြင့်သတ်မှတ်ခဲ့သည်။

**မယ်သီတာ**

## မြန်မာ့ရွှေဈေး ကျဆင်းနေရာမှ ပြည်တွင်းငွေလဲနှုန်း မြင့်တက်လာမှုကြောင့် အနည်းငယ်ပြန်လည်မြင့်တက်

ပြီးခဲ့သည့်အောက်တိုဘာလကုန်ပိုင်းကတည်းက ကျဆင်းခဲ့သည့်မြန်မာ့ရွှေဈေးသည် ယခုတစ်ပတ်တွင် ပြည်တွင်းငွေလဲနှုန်းများ မြင့်တက်မှုကြောင့် အနည်းငယ် ပြန်လည်မြင့်တက်လာခဲ့ကြောင်း ရွှေဈေးကွက်အတွင်းမှစုံစမ်းသိရှိရသည်။

မြန်မာ့ရွှေဈေး အနည်းငယ်မြင့်တက်လာသော်လည်း ကမ္ဘာ့ရွှေဈေးမှာ ဆက်လက်ကျဆင်းလျက် ရှိကြောင်း ရွှေဈေး ကွက်မှပြောကြားချက်အရ သိရ သည်။

“ဈေးကွက်ထဲမှာ ဒီတစ်ပတ်အတွင်း ရွှေဈေးကကျမယ်လို့ အားလုံးက မျှော်လင့်ထားကြတာ။ ကမ္ဘာ့ရွှေဈေးကျသွားတဲ့အချိန်မှာ မြန်မာ့ရွှေဈေးလည်း လိုက်ပြီးကျတယ်။ ဒါပေမယ့် ငွေလဲနှုန်းက မြင့်တက်လာတဲ့အတွက် ပြည်တွင်းရွှေ ဈေးနှုန်းက ကျမသွားဘဲ ပြန်ပြီးမြင့်တက်လာတယ်။ဈေးအတက်အကျက ဒီတစ်ပတ်ထဲမှာ မငြိမ်တဲ့အတွက် ဈေးကစားချင်တဲ့သူတွေအတွက် ပိုပြီး အကွက်ဝင်သွားတာပေ့ါ။ ဒီတစ်ပတ်ထဲမှာ ပြည်တွင်းဈေးက ကျပ် ၇၄၅၀၀၀ အထိ ကျသွားပြီးမှ ပြန်တက်လာတာ။ ကမ္ဘာ့ဈေးကတော့ ၁၀၆၆ဒေါ်လာအထိကျသွားပြီး ၁၀၈၄ ဒေါ်လာအထိ ပြန်တက်လာခဲ့တယ်။ ရွှေဈေးက အတက်အကျမငြိမ်တော့ ဈေးကွက်ထဲမှာ အရောင်းအဝယ်မရှိသလောက်ကို ဖြစ်နေတယ်။ ဈေးမငြိမ်တော့ ဝယ်ရောင်းသမားတွေလည်း ငြိမ်နေကြတယ်”ဟု ရွှေကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

မြန်မာ့ရွှေဈေးသည် နိုဝင်ဘာလ ၁၆ ရက်နေ့က ကျပ် ၇၅၃၀၀၀ဖြင့်ဈေးဖွင့်ခဲ့သော်လည်း နိုဝင်ဘာလ ၁၈ရက်နေ့တွင် ကျပ် ၇၄၅၀၀၀ သို့ ကျဆင်းသွားခဲ့သည်။ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ကျပ်၇၄၉၀၀၀ သို့ ပြန်လည်မြင့်တက်လာခဲ့ပြီး နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ကျပ် ၇၅၃၅၀၀ သို့ ဆက်လက်မြင့်တက်ခဲ့သည်။

ကမ္ဘာ့ရွှေဈေးသည် နိုဝင်ဘာလ ၁၆ ရက်နေ့တွင် ၁၀၉၂ ဒေါ်လာရှိခဲ့ပြီး နိုဝင်ဘာလ ၁၈ ရက်နေ့တွင် ၁၀၆၆ ဒေါ်လာသို့ ကျဆင်းခဲ့သည်။ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ၁၀၇၇ ဒေါ်လာသို့ မြင့်တက်ခဲ့ပြီး နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ၁၀၈၄ ဒေါ်လာသို့ ဆက်လက်မြင့်တက်ခဲ့သည်။

**မယ်သီတာ**

### World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 16- November | 14.44 | 1614.37 | 1497.22 | 4897.98 | 872.00 |
| 17- November | 14.26 | 1565.31 | 1473.02 | 4732.67 | 867.00 |
| 18- November | 14.27 | 1498.11 | 1470.78 | 4704.22 | 856.00 |
| 19- November | 14.20 | 1508.16 | 1475.26 | 4735.81 | 856.00 |
| 20- November | 14.24 | 1575.84 | 1487.36 | 4744.99 | 860.00 |

Source:kitco.com

### Currency Exchange Rate

November 20, 2015

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.39 |
| BDT | Bangladesh Taka | 77.42 |
| CAD | Canada Dollars | 1.33 |
| CNY | China Yuan Renminbi | 6.39 |
| EUR | Euro | 0.94 |
| H KD | Hong Kong Dollars | 7.75 |
| I NR | India Rupees | 66.18 |
| I DR | Indonesia Rupiahs | 13609.22 |
| JPY | Japan Yen | 122.94 |
| MYR | Malaysia | 4.28 |
| PKR | Pakistan Rupees | 105.47 |
| PHP | Philippines Pesos | 47.03 |
| RUB | Russia Rubles | 64.84 |
| SGD | Singapore Dollars | 1.41 |
| KRW | South Korea Won | 1155.07 |
| LKR | Sri Lanka Rupe | 142.24 |
| THB | Thailand Baht | 35.70 |
| GBP | United Kingdom Pounds | 0.65 |
| VND | VietnamDon | 22471.91 |

*Source : xe.com*

### World Gold Price

November, 2015 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 16 | 1092 | 1092 | 1092 |
| 17 | 1076 | 1077 | 1077 |
| 18 | 1071 | 1072 | 1072 |
| 19 | 1073 | 1074 | 1075 |
| 20 | 1078 | 1079 | 1082 |

### Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 16-11- 2015 | 756.50 | 756.00 |
| 17-11- 2015 | 748.50 | 748.00 |
| 18-11- 2015 | 745.00 | 746.80 |
| 19-11- 2015 | 750.00 | 751.30 |
| 20-11- 2015 | 753.50 | 754.00 |

### နယ်စပ်ငွေလဲလှယ်နှုန်း

နိုဝင်ဘာ ၂၀၁၅ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 16 | 6 .40 | 36.04 | 78.52 | 66.18 |
| 17 | 6. 37 | 35.96 | 77.95 | 65.97 |
| 18 | 6 38 | 35.99 | 77.42 | 66.18 |
| 19 | 6 .38 | 35.74 | 77.46 | 66.07 |
| 20 | 6.39 | 35.70 | 77.42 | 66.18 |

## ဘိလပ်မြေ

### ဒီတစ်ပတ်ဘိလပ်မြေ အဝင်

သီတင်းတစ်ပတ်ဖြစ်တဲ့ နိုဝင်ဘာ ၈ ရက်မှ ၁၄ ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ ကန်ဒေါ်လာ ၅၅၁၅၂၀တန်ဖိုးရှိ ဘိလပ်မြေ ၆၇၁၂ တန်ကို တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ထိုင်းနိုင်ငံမှ ကန်ဒေါ်လာ၅၂၈၀၀၀ တန်ဖိုးရှိ ဘိလပ်မြေတန်ချိန် ၆၆၀၀ နဲ့ တရုတ်နိုင်ငံမှ ကန်ဒေါ်လာ ၂၃၅၂၀ တန်ဖိုးရှိ ဘိလပ်မြေ ၁၁၂ တန်ကို တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ယခင်သီတင်းပတ် ဘိလပ်မြေအဝင်မှာ တန်ချိန် ခြောက် သောင်းရှစ်ထောင်ကျော်ထိရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် တော်တော်လေးလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

### ဘိလပ်မြေဈေးကွက် ဈေးငြိမ်ပြီးအရောင်းသွက်

နိုဝင်ဘာလ ၈ ရက် မှ ၁၄ ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေအဝင်မှာ ၆၇၁၂ တန် ကျော်ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေ အဝင်မှာ ၆၃၈၆၅ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ဘိလပ်မြေတန်ချိန် ၅၇၁၀၀ ကျော် အဝင်ပိုခဲ့တယ်လို့သိရပါတယ်။ နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ ၁၅၄၈၁တန်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၁၇၁၆၅ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၆၈၄ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှ အဝင်ပိုခဲ့ပြီး နယ်စပ်လမ်းမှ အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်မှာ** ပွင့်လင်းရာသီ ရောက်လာတာကြောင့် အရောင်းသွက်ပေမယ့် ဈေးနည်းနည်းကျလာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲကို မြင်းခေါင်းနဲ့ ကြံ့ဘိလပ်မြေများလည်း ပြန်ဝင်လာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ ဈေးက ဆင်(ထိုင်း) ၆၆၅၀ ကျပ်၊ အပါချီ ၅၅၀၀ ကျပ်၊ မြင်းခေါင်း ၅၅၀၀ ကျပ်၊ကြံ့ ၅၅၀၀ ကျပ်၊ ဆင်(မြန်မာ) ၅၅၀၀ ကျပ် နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဘိလပ်မြေ ဒီတစ်ပတ် အရောင်းပုံမှန်ရှိတယ်လို့ သိရပါတယ်။ တည်ဆောက်ရေး၊ပြုပြင်ရေး လုပ်ငန်းတွေ ပိုပြီးလုပ်လာတာကြောင့် ရောင်းအားက ပုံမှန်ရှိနေတယ်။ ဒီတစ်ပတ်မှာ ကြံ့ဘိလပ်မြေက ဈေးငြိမ်နေပြီး စိန်နဲ့ ဆင်က ၅၀ ကျပ်ဈေးကျလာတယ်လို့ အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်မှ တာဝန်ရှိသူ တစ်ဦးက ပြောပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ဆင်(ထိုင်း) ၅၇၀၀ ကျပ်၊ စိန်(ထိုင်း) ၅၅၀၀ ကျပ်၊ ကြံ့(မြိုင်ကလေး) ၄၉၅၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ပွင့် လင်းရာသီကြောင့် ဆောက်လုပ်ရေးလုပ်ငန်းတွေလည်း စပြီးလုပ်ကိုင်လာတာကြောင့် ဘိလပ်မြေ အရောင်းအဝယ်ကောင်းပါတယ်။ အရောင်းအဝယ်လိုက်တယ်။ ဒီတစ်ပတ်မှာ အေသုံးလုံးဘိလပ်မြေက ၁၀၀ ကျပ်ဈေးမြင့်ခဲ့ပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ အေသုံးလုံး ၅၅၀၀ ကျပ်၊ မြန်မာဆင် ၄၇၀၀ ကျပ်၊ ဆင်မင်း ၄၆၀၀ ကျပ်၊ ကျားခေါင်း ၄၆၀၀ ကျပ်၊ မြင်းခေါင်း ၄၆၀၀ ကျပ်၊ ဆင်(ထိုင်း) ၇၁၀၀ ကျပ်၊စိန် (ထိုင်း) ၇၀၀၀ ကျပ် နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

## ဓာတ်မြေဩဇာ

### ဒီတစ်ပတ် မြေဩဇာတန်ချိန် ၈၉၀၀ ကျော်ဝင်

နိုဝင်ဘာ ၈ ရက်မှ ၁၄ ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ ကန်ဒေါ်လာ ၃၄၈၈၉၅၈ တန်ဖိုးရှိတဲ့ မြေဩဇာ ၈၉၃၅ ဒသမ ၆၀၃ တန်တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ထိုင်းနိုင်ငံမှ ကန်ဒေါ်လာ ၃၁၆၈၀၀ တန်ဖိုးရှိ မြေဆီ ၉၆၀ တန်၊ တရုတ်မှ ကန်ဒေါ်လာ ၁၉၈၉၃၈ ဒသမ ၄၀တန်ဖိုးရှိ မြေဆီ ၁၁၃၅ ဒသမ ၆၀၃၊ ဗီယက်နမ်နိုင်ငံမှ ကန်ဒေါ်လာ ၂၈၃၅၀ တန်ဖိုးရှိ မြေဆီ တန်ချိန် ၂၁၀၊ စင်ကာပူနိုင်ငံမှ ကန်ဒေါ်လာ ၁၄၁၅၂၀တန်ဖိုးရှိ မြေဆီ တန်ချိန် ၅၈၀၊ ဂျာမနီနိုင်ငံမှ ကန်ဒေါ်လာ၂၇၃၄၂၅၀ တန်ဖိုးရှိ မြေဆီ ၆၀၅၀တန် တင်သွင်း ခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ ကွန်ပေါင်း၊ အမိုးနီးယားဆာလဖိတ်နဲ့ အော်ဂဲနစ် စတဲ့အမျိုးအစားများ ဝင်လာခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် မြေဆီအဝင်မှာ တန်ချိန် ၃၂၄၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင်တန်ချိန် ၅၆၀၀ ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

### မြေဩဇာဈေးကွက် အရောင်းအေးပြီးဈေးကျ

နိုဝင်ဘာ ၈ ရက်မှ ၁၄ ရက် သီတင်းပတ်အတွင်း ပြည်တွင်းကို ရေလမ်းမှ မြေဩဇာ ၈၉၃၅ တန်ကျော် ဝင်ခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၃၂၄၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၅၆၀၀ ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ် မြေဩဇာအဝင်မှာ ၁၅၈၉၁ တန် ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ် အဝင်မှာ ၁၀၁၈၀ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၃၄၈၂ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှ အဝင်လျော့ခဲ့ပြီး နယ်စပ်လမ်းမှအဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ်မှာလည်း မြေဩဇာက အရောင်းပုံမှန်ရှိခဲ့တယ်လို့ သိရပါတယ်။ ဆောင်းသီးနှံအတွက် စိုက်ပျိုးနေတဲ့ဒေသများက အဝယ်ဆင်းနေသေးတာကြောင့် အဝယ် နည်းနည်းဖြစ်တယ်။ကုမ္ပဏီချတဲ့ ဈေးလည်း နည်းနည်းကျလာပါတယ်။ ပုလဲမြေဆီဈေး ၂၀၀၀ ကျပ်၊ ကွန်ပေါင်း ၁၆း၁၆း၈ နဲ့ တီစူပါ က ၅၀၀ ကျပ် ဈေးကျလာပြီး အသုံးများနေတဲ့ ကွန်ပေါင်း ၁၅ ပတ်လည်က ၅၀၀ ကျပ်ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ပုလဲအသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်) (တရုတ်) ၂၁၅၀၀ ကျပ်၊ ကွန်ပေါင်း (အစိမ်း) ၁၅ပတ်လည် (ထိုင်း) ၃၈၅၀၀ ကျပ်၊ ကွန်ပေါင်း (ပန်းရောင်) ၁၅ပတ် လည် (ထိုင်း) ၃၀၅၀၀ ကျပ်၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ -ထိုင်း) ၂၈၀၀၀ ကျပ်၊ တီစူပါ ၄၆% (သံကွင်း-တရုတ်) ၂၃၀၀၀ ကျပ်၊ တီစူပါ ၁၆% (မြားကမ္ဘာ-တရုတ်) ၁၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** မြေဆီတွေ အသုံးနည်းနေတာကြောင့် အရောင်းအဝယ် အေးသေးတယ်။ဈေးကျတာကလည်းအများကြီးမဟုတ်ဘဲ ၁၀၀ ကျပ် မှ ၂၀၀ ကျပ် အတွင်းသာ ဈေးကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ဈေးကွက်ထဲ တီစူပါ ၁၆%နဲ့ ၁၂%က ပစ္စည်းပြတ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းဖြစ်တဲ့ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ၁၉၅၀၀ကျပ်၊ ယူရီးယား (ပန်းဖူး-တရုတ်)၂၀၂၀၀ကျပ်၊ တီစူပါ(**GTSP**၄၆%တရုတ်) ၁၉၅၀၀ ကျပ်၊ ကွန်ပေါင်း ၁၀း၁၀း၅ ၁၄၁၀၀ ကျပ်ဈေးရှိတယ်လို့ မြေဩဇာအရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မကွေးဈေးကွက်မှာ** မြေဩဇာက အရောင်းအေးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ အာမိုနဲ့ယူရီးယား (ပန်းဖူး-တရုတ်)က ၁၀၀ ကျပ်ဝန်းကျင် ဈေးကျတာကလွဲပြီး ကျန်မြေဩဇာများက ယခင်တစ်ပတ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ ၁၂း၁၃ (အပြာ) ၁၆၂၀၀ ကျပ်၊ ဆင် ၁၀း၁၀း၅ ၁၅၇၀၀ ကျပ်၊အာမို ၁၀း၁၀း၅ ၁၆၆၀၀ ကျပ်၊ အာမို ၁၅ ပတ်လည် ၃၈၃၀၀ ကျပ်၊အာမို ၁၆း၁၆း၈ ၃၄၇၀၀ကျပ်၊ ယူရီးယား (ပန်းဖူး-တရုတ်) ၂၀၇၀၀ ကျပ်၊ မြေဆီ ယူရီးယား ၃၉၅၀၀ ကျပ်၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ၁၇၂၀၀ကျပ်၊ တီစူပါ ၂၂၀၀၀ ကျပ်၊ တောင်သူမ ၁၅၅၀၀ ကျပ်၊ မြားကမ္ဘာ ၁၅း၇း၈ ၁၈၅၀၀ကျပ်၊ ဇာမဏီ ၁၇၀၀၀ ကျပ်၊ သီးစုံ ၁၅၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မြေဩဇာက အရောင်းအဝယ်က အေးသလို ဈေးလည်း ငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား-ပုလဲ (ကမ္ဘာလုံး-တရုတ်) ၂၁၅၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ၂၁၅၀၀ ကျပ်၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်) ၂၁၅၀၀ကျပ်၊တီစူပါ ၁၂% (တရုတ်) ၁၂၅၀၀ ကျပ်၊ တီစူပါ ၁၆% (တရုတ်) ၁၃၀၀၀ ကျပ်၊တီစူပါ ၁၅ပတ်လည် (တရုတ်) ၃၆၅၀၀ ကျပ်၊ တီစူပါ၁၀း၁၀း၅(တရုတ်)၁၆၅၀၀ကျပ်၊ ဓာတ်ဆား (တရုတ်)၁၆၅၀၀ ကျပ်၊ ပိုတက် (တရုတ်) ၂၆၅၀၀ကျပ်၊ ယူရီးယား (ယူအေအီး) ၂၀၀၀၀ ကျပ်၊ မြားကမ္ဘာ ၁၇၀၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်း သိရပါတယ်။

## နှမ်းဆီ/နှမ်းမှုန့်

### နှမ်းဆီ တန်ချိန် ၂၀ ကျော်နဲ့ နှမ်းမှုန့်တန်ချိန် ၂၄၀ ကျော်ဝင်

သီတင်းတစ်ပတ်ဖြစ်တဲ့ နိုဝင်ဘာ ၈ ရက်မှ ၁၄ ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ ကန်ဒေါ်လာ ၁၈၇၇၅၀ တန်ဖိုးရှိ နှမ်းဆီ ၂၉ ဒသမ ၄၀ တန်ကို တင်သွင်းခဲ့ပါတယ်။ နှစ်ပတ်ဆက်တိုက် အဝင်ပျောက်ခဲ့တဲ့ နှမ်းဆီက ဒီတစ်ပတ်မှ ပြန်လည်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

နှမ်းမှုန့်က ဒီတစ်ပတ်မှာ နယူးဇီလန်မှ ၂၂၅ ဒသမ ၇၃ တန်၊ အိုင်ယာလန်မှ ၁၄ ဒသမ ၁၆၆ တန်နဲ့ စင်ကာပူမှ ၄ ဒသမ ၈၃၃ တန် တင်သွင်းခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ် နှမ်းမှုန့်အဝင်မှာ တန်ချိန် ၃၅၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန်၁၁၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း(DOT)**

**သီတာဝင်း (DOT) စုစည်းသည်**

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၇/၁၁ မှ ၁၃/၁၁ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၃၁/၁၀ မှ ၆/၁၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၆၂၆.၀၀ | ၄၇၄.၅၀ | (+) ၁၅၁.၅၀ |
| ၂။ | လွယ်ဂျယ် | ၂၄၂.၀၀ | ၆၃၆.၀၀ | (-) ၃၉၄.၀၀ |
| ၃။ | ချင်းရွှေဟော် | ၃၄.၇၅ | ၃၃.၅၀ | (+) ၁.၂၅ |
| ၄။ | ကန်ပိုက်တီး | ၁၆၄၃.၀၀ | ၂၆၁၀.၀၀ | (-) ၉၆၇.၀၀ |
| ၅။ | တာချီလိတ် | ၅၅၀၀.၀၀ | - | (+) ၅၅၀၀.၀၀ |
| ၆။ | မြဝတီ | ၂၇၅.၅၀ | ၇၀၆.၁၀ | (-) ၄၃၀.၆၀ |
| ၇။ | ကော့သောင်း | ၆၉၆၀.၀၀ | ၁၂၇၀၅.၀၀ | (-) ၅၇၄၅.၀၀ |
| ၈။ | မြိတ် | ၂၀၀.၀၀ | - | (+) ၂၀၀.၀၀ |
| ၉။ | မော်တောင် | - | - | - |
| | စုစုပေါင်း | ၁၅၄၈၁.၂၅ | ၁၇၁၆၅.၁၀ | (-) ၁၆၈၃.၈၅ |

မြင့်မြင့်မာ MIRT

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၇/၁၁ မှ ၁၁/၁၁ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၃၁/၁၀ မှ ၆/၁၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၁၄၉၀၄.၃၀၀ | ၁၀၂၆၈.၀၅၀ | (+) ၄၆၃၆.၂၅၀ |
| ၂။ | လွယ်ဂျယ် | - | ၉၉.၀၀၀ | (-) ၉၉.၀၀၀ |
| ၃။ | ချင်းရွှေဟော် | - | ၃၈၄.၇၅၀ | (-) ၃၈၄.၇၅၀ |
| ၄။ | တာချီလိတ် | - | - | - |
| ၅။ | မြဝတီ | ၄၅၆.၆၄၆ | ၁၁၂၄.၅၂၅ | (-) ၆၆၇.၈၇၉ |
| ၆။ | ကော့သောင်း | ၁၈၃.၀၀၀ | ၁၁၀.၀၀၀ | (+) ၇၃.၀၀၀ |
| ၇။ | မြိတ် | ၁၇၅.၀၀၀ | ၁၅၀.၀၀၀ | (+) ၂၅.၀၀၀ |
| ၈။ | ရိဒ် | ၂၀၀.၀၀ | ၃၀၀.၀၀၀ | (+) ၁၀၀.၀၀၀ |
| | စုစုပေါင်း | ၁၅၈၉၁.၉၄၆ | ၁၂၄၃၆.၃၂၅ | (+) ၃၄၈၂.၆၂၁ |

တင်တင်ထွန်း MIRT

## နှမ်း/မြေပဲ

### နှမ်းတင်ပို့မှုရော ဈေးနှုန်းပါကျ

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ နိုဝင်ဘာလ ဒုတိယပတ်မှာ ကန်ဒေါ်လာ သုည ဒသမ ဝ၃၁ သန်းတန်ဖိုးရှိ နှမ်းဖြူ(အခွံချွတ်)တန် ၂၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က နှမ်းညိုရော နှမ်းဖြူ(အခွံချွတ်)ပါ ၅၄ တန်ထိ တင်ပို့ခဲ့တာပါ။ အလားတူ ချင်းရွှေဟော် ကုန်သွယ်ရေးကလည်း ကန်ဒေါ်လာ ၁ ဒသမ ၆၉၄ သန်းဖိုးရှိတဲ့ နှမ်းရောင်စုံ ၁၃၉၅ တန်တင်ပို့ခဲ့ရာ ယခင်သီတင်းပတ်က နှမ်းရောင်စုံ ၂၁၇၇ တန်တင်ပို့နိုင်ခဲ့လို့ ချင်းရွှေဟော်ကုန်သွယ်ရေးအနေနဲ့လည်း နှမ်းတင်ပို့မှု လျော့ကျသွားတာ တွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်တွင်လည်း ယခင်တစ်ပတ်က နှမ်းဖြူတစ်တန်ကို ၁၈၀၁၁၀၇ ကျပ်မှ ယခုတစ်ပတ်တွင် ၁၅၉၃၄၈၇ ကျပ်သို့ လည်းကောင်း၊ နှမ်းနက် တစ်တန်ကို ၂၂၀၃၅၂၁ ကျပ် မှ ၁၉၉၄၂၈၉ ကျပ်သို့ လည်းကောင်း ဈေးများကျဆင်းသွားခဲ့ပါတယ်။ လက်ရှိဈေးနှုန်းက တရုတ်အဝယ်နည်းသွားလို့ရယ် အသစ်ပေါ်ချိန်ဆိုတော့ အဝင်များပြီး အဝယ်အေးနေလို့ ဈေးပြန်ကျသွားတာပါလို့ ပခုက္ကူသီးနှံဈေးကွက်မှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

### ပြည်ဆီထွက်သီးနှံဈေးကွက် လက်ကျန်ရှားချိန် ဈေးပြန်မြင့်

နိုဝင်ဘာလလယ် ပြည်ဈေးကွက်တွင် နှမ်းလက်ကျန်နှင့်မြေပဲလက်ကျန်ရှားသွားပြီဖြစ်လို့ ဈေးပြန်မြင့်လာတာ တွေ့ရပါတယ်။ နှမ်းနက်ကို ပြည်ပဝယ်လက်ရှိပြီး နှမ်းနီကို ဆီစက်သမားများက အဝယ်ရှိနေပါတယ်။ မြေပဲဆန် (လုံးဆန်)ကို မန္တလေးဝယ်လက်များကအဝယ်ရှိပြီး ဆီဆန်ကို ဆီစက်များက အဝယ်ရှိလို့ ဈေးပြန်တက်ပြီး အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ဈေးကွက်သို့ ဆီထွက်သီးနှံ အဝင်နည်းချိန်နဲ့ အဝယ်ပြန်လိုက်ချိန်ဖြစ်လို့ ဈေးမြင့်လာတာဖြစ်ပါတယ်။ နှမ်းဈေးမှာ နှမ်းနီတစ်တင်း ၃၁၆၀၀ ကျပ်၊ နှမ်းနက် တစ်တင်း ၄၄၀၀၀ ကျပ်နဲ့ စမုံနက်နှမ်း တစ်တင်း ၆၇၀၀၀ ကျပ်ဖြင့် တစ်နေ့အိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ မြေပဲဆန်ဈေးမှာ ဆီဆန်တစ်ပိဿာ ၂၁၀၀ ကျပ်နဲ့ လုံးဆန်တစ်ပိဿာ ၂၆၀၀ ကျပ်ဈေးဖြင့် တစ်နေ့အိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

**ဝေဝေမင်း-ပြည်**

## စားအုန်းဆီ



# ရက်သတ္တပတ်သုံးပတ်အတွင်း အနိမ့်ဆုံးကို ရောက်ရှိပြီးနောက် မလေးရှားစားအုန်းဆီဈေး ပြန်လည်ဦးမော့လာ

ဝယ်လိုအားကျဆင်းမှုက ယေဘုယျအားဖြင့် ဈေးနှုန်းများကို ကျဆင်းစေတဲ့အတွက် နိုဝင်ဘာ ၁၈ ရက်က စားအုန်းဆီဈေးနှုန်းက ရက်သတ္တပတ် သုံးပတ်အတွင်း အနိမ့်ဆုံးကို ရောက်ရှိခဲ့ပြီးနောက်ပိုင်း နိုဝင်ဘာ ၁၉ ရက်မှာ စားအုန်းဆီကြိုရောင်းဈေးက ရက်သတ္တပတ်အတွင်း အမြင့်ဆုံးနှုန်းကို ပြန်လည် ရောက်ရှိခဲ့ကြောင်း စတားအွန်လိုင်းသတင်းမှာ ဖော်ပြပါတယ်။

ဘာဆာမလေးရှားကုန်စည်ဒိုင်(Bursa Malaysia Derivatives Exchange) မှာ နိုဝင်ဘာ ၁၈ ရက် ဈေးပိတ်ချိန်က ဖေဖော်ဝါရီလအတွက် အခြေခံစံထားဈေးနှုန်းက ၁ ဒသမ ဝ၉ ရာခိုင်နှုန်းမြင့်တက်ပြီး တစ်တန်ကို ၂၃၁၇ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၅၂၈ ဒသမ ဝ၃) နှုန်း ရှိခဲ့ပါတယ်။ ယခု တိုးတက်နှုန်းက နိုဝင်ဘာ ၉ ရက်နောက်ပိုင်း အမြင့်ဆုံးနှုန်းဖြစ်ပါတယ်။ စောစောပိုင်းက စားအုန်းဆီ တစ်တန်ဈေးက ၂၂၇၄ ရင်းဂစ်နှုန်းရှိခဲ့ရာ အောက်တိုဘာ ၂၇ ရက်နောက်ပိုင်း အနိမ့်ဆုံးနှုန်းဖြစ်ပါတယ်။

“ဝယ်လိုအား မြင့်တက်မလာသေးတဲ့အတွက် ဈေးနှုန်းမြင့်တက်ဖို့ အခက်အခဲရှိနေတယ်လို့ ထင်ရပေမယ့် ဈေးနှုန်းက မြင့်တက်လာခဲ့ပါတယ်”လို့ ကွာလာလမ်ပူအခြေစိုက် ကုန်သည်တစ်ဦးက ပြောပါတယ်။ ယခင်လကာလတူနဲ့နှိုင်းယှဉ်ရင် နိုဝင်ဘာလ ပထမ ၁၅ ရက်အတွင်း ပို့ကုန်ကိန်းဂဏန်းတွေက ၂ ရာခိုင်နှုန်းကနေ ၄ ရာခိုင်နှုန်းအတွင်း တိုးတက် ခဲ့တာကိုတွေ့ရပေမယ့် ဈေးကွက်ရဲ့အခြေခံတွေက ခိုင်မာမှု မရှိသေးဘူးလို့ အဆိုပါကုန်သည်ကပြောပါတယ်။

ပို့ကုန်မြင့် တက်ရတာကလည်း ယခင်က တင်ပို့စရာလက်ကျန်တွေ မြင့်တက်နေတာကြောင့်သာ ဖြစ်နိုင်တဲ့အတွက် ဈေးနှုန်းကို အထောက်အကူပေးနိုင်မှာ မဟုတ်ကြောင်း သိုလှောင်မှု၊ ထုတ်လုပ်မှုနဲ့ ဝယ်လိုအား အခြေအနေတွေက မကောင်းကြောင်း သူကပြောပါတယ်။

မလေးရှားနိုင်ငံရဲ့ စားအုန်းဆီထုတ်လုပ်မှု ရုတ်တရက်မြင့်တက်လာပြီးနောက်ပိုင်း မလေးရှားနိုင်ငံရဲ့ စားအုန်းဆီသိုလှောင်မှုက အောက်တိုဘာလကုန်မှာ ၁၅ နှစ်အတွင်း အမြင့်ဆုံးအထိ ရောက်ရှိလာခဲ့ပါတယ်။ ဒါပေမယ့် မီးခိုးမြူပြဿနာကြောင့် အင်ဒိုနီးရှားနိုင်ငံရဲ့ထုတ်လုပ်မှုက ယခင်လနဲ့နှိုင်းယှဉ်ရင် အောက်တိုဘာလမှာ အနည်းငယ် ကျဆင်းခဲ့ပါတယ်။

မလေးရှားရဲ့ ရောင်းချမှုပမာဏက ၂၅ တန်ရှိအတွဲ ၄၅၈၁၁ တွဲရှိတဲ့အတွက် တစ်ရက် ပျမ်းမျှရောင်းချ ရတဲ့အတွဲ ၃၅၀၀၀ အထက်မှာရှိနေပါတယ်။

ရေနံစိမ်းဈေးနှုန်းက တစ်တန်ကို ၂၂၃၃ ရင်းဂစ်ထိ ကျဆင်းလာနိုင်တယ်လို့ ရိုက်တာသတင်းဌာနရဲ့ ကုန်စည်လေ့လာဆန်းစစ်ရေးမှူး ဝမ်တာအိုကပြောပါတယ်။

အခြားဈေးကွက်တွေဖြစ်တဲ့ အမေရိကန်ပြည်ထောင်စု ဈေးကွက်မှာ ဒီဇင်ဘာလအတွက် ပဲပုပ်ဆီဈေးက သုညဒသမ ၈ ရာခိုင်နှုန်း ကျဆင်းပြီး တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင်မှာ ဇန်နဝါရီအတွက် ပဲပုပ်ဆီဈေးက သုည ဒသမ ၁၅ ရာခိုင်နှုန်း မြင့်တက်ပါတယ်။

**ဉာဏ်တင်**

### ပြည်တွင်းဆီဈေးနှုန်းများ (၂၀-၁၁-၂၀၁၅) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၈၀၀ | ၄၈၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၆၀၀ | ၁၆၀၀ | □ |
| ရန်ကုန် | ၅၂၀၀ | ၅၂၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၁၃၅၀ | ၁၃၃၀ | ▽ |
| မန္တလေး | ၄၅၀၀ | ၄၀၀၀ | ▽ | ၃၇၀၀ | ၃၆၀၀ | ▽ | ၁၄၇၀ | ၁၄၃၀ | ▽ |
| ပဲခူး | ၃၀၀၀ | ၂၈၀၀ | ▽ | ၄၈၀၀ | ၄၈၀၀ | □ | ၁၄၅၀ | ၁၄၂၀ | ▽ |
| မကွေး | ၄၅၀၀ | ၄၅၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၆၀၀ | ၁၆၀၀ | □ |
| မုံရွာ | ၄၅၀၀ | ၄၅၀၀ | □ | ၃၉၀၀ | ၃၉၀၀ | □ | ၁၅၁၀ | ၁၄၇၀ | ▽ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |

*Source: mirt*



### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၀-၁၁-၂၀၁၅ US$/Ton

| အမျိုးအစား | နိုဝင်ဘာလဒုတိယပတ် | နိုဝင်ဘာလတတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၅၃၇.၅၀ | ၅၂၄.၀၀ | ▽ |
| RBD P.Olein | ၅၆၁.၀၀ | ၅၄၀.၅၀ | ▽ |
| RBD P.Strarin | ၄၄၉.၀၀ | ၄၄၃.၅၀ | ▽ |

*Source: econ.mpob*

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၀- ၁၁ -၂၀၁၅ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၂၃၉.၇၀ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၇.၉၅ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၆.၀၉ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၆.၆၅ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၇၁.၂၂ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျှာထား | (CIF x 35/-)/ 612 | ၃၇.၁၇ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၃၆ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၃၈၁.၈၁ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၂၀-၁၁-၂၀၁၅နေ့ CIF ဈေး Cloud Point 8 ˚C Max ၅၈၅ ဒေါ်လာ၊ FOB ၅၆၀ ဒေါ်လာနှင့် USD ဈေး ၁၂၉၇ ကျပ်) ဖြင့်တွက်ချက်ထားခြင်း ဖြစ်ပါသည်။

၂။ ၂၀ - ၁၁ - ၂၀၁၅ နေ့ ဝယ်ယူပြီးနောက် (၁၀) ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်းတစ်ဒေါ်လာကို ဒေါ်လာဈေး ၁၂၉၇ ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ် လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်း ကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများအပါအဝင် ဖော်ပြပါဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

# ကယားပြည်နယ်ကို ခရီးသွားဈေးကွက်မြှင့်တင်ပေးတဲ့ ကေထိုးဘိုးတံခွန်တိုင်ပွဲတော်

ကျွန်တော်တို့နိုင်ငံတော်က ပြည်နယ်တွေမှာနေထိုင်တဲ့ တိုင်းရင်းသားတွေရဲ့ နှစ်စဉ်ကျင်းပကြတဲ့ အထိမ်းအမှတ်ပွဲတော်တွေရှိကြပါတယ်။ နာဂကောက်သစ်စားပွဲတော်၊ ကချင်မနောပွဲတော်၊ ရှမ်းမီးပုံးပျံ ပွဲတော်စသည်ဖြင့်ပေါ့၊ အချို့ပွဲတော်တွေဆိုရင် ပြည်တွင်းဧည့်သည်တွေ၊ ဒေသခံတိုင်းရင်းသားတွေသာမက နိုင်ငံတကာကလာတဲ့ ခရီးသွားဧည့်သည်တွေကပါ စိတ်ပါဝင်စားပြီး ပါဝင်ဆင်နွှဲလေ့ရှိကြပါတယ်။

ဒီလိုပြုလုပ်ခြင်းဖြင့် ကိုယ့်တိုင်းရင်းသားတွေရဲ့ ဓလေ့ထုံးစံတွေ၊ ရိုးရာယဉ်ကျေးမှုတွေကို ရွာတစ်ရွာ မျှသာဖြစ်တဲ့ ကမ္ဘာကြီးကို အမြန်ဆုံးသတင်းဖြန့်ချီ ကြော်ငြာပြီးသားဖြစ်သွားပါတယ်။ ကျန်အခြား ကမ္ဘာလှည့် ခရီးသည်တွေကိုလည်း စိတ်ဝင်စားမှုမြင့်မားစေပါတယ်။ တစ်နည်းအားဖြင့် ဝန်ဆောင်မှု ပို့ကုန်မြှင့်တင်ခြင်း နည်းလမ်းဖြင့် နိုင်ငံတော်ရဲ့ စီးပွားရေး ကုန်သွယ်မှုမြင့်မားစေတာလည်း ဖြစ်ပါတယ်။

ယခုပြောနေတဲ့ ဝန်ဆောင်မှုလုပ်ငန်းကနေ နိုင်ငံတော်ရဲ့ ပို့ကုန်မြင့်မားရေးအတွက် ဆောင်ရွက်နေတဲ့ စီမံချက်တစ်ခု ကယားပြည်နယ်မှာရှိပါတယ်။ အမျိုးသားပို့ကုန်မဟာဗျူဟာ NES ရဲ့ အစီအမံနဲ့ အားလုံးပါဝင်တဲ့ ကယားပြည်နယ်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှု စီမံချက်ကို နယ်သာလန်နိုင်ငံ CBI မှ ငွေကြေးအကူအညီပေးပြီး နည်းပညာကိုတော့ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာန ITC က လာရောက်ကူညီပေးနေပါတယ်။ ITC ကခရီးသွားလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနဲ့အကြံပေးပုဂ္ဂိုလ်များဟာ ကယားပြည်နယ်မှာ ဝင်ထွက်သွားလာ၊ ကွင်းဆင်းလေ့လာပြီး ခရီးသွားဆိုင်ရာ အသင်းအဖွဲ့ဝင်တွေကိုလည်း လိုအပ်တဲ့ သင်တန်းများပေးလျက်ရှိပါတယ်။ သူတို့ကိုယ်တိုင်လည်း ကယားပြည်နယ်မှာရှိတဲ့ တိုင်းရင်းသားတွေရဲ့ ရိုးရာဓလေ့၊ ယဉ်ကျေးမှုထုံးတမ်းစဉ်လာ၊ နေပုံထိုင်ပုံ၊ ဝတ်စားဆင်ယင်ပုံ၊ နေ့စဉ်စားသောက်ပုံ၊ အစားအစာချက် ပြုတ်ခြင်း၊ တောတွင်းခရီးသွားလာခြင်း၊ ပြည်ပခရီးသွားဧည့်သည်များ တွေ့လိုမြင်လိုတဲ့ အသွင်အပြင်များကို ရှာဖွေဖော်ထုတ်ပေးကြပါတယ်။ ကျေးရွာများမှာရှိတဲ့ ရွာသူရွာသားများကလည်း သူတို့ရွာဝင်ငွေတိုးရမယ့်လုပ်ငန်းများဖြစ်တော့ စိတ်ဝင်တစား ပူးပေါင်းဆောင်ရွက်ကြပါတယ်။

စာရေးသူအနေနဲ့ကလည်း ကယားပြည်နယ် ဝန်ဆောင်မှု ပို့ကုန်မြှင့်တင်ရေးဆောင်ရွက်ရာမှာ စိတ်အား ထက်သန်စွာ ဆောင်ရွက်ခဲ့ရာမှာ စီမံချက်စတဲ့ ၂၀၁၄ ခုနှစ်ကစပြီး ကယား ပြည်နယ်ခရီးသွားလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေး အထူးအလေးထားပြီး Hight Light လုပ်ရမယ့် အထင်ကရလုပ်ငန်းအတော်များများကို ထုတ် ဖော်တင်ပြခဲ့ပါတယ်။ အဲဒီအနက် အခြားပြည်နယ်က တိုင်းရင်းသား ပွဲတော်တွေလိုပဲ ကယားပြည်နယ်မှာ ထိုးဘိုးပွဲတော်လို့ ခေါ်တဲ့ တံခွန်တိုင်ထူပွဲတော်ကို အထူးညွှန်းဆိုခဲ့ပါတယ်။



၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့က ကယားပြည်နယ် အစိုးရ အဖွဲ့အစည်းအဝေးခန်းမမှာ ပြုလုပ်တဲ့ကယားပြည်နယ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှု ဗဟိုကြီးကြပ်မှုကော်မတီအစည်းအဝေးမှာလည်း ITC ကပညာရှင်တွေက ၂၀၁၆ ခုနှစ်၊ မတ်လမှာ ရန်ကုန်က ခရီးသွားလုပ်ငန်းတွေနဲ့ ချိတ်ဆက်ပြီး ပြည်ပခရီးသွား ဧည့်သည်တွေ ကယားပြည်နယ်ကို စမ်းသပ်လည်ပတ်စေမယ်လို့ ပြောလို့၊ မတ်လအစား ဧပြီလမှ စီစဉ်ပေးပါလို့ စာရေးသူက တင်ပြခဲ့တယ်။

ဘာဖြစ်လို့လည်းဆိုတော့ ဧပြီလထဲမှာ ကယားပြည်နယ်ရဲ့ အထင်ကရ ကေးထိုးဘိုးပွဲတော်ရှိတယ်လေ၊ အဲဒီပွဲတော်ဟာ ကယားလူမျိုးစုတွေရဲ့ အထိမ်းအမှတ်ရိုးရာဓလေ့ကို ပေါ်လွင်စေတဲ့ ပွဲတော်တစ်ခုဖြစ်နေလို့ပါပဲ။ ပွဲတော်ရဲ့ အဓိပ္ပာယ်ကတော့ မိုးကိုစောင့်ရှောက်တဲ့နတ်၊ တစ်နည်းမိုးရေပေးတဲ့ နတ်ကိုနွေရာသီအဆုံးနဲ့ မိုးရာသီအစမှာ ပူဇော်ပသခြင်းပါပဲ။ ရည်ရွယ်ချက်ကတော့ တိုင်းနဲ့ပြည်နယ်တစ်ခွင် စည်ပင်သာယာဝပြောရေး လုပ်ငန်းဆောင်တာများ အောင်မြင်ပြီးမြောက်ရေး၊ မိုးလေဝသမှန်ကန်ရေး၊ ရောဂါဘယများ ကင်းရှင်းပပျောက်ရေး စတဲ့ ရည်ရွယ်ချက်ကောင်းများနဲ့ ကျင်းပကြတာဖြစ်ပါတယ်။

ကယားလူမျိုးစုတော်တော်များများဟာ အခြားလူမျိုးများလိုပဲ နတ်ကိုးကွယ်ယုံကြည်မှုရှိနေကြဆဲပါ။ နတ်ဆရာဟာ နေ့စဉ်နေထိုင်မှု၊ သာရေး၊ နာရေးကိစ္စများမှာ အရေးပါရုံမက ကေထိုးဘိုးတံခွန်တိုင်ခုတ်ရန်ရက်ရွေးခြင်း၊ အရပ်ရွေးခြင်း၊ တံခွန်တိုင်ခုတ်ခြင်း၊ သယ်ယူခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ တံခွန်တိုင်ထူခြင်း၊ ပူဇော်ခြင်းလုပ်ငန်းတွေမှာလည်း ရှေးရိုးရာမပျက် ဦးဆောင်လုပ်ကိုင်နိုင်ကြသူများဖြစ်ကြပါတယ်။

ဒါကြောင့် အဲဒီကေထိုးဘိုးပွဲတော်နေ့မှာ ကွဲကွာနေကြတဲ့၊ ခွဲခွာနေကြရတဲ့ ဆွေမျိုးသားချင်းများဟာ ရွာပြန်လာပြီး တကူးတက ပါဝင်ဆင်နွှဲကြပါတယ်။ ကယားလူမျိုးပေါင်းစုံရဲ့ တေးဂီတအတီးအမှုတ်၊ သီဆိုသံများ၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုအမျိုးမျိုး၊ ပုံစံဆန်းသစ်မှုများကို တစ်နေရာတည်းမှာ လေ့လာကြည့်ရှုနိုင်ပါတယ်။ ကခုန်ရာမှာလည်း ကိုယ်တိုင်ပါဝင်ဆင်နွှဲနိုင်ပါတယ်။ ကယားခေါင်ရည်နဲ့ ကယားဝက်အူချောင်းများကတော့ အလျှံပယ်ပေါ့ခင်ဗျာ။

အခုလိုကယားပြည်နယ်ကို လာချင့်စဖွယ်ဖြစ်အောင် ပြည်နယ်ရဲ့ အပျိုစင်လိုအလှအပများကို ထုတ်ဖော်ကြေညာနေတဲ့ အချိန်အခါမျိုးမှာ ကယားလူမျိုးစုရဲ့ ရိုးရာပွဲတော်မျိုးကို နိုင်ငံခြားသား ဧည့်သည်များ ပါဝင်ဆင်နွှဲခွင့်ရပြီးရင် ကယားပြည်နယ်ရဲ့ Tourism Marketing / Branding ဟာလည်း မီဒီယာတွေကောင်းမှုကြောင့် ကမ္ဘာမှာ ကျော်ကြားသွားနိုင်ပါတယ်။ အနာဂတ်မှာလည်း ပြည်ပခရီးသွား ဧည့်သည်တွေဟာ ဒီလဒီပွဲကို ပစ်မှတ်ထားပြီး ဒလဟော ဝင်ရောက်လာနိုင်ပါတယ်။

ဒါကြောင့် ကယားပြည်နယ် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာမှာ ပါဝင်ပတ်သက်တဲ့ လူမှုအဖွဲ့အစည်းများကို လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးစေဖို့ သင်တန်းများအထိုက်အလျောက်ပေးပြီးဖြစ်တာကြောင့် လာမယ့် ဧပြီလမှာ ကျရောက်မယ့် ကေထိုးဘိုးတံခွန်တိုင်ပွဲကို ပြည်ပဧည့်သည်များ စေလွှတ်သင့်ကြောင်း အထူးအကြံပြု တင်ပြလိုပါတယ်။

ဒါကလည်း နိုင်ငံခြားခရီးသည်များ တိုးတက်ဝင်ရောက်လာပြီး နိုင်ငံတော်လည်း ဝင်ငွေရ၊ ဝန်ဆောင်မှု ပို့ကုန်တိုးတက်လာပြီး ကုန်သွယ်မှုလည်း မြင့်တက်၊ ဆက်စပ်တဲ့ ပုဂ္ဂလိက ကဏ္ဍများလည်း ဖွံ့ဖြိုးတိုးတက်စေမှာဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။

**မောင်မောင်အေး - လွိုင်ကော်**

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံးတွင် အာရှစွန့်ဦးတီထွင်စီးပွားရေးစွမ်းဆောင်ရည်ဖွံ့ဖြိုးမှုကွန်ရက်မြန်မာမှ သင်တန်းဖွင့်လှစ်ပို့ချ

အာရှစွန့်ဦးတီထွင်စီးပွားရေးစွမ်းဆောင်ရည်ဖွံ့ဖြိုးမှုကွန်ရက်မြန်မာ (EDNA Myanmar) က စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းရုံးတွင် နိုဝင်ဘာလ ၁၆ ရက်မှ ၁၈ ရက်နေ့ထိ သင်တန်းဖွင့်လှစ်ပို့ချခဲ့ပါတယ်။ သင်တန်းသို့ MIRT ရန်ကုန်မှ သင်တန်းသား ၂၀ ဦး၊ အမျိုးသားအဆင့်ပို့ကုန်မဟာဗျူဟာလုပ်ငန်းဌာနမှ လေးဦး၊ ကုန်သွယ်မှုဗဟိုဌာနမှ သုံးဦးနှင့် ပြည်ပလုပ်ငန်းရှင် ခြောက်ဦး စုစုပေါင်း ၃၃ ဦး တက်ရောက်ခဲ့ပါတယ်။

သင်တန်းပထမနေ့ နံနက်ပိုင်းတွင် ပံ့ပိုးကူညီခြင်းနဲ့ နည်းပြတို့ရဲ့ အဓိပ္ပါယ်ဖွင့်ဆိုချက်များ၊ ကွာခြားပုံ အကြောင်းများ သင်ကြားပေးခဲ့ပါတယ်။ ညနေပိုင်းတွင် အကြောင်းအရာနဲ့ဖြစ်စဉ်များအကြောင်းကို သင်တန်းသားများ ကိုယ်တိုင်ပါဝင်လုပ်ဆောင်စေခြင်းဖြင့် သင်ကြားပေးခဲ့ပါတယ်။

သင်တန်းဒုတိယနေ့တွင် ပံ့ပိုးသူတစ်ယောက်ရဲ့အခန်းကဏ္ဍသင်ခန်းစာအတွက် အဖွဲ့များခွဲစေပြီး စက္ကူဖြင့် ဒီဇိုင်းများဖန်တီးကာ အကျီတစ်ထည်စီချုပ်စေခဲ့ပါတယ်။အချိန်ကိုလည်းကန့်သတ်ပေးပါတယ်။ သင်တန်းသားများမှ လက်တွေ့ပူးပေါင်းလုပ်ဆောင်ခြင်း၊ တစ်ဦးနဲ့တစ်ဦး ကူညီပံ့ပိုးခြင်းဖြင့် အောင်မြင်မှုရရှိစေသော သင်ခန်းစာ ဖြစ်ပါတယ်။ ဆက်လက်ပြီး အတွေ့အကြုံအပေါ် အခြေခံတဲ့သံသရာစက်ဝန်းကိုလေ့လာခြင်း သင်ခန်းစာကို သင်ကြားပေးခဲ့ပါတယ်။အဲဒီသင်ခန်းစာကတော့ ပထမလုပ်ငန်းအတွေ့အကြုံများအပေါ် အခြေခံပြီး မိမိလုပ်ငန်းကို ပြန်လည်သုံးသပ်၍ ပိုမိုကောင်းမွန်လာအောင် လုပ်ဆောင်တတ်ရန်ဖြစ်ပါတယ်။ ဒါ့အပြင်မေးခွန်းမေးနည်းခြောက်မျိုးကိုလည်း သင်ကြားပေးပါတယ်။ ရည်ရွယ်ချက်က လုပ်ငန်းအတွင်းသိလိုသော အကြောင်းရာများအပြင် သတင်းအချက်အလက်များ ပြုစု စုဆောင်းရာတွင် လိုအပ်သော အကြောင်းအရာများ၊ သတင်းအချက်အလက်များ မေးမြန်းတတ်စေရန်ဖြစ်ပါတယ်။ သတင်းအချက်အလက်များ ရှာဖွေခြင်း၊ စုံစမ်းမေးမြန်းခြင်းများအတွက် အသုံးဝင်ပါတယ်။လက်တွေ့အနေနဲ့ ကတော့ သင်တန်းသားများကို မေးခွန်းများ မေးမြန်းစေခြင်းပဲဖြစ်ပါတယ်။

သင်တန်းတတိယနေ့တွင် နားထောင်နိုင်မှုစွမ်းရည်နဲ့ဆိုင်တဲ့ အကြောင်းအရာများ သင်ခန်းစာပို့ချခဲ့ပါတယ်။ လုပ်ငန်းတစ်ခု လုပ်ဆောင်ရာမှာ ဂရုပြုနားထောင်နိုင်မှု စွမ်းရည်လိုအပ်ကြောင်းနဲ့ နားထောင်ခြင်းဖြင့် တခြားသူအား ဂရုစိုက်တတ်ရန် အရေးကြီးကြောင်း သိရှိရပါတယ်။ဒီသင်ခန်းစာမှာ သင်တန်းသားနှစ်ဦးစီအား စကားပြောသူနဲ့ နားထောင်သူအဖြစ် လက်တွေ့ပြုလုပ်စေပါတယ်။ ဒါ့အပြင် စောင့်ကြည့်လေ့လာမှုစွမ်းရည်နှင့်ဆိုင်သော သင်ခန်းစာအတွက်အဖွဲ့များခွဲပြီး ကွင်းဆင်းလေ့လာစေပါတယ်။ ကော်ဖီဆိုင်၊ စာရေးကိရိယာဆိုင်၊ သစ်သီးဆိုင်နဲ့ ဖက်ရှင်ဆိုင်များကို လေ့လာစေပါတယ်။လေ့လာရရှိလာ တဲ့ အချက်အလက်များကို ပြန်လည်တင်ပြကြခြင်းဖြင့် မိမိတို့ လုပ်ဆောင်ရမယ့် လုပ်ငန်းများကို စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာတတ်ရန် လိုကြောင်း သင်ကြားပေးခဲ့ပါတယ်။

သင်ခန်းစာတစ်ခုချင်းစီမှာ လက်တွေ့လုပ်ဆောင်စေခြင်းများဖြင့် အားလုံးပူးပေါင်းဆောင်ရွက်စေပြီး မိမိတို့မှာရှိသော စွမ်းဆောင်ရည်များကို ပြသစေပါတယ်။ လုပ်ငန်းလုပ်ဆောင်ရာတွင် သတိပြုသင့်သည့်အချက်များ၊ ဦးစားပေးစဉ်းစားရမည့်အချက်များ၊ ပြန်လည်သုံးသပ်ခြင်း၊ စဉ်ဆက်မပြတ်စောင့်ကြည့်ချင်းများအပြင် စကားပြောဆိုခြင်း၊ သူတစ်ပါးစကားနားထောင်ခြင်း၊ သိလိုသောအကြောင်းအရာများ စုံစမ်းမေးမြန်းခြင်း၊ အပြုသဘောဆောင်သော ဝေဖန်ခြင်းများ ပြုလုပ်သင့်ကြောင်း သင်ခန်းစာများစွာ ရရှိခဲ့ပါတယ်။

အာရှစွန့်ဦးတီထွင် စီးပွားရေးစွမ်းဆောင်ရည်ဖွံ့ဖြိုးမှုကွန်ရက်မြန်မာ (EDNA Myan-mar)က စွန့်ဦးစီးပွားစွမ်းဆောင်မှုကို အခြေခံတဲ့ ရေရှည်တည်တံ့ဖွံ့ဖြိုးရေးကို ဦးတည်တဲ့ လူမှုစီးပွားရေး လုပ်ငန်းတစ်ခု ဖြစ်ကြောင်း သိရှိရပါတယ်။

**MIRT**

# ဗီယက်နမ်နိုင်ငံ၏ ထုတ်ကုန်ပစ္စည်းများ ပြသည့် Vietnam Expo' 2015 ပြပွဲ ပြသ

ဗီယက်နမ်နိုင်ငံမှ ထုတ်လုပ်သည့် ဗီယက်နမ်ထုတ်ကုန်ပစ္စည်းပြပွဲ Vietnam Expo' 2015 ကို နိုဝင်ဘာလ ၁၉ရက်နေ့မှ ၂၂ ရက်နေ့ အထိ ရန်ကုန်မြို့၊ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ပြပွဲ၏ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာလ ၁၉ရက်နေ့က တပ်မတော်ခန်းမတွင် ပြုလုပ်ခဲ့ရာ ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်၊ စီမံကိန်းနှင့်စီးပွားရေးရာ ဝန်ကြီး ဦးလှမြင့်နှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်မှ တာဝန်ရှိသူများ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဦးဟန်နှင့် တာဝန်ရှိသူများ၊ ဗီယက်နမ်နိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး မစ္စတာဒူသောင်ဟိုင်၊ ဗီယက်နမ် ကုန်သွယ်မှုမြှင့်တင်ရေး အေဂျင်စီ (VIET TRADE) မှ ဒုတိယညွှန်ကြားရေးမှူးချုပ် မစ္စတာတဟုန်လင်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ကုန်စည်ပြပွဲများ လာရောက်ကျင်းပခြင်းဖြင့် မြန်မာနှင့် ဗီယက်နမ်နှစ်နိုင်ငံ ကုန်စည်များ အပြန်အလှန် အလားအလာရှိသော ဈေးကွက်များ အပြန်အလှန် ရှာဖွေဖော်ထုတ်ပေးနိုင်သည့် အခွင့်အလမ်းတစ်ရပ်ကို ရရှိမည်ဖြစ်ကြောင်း၊ ကုန်စည်ပြပွဲများမှ တစ်ဆင့် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းကောင်းများကို ဆောင်ကြဉ်းပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ နှစ်နိုင်ငံ စီးပွားရေးအဖွဲ့အစည်းများ၊ စီးပွားရေး လုပ်ငန်းရှင်များအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်း၊ ကုန်စည်ပြပွဲများ ကျင်းပခြင်းတို့သည် နှစ်နိုင်ငံ ကုန်သွယ်မှုကို တိုးမြှင့်နိုင်သည့်အတွက် ယင်းနယ်ပယ်များတွင် စဉ်ဆက်မပြတ် ပိုမိုပူးပေါင်းဆောင်ရွက်လိုပါကြောင်း၊




ယခုအချိန်သည် မြန်မာနိုင်ငံ၌ စီးပွားရေးစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ကုန်သွယ်မှုနှင့် ရင်းနှီး မြှုပ်နှံမှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် အထူးစီးပွားရေးဇုန်ဥပဒေတို့ကိုလည်း ပြဋ္ဌာန်းထားပြီးဖြစ်သည့် အတွက် နှစ်နိုင်ငံအကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို အရှိန်မြှင့်တင်ရန် အားပေးကူညီ နိုင်တော့မှာဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါအခွင့်အလမ်းများကို လက်ကိုင်ထားကာ ဗီယက်နမ်စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံ၏စီးပွားရေး လုပ်ငန်းများတွင် လာရောက် ရင်းနှီးမြှုပ်နှံကြစေလိုပါကြောင်းဖြင့် ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဦးဟန်က ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် ဗီယက်နမ်ကုန်စည်ပြပွဲများကို ၂၀၁၃ခုနှစ်အတွင်း သုံးကြိမ်၊ ၂၀၁၄ခုနှစ်အတွင်း လေးကြိမ်၊ ၂၀၁၅ ခုနှစ်အတွင်း သုံးကြိမ် လာရောက်ပြသနိုင်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း ဗီယက်နမ်နိုင်ငံတွင်ကျင်းပသည့်ပြပွဲများသို့ ၂၀၁၄ ခုနှစ်တွင် တစ်ကြိမ် သွားရောက်လေ့လာနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဗီယက်နမ် ထုတ်ကုန်ပစ္စည်းများဆိုင်ရာပြပွဲတွင် ဗီယက်နမ်နိုင်ငံမှ အဝတ်အထည်များ၊ အသင့်စားအစားအစာနှင့် စားသောက်ကုန်များ၊ လူသုံး အိမ်သုံးပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ စသည်တို့ကို ကုမ္ပဏီငါးခုမှလာရောက် ခင်းကျင်းပြသရောင်းချခဲ့ရာ စိတ်ဝင်စားသူ ပြည်သူများ လာရောက်ကြည့်ရှု ဝယ်ယူအားပေးခဲ့ကြကြောင်းသိရသည်။

**မယ်သီတာ**

# ICT နှင့် ပတ်သက်သည့် စီးပွားရေးဆိုင်ရာများ အားလုံးကို တစ်နေရာတည်းတွင် တွေ့မြင်နိုင်သည့် CommuniCast Myanmar 2015 ပြပွဲ ပြသ

အိုင်စီတီနှင့် ပတ်သက်သည့် စီးပွားရေးဆိုင်ရာများ အားလုံးကို တစ်နေရာတည်းတွင် တွေ့မြင်နိုင်သည့် CommuniCast Myanmar 2015 ပြပွဲကို ရန်ကုန်မြို့၊ ရှင်စောပုလမ်းရှိ Myanmar Even Park တွင် နိုဝင်ဘာလ ၁၇ ရက်နေ့မှ၁၉ ရက်နေ့အထိ ကျင်းပခဲ့ရာ ကွန်ပျူတာပညာရှင်များ၊ ကျောင်းသားကျောင်းသူများ၊ စိတ်ပါဝင်စားသူပြည်သူများ လာရောက် လေ့လာခဲ့ကြကြောင်း သိရသည်။




အဆိုပါပြပွဲ၏ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာလ ၁၇ ရက် နေ့နံနက်ပိုင်းက ပြပွဲကျင်းပရာနေရာတွင် ကျင်းပခဲ့သည်။ ယင်းပြပွဲကို မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်များ အသင်းချုပ်နှင့် Bangkok Exhibition Services မှ ကြီးမှူး၍ ကျင်းပခြင်းဖြစ်ပြီး ဆက်သွယ်မှုမှ သယ်ဆောင်လာသည့် အခွင့်အလမ်းများ ခေါင်းစဉ်အောက်တွင် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်များအသင်းချုပ်မှ ကျင်းပခဲ့သည့် IT Business Plan Contest 2015 ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ယခုပြပွဲတွင် CommuniCast 2015ပြပွဲနှင့် International Myanmar ICTပြပွဲတို့ကို ပူးပေါင်း၍ ကျင်းပခြင်းဖြစ်ပြီး ကမ္ဘာအနှံ့မှ ကုမ္ပဏီပေါင်း ၁၂၀ကျော်တို့လာရောက်ပြသခဲ့ကြောင်း သိရသည်။

ယခုပြပွဲသည် ယခင်နှစ်များက ကျင်းပခဲ့သည့်ပြပွဲများကဲ့သို့ အိုင်စီတီနှင့်ပတ်သက်သည့် ထုတ်ကုန် ပစ္စည်းများကို ပြသသည့်ပြပွဲမျိုး မဟုတ်ဘဲ အိုင်စီတီနှင့်ပတ်သက်သည့် ဝန်ဆောင်မှုဆိုင်ရာများနှင့်နည်းပညာတိုးတက်မှုများကိုပါ ပြသသည့် ပြပွဲလည်းဖြစ်ကြောင်း၊ ယခုပြပွဲတွင် ဂြိုဟ်တုဆက်သွယ်ရေး နည်းပညာ၊ Broadband နည်းပညာနှင့် ပတ်သက်သည့်ဖွံ့ဖြိုးတိုးတက်မှုများ စသည့် နည်းပညာရပ်ဆိုင်ရာ ဆွေးနွေးဟောပြောပွဲများကို လည်း ထည့်သွင်း ကျင်းပမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် လာရောက်လေ့လာသူများ အနေဖြင့် တစ်နှစ်ထက်တစ်နှစ် ပိုမိုအကျိုးရှိလာမည် ဖြစ်ပါကြောင်းဖြင့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်များ အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

International Myanmar ICT ပြပွဲနဲ့ပူးပေါင်းပြသမယ်လို့ ကြေညာလိုက်ကတည်းက ဒီလုပ်ငန်းနယ်ပယ်ရဲ့ များပြားတဲ့ ထောက်ပံ့မှုတွေရခဲ့ပါတယ်။ ဒီလိုပြပွဲနှစ်ခု ပူးပေါင်းပြသခြင်းဟာ လျင်မြန်စွာ တိုးတက်ပြောင်းလဲနေတဲ့ မြန်မာနိုင်ငံရဲ့ အိုင်စီတီနယ်ပယ်အတွက် လိုအပ်နေတဲ့ အဆင့်မြင့် ပလက်ဖောင်းတစ်ခုကို ဖော်ဆောင်ဖို့အတွက် အလွန်အရေးပါတဲ့ အပြင်နိုင်ငံတကာမှာရှိတဲ့ ကုမ္ပဏီတွေအနေနဲ့လည်း ပြည်တွင်းက လုပ်ဖော်ကိုင်ဖက်တွေရဲ့ဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုမြန်ဆန်လာအောင် ကူညီပံ့ပိုးပေးနိုင်မှာပါ" ဟု Overseas Exhibition Services မှ မစ္စတာရှုပက်အိုဝင်က ပြောကြားခဲ့သည်။ **မယ်သီတာ**

## တောင်ကိုရီးယားနိုင်ငံ၏ KOTRA အား လေ့လာသင်ယူရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အရာထမ်းအမှုထမ်းများ ဦးဆောင်သည့်အဖွဲ့ တောင်ကိုရီးယားနိုင်ငံသို့ ဒုတိယအသုတ်အဖြစ် ထွက်ခွာ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဌာန၏ ဦးဆောင်မှုဖြင့် တောင်ကိုရီးယားနိုင်ငံတွင် လက်ရှိဆောင်ရွက်နေသည့် KOTRA မှ ကုန်သွယ်မှုလုပ်ငန်း ဆောင်ရွက်နေမှုများအား လေ့လာသင်ယူရန်အတွက် သင်တန်းသား သင်တန်းသူ ၂၅ ဦးသည် တောင်ကိုရီးယားနိုင်ငံသို့ နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားကြောင်း သိရသည်။

အဆိုပါ သင်တန်းသား သင်တန်းသူ ၂၅ ဦးအနက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ၂၀ ဦး၊ အခြားဝန်ကြီးဌာနများမှ ငါးဦးတို့ လေ့ လာသင်ကြားလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ကုန်သွယ်မှုမြှင့်တင်ရေး လုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် MYANTRA ကို ဖွဲ့စည်းဆောင်ရွက်နိုင်ရန်အတွက် ယခုကဲ့သို့ တောင်ကိုရီးယားနိုင်ငံသို့ လေ့လာ ရေးသင်တန်းများ စေလွှတ်ခြင်းဖြစ် ကြောင်း သိရသည်။

MYANTRA ကို ဖွဲ့စည်းတည်ထောင်နိုင်ရန်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဌာနများမှ အရာထမ်းအမှုထမ်းများ ပါဝင်သည့်အဖွဲ့ကို ဖွဲ့စည်းပြီး မြန်မာနိုင်ငံ၏ကုန်သွယ်မှုကဏ္ဍကို မြှင့်တင်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိ ကြောင်း သတင်းရရှိပါသည်။ **မယ်သီတာ**

Vol: 15, No.45 Monday November 23 2015

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၂၃–၁၁–၂၀၁၅)

ခင်မောင်မောင်အုန်း



## မုံရွာဈေးကွက်တွင် မတ်ပဲ၊ ပဲစင်းငုံနီနဲ့ ပဲတီစိမ်း အရောင်းအဝယ်အေး ကုလားပဲသာ အရောင်းအဝယ် ပါးပါးဖြစ်

မုံရွာဈေးကွက်တွင် ဒီတစ်ပတ် မတ်ပဲ၊ ပဲတီစိမ်းနှင့်ပဲစင်းငုံနီအနေဖြင့် ကုန်သည်လက်ဝယ်မှာ ပစ္စည်းလက်ကျန် ပါးနေသလို ပြည်ပဝယ်လက်ကလည်း အဝယ်အေးတာကြောင့် ဈေးကွက်မှာ အရောင်းအဝယ်မရှိသလောက်ဖြစ်နေကြောင်း သိရတယ်။ ကုလားပဲ(ထိုင်ဝမ်)နဲ့ ကုလားပဲဖြူလုံးကြီးကို ဒေသ တွင်းပဲခွဲစက်၊ အမှုန့်ကြိတ်စက်နဲ့ ကြာဆံစက်တွေက ဝယ်လိုအား အနည်းငယ်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ကုလားပဲ(ထိုင်ဝမ်)(တစ်ပိဿာ ၁၈၉၀ ကျပ် တစ်တန်ကို ၁၁၅၇၄၁၇ ကျပ်) ကုလားပဲဖြူလုံးကြီး တစ်ပိဿာ ၁၉၅၀ ကျပ် (တစ်တန်ကို ၁၁၉၄၁၆၀ ကျပ်)ဈေးဖြင့် နှစ်မျိုးပေါင်းတစ်ရက်ကို အိတ် ၃၅၀ ခန့် ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## မန္တလေးဈေးကွက်မှာ ပဲတီစိမ်း၊ မတ်ပဲပစ္စည်း လက်ကျန်နည်း၊ ပဲပုပ်နဲ့ ထောပတ်ပဲ အရောင်းအဝယ် ပါးပါးဖြစ်

မန္တလေးဈေးကွက်မှာ ဒီတစ်ပတ်ပဲတီစိမ်းနှင့် မတ်ပဲက ကုန်သည်လက်ဝယ်မှာ ပစ္စည်းလက်ကျန်နည်းတာကြောင့် ပဲအရောင်းအဝယ်အေးနေကြောင်း သိရပါတယ်။ ပဲပုပ်(ရှမ်း)နဲ့ ပဲပုပ်(ဗမာ)ကိုတရုတ်ဝယ်လက်က အရည်အသွေးအပေါ် မူတည်ပြီး အရောင်းအဝယ်ခပ်ပါးပါးရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ပဲပုပ်(ရှမ်း)တစ်ပိဿာ ၁၀၈၀ ကျပ် (တစ်တန်ကို ၆၆၁၃၈၁ ကျပ်)၊ ပဲပုပ်(ဗမာ) တစ်ပိဿာ ၁၀၁၄ ကျပ် (တစ်တန်ကို(၆၂၀၉၆၃ ကျပ်)ဈေးဖြင့် နှစ်မျိုးပေါင်း တစ်ရက်ကို အိတ် ၃၀၀ ခန့် ဖြစ်ခဲ့ကြောင်း အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၇၉၀(တစ်တန်ကို ၅၉၄၀၁၈ ကျပ်)ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

×××××××××××××××××

## ပြည်ဈေးကွက်မှာ ပဲတီစိမ်းနဲ့ ပဲစင်းငုံနီပစ္စည်း လက်ကျန်ပြတ် မတ်ပဲသာ အရောင်းအဝယ် အနည်းငယ်ဖြစ်

ပြည်ဈေးကွက်မှာ ဒီတစ်ပတ် ပဲတီစိမ်းနဲ့ ပဲစင်းငုံနီကတော့ ကုန်သည်လက်ဝယ်မှာ ပစ္စည်းလက်ကျန်ပြတ်နေပြီး မတ် ပဲသာမျိုးအတွက် အဝယ်အနည်းငယ် ရှိခဲ့ကြောင်း အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၃၇၀၀ ကျပ် (တစ်တန်ကို ၂၂၆၅၇၄၀ ကျပ်)ဈေးဖြင့် အရောင်းအဝယ် အနည်းငယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲ(ထိုင်ဝမ်)ကိုတော့ ပဲခွဲစက်များက တစ်ပိဿာကို ၁၉၄၀ ကျပ် (တစ်တန်ကို ၁၁၈၈၀၃၆ ကျပ်)ဈေးဖြင့် ပုံမှန်အဝယ်ရှိပေမယ့် ရောင်းသူကုန်သည်လက်ဝယ်မှာ ပစ္စည်းလက်ကျန်နည်းနေကြောင်း သိရပါတယ်။

×××××××××××××××××

## မကွေးဈေးကွက်မှာ ပဲတီစိမ်းအရောင်းအဝယ်ပါး၊ နှမ်းမျိုးစုံပုံမှန် အရောင်းအဝယ်ဖြစ်

မကွေးဈေးကွက်မှာ ဒီတစ်ပတ်ပဲမျိုးစုံမှာ ပဲတီစိမ်းတစ်မျိုးထဲကိုသာ မန္တလေးဝယ်လက်က တစ်ပိဿာ ၂၀၅၅ ကျပ် (တစ်တန်ကို ၁၂၅၈၄၆၀ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၃၀၀ ခန့်သာ အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။ နှမ်းမျိုးစုံကိုတော့ ရန်ကုန်-မန္တလေးဝယ်လက်နှင့် ဆီစက်များက ဝယ်လိုအား ပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် နှမ်းနီတစ်ပိဿာ ၂၂၄၅ ကျပ်၊ နှမ်းဖြူတစ်ပိဿသာ ၂၄၂၅ ကျပ်၊ နှမ်းနက်စမုံ တစ်ပိဿာ ၄၈၄၅ ကျပ်၊ နှမ်းနက်ရိုးရိုး တစ်ပိဿာ ၃၁၁၀ ကျပ်ဈေးဖြင့် နှမ်းမျိုးစုံတစ်ရက်ကို အိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## ရေစကြိုဈေးကွက်မှာ ကုလားပဲကို ခွဲစက်တွေ ပုံမှန်အဝယ်ရှိ

ရေစကြိုဈေးကွက်မှာ ဒီတစ်ပတ် ကုလားပဲဖြူလုံးကြီးကို ပဲခွဲစက်များက တစ်ပိဿာကို ၁၉၅၀ ကျပ် (တစ်တန်ကို ၁၁၉၄၁၆၀ ကျပ်) ဈေးဖြင့် ပုံမှန်အဝယ်ရှိခဲ့သလို ကုလားပဲ(ထိုင်ဝမ်)ကိုလည်း လုပ်ငန်းသုံးသမားများက တစ်ပိဿာ ၁၈၉၅ ကျပ် (တစ်တန်ကို ၁၁၆၀၄၇၉ ကျပ်) ဈေးဖြင့် ပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## ပခုက္ကူဈေးကွက်မှာ ကုလားပဲသာ ပုံမှန်အရောင်း အဖြစ်

ပခုက္ကူဈေးကွက်မှာ ဒီတစ်ပတ် ကုလားပဲ(ထိုင်ဝမ်)ကို မြို့ခံပဲခွဲစက်တွေက တစ်ပိဿာကို ၁၉၅၀ ကျပ် (တစ်တန်ကို ၁၁၉၄၁၆၀ ကျပ်)ဈေးဖြင့် ဝယ်လိုအားပုံမှန်ရှိပေမယ့် ရောင်းသူကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်နည်းနေကြောင်း ဈေးကွက်တွင်းမှ သိရပါတယ်။ ကျန်ပဲမျိုးစုံက ပစ္စည်းလက်ကျန် နည်းပြီး အရောင်းအဝယ်လည်း အေးနေကြောင်း သိရပါတယ်။

×××××××××××××××××

## အောင်လံဈေးကွက်မှာ ပဲတီစိမ်း အရောင်းအဝယ် ဖြစ်မှုများ

အောင်လံဈေးကွက်မှာ ဒီတစ်ပတ် ပဲတီစိမ်းကြီးကို မန္တလေးဝယ်လက်ကပဲရဲ့ အရည်အသွေးအပေါ် မူတည်ပြီး ဈေးပေးအဝယ်ရှိတာကြောင့် တစ်ပိဿာကို ၂၀၂၅ ကျပ် (တစ်တန်ကို ၁၂၄၀၀၈၄ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၂၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ဒေသထွက် သိပ္ပံနှမ်းကိုတော့ ရန်ကုန်-မန္တလေးဝယ်လက်က တစ်ပိဿာကို ၄၆၇၀ ကျပ်ဈေးဖြင့် တစ်ရက်ကို အိတ် ၂၀၀ ခန့် ပုံမှန်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## ဟသ်ာတဈေးကွက်မှာ မတ်ပဲပစ္စည်းလက်ကျန်နည်း ဒေသထွက်ပြောင်း အရောင်းအဝယ်ပါး

ဟသ်ာတဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲအနေဖြင့် ကုန်သည်လက်ဝယ်မှာ ပစ္စည်းလက်ကျန်ပြတ်သလောက် ဖြစ်နေတာကြောင့် ပဲအရောင်းအဝယ်လည်း မရှိခဲ့ကြောင်း သိရပါတယ်။ ဒေသထွက်ပြောင်းကိုတော့ ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၄၅၀ ကျပ်ဈေးဖြင့် အရောင်းအဝယ်ခပ်ပါးပါးသာ ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲအရောင်းအဝယ်အေး

ဘုရင့်နောင်ဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲ RC အနေဖြင့် ရောင်းသူကုန်သည်လက်ဝယ်မှာ ပစ္စည်းလက်ကျန်နည်းလာသလို အိန္ဒိယဘက်ကလည်း တစ်တန်ကို ၂၂၀၀၀၀ ကျပ်ဈေးသာ ဈေးဖွင့်အဝယ်ရှိတာကြောင့် ရောင်းသူကုန်သည်တွေက ဈေးကွက်မျှော်လင့်ချက်ဖြင့် အရောင်းနည်းခဲ့ကြောင်း သိရပါတယ်။ မတ်ပဲအနေဖြင့် ဒီနှစ်မှာ ပြည်ပသို့ ပဲတင်ပို့မှုက အရင်နှစ်ကာလတူဖြင့် နှိုင်းယှဉ်ပါတင်ပို့မှုပမာဏပိုများလာကြောင်း ပဲဈေးလည်း မကြုံစဖူး စံချိန်တင်ဈေးကောင်းရှိခဲ့လို့ တောင်သူရော ကုန်သည်ပါ ထိုက်သင့်တဲ့အကျိုးအမြတ်များ ရရှိခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

×××××××××××××××××

## တောင်ကြီးဈေးကွက်မှာ ပြောင်းကို ရန်ကုန်-မန္တလေး၊ မူဆယ်ပုံမှန်အဝယ်ရှိ

တောင်ကြီးဈေးကွက်မှာ ဒီတစ်ပတ်ပြောင်းက နယ်စုံမှ ပုံမှန်ဝင်ရောက်မှုရှိသလို ရန်ကုန်-မန္တလေးဝယ်လက်နှင့် မူဆယ်ဝယ်လက်ကလည်း ပုံမှန်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၄၁၀ ကျပ်ဈေးဖြင့် တစ်ပတ်တွင်း ပိဿာချိန် ၂ သိန်းခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## လားရှိုးဈေးကွက်မှာ ပြောင်းကို တရုတ်အဝယ်သွက်

လားရှိုးဈေးကွက်မှာဒီတစ်ပတ်ပြောင်းကို တရုတ်ဝယ်လက်က ဝယ်လိုအားသွက်နေသလို ရောင်းသူကုန်သည်များကလည်း အရောင်းများခဲ့ကြောင်း အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၄၄၀ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်း တစ်ပိဿာချိန် ၈ သိန်းခန့်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

×××××××××××××××××


## မူဆယ်ဈေးကွက်မှာ ပြောင်းအဝင်လျှိုင်သလို တရုတ်ဝယ်အားပုံမှန်ရှိ

မူဆယ်ဈေးကွက်မှာ ဒီတစ်ပတ်နယ်စုံမှ ပြောင်းအဝင်ပမာဏက တစ်ပတ်အတွင်း တန်ချိန် သုံးသောင်းခန့် ဝင်ရောက်ခဲ့သလို တရုတ်ဘက်က ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း အ ရောင်းအဝယ်အနေဖြင့် ၅၀ ကီလိုကို အနိမ့်ဆုံး ၈၃ ယွမ်အတွင်း အရောင်းဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။



# မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်၊ အ-ထ-က (၇) တွင် အသိပညာပေးဟောပြောဆွေးနွေးပွဲကျင်းပပြုလုပ်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒေါ်ခင်မြင့်မြင့်သန်း (ဦးစီးအရာရှိ) ဦးဆောင်သည့် အဖွဲ့ဝင် လေးဦးနဲ့ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) မှ ဒေါက်တာအေးငြိမ်းမြတ်နှင့်အဖွဲ့ဝင် နှစ်ဦးတို့ဖြင့် ပူးပေါင်း၍ နိုဝင်ဘာလ ၁၇ ရက်နေ့ ၀၉း၃၀ နာရီအချိန်တွင် မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အ. ထ. က (၇) ၌ အစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဆွေးနွေးပွဲအား ကျင်းပပြုလုပ်ခဲ့ပါတယ်။



ယင်းဆွေးနွေးပွဲတွင်း အထက (၇) မှ ကျောင်းအုပ်ကြီးနဲ့ ဆရာ၊ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ကျောင်းသားမိဘများ၊ကျောင်းမုန့်ဈေးတန်းရောင်းချသူများ၊စုစုပေါင်း ၃၅၀ ဦး ခန့်တက်ရောက်ခဲ့ကြောင်း သိရှိရပါတယ်။ ဆွေးနွေးပွဲတွင် စားသုံးသူအကာအကွယ်ပေးရေးဥပဒေပေါ်ပေါက်လာပုံနဲ့ စားသုံးသူ အကာအကွယ်ပေးရေး အခြေခံသဘော တရားများ၊ စားသုံးရန်မသင့်ကြေညာထားသည့် အစားအသောက်များနဲ့ လုံခြုံစိတ်ချရမှု မရှိသော အစားအသောက်များကို ရွေးချယ်စားသုံးတတ်စေရန်အတွက် အသိပညာပေးခြင်း၊ ကျောင်းမုန့်ဈေးတန်းမှာ အစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်းစွာ ရောင်းချမှုရှိ၊ မရှိနဲ့ စားသုံးရန် မသင့် အစားအသောက်များ၊ ခွင့်မပြုခါတုဆိုးဆေးများ ပါဝင်တဲ့ အစားအသောက်များ ရောင်းချခြင်း ရှိ၊ မရှိ ကျောင်းကျန်းမာရေး အဖွဲ့များ၊ ကျောင်းမုန့်ဈေးတန်းကော်မတီများနဲ့အတူ လှည့်လည်ကြည့်ရှုစစ်ဆေး ခဲ့ကြကြောင်း သိရှိရပါတယ်။ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး လက်ကမ်းစာစောင်များကိုလည်း ကျောင်းသားကျောင်းသူများ၊ ဆရာဆရာမများသို့ ဖြန့်ဝေပေးခဲ့ကြကြောင်း သိရှိရပါတယ်။

**တင်ချစ်ကောင်း**
**စားသုံးသူ (မန္တလေး)**

■

# ပဲမျိုးစုံနှင့်ဆီထွက်သီးနှံစိုက်ပျိုး ထုတ်လုပ်သူများအစုအဖွဲ့ကွင်းဆင်းဖွဲ့စည်းခြင်းနဲ့ ဒေသခံပြည်သူလူထုအား စားသုံးသူအကာအကွယ်ပေးရေး ပညာပေးဟောပြောပွဲ တစ်ဆက်တည်းဆောင်ရွက်

အမျိုးသားပို့ကုန် မဟာဗျူဟာအကောင်အထည်ဖော်ရာတွင် အထောက်အပံ့ဖြစ်စေမည့် ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်သူများအစုအဖွဲ့ကြိုတင်ဖွဲ့စည်းပြီး စစ်ကိုင်းတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးအောင်မောင်း (ညွှန်ကြားရေးမှူး)ရဲ့ လမ်းညွှန်မှုဖြင့် မုံရွာခရိုင်၊အရာတော်မြို့နယ်၊ ကျွန်းတောကျေးရွာအုပ်စု ကျေးရွာအုပ်ချုပ်ရေးမှူး နေအိမ်မှာ ယနေ့ နိုဝင်ဘာလ ၁၇ ရက်နေ့က ပြုလုပ်ရာ အရာတော်မြို့နယ်တာဝန်ခံက အစုအဖွဲ့ ဖွဲ့စည်းရခြင်းရဲ့ ရည်ရွယ်ချက်များ၊ ဒေသခံတောင်သူများရဲ့ စိုက်ပျိုးထွက်ကုန်များမှ ဝင်ငွေပိုမိုရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများကို ရှင်းလင်းဆွေးနွေးပြီး ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်သူများအစုအဖွဲ့ကို တောင်သူ ၂၀ ဦးဖြင့်လည်းကောင်း၊ ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်သူများအစုအဖွဲ့ကို တောင်သူ ၁၉ ဦးဖြင့်လည်းကောင်း ဖွဲ့စည်းဆောင်ရွက်ပြီး ဒေသခံပြည်သူလူထု ၃၇ ဦး၊ စုစုပေါင်း ၅၇ ဦးတို့အား အန္တရာယ်ရှိတဲ့ အစားအစာများအကြောင်း ဆွေးနွေးရာ ဟင်းချိုမှုန့်စားသုံးခြင်းဖြင့် ဖြစ်ပေါ်နိုင်သော အန္တရာယ်များ၊ စားအုန်းဆီများ အကြောင်း အကျယ်တဝင့် ဟောပြော ဆွေးနွေးပြီး စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအကြောင်း ဟောပြောဆွေးနွေးမှုများကို တစ်ဆက်တည်း ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါတယ်။

**ဌေးတင့်(အရာတော်)**

# ဖျာပုံနှင့်ဘိုကလေးမြို့နယ် ကျေးလက်များရှိ အခြေခံပညာမူလတန်းကျောင်းများတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကျင်းပပြုလုပ်

ဖျာပုံမြို့နယ် အောက်ကွင်းကျေးရွာ အမှတ်(၂)အခြေခံပညာ မူလတန်းကျောင်းတွင် ကုန်သွယ်မှု မြှင့် တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာနနှင့် ပညာရေးဦးစီးဌာနတို့ပူးပေါင်းပြီး နိုဝင်ဘာ ၁၈ ရက်နေ့က စာသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ပါတယ်။

အဆိုပါ အခမ်းအနားတွင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဦးမင်းဇော်မွန်က အဖွင့်အမှာစကားပြောကြားပြီး ကျန်းမာရေးဦးစီးဌာနမှ ဒေသန္တရ ကျန်းမာရေးမှူး ဆရာမ ဒေါ်နွယ်ဇင်အေးက တစ်ကိုယ်ရေသန့်ရှင်းမှုအကြောင်းကိုလည်းကောင်း ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ကေသွယ်ဝင်းက အလွန်အန္တရာယ်ကြီးမားသော ခါတုဆိုးဆေးအကြောင်းကိုလည်းကောင်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်မာမာဦးက ကျောင်းသား/ကျောင်းသူများ သာမကကျောင်းတွင်းရှိဆရာ၊ ဆရာမများနဲ့ ကျောင်းဈေးသည်များအား သိသင့်သိထိုက်သော အစားအစာများရဲ့ ဆောင်ရန် ရှောင်ရန်များ သိခွင့်ရတဲ့အတွက် နောက်နောင် ကလေးငယ်များရဲ့ ကျန်းမာရေးအား စောင့်ရှောက်သွားနိုင်မည်ဖြစ်လို့ နှစ်စဉ်လာရောက်ဟောပြောပေးပါရန် ဖိတ်ခေါ်ရင်း ဟောပြောသူလူကြီးမင်းများအား ကျေးဇူးတင်ပါကြောင်း ပြောကြားသွားပါတယ်။ အခမ်းအနားသို့ ဆရာ၊ ဆရာမ ၇ ဦး၊ ကျောင်းသား/ကျောင်းသူ ၁၁၅ ဦး၊ ကျောင်းဈေးသည် ၃ ဦး စုစုပေါင်း ၁၂၅ ဦး တက်ရောက်ခဲ့ကြောင်း သိရပါတယ်။

ဘိုကလေးမြို့နယ် ဗျက်ချောင်းကျေးရွာအခြေခံပညာ မူလတန်းကျောင်းတွင် ကုန်သွယ်မှု မြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် ပညာရေးဦးစီးဌာနတို့နှင့် ပူးပေါင်း၍ နိုဝင်ဘာလ ၁၉ ရက်နေ့က စာသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲ ပြုလုပ်ခဲ့တယ်လို့ သိရပါတယ်။ ထိုအခမ်းအနားတွင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးနေမျိုးဆွေက အဖွင့်အမှာစကားပြောကြားပြီး ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာအောင်သူမျိုးက အေးခဲအသားများ၊ လတ်ဆတ်သန့်ရှင်းသော အသားငါးများ ရွေးချယ်စားသောက်ရန်နှင့် သန့်ရှင်းစွာ ကိုင်တွယ်ချက်ပြုတ်ရန်အကြောင်းကိုလည်းကောင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဦးစီးမှူး ဦးတင်မျိုးလွင်က အစားအသောက်၊ ကျန်းမာရေးနှင့် အားကစားခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဦးခင်မောင်ဇော်က ဘေးဥပဒ်အန္တရာယ်ပေးနိုင်သည့်အစားအစာ သိကောင်းစရာများကိုလည်းကောင်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးသန်းက ကျေးဇူးတင်စကားပြောကြားခဲ့ပါတယ်။ အဆိုပါ အခမ်းအနားသို့ တက်ရောက်သူ စုစုပေါင်း ၁၈၇ ဦး တက်ရောက်ကြောင်း သိရပါတယ်။

**မင်းဇော်မွန်၊ဖျာပုံ**

# မွန်ပြည်နယ် မုဒုံမြို့နယ်တွင် ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲကျင်းပ

မွန်ပြည်နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ကြီးမှူးကျင်းပသော မွန်ပြည်နယ်၊ မုဒုံမြို့နယ် (ရွှေဟသ်ာ) ခန်းမတွင် နိုဝင်ဘာလ ၁၆ ရက်နေ့ ၁၀ နာရီတွင် ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲကို ကျင်းပပြုလုပ်ခဲ့ပါတယ်။ ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသန်းက အဖွင့်အမှာစကားပြောကြားပြီး မွန်ပြည်နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစိုးသန်းအေးက ဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် TRADE , ASEAN , AFTA , AEC အကြောင်း သိကောင်းစရာများ၊စားသုံးသူ အကာအကွယ်ပေးရေး အကြောင်း၊ အန္တရာယ်ဖြစ်စေနိုင်သော တားမြစ်ကုန်စည်များနှင့်ပတ်သက်၍လည်းကောင်း၊ မွန်ပြည်နယ်စက်မှုကြီးကြပ်



ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးခိုင်ထွန်းဆောင်က စက်မှုလုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ မွန်ပြည်နယ် အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဒေါ်ခင်မော်သက်က အသေးစားစက်မှုလက်မှုလုပ်ငန်း အကြောင်း သိကောင်းစရာများကိုလည်းကောင်း အသီးသီး ရှင်းလင်းပြောကြားခဲ့သည်ဟု သတင်းရရှိပါသည်။

အဆိုပါဆွေးနွေးပွဲသို့ ဌာနဆိုင်ရာအကြီးအကဲများ ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များ၊ ရပ်ကွက်/ကျေးရွာ ကော်မီတီဝင်များ စုစုပေါင်း ၁၅၀ ဦးခန့်တက်ရောက်ခဲ့ကြောင်းသတင်းရရှိပါသည်။

**Nayzinthet(Mon)**

# ကော့သောင်းကုန်သွယ်ရေးစခန်းက ရေထွက်ကုန်ပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်၊ ကော့ သောင်းနဲ့ မြိတ်ကုန်သွယ်ရေးစခန်းတို့မှ ကန်ဒေါ်လာ ၃ ဒသမ ၆၇၁ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၃၄၇၄ တန်ကျော် တင်ပို့နိုင်တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၈၈၅ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၁၃၆ သန်း တန်ဖိုးရှိ ရေထွက်ကုန် များဖြစ်သော ငါးမျိုးစုံ ၆၃ တန်နီးပါး ၊ ကဏန်း ၂၅ တန်ကျော် နဲ့ ပုစွန် ၂ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက တန် ၂၀ ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။

ကော့သောင်းကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၁ ဒသမ ၆၁၇ သန်းတန်ဖိုးရှိ ရေထွက်ကုန် ငါးမျိုးစုံ ၁၈၂၅ တန်ကျော် ပုစွန် ၁၀ တန်ခန့် ၊ ကင်းမွန် ၂၇ တန်ကျော်၊ အခြားရေထွက်ကုန် ၄၁ တန်ကျော် ၊ ပင်လယ်ငါးရှဉ့် ၄ တန် ကျော် ၊ရေဘဝဲ ၁ တန် ကျော်နဲ့ ကဏန်း ၂၄၀ ကီလိုဂရမ် တင် ပို့နိုင်တဲ့အတွက်ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၁၃၃၈ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ မြိတ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၁ ဒသမ ၉၁၈ သန်းတန်ဖိုးရှိ ရေထွက်ကုန်များ ဖြစ်သော ငါးမျိုးစုံ ၁၀၃၇ တန်ကျော် ၊ငါးမှုန့် တန် ၃၁၀ ၊ အေး ခဲကဏန်းပျော့ ၄၁ တန်ခန့် ၊အေးခဲပုစွန် ၃၅ တန် ၊ ရေငန်ပုစွန် ၁၄ တန်ကျော် ၊ ကဏန်းနီ ၁၈ တန် ၊ ကဏန်းသေး (အသေ) ၁၃ တန်ကျော် ပုစွန်ခြောက် ၂ တန်ကျော်၊ ကင်းမွန် ၁ တန် ခန့်နဲ့ သဲကဏန်း ၃၀၀ ကီလိုဂရမ်တင်ပို့နိုင်တဲ့ အတွက် ယခင် သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၄၃၂ တန်ကျော် လျော့နည်းခဲ့ ပါတယ်။

**ခင်မြနွယ်**

# မူဆယ်မှ ရေထွက်ကုန်မျိုးစုံ တန်တစ်ထောင်ကျော်တင်ပို့

နိုဝင်ဘာလ ၇ ရက်မှ ၁၃ ရက်နေ့ ထိကာလအတွင်းမှာ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၂ ဒသမ ၃၆၁ သန်း တန်ဖိုးရှိ ရေထွက် ကုန်မျိုးစုံ ၁၁၂၈ တန်တင်ပို့ခဲ့ပါတယ်။ တင်ပို့တဲ့အမယ်တွေကတော့ ကဏန်း ၁၉၃ တန် ၊ငါးရှဉ့် ၁၁၅ တန်ခန့် ရေခဲငါး ၁၆၅ တန်၊ ငါးမှုန့် ၅၂ တန် ၊ ငါးလေး ခြောက် ၃၄၈ တန်၊ ငါးဆားနယ် ၈၅ တန် ၊ ငါးစီဖောင်း ၁ တန်၊ ငါးဟောက် အရှင် ၃ တန်ကျော်၊ရေခဲပုစွန် ၇၂ တန်ကျော် ၊ ငါးခြောက် ၉ တန်ခန့်၊ ပုစွန် ခြောက်တန် ၅၀ ကျော်၊ ကင်းမွန်ခြောက် ၁၇ တန် ၊ငါးကြင်းစီဖောင်း ၅ တန်ကျော်၊ ငါးပူတင်းရေခွံခြောက် ၁၁ တန်ကျော်နဲ့ ငါးလိပ်ကျောက် ရေခွံ ခြောက် ၃ တန်ကျော် တင်ပို့ခဲ့တာဖြစ်ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုထက်တော့ တန် ၁၃၀ ခန့်လျော့နည်းခဲ့ပါတယ်။

ယခုတစ်ပတ် မူဆယ်ကုန်စည် ဒိုင်မှာ ငါးရှဉ့်ဈေးကျပြီး ကဏန်းဈေး တက်ကြောင်းသိရပါတယ်။ ငါးရှဉ့်ဈေး မှာ ယခင်တစ်ပတ်က တစ်တန်ကို ၇၈၇၈၀၀၀ ကျပ်မှ ယခုတစ်ပတ်မှာ ၅၄၅၄၀၀၀ ကျပ်သို့ ကျလာပါတယ်။ ကဏန်းဈေးကတော့ ယခင်တစ် ပတ်က တစ်တန်ကို ၆၃၁၂၅၀၀ ကျပ်မှ ယခုတစ်ပတ်မှာ ၈၃၁၅၇၃၄ ကျပ်ကို ဈေးတက်လာပါတယ်။

**ယဉ်ယဉ်အေး**

# မူဆယ်ကုန်သွယ်ရေးဇုန်မှ ဆီးဆန်တန် ၆၀ ကျော်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ နိုဝင်ဘာလ ၇ ရက်မှ ၁၃ ရက်ထိ ကာလအတွင်း ဆီးဆန် တန် ၆၀ ကျော် တန်ဖိုး ကန်ဒေါ်လာ ၂၃၅၀၀၀ ဖိုးတင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်က မူဆယ်ကုန်သွယ်ရေးဇုန်မှ ဆီးဆန် ၁၉ တန်ကျော်တင်ပို့ခဲ့တာကြောင့် ယခုသီတင်းပတ်မှာ တန် ၄၀ ကျော် ပိုမိုတင်ပို့လာတာ တွေ့ရပါတယ်။ စစ်တွေ ကုန်သွယ်ရေးစခန်းကတော့ ယခုသီတင်းပတ်တွင် ဆီးဆန်တင်ပို့မှု မရှိသော်လည်း ဆီးဖတ် ၇၇ တန် တန်ဖိုးကန်ဒေါ်လာ ၈၇၈၆ ဖိုးတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

**တင်တင်ထွန်း**

# မှန်လုံယာဉ်ပေါ်မှ တရားမဝင် ကွမ်းစားဆေးဘူးများကို စစ်ဆေးတွေ့ရှိ

တာချီလိတ်စခန်းထုတ်နုတ်အင်အားလှုပ်ရှားအဖွဲ့သည် နိုဝင်ဘာလ ၁၆ ရက်နေ့တွင် ကျိုင်းတုံမှ တာချီလိတ်သို့ မောင်းနှင်လာတဲ့ မှန်လုံယာဉ်အမှတ် ၈ခ/xxxx အားရပ်တန့် စစ်ဆေးရာ တရားမဝင်သယ်ဆောင်လာတဲ့ ကွမ်းစားဆေး ၆ မျိုးကို စစ်ဆေးတွေ့ရှိခဲ့ပါတယ်။ စစ်ဆေးတွေ့ရှိ ကွမ်းစားဆေးများမှာ နိုင်တီတူးအမှတ်တံဆိပ်ဆေးဘူး၊ နိုင်တီတူးအမှတ်တံဆိပ် ဆေးထုပ်၊ Signal , 162၊ Parajat, Shikhar တို့ဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာ ကျပ် ရှစ်သိန်းငါးသောင်းကျော်ခန့်ဖြစ်ပါတယ်။ အဆိုပါ ကွမ်းစားဆေးများကို အကောက်ခွန် အမှုတွဲဖွင့်လှစ်အပ်နှံပြီးဖြစ်ပါတယ်။

**MIRT**

# တစ်ဖက်နိုင်ငံရဲ့ အင်ဖာကားလမ်းပိတ်သဖြင့် ပြည်တွင်းထွက်ကွမ်းသီးများ တမူးမြို့၌စုပုံ

တစ်ဖက်အိန္ဒိယနိုင်ငံရဲ့ မိုရေးမြို့နဲ့ အင်ဖာမြို့များတွင် ဒေသတွင်း မငြိမ်သက်မှုကြောင့် မြန်မာနိုင်ငံဘက်မှ အိန္ဒိယ ဘက်သို့ တင်ပို့သည့်ပို့ကုန်များမှာ စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ဘက်ခြမ်းတွင် စုပုံနေကြောင်း သိရပါတယ်။အိန္ဒိယ နိုင်ငံ မိုရေးမြို့မှ ကုန်သည်များ ၊ အင်ဖာမြို့မှ ကုန်သည်များ သည် တမူးမြို့မှ ပို့ကုန်ပစ္စည်းများကို လက်လီ/လက်ကား လာရောက် ဝယ်ယူကြပြီး မဏိပူရပြည်နယ် မိုရေးမြို့မှ တစ် ဆင့် အင်ဖာမြို့၊ နာဂလင်း ပြည်နယ်နှင့် အာခန်းပြည်နယ် များသို့ သွားရောက် ရောင်းဝယ်ကြတယ်လို့ သိရပါတယ်။ အိန္ဒိယနိုင်ငံက နိုဝင်ဘာလ ဒုတိယပတ်မှာ သွင်းကုန်အဖြစ် မော်တော်ဆိုင်ကယ်၊စားတော်ပဲ၊ ဂျုံမှုန့်၊ချည်ထုပ် ၊ ဟင်းရိုင်း ဖြူ စပျစ်ခြောက်၊ ဆပ်ပြာရည်၊ ရှိန်းခို ၊ ပလတ်စတစ်ရေလှောင် ကန် ၊အနာကပ်ပလာစတာတို့ တင်သွင်းပြီး ပို့ကုန်အဖြစ် ကွမ်းသီး၊ စီးကရက်နဲ့ နမ့်ဖာလုံ ကုန်စုံတို့ကို တင်ပို့လျက် ရှိပါတယ်။ ဇူလိုင်လအတွင်းက မိုးသည်းထန်စွာ ရွာသွန်းမှု ကြောင့် ကလေး-တမူးလမ်းကြောင်းပေါ်ရှိ တံတားများ ပျက် စီးမှုရှိခဲ့ပြီး ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများ အဆင်ပြေ စေရန်အတွက် သက်ဆိုင်ရာက ယာယီတံတားများ ပြန်လည် တည်ဆောက်ပေးခဲ့တဲ့အတွက် ယခုအခါ ၁၃ တန်အောက် ကားများ သွားလာနိုင်ပြီဖြစ်လို့ ကုန်သွယ်မှုမှာ ပုံမှန်အနေ အထားဖြစ်တဲ့အတွက် တစ်ရက်ကို ကုန်ကား ၁၅ စီးကျော် သွားလာလျက်ရှိပါတယ်။ တစ်ဖက်နိုင်ငံ မိုရေးနဲ့ အင်ဖာမြို့ တွေမှာ လူမျိုးရေးမပြေလည်မှုတွေကြောင့် နိုဝင်ဘာလ ၁၃ ရက်နေ့ကစပြီး ကားလမ်းပိတ်ထားတဲ့အတွက် ကုန်သည်တွေ အခက်အခဲ ဖြစ်နေတယ်လို့ သိရပါတယ်။ပြည်တွင်းက တင်ပို့ လာတဲ့ ကွမ်းသီးတွေ တမူးကို ရောက်လာပြီး မိုရေးမြို့ ဒေသတွင်း အခြေအနေကြောင့် ပို့လို့မရဘူးဖြစ်နေတယ်လို့ ဒေသခံတစ်ဦးထံမှ သိရပါတယ်။

**ခင်မိုးသူ**

## ရှောင်ကွင်းလမ်းတွင် စုပုံထားတဲ့ ဆိုင်ကယ်များကို လှုပ်ရှား-၁ အဖွဲ့မှ စစ်ဆေးတွေ့ရှိ

နောင်ချိုမြို့ အေးရှားဝေါလ်တိုးဂိတ်အနီး ယာယီအခြေပြု လုပ်ငန်း များ ဆောင်ရွက်လျက်ရှိတဲ့ လှုပ်ရှား-၁ အဖွဲ့သည် နိုဝင်ဘာလ ၄ ရက်နေ့ နံနက် ၄ နာရီခွဲအချိန်က သတင်းအရ ရှောင်ကွင်းလမ်းများကို သွားရောက် စစ်ဆေးရာ ရှောင်ကွင်းလမ်းအတွင်း လမ်းဘေးတွင် တရားမဝင် အကောက်ခွန်မဲ့ သယ်ဆောင်ရန် စုပုံထားတဲ့ ဆိုင်ကယ်အသစ်နှစ်စီးနဲ့ ဆိုင်ကယ်အပိုပစ္စည်း လေးမျိုးကို စစ်ဆေးတွေ့ရှိသိမ်းဆည်းနိုင်ခဲ့ပါတယ်။ စစ်ဆေးတွေ့ရှိဆိုင်ကယ်နဲ့ ဆိုင်ကယ်အပိုပစ္စည်းများရဲ့ ခန့်မှန်းတန်ဖိုးမှာ ကျပ်သိန်း ၂၅၀ ကျော်ခန့်ဖြစ်ပြီး အကောက်ခွန် အမှုတွဲဖွင့်လှစ်နိုင်ခဲ့ တယ်လို့သိရပါတယ်။

**MIRT**

## အကောက်ခွန်မဲ့ ဘီယာနဲ့ လစ်ပိုများအားလှုပ်ရှား-၂ မှသိမ်းဆည်းရမိ

နိုဝင်ဘာလ ၇ ရက်နဲ့ ၁၁ ရက်နေ့များမှာ 8J/xxxx နဲ့ 2E/1148 ၁၂ ဘီးဟီးနိုးယာဉ်များပေါ်မှ အကောက်ခွန်မဲ့သယ်ဆောင်လာသော ခန့်မှန်းတန်ဖိုးကျပ် ၁၁ ဒသမ ၃၀၀ သိန်း တန်ဖိုးရှိ ချန်းဘီယာ ၈၂ ဖာ နဲ့ခန့်မှန်းတန်ဖိုး ကျပ် ၄ ဒသမ ၅၀၀ သိန်းတန်ဖိုးရှိ လစ်ပိုဗွီတန်-ဒီ ၃၀ ဖာကို လှုပ်ရှား-၂ အဖွဲ့က ဆည်းရမိတဲ့အတွက် လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲဖွင့် သိမ်းဆည်းထားတယ်လို့ သတင်းရရှိပါတယ်။

**MIRT**

## အောက်တိုဘာလအတွင်း လှုပ်ရှား-၂ အဖွဲ့မှ သိမ်းဆည်းရမိ ဆန်များမှာ ထိုင်းဆန်များဖြစ်ကြောင်း ဖော်ထုတ်ရရှိ

အောက်တိုဘာလ လဆန်းပိုင်းက မြဝတီ-ရန်ကုန် ကုန်သွယ်မှုလမ်း ကြောင်းတွင် စားသုံးသူအကာအကွယ် ပေးရေးနဲ့ တရားမဝင် ကုန်သွယ်မှု တားဆီးရေးတာဝန်ထမ်းဆောင်နေသော လှုပ်ရှား-၂ အဖွဲ့သည် ထိုင်းဆန်လို့ ယူဆရသော ဆန်အိတ် ၈၄၀ ကျော်ကို လှုပ်ရှား-၂ သို့ဝင်ရောက် အစစ်ဆေး ခံသော ယာဉ်များပေါ်မှ စစ်ဆေးတွေ့ရှိတဲ့အတွက် ယာယီတားဆီးထား ခဲ့ရပါတယ်။

အိမ်နီးချင်းနိုင်ငံမှဆန်လို့ယူဆရတဲ့အတွက် စိုက်ပျိုးရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနသို့ နမူနာပေးပို့၍ အရည်အသွေးစစ်ဆေးခြင်း၊ DNA စစ်ဆေးခြင်းများကို ဆောင်ရွက်ပေးရန် ညှိနှိုင်းခဲ့ကြပါတယ်။ စိုက်ပျိုးရေး ဦးစီးဌာန(နေပြည်တော်)ရုံးချုပ်မှ နမူနာဆန်များရဲ့ ပြင်ပပုံစံအသွင်အပြင်၊ ဓါတ်ခွဲစမ်းသပ်တွေ့ရှိချက်များအရ မြန်မာနိုင်ငံမှ ထွက်ရှိသော ဆန်အမျိုး အစားမဟုတ်ကြောင်း သုံးသပ်ပြန်ကြားလာတဲ့အတွက် အကောက်ခွန်အမှု တွဲဖွင့်သိမ်းဆည်းလိုက်ပြီလို့သိရပါတယ်။

စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ လက်ခံရရှိတဲ့နမူနာဆန်များအား ဈေး ကွက်အတွင်းရှိထိုင်းဆန်၊ အောက်မြန်မာပြည်မှာ အများဆုံး စိုက်ပျိုးလေ့ရှိတဲ့ ဧည့်မထအုပ်စုဝင် စပါး ၇ မျိုးနဲ့ နှိုင်းယှဉ်စစ်ဆေးခြင်း၊ မော်လီကျူးလာ နည်းပညာနဲ့ မျိုးရိုးဗီဇကွဲပြားမှု (DNA)စစ်ဆေးခြင်း၊ ဆန်အရည်အသွေးနဲ့ ထမင်းအရည်အသွေး စမ်းသပ်စစ်ဆေးခြင်းများကို လုပ်ဆောင်ခဲ့ပါတယ်။ Physical Characteristics အဖြစ် သီးနှံအရွယ်အစား၊ Chemical Characte ristics အဖြစ် Apparent Amylose Content(AAC) , GC (Gel Consistency ) , GTC (Gelatinization Temperature ) , စားသုံးမှု အရည်အသွေး (Eating Quality) Kernel Elongation Ratio (KER)စစ်ဆေးမှုကိုလည်း လုပ်ဆောင်ခဲ့ကြတယ်လို့ သိရပါတယ်။

မော်လီကျူလာနည်းနဲ့ စစ်ဆေးရာမှာ ဧည့်မထအုပ်စုဝင်ဆန်များနဲ့ တူညီမှုရှိမရှိ မျိုးရိုးဗီဇကွဲပြားတယ်လို့ ဖော်ထုတ်နိုင်ခဲ့ပါတယ်။ ဆင်းသွယ် လတ်နဲ့ ဆင်တူသော်လည်း မျိုးရိုးဗီဇအားဖြင့် ကွဲလွဲမှုရှိနေခြင်း၊ ဆန်အရည် အသွေး၊ စားသုံးမှုအရည်အသွေးစစ်ဆေးချက်အရ ပြည်တွင်းဆန်များနဲ့ ကွဲပြားမှုရှိတဲ့အတွက် နမူနာ ပေးပို့ထားသော ယာယီတားဆီး ထားတဲ့ ဆန်များဟာ ထိုင်းနိုင်ငံထွက် ဆန်များသာဖြစ်ကြောင်း ဖော်ထုတ်နိုင်ခဲ့ ပါတယ်။ ယာယီတားဆီးထားတဲ့ ဆန်အိတ် ၈၄၀ ကျော်ရဲ့ ခန့်မှန်းတန်ဖိုးမှာ ကျပ်သိန်း ၁၄၀ ကျော်ရှိတယ်လို့ သိရပါတယ်။ လုပ်ထုံးလုပ်နည်းနဲ့ အညီ အကောက်ခွန်အမှုတွဲများဖွင့်လှစ်သိမ်းဆည်းထားပြီးဖြစ်တယ်လို့ သိရပါ တယ်။

**MIRT**



# အတုကပေးသောအစစ်များ

|မောင်ဇော်(ဘိုကလေး)|

တာဝန် ရှိသူတွေအနေနဲ့ ဈေးကွက်အတွင်း ကျပန်းဝယ်ယူပြီး ရှောင်တခင် စစ်ဆေးသင့်ပါတယ်။

လွန်ခဲ့သည့်နှစ်ပေါင်းငါးဆယ်ကျော်က လူ့လောကသို့ ရောက်ရှိခဲ့သည့် ကျွန်တော်သည် မိဘနှစ်ပါး၏ စနစ်တကျကျွေးမွေးပြုစုစောင့်ရှောက်မှုနှင့်စစ်မှန်၍ အာဟာရဖြစ်သော အစားအသောက်များဖြင့် ဆယ်စုနှစ်နှစ်စုလောက်သာစားသောက်ခဲ့ရပြီး နောက်ပိုင်းကျွန်တော်အပါအဝင် စားသုံးသူများအားလုံးဟာ ဖန်တီးပြုလုပ်ထားသည့် အတုများနှင့်နှစ်ပါးသွားနေရသည်မှာ လက်ရှိအချိန်အထိဖြစ်ပါသည်။ ကြာလာတော့အမှားသည် အမှန်လိုဖြစ် လာပြီး အစစ်ဆိုသည်မှာ ဘယ်ဟာလဲလို့ မသိတော့သလိုဖြစ်လာပါ တော့တယ်။

အခုလည်းကြည့်ပါ။ ကျွန်တော်တို့ စားသုံးသူများသုံးစွဲနေကြသည့် အစားအသောက် အသုံးအဆောင်ပစ္စည်းများ၊ ဘယ်ပစ္စည်းက အစစ်လဲ။ တချို့က နာမည်ရပြီးသား အသုံးအဆောင်ပစ္စည်းများနာမည်ကို တံဆိပ်ကပ်၍ အတုထုတ်လုပ်ကြတယ်။ ဈေးနှုန်းတစ်မျိုးနဲ့ ရောင်းကြတယ်။ ပစ္စည်းအစစ်ထဲ ရောပြီးတော့လည်း ရောင်းကြပါတယ်။ စားသုံးသူများကတော့ မသိလို့ဝယ်တယ်။ နာမည်တူတံဆိပ်တူကို ဈေးနှုန်းသက်သာတော့ ဝယ်ယူကြတယ်။ မကြာခင်ပျက်စီးတယ်။ ပြင်ဆိုင်ကိုသွားပြင်တယ်။ ပြင်ဆိုင်ရောက်တော့ ပစ္စည်းလဲရမယ်ပြောတယ်။ ပစ္စည်းဖိုးနဲ့ လက်ခက အသစ်တစ်ခုဖိုးပြန်ဖြစ်နေတယ်။

အဲဒီတော့ ပစ္စည်းကိုပဲပြင်ရမလား၊ နောက်အသစ်ကိုပဲထပ်ဝယ်ရမှာလားဆိုတဲ့ ကိစ္စစားသုံးသူတွေမှာ အခက်တွေ့ရပါတယ်။ ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက ဖုန်းဆိုင်တွင် လက်ကိုင်ဖုန်းတစ်လုံးသွားဝယ်ပါတယ်။ တရုတ်နိုင်ငံထုတ် အမျိုးအစားပါ။ တန်ဖိုးကတော့ တစ်သိန်းလေးသောင်းလို့ ပြောတယ်။ ပစ္စည်းအာမခံလားလို့ မေးကြည့်တော့ ဆိုင်ရှင်ကပြောပါတယ်။ ဒီအမျိုးအစားတွေက ဈေးကွက်ထဲမှာ အတုတွေရှိနေတယ်၊ ဈေးနှုန်းလည်းအတူတူပဲ။ အားလုံးက ပုံစံတူနေတော့ ကျွန်တော်တို့ ကိုယ်တိုင်ဘယ်ဟာ အတုဘယ်ဟာ အစစ်လည်းမခွဲခြားတတ်ဘူးလို့ ပြောပါတယ်။ အဲဒါနဲ့ ကျွန်တော်လည်း မဝယ်တော့ဘဲပြန်လာခဲ့ရတယ်။ အဝတ်အထည်ဆိုလည်း ဒီလိုပါပဲ။ နာမည်ရပြီးသား တံဆိပ်နဲ့ အင်္ကျီအတုတွေ စတိုးဆိုင်ကြီးတွေပေါ်မှာကို တင်ရောင်းနေတာတွေ့ရတယ်။ ဝယ်ပြီးဝတ်ကြည့်တော့မှ အတုမှန်းသိရတာ၊ အသိဆိုင်ရှင်တစ်ဦးကလည်း ပြောဖူးပါတယ်။ ဘာတံဆိပ်လိုချင်သလဲ၊ ဒီမှာ အကုန်ရပါတယ်။ ကပ်ချုပ်လိုက်ရုံပဲလို့ ပြောတယ်။ အဲဒီတော့ မခက်ဘူးလား။ စနစ်တစ်ခုမှ စနစ်တစ်ခုကိုပြောင်းလဲနေတဲ့အချိန်မှာ ခေတ်ရေစီးကြောင်းအလိုက် ပြင်ပမှအရှိန်အဟုန် ပြင်းပြင်းနဲ့စီးဝင်နေတဲ့အထဲမှာ အစားအသောက်အတု၊ အသုံးအဆောင်အတု၊ ဆေးဝါးအတုများ ပါဝင်နေသလို တချို့ပြည်တွင်းထုတ်ကုန်ပစ္စည်းများကလည်း စားသုံးသူများကို အာမခံချက်မပေးနိုင်ဘဲ စံချိန်စံညွှန်းမရှိ ဈေးကွက်မှာထုတ်လုပ်ရောင်းချနေကြပါတယ်။ ဖွံ့ဖြိုးတိုးတက်နေတဲ့ နိုင်ငံတွေရဲ့ ကောင်းသော အလေ့အထနဲ့ဆောင်ရွက်နေတဲ့ စီးပွားရေးလုပ်ငန်းတွေ နည်းပညာတွေကို ကိုယ့်နိုင်ငံ ရေမြေသဘာဝ၊ ပတ်ဝန်းကျင်၊ ယဉ်ကျေးမှု၊ လူနေမှုဓလေ့စရိုက်တွေနဲ့ ကိုက်ညီမည့် အတုများကိုတော့မယူကြဘဲ မမှန်မကန်တဲ့အတုများကိုတော့ ယူကြတယ်။ အတုယူတဲ့နေရာမှာ ကောင်းသောအတုကို ယူသင့်ပါတယ်။ မူရင်းကောင်းရင် မိတ္တူလည်းကောင်းမှာ ဖြစ်ပါတယ်။ သတင်းတစ်ပုဒ်ဖတ်လိုက်ရပါတယ်။

အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ထိုင်းနိုင်ငံကအသားစည်သွပ်ဘူးစက်ရုံ အလုပ်သမားထဲက HIV ရောဂါရှိသူ အလုပ်သမားများပါသွားသဖြင့် စက်ရုံမှထုတ်လုပ် ဖြန့်ဖြူးလိုက်သော စည်သွပ်ဘူးများကို ဈေးကွက်အတွင်း လိုက်သိမ်းခြင်းဆိုတဲ့သတင်းဖြစ်ပါတယ်။ ထုတ်လုပ်သူများဘက်မှ ဒီလိုအလေ့အထမျိုးတွေနဲ့ စားသုံးသူတွေကိုအလေးထားတတ်တဲ့ အတုများကို ယူသင့်ပါတယ်။

ကျွန်တော်တို့ ခရီးသွားဟန်လွှဲသောက်နေကြတဲ့ ရေသန့်ဆိုရင်လည်း ရေဘူးထဲကိုထည့် ပါကင်ပိတ်ထားတာနဲ့ ရေသန့်လို့ ပြောလို့ မရပါဘူး၊ တရားဝင်ကြော်ငြာထားတဲ့ မသောက်သုံးသင့်တဲ့ရေသန့် ၇၃မျိုး အထိရှိနေတာတွေ့ရပါတယ်။ နာမည်ရပြီး ခွင့်ပြုချက်ရပြီးရေသန့်ကို မိမိထုတ်လုပ်မည့် တံဆိပ်နဲ့ရေကိုလည်းထည့်ပြီး အစစ်ဆေးခံရန် တင်ပြလိုက်တော့လည်း ရေကသန့်နေတော့ ခွင့်ပြုလိုက်တာပေ့ါ၊ ဒါပေမယ့် တကယ်ထုတ်လုပ်တဲ့သူ ရေသန့်က အရည်အသွေး စံချိန်စံညွှန်းမမီတဲ့ ရေသန့်ပါ၊ ဒါကို စားသုံးသူတွေအနေနဲ့ မသိတော့လည်း ဝယ်ပြီးရေသန့်ဆို သောက်နေကြတယ်။ တာဝန်ရှိသူတွေအနေနဲ့ ဈေးကွက်အတွင်း ကျပန်းဝယ်ယူပြီး ရှောင်တခင်စစ်ဆေးသင့်ပါတယ်။ စားသုံးသူအများစုဟာ အရင်တုန်းက မိရိုးဖလာ ဓားမဦးချစိုက်ပျိုး ထုတ်လုပ်တဲ့ အစားအသောက် အသုံးအဆောင်များကို စားသုံးခဲ့ကြရတဲ့အတွက် ကျန်းမာကြတယ်။ အသက်ရှည်ကြတယ်၊ ရောဂါအဆန်းတွေ မဖြစ်ကြဘူး။ အခုမှသာ ထုတ်လုပ်ရောင်းချသူတွေက အချိန်တိုတိုနဲ့ ငွေများများရဖို့ အရင်းအနှီး နည်းနည်းနဲ့ အမြတ်အစွန်းများများရဖို့သမာအာဇီဝမဟုတ်သော ဝိသမလောဘနဲ့ မမှန်ကန်တဲ့ အပြုအမူများဖြင့် စားသုံးသူများကို အရောင်အသွေး စုံစွာနဲ့ ဖြားယောင်း၍ စီးပွားရှာကြသူများကြောင့် ဆင်သေနဲ့ကျီးမိုက်လို စားသုံးသူများမှာ ကမ်းမမြင်လမ်းမမြင် ဘဝကို ရောက်မှန်းမသိ ရောက်ခဲ့ကြရတာပါ။

တစ်နေ့ စာရေးသူ၏ မိတ်ဆွေတစ်ဦး ဆေးရုံသို့သွားသဖြင့် ဘယ်သူဘာဖြစ်လို့လဲ မေးကြည့်ရာ ဆွေမျိုးတစ်ဦး ဆေးရုံတက်နေ၍ သွားမေးကြောင်း၊ ဘာရောဂါဖြစ်တာလဲမေးသည့်အခါ ခေတ်စားနေသည့် ဂဏန်းလေးလုံးဟု မိတ်ဆွေက ပြောပါတယ်။ တကယ်ရိုးသားတဲ့ တောသူတောင်သားတွေပါ ဘယ်လိုက ဘယ်လိုဖြစ်မှန်းမသိဘူး၊ သူ့အမျိုးသမီးကို ဆက်ပြီးသွေးစစ်ကြည့်တော့လည်း အမျိုးသမီးပါကူးစက်နေပြီဖြစ်ကြောင်း၊ အမျိုးသားကလည်း သူဘာတစ်ခုမှ မဟုတ်တာမလုပ်ခဲ့ကြောင်း ရိုးသားစွာနေထိုင်ကြောင်း မိသားစုအပေါ် သစ္စာရှိကြောင်း ပြောပြပါတယ်။ ဒါပေမယ့် နှစ်ယောက်စလုံး ဝဝဖြိုးဖြိုးပဲရှိပါတယ်။ အမျိုးသားက ခဏခဏ ဖျားနေ၍မြို့ပေါ်လာပြီး ဆေးကုသခြင်းဖြစ်ပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမမီသေးသည့် ကျေးလက်တောရွာတွေမှာ အများအခေါ်(အပ်ပုံး) ဆိုသည့် ဆေးထိုးဆရာများ ရှိကြပါတယ်။ ဘယ်ဆေးကျောင်း ဘယ်ဆေးပညာသင်တန်းမှမတက်ခဲ့ဘဲ ကြားဖူးနားဝနဲ့ တတ်သလောက် မှတ်သလောက်ဖြင့် ဆေးဝါးကုသနေကြတဲ့ တတ်ယောင်ကားဆရာအတုများဖြစ်ပါတယ်။ တစ်ခါသုံးအပ်ကို အကြိမ်ကြိမ်သုံး။ ဘယ်သူ့ဆီက ရောဂါမှန်းမသိ နောက်တစ်ဦးက အကူးခံရပြီး ဇနီးဖြစ်သူကိုဆက်ကူးပြီး အခုတော့ မိသားစုအားလုံးစိတ်ဆင်းရဲနေကြရပြီ ဘာများတတ်နိုင်ဦးမှာလဲ။ တစ်ခါသုံးဆေးထိုးအပ်များနဲ့ ပုစွန်ကိုလည်း ရေထိုး၊ ငါးလည်းရေထိုး၊ ကြက်လည်းရေထိုး၊ ဖရဲသီးလည်းအညှာကနေထိုး လိုသလိုအသုံးပြုနေကြတာပါ။ ဆရာအတု ဆေးအတုကြောင့် ကြားကစားသုံးသူများမှာ ဒုက္ခတွေ့ရပြီ။ အခုတော့ ရောဂါရသော အမျိုးသားမှာ ဆုံးပါးသွားသည်မှာ နှစ်လကျော်ရှိပြီဖြစ်ပါတယ်။

အာမခံချက်မရှိတဲ့ ဝန်ဆောင်မှုတွေကလည်း အများသားပဲ။ ကားဂိတ်တွေမှာ ခရီးသွားတွေကို လုခေါ်နေကြတာကို တွေ့ဖူးကြမှာပါ၊ အခုထွက်တော့မယ်။ ဘေးထိုင်ခုံရမယ်စသည်ဖြင့် လုခေါ်နေကြပါတယ်။ တကယ်ခရီးသွားမယ့်လူက အဟုတ်မှတ်ပြီးလိုက်သွားတယ်၊ ကားကတော်တော်နဲ့ မထွက်ဘူး။ လူစောင့်တုန်းဘေးထိုင်ခုံရမယ်ဆိုပြီး တစ်ကယ်တက်စီးတော့ အလယ်ခုံတွေထိုးပေး၊ ခရီးသွားက မကျေနပ်လို့ပြောတော့ လမ်းမှာဆင်းမယ့်လူတွေ အများကြီးပါ၊ အဲဒီအခါ ကြိုက်တဲ့နေရာသာဝင်ထိုင်ပါတဲ့။ ကောင်းရော။ ကိုယ်တိုင်ကြုံတွေ့ခဲ့ရတဲ့ အကြောင်းကလေးတစ်ခုကတော့ ပုသိမ်မှ ရုံးကိစ္စပြီး၍ပြန်ရန် ကားဂိတ်အရောက် လုခေါ်သည့် ဒိုင်ကြိုများက ဘယ်သွားမှာလဲ။ ကျွန်တော်တို့ကားက နှစ်နာရီခွဲအတိမှာ ထွက်မှာ တစ်မိနစ်မစွန်းစေရဘူး။ ပြောသဖြင့် လက်မှတ်ဖြတ်လိုက်ပါတယ်။ သူပြောသလို နှစ်နာရီခွဲတွင် စထွက်၍ မဆိုးဘူးဟုစိတ်ထဲတွင်မှတ်နေခဲ့ပါတယ်။

ဒါပေမယ့် မြို့အထွက် မြက်တိုဆိုသည့်နေရာမှာ နာရီဝက်ကျော်အောင် လူစောင့်တင်နေ၍ သုံးနာရီကျော်မှ စပြီးထွက်ဖြစ်ပါတယ်။ ကျွန်တော်တို့မြို့ကိုပုသိမ်မှ တိုက်ရိုက်မရောက်၍ ရေနံမြေလမ်းဆုံတွင်ဆင်းပြီး ကားတစ်ဆင့် ထပ်စီးရမှာဖြစ်လို့ ကားမမီမှာစိတ်ပူခဲ့ရပါတယ်။ လမ်းဆုံရောက်တော့ တစ်ဆင့်စီးရမည့် နောက်ဆုံးကားက ထွက်သွားပါပြီ။ ကားမရှိတော့ပါ၊ စီးလာသည့် ကားကလည်း ထွက်သွားပြီ ကားမမီ၍ လမ်းဆုံမှာ ဒုက္ခရောက်ခဲ့ရပြီး၊ ရန်ကုန်ဘက်သွားသည့် ကားတစ်စီးကို အခက်အခဲပြောပြ၍ အကူအညီတောင်းပြီးလိုက်ခဲ့ရပါတယ်။ ရန်ကုန်ရောက်တော့ တည်းခိုခန်းမှာ တည်းခိုဖို့ ငွေပိုငွေလျှံကမရှိ။ စရိတ်ကမလောက်၊ ပါတဲ့ငွေနဲ့ တိုင်းတာပြီး ခရီးသွားရတာဆိုတော့ ကားဝင်းမှာပဲဖြစ်သလို တစ်ညနေခဲ့ပြီး နောက်တစ်နေ့ နံနက်ကားဖြင့်ပြန်ခဲ့ရပါတယ်။ကျွန်တော့်လိုသူများတွေရော ဘယ်နှစ်ယောက် ဒုက္ခခံစားရပြီးလဲမသိပါ၊ ဝန်ဆောင်မှုအတု တွေနဲ့ တွေ့ခဲ့၍ စားသုံးသူတွေ ဒုက္ခဘယ်လောက်ရောက်ခဲ့ပြီလဲ။ ထုတ်လုပ်သူတွေ ရောင်းချသူတွေ ဝန်ဆောင်မှုပြုသူတွေရဲ့ အတုတွေသည် စားသုံးသူများအတွက် ရရှိလာတဲ့ ရလဒ်အကျိုးကတော့ ရောဂါအဆန်းတွေ ဒုက္ခအစစ်တွေ ဖြစ်နေကြရတယ်။

လူဟူသည် အတိတ်ကပြုလုပ်ခဲ့သော ကောင်းမှုကုသိုလ်ကံအကြောင်း အထောက်အပံ့ကြောင့် ပစ္စုပ္ပန်ဘဝမှာ လူ့ဘဝကိုရရှိလာကြသူများဖြစ်သည့်အတွက် လုပ်ငန်းများဆောင်ရွက်လုပ်ကိုင်ရာတွင် လောကအကျိုးသည် ပထမ၊ အသိုင်းအဝိုင်းအကျိုးသည် ဒုတိယ၊ မိမိအကျိုးကား တတိယဆိုသည့်အတိုင်း လောဘနှင့်အတ္တကို လျှော့နည်းနိုင်သမျှ လျှော့နည်းစေ၍ စေတနာထားလုပ်ကိုင်နိုင်ကြပါလျှင် အပြန်အလှန် ယုံကြည်မှုများဖြင့် ကောင်းမွန်သော အနာဂတ်ကို တည်ဆောက်နိုင်မှာဖြစ်ပါကြောင်း။

# ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် တိုးပွားနေသည့် ရင်းနှီးမြှုပ်နှံမှုများ

ဒေါက်တာမောင်အောင်




ယေဘုယျအားဖြင့် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှု ကို အဓိကပြဌာန်းနေသည်မှာ အဆိုပါနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုနှုန်းဟု ခေါ်သည့် တိုင်းပြည်ဝင်ငွေမှမည်မျှရင်းနှီးမြှုပ်နှံသည်ဟူသော အချိုးပင်ဖြစ်သည်။ ယနေ့စီးပွားရေးတိုးတက်နေသည့် နိုင်ငံများ အနေဖြင့် ရင်းနှီးမြှုပ်နှံမှုနှုန်းကို GDP ၏ ၃၀ ရာခိုင်နှုန်းအထက် နှစ်စဉ် ရင်းနှီးမြှုပ်နှံ ခြင်းဖြင့် ရေရှည်တိုးတက်မှုကို ဖော်ဆောင်လေ့ရှိသည်။ နိုင်ငံတစ်နိုင်ငံဖြစ်စေ သို့မဟုတ် အိမ်တစ်အိမ်ဖြစ်စေရရှိသော ဝင်ငွေကို လက်ငင်းစားမလား၊ နောင်စားမလားဟူသည့် ရွေးချယ်မှု ပြုလုပ်ရာတွင် တစ်ခုကို ဦးစားပေးလျှင် အခြားတစ်ခုကိုတော့ အနစ်နာခံရစမြဲဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုကိုတိုးလျှင် လက်ရှိစားသုံးမှုကို လျှော့ရစမြဲဖြစ်သည်။ တိုးတက်မှုကို လိုလားသူတိုင်း လက်ငင်းစားသုံးမှုထက် ရေရှည်များများစားသုံးနိုင်ရန် ဦးစားပေး လေ့ရှိသည်။ လုံလောက်သည့် ရင်းနှီးမြှုပ်နှံမှုမရှိလျှင် စီးပွားရေး တိုးတက်မှုကို မမျှော်မှန်းနိုင်ပေ။

ယခုအခါ ရင်းနှီးမြှုပ်နှံမှုသိသိသာသာတိုးတက်လာရေး အတွက် နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှု တစ်နှစ်ထက်တစ်နှစ် တိုးမြင့်လာရုံသာမက ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ (FDI) ပါ တစ်နေ့တခြား တိုးပွားလာနေသည့်အတွက် အနာဂတ်မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှု အလားအလာကောင်းများ ထင်ဟပ်နေပြီဖြစ်သည်။ စာရင်းအင်းအထောက်အထားများအရကြည့်လျှင် ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ပြည်တွင်းပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု လုပ်ငန်းပေါင်း ၃၄ ခုတွင် ရင်းနှီးမြှုပ်နှံမှု ကျပ် ၂၄၀ ဘီလီယံ၊ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် လုပ်ငန်းပေါင်း ၆၅ ခုတွင် ရင်းနှီးမြှုပ်နှံမှု ကျပ် ၁၁၀၄ ဘီလီယံနှင့် ၂၀၁၃-၂၀၁၄ ခုနှစ်တွင် လုပ်ငန်းပေါင်း ၆၈ ခုတွင် ရင်းနှီးမြှုပ်နှံမှု ကျပ် ၁၂၆၈ ဘီလီယံအထိ သိသိသာသာ တိုးတက်လာခဲ့သည်။ အများဆုံးရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းများမှာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းနှင့် စက်မှုလက်မှုလုပ်ငန်းများဖြစ်ခြင်းကြောင့် ရေရှည်တိုးတက်မှုအတွက် များစွာ အထောက်အကူပြုသည်။

ထိုနည်းတူ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတွင်လည်း အစိုးရသစ်တာဝန်ယူသည့် လေးနှစ်တာကာလအတွင်း တစ်နှစ်ထက်တစ်နှစ်များလာသလို ယခုဘဏ္ဍာနှစ် ၂၀၁၄-၂၀၁၅ တွင် ယခင်နှစ်ထက် နှစ်ဆနီးပါးသိသိသာသာ တက်လာခဲ့သည်။ လေးနှစ်တာကာလအတွင်း အရင်းအနှီးပမာဏ အမေရိကန် ဒေါ်လာ ၁၇ ဒသမ ၅ ဘီလီယံကျော်ဝင်ရောက်ခဲ့ပြီး၊ အများဆုံးဝင်ရောက်သည့် ကဏ္ဍမှာ လျှပ်စစ်စွမ်းအားထုတ်လုပ်ရေး၊ စက်မှုလက်မှုကဏ္ဍနှင့် ဟိုတယ်ဆောက်လုပ်ရေး လုပ်ငန်းများဖြစ်သည်။ ရေရှည်တိုးတက်မှုအတွက် အရေးပါဆုံးဖြစ်သည့် လျှပ်စစ်နှင့် စက်မှုလက်မှုကဏ္ဍတို့တွင် ရင်းနှီးမှုများဖြစ်၍ အထူးအရေးပါ ပေသည်။ သိသာသည့် ပြောင်းလဲမှုမှာ ယခင်ကဝင်ရောက်ခဲ့သည့် FDI အများစုမှာ သွင်းအားစုထုတ်လုပ်ရေးကို အခြေပြုသည့် FDI (Resource oriented FDI) များဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အကျိုးများစွာမပြုသော်လည်း ယခုနှစ်များအတွင်းဝင်လာသည့် FDI များမှာ ထုတ်လုပ်မှုနှင့် စက်မှုလက်မှုကဏ္ဍများတွင်ဖြစ်ပြီး ဈေးကွက်ဦးတည်ထုတ်လုပ်သည့် ပို့ကုန်ဦးစားပေး FDI (Export oriented FDI) ဖြစ်၍ ထုတ်လုပ်မှု စွမ်းအားရှိသည့် ရင်းနှီးမြှုပ်နှံမှုများဖြစ်သည့်အပြင် ကွင်းဆက်များသောကြောင့် လူမှုစီးပွားအကျိုး သက်ရောက်မှု (Socio economic impact) အများဆုံး ဖြစ်၍လည်း ရေရှည်တိုးတက်မှုအတွက် များစွာအထောက်အကူပြုပေသည်။

ထို့အတွက် နိုင်ငံတော် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများ တစ်နှစ်ထက်တစ်နှစ် သိသိသာသာ တိုးလာမှုကြောင့် ရင်းနှီးကုန်စည်များ (Investment goods)ကို နိုင်ငံခြားမှ မဖြစ်မနေပိုမိုတင်သွင်းပြီး တည်ဆောက်နေရသည့်အချိန်ကာလပင်ဖြစ်သည်။ FDI ဆိုလျှင် လေးနှစ်တာကာလအတွင်း အမေရိကန် ဒေါ်လာ ၁၇ ဘီလီယံကျော်ဝင်ရောက်ခဲ့ပြီး ယခုနှစ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၇ ဘီလီယံကျော်ဖြင့် အများဆုံးဖြစ်ခဲ့သည့် ရင်းနှီးကုန်စည်များသည် စက်နှင့်စက်ပစ္စည်းများ၊ သံနှင့်သံမဏိ၊ အကြီးစားစက်ယန္တရားကြီးများ၊ သယ်ယူပို့ဆောင်ရေးယာဉ်များ စသည်တို့ ဦးစားပေးတင်သွင်းနေရဆဲဖြစ် သည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တစ်ခုတည်းအတွက် မြန်မာ့ရင်းနှီး မြှုပ်နှံမှုကော်မရှင် (MIC) မှ ရင်းနှီးကုန်စည် (Investment goods) အမေရိကန်ဒေါ်လာ ၂ ဒသမ ၂ ဘီလီယံတင်သွင်းစေခဲ့သည်။ ဆိုလိုသည်မှာ ရင်းနှီးမြှုပ်နှံမှု ပမာဏများခြင်းကြောင့် ရင်းနှီးကုန်စည် တင်သွင်းမှုများနေခြင်းသည် အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက္ခဏာကောင်းပင်ဖြစ်သည်။

လက်ရှိအချိန်တွင် ထုတ်လုပ်မှု အခြေခံရင်းနှီးကုန်စည်များ၊ အထူးစီးပွားရေးဇုန်တည်ဆောက်မှုလုပ်ငန်းများအတွက် ရင်းနှီးကုန်စည်တင်သွင်းမှုကြောင့် ကုန်သွယ်မှုရှင်းတမ်းတွင် သွင်းကုန်တန်ဖိုးက ပို့ကုန်တန်ဖိုးထက်များနေခြင်းဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်က လိုငွေပြကုန်သွယ်မှုရှင်းတမ်းဒေါ်လာ ၅ ဘီလီယံခန့် ဖြစ်ပေါ်ခဲ့သည်။ သွင်းကုန်အမျိုးအစားအလိုက်ကြည့်လျှင် ရင်းနှီးကုန်စည်၊ လုပ်ငန်းသုံးကုန်ကြမ်းများနှင့် လူသုံးကုန်စည်များဟူ၍ သုံးပိုင်းရှိသည့်အနက် အချိုးအစားအားဖြင့် ရင်းနှီးကုန်စည်သည် ၄၅ ရာခိုင်နှုန်း၊ လုပ်ငန်းသုံးကုန်ကြမ်း ၃၀ ရာခိုင်နှုန်း နှင့် လူသုံးကုန်စည် ၂၅ ရာခိုင်နှုန်း အသီးသီးဖြစ်ပါသည်။

ရင်းနှီးကုန်စည်သွင်းကုန်များအနက် Draw back ဟု ခေါ်သည့် ပြန်လည်ထုတ်ယူမည့် သွင်းကုန်မှာအများဆုံးဖြစ်ပြီး အကြီးစားယန္တရားကြီးများ ဆောက်လုပ်ရေးဆိုင်ရာကိရိယာများပါဝင်ပါ သည်။ စာရင်းသဘောအရ တန်ဖိုးသွင်းပြီး သွင်းကုန်စာရင်းတွင် ပါဝင်သော်လည်း ငွေကြေးအားဖြင့် ပေးချေမှုမရှိပါ။ တည်ဆောက်မှုလုပ်ငန်းများပြီးစီးပါက ပြန်လည်ထုတ်ယူမည့် သွင်းကုန်ပစ္စည်းဖြစ်ပါသည်။ အထူးသဖြင့် ထုတ်လုပ်မှုစွမ်းအားရှိသော ရင်းနှီးမြှုပ်နှံမှုများ ပို့ကုန်နှင့်ဆက်စပ်နေသည့် လုပ်ငန်းများတွင် တိုးပွားလာမှုသည် ယနေ့ခေတ်ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းဖြစ်သည့် ပို့ကုန်ဦးဆောင်သည့်တိုးတက်မှုပုံစံ (Export Led Growth Model) အကောင်အထည်ဖော်နိုင်ရန်အတွက် အခြေအနေကောင်းများ ရှိနေပြီဖြစ်သည်။ လေးနှစ်တာကာလအတွင်း အဘက်ဘက်မှ ရင်းနှီးမြှုပ်နှံမှု တိုးမြင့်လာသည့်အတွက် လျှပ်စစ်၊ လမ်းတံတား၊ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ စက်မှုလက်မှု လုပ်ငန်းများနှင့် အထူးစီးပွားရေးဇုန်များ၊ ဟိုတယ်နှင့် ခရီးသွားလာရေး၊ ဘဏ္ဍာရေး၊ ကျန်းမာရေး၊ ပညာရေးစသည့် ကဏ္ဍတိုင်း ယခင်ကထက်တိုးတက်မှုများ ရှိလာပြီဖြစ်သည်။

## မြင်သာသည့်တိုးတက်မှုများ

နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စီမံအုပ်ချုပ်ရေးနှင့်ပုဂ္ဂလိက ကဏ္ဍပြုပြင်ပြောင်းလဲမှုများကြောင့် သိသာမြင်သာသည့် တိုးတက်မှုများ နယ်ပယ်တိုင်းတွင်ရှိနေပြီဖြစ်သည်။ ထို့အတူ ကဏ္ဍတိုင်းတွင် တိုးပွားလာသည့် ရင်းနှီးမြှုပ်နှံမှုများကြောင့် စဉ်ဆက် မပြတ်တိုးတက်မှု ဖော်ဆောင်နိုင်ရန် အခြေအနေကောင်းများ ရှိနေပြီဖြစ်သည်။ တိုးတက်မှု ရှိ/မရှိကြည့်ရှုဝေဖန်သုံးသပ်ရာတွင် မြင်သာအောင် ကြည့်ဖို့နှင့် နှိုင်းယှဉ်ကြည့်ဖို့လိုသလို ရေရှည် တိုးတက်နိုင်ရေးအတွက် အမြင်ကျယ်ကျယ်ဖြင့် မျှော်တွေးတွက်ဆ နိုင်ရန်အရေးကြီးပေသည်။ တိုးတက်မှုများအနက် မြင်သာသည့် တိုးတက်မှုအချို့ကို ဖော်ပြမည်ဖြစ်သည်။ နိုင်ငံရေးတိုးတက် ပြောင်းလဲမှုများကြည့်လျှင် ပါတီစုံဒီမိုကရေစီနိုင်ငံစတင်နိုင်ခဲ့သလို ပြည်သူကရွေးချယ်တင်မြှောက်သည့် အစိုးရဖြစ်လာခြင်း၊ နှစ်ပေါင်း ၆၀ ကျော်အတွင်း ပထမဆုံး ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်နိုင်ခြင်း၊ မီဒီယာလွတ်လပ်မှုရှိလာခြင်း၊ နိုင်ငံသားတိုင်း လွတ်လပ်စွာရေးသားပြောဆိုနိုင်ခြင်း၊ ဆန္ဒပြခွင့်ရှိခြင်း၊ နိုင်ငံတကာ၏ အသိအမှတ်ပြုမှုနှင့် ပေါင်းစည်းမှုတိုးတက် လာခြင်းစသည်တို့က နိုင်ငံရေးအခြေပြုတိုးတက်မှုများဖြစ်သည်။ ဒီမိုကရေစီသက်တမ်း နုနယ်သေးသည့်ကာလဖြစ်သည့်အတွက် အကျပ်အတည်းနှင့်စိန်ခေါ်မှုများ များစွာရှိနေသလို ယခင်ခေတ်အဆက်ဆက် မကျေနပ်မှုများကိုအခြေပြု၍ ယခုအချိန်တွင် ဆန္ဒပြမှုများရှိသော်လည်း ယခုကာလသည် အနာဂတ်အောင်မြင်သည့် ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံပေါ်ထွန်းရေး နိုင်ငံရေးမူ အခြေခံအုတ်မြစ်ကောင်းများ တည်ဆောက်နိုင်ခဲ့ပြီဖြစ်သည်။ နိုင်ငံတကာကဲ့သို့ မြို့ပြထွန်းကားလာမှုတွင်လည်း မြို့ကြီး (Mega City) အဆင့် အသွင်လက္ခဏာများဖြစ်သည့် အဆင့်မြင့်အဆောက်အအုံများ၊ ဟိုတယ်ကြီးများ၊ ကုန်တိုက်ကြီးများနှင့် ခေတ်မီမော်တော်ယာဉ်များ၊ ဂုံးကျော်တံတားများ ရန်ကုန်၊ မန္တလေးတို့တွင် အချိန်တိုအတွင်း ထွန်းကားလာပြီဖြစ်သည်။

ထို့အတူ ဈေးကွက်စီးပွားရေးစနစ်နှင့် တံခါးဖွင့်စီးပွားရေး ကို အားပေးသည့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများ ဆက်တိုက်လုပ်ဆောင်နိုင်မှုကြောင့် စီးပွားရေးကဏ္ဍတိုင်းတွင် မြင်သာသည့် တိုးတက်မှုများတွေ့နေရပြီဖြစ်သည်။ ဦးစွာလက်ရှိ မြန်မာ့စီးပွားရေးတွင် အရေးပါဆုံးစီးပွားရေးကဏ္ဍဖြစ်သည့် လယ်ယာစိုက်ပျိုးရေးကဏ္ဍကို ကြည့်မည်ဆိုလျှင် လေးနှစ်တာကာလအတွင်း သိသာသည့် တိုးတက်မှုများအနေဖြင့် အရေးပါသည့် လယ်ယာပို့ကုန် သိသိသာသာတိုးတက်လာခြင်း၊ စက်မှုလယ်ယာ အကောင်အထည်ဖော်ဆောင်မှု ရှိလာခြင်း၊ လယ်သမားများ ဈေးကွက်တောင်းဆိုမှုကို

တုံ့ပြန်လာနိုင်ခြင်း၊ အထွက်တိုးမျိုးနှင့် စပ်မျိုးများထုတ်လုပ်သုံးစွဲမှု တိုးတက်လာခြင်း၊ စံပြစိုက်ကွက်များ စတင်ထူထောင်ခြင်းစသည့် အချက်များပင်ဖြစ်သည်။ အသိသာဆုံးမှာ ယခင်က လယ်ယာ ပို့ကုန် တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံဝန်းကျင်မှ ယခုအခါ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၂ ဒသမ ၇ ဘီလီယံနီးပါး အထိဖြစ်လာသောကြောင့် သိသိသာသာတိုးတက်လာခဲ့သည်။ လယ်ယာပို့ကုန်များအနက် အရေးကြီးသည့် ဆန်ပို့ကုန်ဆိုလျှင် သိသိသာသာတိုး တက်လာသောကြောင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာ နှစ်တွင် တန်ချိန် ၁ ဒသမ ၄ သန်းဖြင့် လွန်ခဲ့သည့် ၄၇ နှစ်အတွင်း အများဆုံးတင်ပို့နိုင်သည့် စံချိန်ဖြစ်ခဲ့သည်။ ထူးခြားသည်မှာ လွတ်လပ်ရေးရပြီး ခေတ်အဆက်ဆက် ဆန်တန်ချိန် တစ်သန်းကျော် တစ်နှစ်တင်ပို့ပြီးလျှင် နောက်သုံး၊ လေးနှစ် တင်ပို့ရန် အခက်အခဲများ ကြုံတွေ့ခဲ့ရသောကြောင့် ဆက်တိုက် တင်ပို့နိုင်မှုမရှိခဲ့ပေ။ သို့သော် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန် ၁ ဒသမ ၄ သန်း တင်ပို့ခဲ့ပြီး၊ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် တန်ချိန် ၁ ဒသမ ၂ သန်း၊ ယခု နှစ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာ နှစ်တွင် ဆန်တန်ချိန် ၁ ဒသမ ၈ သန်း နီးပါးဖြင့် ၄၉ နှစ်အတွင်း အများဆုံးစံချိန်ဖြစ်လာသလို စဉ်ဆက် မပြတ်ပို့နိုင်ခြင်းသည် ခေတ်အဆက်ဆက် ပထမဆုံးအကြိမ်ဖြစ်သည်။ ထို့အတွက် မကြာမီ ဆန်အများဆုံးတင်ပို့နိုင်သည့် ၃ နိုင်ငံအတွင်း ရောက်ရှိ လာတော့မည်ဖြစ်သည်။ ထို့အတူ ပြောင်းပို့ကုန်ဆိုလျှင် ယခင် ခေတ်အဆက်ဆက် ပြောင်းပို့ကုန် တန်ချိန် သောင်းဂဏန်း ဝန်း ကျင်သာ တင်ပို့နိုင်ခဲ့သော်လည်း ၂၀၁၂-၂၀၁၃ မှစ၍ တန်ချိန် တစ်သန်းကျော်စတင် တင်ပို့နိုင်ခဲ့ပြီး၊ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် လည်း တစ်သန်းကျော်နှင့် ယခုနှစ် ၂၀၁၄-၂၀၁၅ တွင် ၁ ဒသမ ၃ သန်း ကျော်ဖြင့် အများဆုံးတင်ပို့နိုင်ခဲ့သလို ဆက်တိုက်တင်ပို့ခြင်းဖြစ် သည်။ ထို့အတူ သစ်သီးဝလံပို့ကုန်များ၊ နှမ်းနှင့် ဆီထွက်သီးနှံ ပို့ကုန် များ သိသိသာသာတိုးတက်လာခဲ့ပေသည်။ ယနေ့ လယ်ယာကဏ္ဍ တွင် လယ်သမားများအတွက် စိန်ခေါ်မှုများနှင့် အခက်အခဲများ ရှိနေ သော်လည်း ယခင်ကာလများထက် လယ်ယာပို့ကုန်များ ပိုမိုတိုးတက် လာသည်။

ထို့အတူ စက်မှုကဏ္ဍတွင်လည်း စက်မှုဇုန်များထူထောင် ခြင်း၊ ယခင်စွမ်းဆောင်ရည်မပြည့်သည့် စက်မှုလုပ်ငန်းများ ပုဂ္ဂလိက ကဏ္ဍသို့လွှဲပြောင်းမှုများအပြင် FDI လုပ်ငန်းများ စက်မှု လက်မှုကဏ္ဍ တွင် ဝင်ရောက်ရင်းနှီးလာမှု ပိုမိုများလာခြင်းနှင့် သီလဝါအထူးစီးပွား ရေးဇုန် တည်ဆောက်မှုအရှိန်ရလာခြင်းတို့ သည် အနာဂတ်ကာလ စက်မှုဖွံ့ဖြိုးမှုကို အားပေးနေသည့်အပြင် ဈေး ကွက်ကို ဦးတည်သည့် စက်မှုလုပ်ငန်းများဖြစ်၍ ပို့ကုန်ဖွံ့ဖြိုးမှုနှင့် ယှဉ် ပြိုင်နိုင်မှုစွမ်းအား မြှင့်တင်မှုတို့ကို ဖော်ဆောင်နိုင်မည် ဖြစ်သည်။

## တိုးတက်လာသည့် ဝန်ဆောင်မှုလုပ်ငန်းများ

ဝန်ဆောင်မှုကဏ္ဍတွင်လည်း ကုန်သွယ်ရေး၊ ဆက်သွယ် ရေး၊ သယ်ယူပို့ဆောင်ရေး၊ ဆိပ်ကမ်းများ၊ ဟိုတယ်နှင့်ခရီးသွားလာ ရေး၊ ဘဏ်လုပ်ငန်းများ၊ လျှပ်စစ်ပြည်တွင်း လက်လီလက်ကား ရောင်းဝယ် မှုများ၊ ကုန်တိုက်များ၊ စားသောက်ဆိုင်လုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေးနှင့်ဆိုင်သည့် ဝန်ဆောင်မှုလုပ်ငန်းများ စသည်တို့ တိုးတက်လာမှုက အထင်အရှားပင်ဖြစ်သည်။ ကုန်သွယ်မှု ဆိုလျှင် အဘက်ဘက်မှ ပြုပြင်ပြောင်းလဲမှုများကြောင့် ကုန်သွယ်မှု တန်ဖိုး လေး နှစ်တာကာလအတွင်း ၂ ဆနီးပါး တိုးတက်လာခဲ့သလို မကြာမီ AEC အကောင်အထည်ဖော်မှု၊ ကုန်သည်တိုင်း တန်းတူ အခွင့်အရေး ရှိလာမှု၊ ကမ္ဘာ့ဈေးကွက်ကြီး တစ်ခုလုံးနီးပါးနှင့် ချိတ် ဆက်ကုန် သွယ်နိုင်မှု၊ FDI များ ပို့ကုန်ဦးစားပေးစက်မှုလုပ်ငန်းများ၌ ဝင်ရောက် လာခြင်း၊ ကုန်သွယ်မှုအထူးအခွင့်အရေး GSP ပြန်လည် ရရှိလာမှု စသည်တို့က မြန်မာ့ကုန်သွယ်ရေး ယခုထက်များစွာ တိုးတက်လာမည် ဖြစ်သည်။ ထို့အပြင် တိုင်းပြည်ဝင်ငွေတွင် ကုန် သွယ်မှုတန်ဖိုးပါဝင်မှု သိသိသာသာမြင့်တက်လာမှုက မြန်မာ့စီးပွား ရေးပိုမိုပွင့်လင်းလာကြောင်း ဖော်ပြနေသည်။ သယ်ယူပို့ဆောင်ရေးတွင် လမ်းသစ်များ ဖောက်လုပ်လာနိုင်မှုတွင် ကားလမ်းနှင့် ရထားလမ်းများ သိသိ သာသာတိုးလာသလို ကျေးလက်အထိ လမ်းများ ဖောက်လုပ်လာနိုင်မှု ကြောင့် ယခင်ကထက် သွားလာရေးအဆင်ပြေလာသလို ကိုယ်ပိုင် ယာဉ်၊ လူစီးယာဉ်၊ ကုန်တင်ယာဉ်၊ ကွန်တိန်နာ စသည်တို့ကိုလည်း အဟောင်းမှ အသစ်သို့ပြောင်းလဲလာခြင်း၊ လွတ်လပ်စွာ သယ်ယူ နိုင်မှုကြောင့် လူလတ်တန်းစားအဆင့်အထိ ကားသစ်များသုံးစွဲနိုင် ပြီဖြစ်သည်။ အများနှင့်ဆိုင်သည့် သယ်ယူ ပို့ဆောင်ရေးတွင် လမ်းများကောင်းလာမှုနှင့်အတူ ခေတ်မီ Air- Conditioned လေအေးပေးစက်များဖြင့် သက်သောင့်သက်သာဖြင့် အချိန်တို အတွင်း လိုရာခရီးသို့ ဘေးကင်းလုံခြုံစွာသွားလာနိုင်ပြီဖြစ်သည်။ ထို့အတူ ယခင်က ဆက်သွယ်ရေးကဏ္ဍတွင် တစ်ချိန်က မိုဘိုင်းဖုန်း သည် ကမ္ဘာပေါ်တွင် ဈေးအကြီးဆုံးဖြစ်ခဲ့သော်လည်း ယခုအခါ နိုင်ငံ တကာကုမ္ပဏီကြီး ၃ ခုဝင်ရောက်လာမှုနှင့်အတူ ဆက်သွယ်ရေးဆိုင် ရာ ကွန်ရက်များ တိုးချဲ့တည်ဆောက်မှုနှင့် နိုင်ငံတကာကဲ့သို့ ဈေး သက်သက်သာသာဖြင့် ဝန်ဆောင်မှုပေးနိုင်သောကြောင့် အင်တာနက်အသုံးပြုမှု တစ်ဟုန်ထိုး တိုးတက်လာ နေပြီဖြစ်သည်။

ဟိုတယ်နှင့် ခရီးသွားလာရေးကဏ္ဍတွင်လည်း အထူးမြင် သာပြီး တိုးတက်မှုမြန်သည့်ကဏ္ဍဖြစ်သည်။ အရှေ့တောင်အာရှတွင် ကျယ်ဝန်းသည့်နိုင်ငံဖြစ်၍ သဘာဝအလှပေါင်းစုံ၊ ရှေးဟောင်း အမွေအနှစ်နှင့် ယဉ်ကျေးမှုဆိုင်ရာဆွဲဆောင်မှုများ၊ တိုင်းရင်းသား များ၏ ကိုယ်ပိုင်ဓလေ့ထုံးစံများ စသည်တို့ကြောင့် ဝင်ရောက်လာ သည့် နိုင်ငံခြားသားများ တစ်နှစ်ထက်တစ်နှစ်ဆတိုး တိုးပွားနေမှု ကြောင့်လည်း တည်းခိုခများမြင့်မားနေဆဲဖြစ်သည်။ ယခုအခါ ပြည်တွင်းလုပ်ငန်းရှင်များရော FDI များပါ ရင်းနှီးမြှုပ်နှံလာမှုကြောင့် မကြာမီကာလအတွင်း ဟိုတယ်အသစ် များ ပေါ်ထွက်လာတော့မည် ဖြစ်သည်။ ယခုအခါ ဟိုတယ်များ၊ Inn များ နိုင်ငံခြားခရီးသွားများ အတွက် ရန်ကုန်၊ မန္တလေးတွင် သာမက နေရာဒေသအသီးသီးတွင် ပေါ်ထွန်းလာပြီဖြစ်သည်။ လေးနှစ်တာကာလအတွင်း ဟိုတယ်များ တည်ဆောက်လာမှုကြောင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းမှ နှစ်စဉ် တိုးတက်ရရှိသည့်ဝင်ငွေမှာ ပိုမိုတိုးတက်လာနေပြီး ယခုနှစ်အထိ အမေရိကန်ဒေါ်လာ ၆ ဘီလီယံကျော်ရရှိနေပြီး၊ ဆက်လက် တိုးတက်ဦးမည်ဖြစ်သည်။ ဘဏ်နှင့် ငွေရေးကြေးရေးလုပ်ငန်းတွင် လည်း ယခုအခါ ပုဂ္ဂလိက ဘဏ်များ ပိုမိုဖွင့်လှစ်လာနိုင်သည့်အပြင် ပြိုင်ဆိုင်မှုကြီးမားသောကြောင့် ဝန်ဆောင်မှုများ ပိုမိုကောင်းလာ သလို အချိန်တိုအတွင်း ဘဏ်လုပ်ငန်းများ ဆောင်ရွက်နိုင်ပြီဖြစ်သည်။ ဘဏ်တွင် ငွေစုချင်အောင် နည်းပေါင်းစုံဖြင့် ဆွဲဆောင်မှုများကြောင့် ဘဏ် အသုံးပြုသူဦးရေတက်လာခြင်း၊ နယ်အရပ်ရပ်သို့ အချိန်တို အတွင်း သက်သက်သာသာဖြင့် လုံခြုံစိတ်ချစွာ လွှဲပြောင်းပေးနိုင်ခြင်း၊ နိုင်ငံခြားဘဏ် ၉ ဘဏ်လုပ်ကိုင်ခွင့်ရှိလာခြင်း၊ ကျေးလက်နေ ပြည်သူများအတွက် အရင်းအနှီးလိုအပ်ချက် ဖြည့်စွမ်းပေးရန် အသေးစားချေးငွေလုပ်ငန်းများများစွာပေါ် ထွက်လာခြင်း၊ ယခင်ကထက် နယ်ပယ်အသီးသီးတွင် အာမခံ လုပ်ငန်းများရှိလာခြင်းတို့ကို တွေ့ရမည်ဖြစ်သည်။ စီးပွားရေးနှင့် ခေတ်မီလူနေမှုဘဝ အတွက် အရေးပါသည့် လျှပ်စစ်အသုံးပြုနိုင်မှု တွင်လည်း ယခင်ကထက် သိသိသာသာတက်လာပြီး လူဦးရေ၏ ၃၀ ရာခိုင်နှုန်းခန့် လျှပ်စစ်ရရှိ လာပြီဖြစ်သည်။ ယခုထက် သိသိသာသာ တိုးတက်ရန် ရရှိနိုင်သည့် ဇာစ်မြစ်များဖြစ်သည့် ရေအား၊ ဓာတ်ငွေ့နှင့် အခြေခံလျှပ်စစ်၊ ကျောက်မီးသွေး၊ နေရောင်ခြည် စွမ်းအင်တို့တွင် ပိုမိုရင်းနှီးမှုများ ကြောင့် မကြာမီ သိသိသာသာ တိုးပွားလာတော့မည်ဖြစ်သည်။ ထို့အတူ ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် ကုန်တိုက်ကြီးများ၊ စတိုးဆိုင်များတိုးပွားလာသလို နိုင်ငံခြား brand များရောင်းချသည့် Franchise လုပ်ငန်းများလည်း ပေါ်ပေါက်လာပြီဖြစ်သည်။ စားသောက်ဆိုင်လုပ်ငန်းများ ထွန်းကားလာပြီး သန့်ရှင်းမှု၊ အရည် အသွေးမှန်ကန်မှု၊ ဘေးကင်းလုံခြုံမှုပေးနိုင်သည့် စားသောက်ဆိုင်များ ပိုမိုရှိလာပြီဖြစ်သည်။ ထို့ပြင် ကဏ္ဍအသီးသီးတွင် ယခင်ကမရှိခဲ့သည့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများ ပေါ်ထွက်လာပြီ ဖြစ်သလို ပိုမိုဖြစ်ထွန်းလာဦးမည်ဖြစ်သည်။ လူမှုရေးကဏ္ဍများအနက် ပညာရေးနှင့် ကျန်းမာရေး ကဏ္ဍများတွင် ယခင်ကာလများထက် ဘတ်ဂျက်အသုံးစရိတ်ပိုမို သုံးစွဲလာမှုကြောင့် ကျောင်း၊ တက္ကသိုလ် အရေးအတွက် ပိုမိုများလာ သလို နိုင်ငံတကာနှင့် ပေါင်းစည်းမှုများ ကြောင့် ပညာရေးကဏ္ဍတွင် အရည်အသွေးတိုးတက်မှုကိုပါ စတင် နိုင်ပြီဖြစ်သည်။ အခွင့် အလမ်းများစွာရှိလာပြီဖြစ်၍ ကြိုးစားသည့် လူငယ်များအတွက် အာမခံချက်များရှိနေပြီဖြစ်သည်။

ကျန်းမာရေးကဏ္ဍတွင်လည်း ဆေးရုံ၊ ဆေးပေးခန်းများ ခေတ်မီကိရိယာများ အသုံးပြုနိုင်မှုတိုးလာသလို ဆရာဝန်၊ သူနာ ပြု ဝမ်းဆွဲစသည့်ကျန်းမာရေးဆိုင်ရာ ဝန်ထမ်းတိုးတက်လာသည့် အပြင် နိုင်ငံတော်မှ ကျန်းမာရေးကဏ္ဍအတွက် ပိုမိုသုံးစွဲလာမှု ကြောင့် ဆေးရုံများတွင် အဓိကဆေးဝါးမျိုးစုံ (Essential drugs) အခမဲ့ သုံးစွဲနိုင်ပြီဖြစ်သည်။ ထို့ပြင် ဝန်ဆောင်မှုနှင့် ခေတ်မီကိရိယာများ သုံးစွဲသည့် ပုဂ္ဂလိကဆေးရုံများရှိလာပြီဖြစ်သည်။ အထူးသဖြင့် ဆက် သွယ်မှုကွန်ရက်တည်ဆောက်နိုင်ပြီဖြစ်၍ သတင်းအချက် အလက်များ ကျေးလက်လူထုအထိ လွယ်ကူစွာ ပျံ့နှံ့နိုင်မှုက အထူး တိုးတက်သွားခဲ့သည်။ အားနည်းနေသေးသည်မှာ ဆက်သွယ်မှု ကွန်ရက်များဖြစ်သည့် အင်တာနက်၊ဖေ့စ်ဘုတ်၊ မိုဘိုင်းဖုန်းများ အသုံးပြု၍ မိမိဘဝ အသိပညာတိုးတက်ရေးနှင့် စီးပွားရေးလုပ်ငန်း များ ပိုမိုတိုးတက်စေရန် နောက်ဆုံးရသတင်း အချက်အလက်အသစ် များကို မည်သို့အသုံးပြုမည်ဟူသော အချက် အားနည်းနေခြင်းပင်ဖြစ် သည်။

## အထူးနိုးကြား၊ ကြိုးစားရမည့်အချိန်

လေးနှစ်တာကာလအတွင်း ကဏ္ဍတိုင်း ရေရှည်တိုးတက်မှု အတွက် အခြေခံအုတ်မြစ်ကောင်းများ တည်ဆောက်နိုင်သလို စိန် ခေါ်မှုများလည်းရှိနေဆဲဖြစ်သည်။ အထူးသဖြင့် စီးပွားရေး တိုးတက်မှုအတွက်ဆိုလျှင် အဘက်ဘက်မှ ရင်းနှီးမြှုပ်နှံမှုများ သိသိသာသာတက်လာခြင်းသည် အနာဂတ်တိုးတက်မှုအတွက် လက္ခဏာကောင်းဖြစ်သည်။ ရေရှည်စဉ်ဆက်မပြတ် တိုးတက်ရေး အတွက်ဆိုလျှင် အခြားအရေးကြီးသည့်အချက်မှာ တစ်မျိုးသားလုံး ၏ အသိပညာကြွယ်ဝမှုနှင့် ကြိုးစားအားထုတ်မှုပင်ဖြစ်သည်။ ယနေ့ အချမ်းသာဆုံးနိုင်ငံများ ဘာကြောင့် ချမ်းသာသလဲဟုမေးလျှင် အဖြေမှာ စွမ်းဆောင်ရည်ပြည့်ဝသည့် လူ့စွမ်းအားအရင်း အမြစ် ကြောင့်ဆိုသည့် အဖြေကိုရမည်ဖြစ်သည်။ နိုင်ငံသားတစ်ဦးချင်း ယခုထက် အသိဉာဏ်ပိုမိုကြွယ်ဝရေးနှင့် ကျွမ်းကျင် သူများဖြစ်လာ ရေး အထူးအလေးထား ကြိုးစားရတော့မည် ဖြစ်သည်။ ယနေ့ခေတ် တိုးတက်မှုအတွက် လိုက်နာရမည့် ဆောင်ပုဒ်မှာ "Better learn, better do" (သို့) "Learn more, serve better" “ပိုမိုသင်ယူလေ့လာ၊ ပိုကောင်းအောင်လုပ်” ပင်ဖြစ်သည်။ ယနေ့ လူငယ်လူရွယ်များတော်မှ နိုင်ငံဖွံ့ဖြိုးတိုးတက် မည်ဖြစ်သည်။ လူငယ်တိုင်း မိမိဘဝတိုးတက်ရေး အတွက် အထူးကြိုးစားမှသာ လက်ရှိပွင့်လင်းလာသည့် အခွင့်အရေး များ၊ မကြာမီ ပေါ်ပေါက်လာမည့် အခွင့်အလမ်းများကို ရယူအသုံးချ နိုင်မည်ဖြစ်သည်။ အမှန်တကယ်မူ ယခုအခါ ပွင့်လင်းလာသည့် အခြေအနေတွင် နိုင်ငံတကာအဖွဲ့အစည်းများ၊ ကုမ္ပဏီကြီးများ များစွာဝင် ရောက်လာသည့်အချိန်တွင် ဝန်ထမ်းများနှင့် ကျွမ်းကျင် လုပ်သားများ လိုအပ်ချက်ကို ပြည့်ပြည့်ဝဝမဖြည့်စွမ်းနိုင်သေးကြောင်း တွေ့ရသည်။ အလုပ်ရှာဖွေနေသူများစွာရှိသော်လည်း လိုအပ်သည့် ကျွမ်းကျင်မှုမရှိခြင်းသည် လက်တွေ့ရင်ဆိုင်နေရသည့် ကြီးမား သည့် အခက်အခဲပင်ဖြစ်သည်။ ထို့အတူ စီးပွားရေးလုပ်ငန်းရှင်နှင့် ကုန်သည်များအပိုင်းတွင်လည်း ရှိနေသည့် အခွင့်အရေးများ လက်တွေ့ အသုံးချနိုင်မှု အားနည်းနေဆဲပင်ဖြစ်သည်။ သင်ယူလေ့လာမှု၊ လုပ်ငန်း အချင်းချင်းပေါင်းစည်းမှု၊ နောက်ဆုံးသတင်း အချက်အလက်များ ရယူ နိုင်မှုနှင့် ပြန်လည် အသုံးချမှု၊ စီးပွားရေး ကျင့်ဝတ်နှင့် အရည်အသွေး အလေးထားမှုများ အားနည်းနေဆဲပင်ဖြစ်သည်။ ဆိုလိုသည်မှာ နိုင်ငံတိုးတက် ဖွံ့ဖြိုးဖို့ နိုင်ငံသားတိုင်း ယခုထက်များစွာ ကြိုးစားရဦး မည်ဖြစ်သည်။ သေချာသည်မှာ နိုင်ငံတစ်နိုင်ငံ (သို့) အိမ်ထောင်စု တစ်စု တိုးတက်ကြီးပွားဖို့ဆိုလျှင် ကြိုးစားမှုရှိပြီး တော်သည့်သူများ မှသာ မျှော်မှန်းနိုင်မည်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ယခုအခါ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် အဘက်ဘက်မှ အခြေခံအုတ်မြစ် များရှိနေပြီဖြစ်သည်။ စီးပွားရေး တိုးတက်မှုအတွက် အခွင့်အလမ်း ကောင်းများ ရှိနေပြီဖြစ်သလို တိုးပွားနေသည့် ရင်းနှီးမြှုပ်နှံမှုများ ကလည်း ထုတ်လုပ်မှု စွမ်းအားကောင်းသည့် ကဏ္ဍများဖြစ်၍ တိုးတက်မှုအလားအလာကောင်း များရှိနေပြီဖြစ်သည်။ ထို့အတွက် အဓိကလိုအပ်နေသည်မှာ နိုင်ငံသားတိုင်း၏ တိုးတက်လိုသည့် အသိခံယူချက်၊ ကျွမ်းကျင် တတ်မြောက်မှုနှင့် ကြိုးစားအားထုတ်မှု သာဖြစ်သည်။ အာရှ၏ မဟာဗျူဟာအကျဆုံးတည်ရှိမှု၊ အခြေအနေ ကောင်းများရှိနေသည့် ခေတ်သစ်တိုးတက်မှုလမ်းစဉ်ဖြစ်သော ပို့ကုန်ဦးဆောင်သည့် တိုးတက်မှုပုံစံနှင့် တက်ကြွသည့် ပြည်သူများ၏ ကြိုးစားအား ထုတ်မှုတို့ကိုသာ လုပ်ဆောင်နိုင်မည်ဆိုလျှင် မြန်မာ နိုင်ငံအနေဖြင့် အချိန်တိုအတွင်း ခုန်ပျံကျော်သွားသည့် တိုးတက်မှု မဟာဗျူဟာ (Leapfrogging strategy) ဖြင့် အလယ်အလတ်နိုင်ငံ အဆင့်သို့ ရောက်ရှိလာမည်မှာ မလွဲဧကန်ဖြစ်ပါသည်။

■

## ပြောင်း

### ပြောင်းတန်ချိန် လေးသောင်းနီးပါးတင်ပို့နိုင်

နိုဝင်ဘာလ ဒုတိယပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်မှပြောင်းတန်ချိန် ၃၆၄၄၂ တန် ၊ချင်းရွှေဟော်မှ ၁၈၀၃ တန်၊ လွယ်ဂျယ်မှ တန် ၅၁၀ နဲ့ ကန်ပိုက်တီးမှ တန် ၃၂၀ ကို ကန်ဒေါ်လာ ၉ ဒသမ ၅၃၃ သန်းဖိုး တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က ထိုစခန်းလေးခုပေါင်းမှ ၂၆၅၁၁ တန်ခွဲသာ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်ပြောင်းတင်ပို့မှုအနေနဲ့ ၁၂၅၆၃ တန်ခွဲ ပိုမိုတင်ပို့လာတာတွေ့ရပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာတော့ ယခင်သီတင်းပတ်က ပြောင်းတစ်တန်ဈေးဟာ ၃၁၂၇၃ ကျပ်ရှိခဲ့ပြီး ယခုတစ်ပတ်မှာ ၃၁၀၉၂၂ ကျပ်သို့ အနည်းငယ် ကျဆင်းသွားခဲ့ပါတယ်။ ပြောင်း ၁၀၀၀ ကီလိုကို တစ်ဖက်နိုင်ငံဈေး ယွမ် ၁၆၀၀ နဲ့ အရောင်းအဝယ်ရှိကြောင်း၊ မန္တလေး-မူဆယ်ကုန်စည်သယ်ယူခနှုန်းထားမှာလည်း ယခင်တစ်ပတ်က ပြောင်းတစ်ပိဿာကို ၇၈ ကျပ်မှ ၈၄ ကျပ်အထိရှိနေရာမှ ယခုတစ်ပတ်တွင် ၈၄ ကျပ်မှ ၈၇ကျပ်အထိသို့ ကားခများမြင့်တက်လျက်ရှိကြောင်း၊ မူဆယ်ကုန်စည်ဒိုင်သို့ တစ်ရက်လျှင် ပြောင်းကားစီးရေ ၁၀၀မှ ၂၅၀ ခန့်အဝင်ရှိကြောင်း သိရပါတယ်။

**မော်မော်အောင်**

## သကြား

### မူဆယ်စခန်းမှ သကြားဖြူ တန် ၁၆၀၀၀ ကျော်တင်ပို့

နိုဝင်ဘာလ ၇ ရက်မှ ၁၃ ရက်အထိ သီတင်းပတ်အတွင်းမှာ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ တစ်ဖက်တရုတ်နိုင်ငံသို့ ကန်ဒေါ်လာ ၉ ဒသမ ၄၈၃ သန်း တန်ဖိုးရှိ သကြားဖြူ ၁၆၀၅၂ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်ထက် သကြားဖြူ ၁၄၉ တန်ကျော် ပိုမိုတင်ပို့ခဲ့ပါတယ်။ လက်လီသကြားဈေးကတော့ ယခင်သီတင်းပတ်မှာ တစ်ပိဿာကို ၁၂၀၀-၁၂၅၀ ကျပ်ဈေးရှိရာမှ ယခုသီတင်း ပတ်မှာ ၁၂၅၀-၁၃၀၀ ကျပ်ဈေးသို့ ဈေးအနည်းငယ်တက်သွားတယ်လို့သိရပါတယ်။ **မြင့်မြင့်မာ**

## ဝဥ

### တရုတ်ပြည်သို့ ဝဥပုံမှန်တင်ပို့

ဝဥကို ပြည်တွင်းမှာ စားသုံးမှုနည်းသော်လည်း ပြည်ပနိုင်ငံများမှာ တန်ဖိုးကြီးအစားအစာအဖြစ် ပြုလုပ်စားသောက်ကြလေ့ရှိရာ ဂျပန်နဲ့ တရုတ်နိုင်ငံများသို့ အများဆုံးတင်ပို့ပြီး စင်ကာပူနဲ့ မလေးရှားနိုင်ငံများသို့လည်း အနည်းငယ်တင်ပို့ ကြောင်းသိရပါတယ်။

နိုဝင်ဘာလ ဒုတိယပတ်မှာ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၀၉၉ သန်းဖိုးရှိ ဝဥခြောက် ၅၃ တန်ခွဲတင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ၆၆ တန်ခွဲ တင်ပို့ခဲ့တာမို့ တရုတ်ပြည်ကို ဝဥခြောက် ပုံမှန်တင်ပို့နေတယ်လို့ဆိုရပါမယ်။ ဝဥကို အစားအစာများ ၊မုန့်များထုတ်လုပ်ရာတွင် ထည့်သွင်းအသုံးပြုခြင်း၊ ခေါက်ဆွဲပြုလုပ်ခြင်း၊ ပြုတ်၍သုပ်စားခြင်း၊ အသားတုပြုလုပ်ခြင်းများအပြင် ဝဥခြောက်မှာ အဆီကျစေတဲ့ အာနိသင်ရှိပြီး ကိုလက်စထရောကျစေတာကြောင့် ဆေးဖော်စပ်ရာမှာအသုံးပြုကြကြောင်း သိရပါတယ်။ **မော်မော်အောင်**

| ၁၆-၁၁-၂၀၁၅ မှ ၂၀-၁၁-၂၀၁၅ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး | | | |
|---|---|---|---|
| **Sr.No.** | **Forms** | **Copies** | **Total Value (US$)** |
| 1 | Form A | 248 | 15,549,852.456 |
| 2 | Form D | 25 | 959,737.410 |
| 3 | Form E | 61 | 934,555.730 |
| 4 | Korea GSP | 3 | 66,017.240 |
| 5 | Form AK | 51 | 1,957,613.050 |
| 6 | Form AJ | 8 | 215,246.550 |
| 7 | Form AI | 64 | 3,998,435.110 |
| 8 | Form AANZ | 2 | 65,723.530 |
| 9 | Form DFTP | - | - |
| **Grand Total** | | **462** | **23,747,181.076** |

## ရော်ဘာ

### ပင်လယ်ရေကြောင်းမှ ရော်ဘာပုံမှန်တင်ပို့

နိုဝင်ဘာလ ၈ ရက်မှ ၁၄ ရက်နေ့ထိ ကာလအတွင်းမှာ ကန်ဒေါ်လာ သုည ဒသမ ၂၄၃ သန်းဖိုးရှိ ရော်ဘာ ၂၃၆ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ နိုင်ငံတွေကတော့ ဂျပန်နိုင်ငံကို MSR- 20 ၁၉၆ တန်၊ မလေးရှားနိုင်ငံကို RSS-3 တန် ၂၀ ကျော်နဲ့ MSR- 20 တန် ၂၀ ကျော်ဖြစ်ပါတယ်။ ယခင်တစ်ပတ်က တန် ၂၂၀ တင်ပို့ခဲ့တာမို့ ယခုတစ်ပတ်ရော်ဘာတင်ပို့မှုပုံမှန်ရှိတယ်လို့ ဆိုရပါမယ်။

ယခုတစ်ပတ်မှာ နိုင်ငံတကာရော်ဘာဈေး ထပ်မံကျဆင်းလာပါတယ်။ဒါကြောင့် ယခုတစ်ပတ် မြန်မာ့ရော်ဘာဈေးတစ်တန်လျှင် ဒေါ်လာ ၅၀ ခန့်ကျဆင်းခဲ့ပါတယ်။ မြန်မာနိုင်ငံရော်ဘာ စိုက်ပျိုးထုတ်လုပ်သူများအသင်းက ထုတ်ပြန်ထားတဲ့ ရော်ဘာဈေးများကို ဖော်ပြပေးလိုက်ပါတယ်-

| | | |
|---|---|---|
| **RSS 1** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၀၅၀-၁၁၅၀** |
| **RSS 2** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၀၀၀-၁၁၀၀** |
| **RSS 3** | **တစ်တန်လျှင်** | **ဒေါ်လာ ၉၅၀-၁၀၅၀** |
| **RSS 4** | **တစ်တန်လျှင်** | **ဒေါ်လာ ၉၀၀-၁၀၀၀** |
| **RSS 5** | **တစ်တန်လျှင်** | **ဒေါ်လာ ၈၅၀ - ၉၅၀** |
| **MSR 10** | **တစ်တန်လျှင်** | **ဒေါ်လာ ၉၅၀-၁၀၅၀** |
| **MSR 20** | **တစ်တန်လျှင်** | **ဒေါ်လာ ၉၀၀-၁၀၀၀** |
| **MSR 50** | **တစ်တန်လျှင်** | **ဒေါ်လာ ၈၀၀ -၉၀၀** |
| **Crepe Rubber** | **တစ်တန်လျှင်** | **ဒေါ်လာ ၇၅၀ - ၈၅၀** |
| **Concentrate** | **တစ်တန်လျှင်** | **ဒေါ်လာ ၆၀၀ - ၇၀၀** |
| **Latex 60% DRC** | | |

**ယဉ်ယဉ်အေး**

## ကုန်သွယ်ရေးစခန်းများမှ ရော်ဘာတန် ၉၀၀ ကျော်တင်ပို့

နိုဝင်ဘာလ ၇ ရက်နေ့မှ ၁၃ ရက်နေ့ထိ ကာလအတွင်းမှာ ကုန်သွယ်ရေးစခန်းများမှ ကန်ဒေါ်လာ သုည ဒသမ ၉၆၉ သန်းဖိုးရှိ ရော်ဘာ ၉၁၅ တန်တင်ပို့ခဲ့ပြီး မူဆယ် (၁၀၅) မိုင်မှ RSS-3 ၇၁၇တန်၊ ချင်းရွှေဟော်စခန်းမှ RSS-3 ၈၅ တန်၊ တာချီလိတ်စခန်းမှ RSS-3 တန် ၅၀ နဲ့ လွယ်ဂျယ်မှ ၆၂ တန်ကျော် တင်ပို့ခဲ့တာဖြစ်ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုထက် ၂၈၈ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ယခုတစ်ပတ်မှာ မူဆယ်ကုန်စည်ဒိုင်မှ ရော်ဘာဈေးမှာ အနည်းငယ်ကျလာပါတယ်။ ယခင်တစ်ပတ်က RSS-3 တစ် တန်ကို ၁၅၉၉၈၉၉ ကျပ်မှ ယခုတစ်ပတ်မှာ ၁၅၉၃၄၈၇ ကျပ်သို့ ကျလာခဲ့ပါတယ်။ ပြည်တွင်းဒေသပေါက်ဈေးများလည်းကျလာကြောင်းသိရှိပါတယ်။ မြိတ်မှာ RSS-3 တစ်ပေါင်ကို ၆၁၁ ကျပ် ၅၅၆ ကျပ်သို့လည်းကောင်း၊ RSS-5 တစ်ပေါင်ကို ၅၅၆ ကျပ်မှ ၅၀၀ ကျပ်သို့လည်းကောင်း ဈေးများကျလာပါတယ်။ နိုင်ငံတကာ ရော်ဘာဈေးများ ကျလာတဲ့အတွက် မြန်မာ့ရော်ဘာဈေးလည်း ကျလာတာဖြစ်ပါတယ်။ **ယဉ်ယဉ်အေး**

## ထိုင်းရော်ဘာတန်ချိန် ရှစ်သောင်းကို ဝယ်ယူရန် ရုရှားနိုင်ငံအား ထိုင်းအစိုးရ တိုက်တွန်း

အမေရိကန်ဒေါ်လာ ၁၃၉ ဒသမ ၁ သန်းတန်ဖိုးရှိသည့် ထိုင်းရော်ဘာတန်ချိန် ရှစ်သောင်းကို ဝယ်ယူ ရန် ရုရှားနိုင်ငံအား ထိုင်းအစိုးရကတိုက်တွန်းပြောကြားလိုက်တယ်လို့ သည်နေ့ရှင်းသတင်းမှာ ဖော်ပြထားပါ တယ်။

အဆိုပါ ရော်ဘာတန်ချိန် ရှစ်သောင်းဝယ်ယူနိုင်ရန်အတွက် ထိုင်းနိုင်ငံအစိုးရနဲ့ ရုရှားနိုင်ငံအစိုးရတို့ သဘောတူညီချက်စာချုပ်ကိုလက်မှတ်ရေးထိုးကြမှာဖြစ်တယ်လို့ အဆိုပါသတင်းမှာဖော်ပြထားပါတယ်။

ရုရှားနိုင်ငံအနေနဲ့ ထိုင်းနိုင်ငံမှဝယ်ယူမယ့် ရော်ဘာတန်ချိန် ရှစ်သောင်းကို မော်တော်ယာဉ်တာယာများ ထုတ်လုပ်ရန်နဲ့ လေယာဉ်တာယာများထုတ်လုပ်ခြင်းတို့မှာ အသုံးပြုသွားဖွယ်ရှိတယ်လို့ ဆိုပါတယ်။

ရုရှားအစိုးရဟာ ရုရှားနိုင်ငံရဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်တွေကို ထိုင်းနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်နိုင်ဖို့ အတွက် ရော်ဘာဝယ်ယူသွားရေးအစီအစဉ်ကို တိုက်တွန်းပေးသွားမယ်လို့ ပြောကြားပါတယ်။

ရုရှားနိုင်ငံဟာ ထိုင်းနိုင်ငံရဲ့ အထူးစီးပွားရေးဇုန်များမှာ ပိုမိုရင်းနှီးမြှုပ်နှံရန်လည်း စိတ်ဝင်စားလျက်ရှိပါ တယ်။ ရုရှားနိုင်ငံဟာ အဲဒီအထူးစီးပွားရေးဇုန်နဲ့ချိတ်ဆက်ပြီး တရုတ်နိုင်ငံမှ ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့၊ တရုတ်နိုင်ငံ ယူနန်ပြည်နယ်မှ အာဆီယံဒေသတွင်းနိုင်ငံများသို့ ထိုမှတစ်ဆင့် အိန္ဒိယနိုင်ငံအထိ ကုန်သွယ်ရေးကဏ္ဍများမှာ ချိတ်ဆက်ဆောင်ရွက်နိုင်အောင် လုပ်ဆောင်မှာဖြစ်ပါတယ်။

ထိုင်းရင်းနှီးမြှုပ်နှံသူများကိုလည်း ရုရှားနိုင်ငံမှာ တိုးချဲ့ရင်းနှီးမြှုပ်နှံကြဖို့ ရုရှားနိုင်ငံက တိုက်တွန်းလျက်ရှိပါတယ်။ မကြာသေးမီက ထိုင်းနိုင်ငံမှ သကြားထုတ်လုပ်သူများဟာ ရုရှားနိုင်ငံမှာ အမေရိကန်ဒေါ်လာ သန်း ၂၀၀ ရင်းနှီးမြှုပ်နှံပြီး သကြားစက်ရုံတစ်ရုံကို တည်ဆောက်တော့မှာဖြစ်တယ်လို့ သတင်းထုတ်ပြန်ခဲ့ပါတယ်။

ကုန်သွယ်မှုညှိနှိုင်းပေါင်းစပ်ရေးဌာနရဲ့ ထုတ်ပြန်ချက်များအရ ရုရှားနိုင်ငံဟာ ထိုင်းနိုင်ငံရဲ့ ၂၃ ခုမြောက် အကြီးဆုံးသော ကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး ပြီးခဲ့တဲ့နှစ်က နှစ်နိုင်ငံအပြန်အလှန်ကုန်သွယ်မှုပမာဏဟာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၉၁ ဘီလီယံရှိပြီး ထိုင်းနိုင်ငံ စုစုပေါင်းကုန်သွယ်မှုပမာဏရဲ့ ၁ ဒသမ ၀၈ ရာခိုင်နှုန်းရှိတယ်လို့ သိရပါတယ်။ ထိုင်းနိုင်ငံနဲ့ ရုရှားနိုင်ငံရဲ့ ကုန်သွယ်မှုမှာ ရုရှားနိုင်ငံက အသာစီးရလျက်ရှိနေပါတယ်။ ယခုပထမနှစ် ၈ လတာကာလမှာ ထိုင်းနဲ့ ရုရှားနှစ်နိုင်ငံ အပြန်အလှန်ကုန်သွယ်မှု ပမာဏဟာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၈ ဘီလီယံရှိပြီး ယမန်နှစ်ကာလတူထက် ၅၀ ဒသမ ၇၃ ရာခိုင်နှုန်း ကျဆင်းခဲ့တယ်လို့ သည်နေ့ရှင်းသတင်း မှာ ဖော်ပြထားပါတယ်။

**MIRT( Edited by MTD)**


# အမေရိကန်ဗဟိုဘဏ် မှ အတိုးနှုန်းတိုးနိုင်သည် ဟူသောသတင်းများကြောင့် ၂၀၁၅ခုနှစ် နိုဝင်ဘာလတွင်

# ကမ္ဘာ့ရွှေဈေးနှင့်အတူ ရန်ကုန်ရွှေဈေးပါကျလာ


| ကျော်မြင့်၊ ဇာခြည်ဖြိုးအောင် |

၂၀၁၅ ခုနှစ်နိုဝင်ဘာ၅ရက်(Reuters)သတင်းများအရ၊ အမေရိကန်ဗဟိုဘဏ်အကြီးအကဲ ဂျနက်ယယ်လင်ကဒီဇင်ဘာလတွင် အမေရိကန်ဗဟိုဘဏ်အတိုးနှုန်းတိုးနိုင်သည်ဟူသော မှတ်ချက်စကားကို ပြောကြားလိုက် ပြီးနောက် ကမ္ဘာ့ရွှေဈေးသည် တစ်အောင်စ ကန်ဒေါ်လာ ၁၁၀၀ အောက်အထိ ကျဆင်းဖွယ်ရှိနေသည်။ ဒီဇင်ဘာလတွင် အလုပ်လက်မဲ့ဦးရေ ကျဆင်းခြင်း၊ ငွေကြေးဖောင်းပွမှုနှုန်း တည်ငြိမ် ခြင်းတို့အပေါ် မူတည်ပြီး၊ ဘဏ်အတိုးနှုန်းတိုးမြှင့်နိုင်ခြေ ရှိနေသည်ဟု အမေရိကန်ဗဟိုဘဏ် အကြီးအကဲ ဂျနက်ယယ်လင်က ပြောကြားခဲ့ခြင်းဖြစ်သည်ဟု သတင်းများက ဖော်ပြကြသည်။ အခြားသော ဗဟိုဘဏ် တာဝန်ရှိသူများကလည်း ယင်းကဲ့သို့ပင် ပြောကြားကြသည်။ အမေရိကန်တွင် ဗဟိုဘဏ်က အတိုးနှုန်း တိုးနိုင်ခြေ မျှော်လင့်ချက်များကြောင့် အလုပ်အကိုင်များ အားကောင်းလာခြင်း၊ အလုပ်လက်မဲ့နှုန်းက ၅ ရာခိုင်နှုန်းကျဆင်းခြင်းများ ဖြစ်ပေါ်ခဲ့ပြီး၊ ရွှေဈေးပါ ကျဆင်းလာခဲ့သည်။

ပုံ-၁။ကမ္ဘာ့ရွှေ၊ ရန်ကုန်အကယ်ဒမီရွှေလအလိုက်ပျမ်းမျှဈေးပြောင်းလဲမှု
(၂၀၀၇ မှ ၂၀၁၅ဇန်နဝါရီလထိ)





ပုံ-၂။ကမ္ဘာ့ရွှေ၊ ရန်ကုန်အကယ်ဒမီရွှေနေ့စဉ် ပျမ်းမျှဈေးပြောင်းလဲမှု
(၂၀၁၅ခုနှစ်နိုဝင်ဘာလ၁ရက်မှ ၁၄ရက်ထိ)





ဇစ်မြစ်။ www.etrademyanmar.com

၂၀၀၇ ခုနှစ်မှ ၂၀၁၅ ခုနှစ်ထိ ကမ္ဘာ့ရွှေ၊ ရန်ကုန်အကယ်ဒမီ ရွှေလအလိုက် ပျမ်းမျှဈေးပြောင်းလဲမှုကို၊ ပုံ-၁ တွင် ဖော်ပြထား သည်ကိုလေ့လာကြည့်ရှုရန် ဖြစ်ပါသည်။ ၂၀၁၃ ခုနှစ်နောက်ပိုင်း ကမ္ဘာ့ရွှေဈေးကျ လာသကဲ့သို့ ရန်ကုန်အကယ်ဒမီရွှေဈေးပါကျလာသည်။

ပုံ-၃။ ရန်ကုန်အမေရိကန်ဒေါ်လာ လအလိုက်ပျမ်းမျှရောင်းဈေး
(၂၀၁၅ ခုနှစ်နိုဝင်ဘာလထိ)




ပုံ-၄။ ကမ္ဘာ့ရွှေလအလိုက်ပျမ်းမျှဈေး ပြောင်းလဲမှု
(၂၀၁၅ ခုနှစ် ဇန်နဝါရီမှ နိုဝင်ဘာလထိ)




ဇစ်မြစ်။ www.etrademyanmar.com

ပုံ-၂ ကိုလေ့လာကြည့်ရှုပါ။ ၂၀၁၅ခုနှစ် နိုဝင်ဘာလ ၁ရက်မှ ၁၄ရက်ထိ ကမ္ဘာ့ရွှေ၊ ရန်ကုန်အကယ်ဒမီ ရွှေနေ့စဉ် ဈေး ပြောင်းလဲမှု ကို ဖေါ်ပြထားပါသည်။ ကမ္ဘာ့ရွှေဈေးကျလာသကဲ့သို့ ရန်ကုန် အကယ်ဒမီရွှေ ဈေး ပါနေ့စဉ်ဈေးကျလာသည်ကို တွေ့မြင်ရမည်ဖြစ်ပါသည်။

ပုံ-၃ တွင် ဖေါ်ပြထားသည်အတိုင်း ရန်ကုန်ငွေကြေးလဲလှယ် သူများ၏၊ အမေရိကန်ဒေါ်လာရောင်း ဈေးအတက်အကျနည်းပါးလာခြင်း၊ ကမ္ဘာ့ရွှေဈေးကျလာခြင်းများကြောင့် ရန်ကုန်အကယ်ဒမီ ရွှေဈေးကျ လာသည်ကို ပြည်တွင်းဈေးကွက်တွင် တွေ့မြင်ရမည်ဖြစ်ပါသည်။

နေ့စဉ်ကမ္ဘာ့ရွှေဈေး၊ ကန်ဒေါ်လာရောင်းဈေးနှင့် ရန်ကုန်အကယ်ဒမီ ရွှေဈေးများကို လအလိုက် ပျမ်းမျှ ဈေးအဖြစ် ပြောင်းလဲတွက်ချက်ပြီး၊ ဇယား-၁ တွင် စုစည်းဖော်ပြထားသည်ကို လေ့လာကြည့်ရှုရန် ဖြစ်ပါသည်။

**လအလိုက်ပျမ်းမျှ ရန်ကုန်ကန် ဒေါ်လာရောင်းဈေး ကမ္ဘာ့ရွှေဈေးနှင့် အကယ်ဒမီရွှေဈေး**

| လ အမည် | ၂၀၁၃ | ၂၀၁၄ | ၂၀၁၅ | ၂၀၁၃ | ၂၀၁၄ | ၂၀၁၅ | ၂၀၁၃ | ၂၀၁၄ | ၂၀၁၅ |
|---|---|---|---|---|---|---|---|---|---|
| | ကန်ဒေါ်လာရောင်းဈေး (ကျပ်) | | | ကမ္ဘာ့ရွှေဈေး (USD per ounce) | | | ရန်ကုန် အကယ်ဒမီရွှေဈေး (ကျပ်=ကျပ်သား) | | |
| ဇန် | ၈၅၇ | ၉၈၄ | ၁၀၃၃ | ၁၆၇၃ | ၁၂၄၅ | ၁၂၅၀ | ၇၆၄၇၉၆ | ၆၅၈၅၄၄ | ၆၈၀၄၆၃ |
| ဖေ | ၈၅၉ | ၉၈၃ | ၁၀၃၄ | ၁၆၃၃ | ၁၂၉၉ | ၁၂၃၃ | ၇၅၂၈၀၉ | ၆၇၆၆၃၅ | ၆၈၄၇၆၀ |
| မတ် | ၈၇၈ | ၉၆၈ | ၁၀၆၉ | ၁၅၉၁ | ၁၃၃၉ | ၁၁၇၇ | ၇၄၃၆၃၉ | ၆၇၉၉၈၈ | ၆၇၀၇၁၇ |
| ဧ | ၈၈၅ | ၉၆၃ | ၁၀၈၃ | ၁၄၉၁ | ၁၂၉၆ | ၁၂၀၀ | ၇၂၆၅၅၀ | ၆၆၄၃၆၀ | ၆၈၄၄၆၀ |
| မေ | ၉၂၅ | ၉၆၅ | ၁၁၂၀ | ၁၄၁၇ | ၁၂၉၀ | ၁၁၉၉ | ၇၀၉၃၉၂ | ၆၆၁၀၃၆ | ၇၀၆၂၂၉ |
| ဇွန် | ၉၆၄ | ၉၇၃ | ၁၁၈၀ | ၁၃၄၃ | ၁၂၇၈ | ၁၁၈၄ | ၇၀၁၇၂၈ | ၆၆၁၀၂၄ | ၇၃၅၄၇၃ |
| ဇူလိုင် | ၉၈၈ | ၉၇၃ | ၁၂၃၁ | ၁၂၈၅ | ၁၃၁၁ | ၁၁၃၆ | ၆၈၉၈၇၂ | ၆၇၆၈၈၈ | ၇၄၁၄၀၄ |
| ဩ | ၉၇၂ | ၉၇၂ | ၁၂၆၆ | ၁၃၅၂ | ၁၂၉၅ | ၁၁၁၈ | ၇၀၂၃၇၄ | ၆၇၁၈၆၉ | ၇၄၆၈၆၅ |
| စက် | ၉၇၃ | ၉၈၃ | ၁၂၉၀ | ၁၃၅၁ | ၁၂၄၁ | ၁၁၂၅ | ၇၀၅၆၄၄ | ၆၅၇၂၄၆ | ၇၆၉၇၄၈ |
| အောက် | ၉၇၁ | ၉၉၇ | ၁၂၈၃ | ၁၃၁၆ | ၁၂၂၆ | ၁၁၅၆ | ၆၈၈၂၇၂ | ၆၅၅၀၄၂ | ၇၈၉၅၆၉ |
| နို | ၉၇၆ | ၁၀၁၄ | ၁၂၈၂ | ၁၂၇၈ | ၁၁၇၆ | ၁၁၀၈ | ၆၇၅၀၆၅ | ၆၅၀၂၈၃ | ၇၆၄၉၈၂ |
| ဒီ | ၉၈၅ | ၁၀၄၂ | | ၁၂၂၄ | ၁၁၉၉ | | ၆၅၂၆၂၈ | ၆၆၄၀၅၈ | |
| တစ်နှစ် ပတ်လုံး ပျမ်းမျှ | ၉၃၆ | ၉၈၆ | | ၁၄၁၃ | ၁၂၆၆ | | ၇၀၉၃၉၇ | ၆၆၄၇၄၈ | |

**ဇစ်မြစ်၊ www.etrademyanmar.com (နေ့စဉ်ဈေးများကို လအလိုက် ပျမ်းမျှဈေးအဖြစ် ပြောင်းလဲ တွက်ချက်ဖော်ပြထားပါသည်) ၂၀၁၅ခုနှစ်အတွက်၊ နိုဝင်ဘာလ၁ရက်မှ ၁၄ ရက်နေ့ထိဖြစ်ပါသည်။**

အောက်မြန်မာပြည်တွင်းတွင် မိုးစပါးအသစ်များစတင် ရိတ်သိမ်းသည့်ကာလဖြစ်သဖြင့် မိုးစပါး များရောင်းချပြီး ရွှေကိုဝယ်ယူပါက ဈေးကျသည့်အချိန်နှင့် လယ်သမားများ တွေ့ကြုံရသဖြင့် ဝမ်းသာ ဖွယ်ရာသတင်းဖြစ်ပေသည်။ ရွှေကိုလက်ဝယ် သိမ်းဆည်းထားသူများ အနေဖြင့် ရွှေဈေးအကျနှင့် တွေ့ကြုံရသဖြင့် စီးပွားရေးတွက်ချေကိုက်မှု နည်းသွားနိုင်သည်ဟု စိစစ်သုံးသပ် ဖော်ပြအပ်ပါသည်။

# ဆက်သွယ်ရေးအော်ပရေတာသစ်အတွက် အများပိုင်ကုမ္ပဏီကို ပြည်တွင်းအများပိုင်ကုမ္ပဏီ ၁၁ ခုဖြင့် ဖွဲ့စည်းထားပြီးဖြစ်သည်ဟုဆို

ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာနသည် ဆက်သွယ်ရေးအော်ပရေတာသစ်အတွက် အများပိုင်ကုမ္ပဏီတစ်ခုကို ပြည်တွင်းရှိ အများပိုင်ကုမ္ပဏီ ၁၁ ခုနှင့်ပူးပေါင်း၍ ဖွဲ့စည်းထားပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါအများပိုင်ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းအတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်တွင် ခွင့်ပြုချက်ရရှိရန် တင်ပြထားပြီးဖြစ်ကြောင်း သိရသည်။

ဆက်သွယ်ရေးအော်ပရေတာသစ်အတွက် ရွေးချယ်ထားသော ပြည်တွင်းအများပိုင်ကုမ္ပဏီ ၁၁ ခုအပြင် ပြည်ပမှ ကုမ္ပဏီများနှင့်လည်းပူးပေါင်း၍ လုပ်ဆောင်မည်ဖြစ်ပြီး ယခုအခါတွင် ပြည်ပမှ ကုမ္ပဏီရွေးချယ်ခြင်းကို လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ယင်းအော်ပရေတာသစ်အတွက် အထူးလုပ်ငန်းကုမ္ပဏီဖွဲ့စည်းရန် ပြည်တွင်းအများပိုင်ကုမ္ပဏီ ၁၇ ခုက တင်ဒါလျှောက်ထားသော်လည်း အများပိုင်ကုမ္ပဏီအရည်အချင်းသတ်မှတ်ချက်များနှင့် မပြည့်မီခြင်း၊ တင်ဒါပါအချက်အလက်များနှင့်ကိုက်ညီမှုမရှိခြင်းတို့ကြောင့် ကုမ္ပဏီခြောက်ခုကို ပယ်ထားခဲ့ရကြောင်း သိရသည်။

ရွေးချယ်ထားသည့် ပြည်တွင်းအများပိုင်ကုမ္ပဏီများ၏ မတည်ရင်းနှီးငွေမှာ အနည်းဆုံးကျပ်ငွေ သုံးဘီလီယံအထိရှိရမည်ဖြစ်ပြီး စတုတ္ထမြောက် အော်ပရေတာအဖြစ် လုပ်ကိုင်မည့် ကုမ္ပဏီတွင် အစိုးရအနေဖြင့်လည်း ရှယ်ယာတစ်ခုထည့်ဝင်ကာ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရသည် မြန်မာနိုင်ငံ၏ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆက်သွယ်ရေးဥပဒေများရေးဆွဲခြင်း၊ အော်ပရေတာများ ခွင့်ပြုပေးခြင်းနှင့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်လျက်ရှိသည်။

**မယ်သီတာ**

# စလစ်ဈေးတန်းနှင့်ကားငယ်၊ ကားလတ်ဈေးများ အနည်းငယ်တက်သော်လည်း အဝယ်ရှိလာ

နိုဝင်ဘာလ ဒုတိယပတ်၏ ရန်ကုန်ကားဈေးကွက် အခြေအနေမှာ သီတင်းကျွတ်ပွဲတော်ကာလအပြီး ရွေးကောက်ပွဲကာလ အကြိုကာလများတွင် ကား အရောင်းအဝယ်အေးစက်ခဲ့ပြီး ရွေးကောက်ပွဲပြီးကာလများတွင်လည်း ကားနှင့်ပတ်သက်သည့် မူဝါဒအပြောင်းအလဲတစ်စုံတစ်ရာ ဖြစ်ပေါ်လာနိုင်ခြေမရှိသဖြင့် ယာဉ်ဟောင်းအပ်နှံစလစ်ဈေးနှုန်းများ ပြန်လည်မြင့်တက်လာကာ ကားဈေးတန်းလည်း အနည်းငယ် မြင့်တက်လာခဲ့ကြောင်း သိရသည်။

ရွေးကောက်ပွဲပြီးကာလနောက်ပိုင်း ယခင်က စောင့်ကြည့်သုံးသပ်ခဲ့သော စလစ်ကပ်ကား အဝယ်များလည်း ပြန်လည်ဝယ်ယူမှုရှိလာသဖြင့် စလစ်ဈေးတန်း မြင့်တက်လာပြီး တန်ဖိုး ကျပ်သိန်း ၁၀၀ အထက်နှင့် သိန်း ၂၀၀ အကြား ကားများပါ ဈေး နှုန်းလိုက်ပါမြင့်တက်လာကြောင်း သိရသည်။

ဝါကျွတ်ကာလအပြီး ကျဆင်းလာခဲ့သော စလစ်ဈေးတန်းမှာ ယခုအခါ သုံးသိန်း၊ လေးသိန်းခန့် အနည်းငယ်မြင့်တက်လာခဲ့ပြီး ပွင့်လင်းရာသီလည်း ရောက်ရှိလာပြီဖြစ်သဖြင့် နယ်ဝယ်လက်များလည်း အမေးရှိလာကာ ကားဈေးကွက်တစ်ခုလုံး ဈေးတန်းနည်းနည်းစီ မြင့်တက်လာကြောင်း ဝါရင့်ယာဉ်ဝယ်ရောင်း အကျိုးဆောင် ကိုမြင့်ကျော်က ပြောသည်။

စလစ်ကပ်ကားများ သူ့အမျိုးအစားအလိုက် ဂရိတ်အလိုက် ငါးသိန်းမှ ၁၅ သိန်းအတွင်း မြင့်တက်လာသလို သိန်း ၁၀၀ ဝန်းကျင်ကားများ၊ သိန်း ၁၀၀အထက် သိန်း ၂၀၀ ဝန်းကျင်ကားများလည်း အဝယ်ရှိလာပြီး သုံးသိန်းမှ ၁၀သိန်း၊ ၁၂ သိန်း နဲ့ကားအုပ်စုအလိုက်အနည်းငယ်စီ တက်လာနေကာ ယင်းမှာ ၂၀၁၆ ခုနှစ်အတွက် မူဝါဒတစ်ခုထွက်မလာမခြင်း ရေရှည်သွားနိုင်ကြောင်း၊ လတ်တလောတွင် တက္ကစီအငှားယာဉ်အုပ်စုကားများသာ ဈေးတန်း၊ ဈေးမှန်ရှိပြီး၊ ရန်ကုန်တိုင်းဒေသကြီး တစ်ခုတည်းအတွက် နံပါတ်အနက်ယာဉ်များ တက္ကစီပြောင်းလဲခွင့်မပြုသော်လည်း ဈေးမြင့်တက်လာခြင်းမရှိကြောင်း၊ ယင်းသို့ဖြစ်ပေါ်လာရခြင်းမှာ ရန်ကုန်မြို့တစ်မြို့ထဲ ဝင်ရောက်လာသည့် တက္ကစီအရေအတွက်မှာ ရာခိုင်နှုန်း အချိုးအစားအရ များပြားနေသဖြင့် လောက်ငရုံမက ပိုလျှံနေခြင်းနှင့် နယ်ကျော်တက္ကစီများ ဝင်ရောက်လာမှုအားလည်း တင်းတင်းကျပ်ကျပ် တားဆီးမှုမရှိခြင်းတို့ကြောင့် ဖြစ်နိုင်ကြောင်း၊ မည်သို့ပင်ဈေးမြင့်တက်လာစေကာမူ ရန်ကုန်တိုင်းအတွင်း ထုတ်ပေးထားသော ကားပါကင် အရေအတွက်မှာလည်း တစ်ဦးချင်းနှင့်ကုမ္ပဏီသင်းဖွဲ့ စောင်ရေလေးသောင်းနီးပါးရောက်ရှိနေပြီဖြစ်သဖြင့် ယာဉ်ကြောကျပ်တည်းမှု ပြဿနာ ပိုမိုကျယ်ပြန့်လာကာ ၂၀၁၆ ခုနှစ် ရောက်မှသာ ဥပဒေသစ်၊ မူဝါဒသစ်များဖြင့် ဖြေရှင်း နိုင်ဖွယ်ရှိကြောင်း ယာဉ်ဝယ်ရောင်းဝါရင့်အကျိုးဆောင်များမှ သုံးသပ်ကြသည်။

**SN**

# House.com.mm မှ မြေပုံစနစ် ထည့်သွင်းထားသည့် Android Application သစ်အား စတင်မိတ်ဆက်

မြန်မာနိုင်ငံ၏ အိမ်ခြံမြေရောင်းဝယ်ရေးဝက်ဘ်ဆိုက်တစ်ခုဖြစ်သည့် House.com.mm သည် မြေပုံစနစ်ထည့်သွင်းထားသည့် Android Application သစ်ကို စတင်မိတ်ဆက်လိုက်ကြောင်း House.com.mm ၏ သတင်းထုတ်ပြန်ချက်များအရသိရသည်။ အဆိုပါ Application အသစ်တွင် မြေပုံစနစ်ကို ထည့်သွင်းထားရခြင်းမှာ သုံးစွဲသူများ အဆင်ပြေလွယ်ကူစေရန်နှင့် ပိုမိုတိကျကောင်းမွန်သော နည်းစနစ်တစ်ခုဖြစ်သည့် မြေပုံပေါ်မှ မိမိကြိုက်နှစ်သက်သော အိမ်ခြံမြေများအား Favourite List သို့ သိမ်းဆည်းခြင်း၊ ဖယ်ထုတ်ခြင်းများပြုလုပ်နိုင်သည့် နည်းပညာအား မိတ်ဆက်ပေးခြင်းဖြစ်ကြောင်းသိရသည်။ သို့သော် အဆိုပါ Appication တွင် ပုံများနှင့်ဈေးနှုန်းဖော်ပြထားခြင်း မရှိသော အိမ်များမှာမူ Search Result တွင် ပေါ်လာမည်မဟုတ်ကြောင်း သိရသည်။

House.com.mm တွင် ယခင်က ဝင်ရောက်ကြည့်ရှုနေသည့် Listing နှင့် ကြည့်ရှုရသည့်အနေအထားမှ မြေပုံကို အသုံးပြု၍ ကြည့်ရှုရသည့် အနေအထားသို့ပြောင်းလဲသွားသော်လည်း ယခင်က ကြည့်ရှုခဲ့သည့်အိမ်များနှင့် မိမိယခင်ကြည့်ရှုခဲ့သည့်နေရာမှပင် ပြန်လည်စတင်ကြည့်ရှုနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

နောက်ဆုံးမြှင့်တင်ထားသော Version တွင် နောက်ဆုံးကြည့်ခဲ့သော အိမ်များအား Offline ဖြင့် ပြန်လည် ကြည့်ရှုနိုင်ခြင်း၊ ကြိုက်နှစ်သက်သောအိမ်များနှင့် ကြည့်ရှုပြီး အိမ်များအား ထင်ရှားသော အမှတ်အသားများဖြင့် ဖော်ပြပေးခြင်းအစရှိသည့် အခြားသော အားသာချက်အများအပြား ထည့်သွင်းထားရှိသည်။

House.com.mm ၏မိခင်ကုမ္ပဏီဖြစ်သော Lamudi Global ၏မန်နေဂျင်းဒါရိုက်တာဖြစ်သူ KianMoini က "လွန်ခဲ့တဲ့နှစ်နှစ်တုန်းက ကျွန်တော်တို့ရဲ့အဓိကရည်ရွယ်ချက်ကို အိမ်ရှာဖွေနေတဲ့ မိုဘိုင်းဖုန်းအသုံးပြုသူတွေအတွက် ဝက်ဘ် ဆိုက်အနေအထားကနေ Application အနေနဲ့ပြောင်းခဲ့ပါတယ်။ ကျွန်တော်တို့ Android Application ရဲ့နောက်ဆုံး Version မှာဆိုရင် အရင်က Version တွေထက် သာလွန်ခဲ့ပေမယ့်လည်း ကျွန်တော်တို့အနေနဲ့ အစကာလဖြစ်နေသေးပါတယ်။ နောင်ကို ကျွန်တော်တို့အနေနဲ့ အသုံးပြုသူ တွေရဲ့လိုအပ်ချက်နဲ့ ဈေးကွက်ရဲ့ ပြောင်း လဲမှုတွေကိုလိုက်ပြီးတော့ ကျွန်တော်တို့ရဲ့ Mobile Product တွေကိုလိုက်ပြီးပြောင်းလဲပေးနေဦးမှာပါ" ဟုပြောကြားခဲ့သည်။

၂၀၁၄ ခုနှစ်တွင် House.com.mm မှ Andriod App အားမိတ်ဆက်ခဲ့ပြီး အိမ်ခြံမြေ ရှာဖွေကြည့်ရှုခြင်းကို မိုဘိုင်းဖုန်းများဖြင့် ပိုမိုလွယ်ကူစွာကြည့်ရှုနိုင်ရန် စတင်ခဲ့ခြင်းဖြစ်သည်။ စတင်မိတ်ဆက်ခဲ့ချိန်မှစ၍ အဆင့်မြှင့်တင်ခြင်းများကို အကြိမ်များစွာလုပ်ဆောင်ခဲ့ပြီးဖြစ်ရာ ယခုအခါတွင် မြေပုံစနစ်ကိုထည့်သွင်းခဲ့ခြင်းဖြစ်သည်။

**AJS**

# ရန်ကုန်ဘူတာကြီးအဆင့်မြှင့်တင်ရေး စီမံကိန်းအတွက် အဆိုပြုလွှာတင်သွင်းသူပေါင်း ၆၀ ကျော်အထိ ရှိလာ

ရန်ကုန်ဘူတာကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အမေရိကန်ဒေါ်လာ နှစ်သိန်းကျော်အကုန်အကျခံ၍ တည်ဆောက်မည့်အထူးစီမံကိန်းအတွက် တင်ဒါခေါ်ယူလျက်ရှိရာ ဒုတိယအကြိမ် တင်ဒါခေါ်ယူမှုတွင် တင်ဒါလျှောက်ထားသည့် ကုမ္ပဏီပေါင်း၆၀ကျော်အထိရှိလာပြီဖြစ်ကြောင်း သိရသည်။အဆိုပါဘူတာကြီးစီမံကိန်းတွင် အထပ်မြင့်အဆောက်အအုံများ၊ စီးပွားရေးလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ပါဝင်မည့် စီမံကိန်းကို ပထမဆုံးအကြိမ်အဖြစ် ၂၀၁၄ခုနှစ် ဒီဇင်ဘာလတွင် တင်ဒါလာရောက်လျှောက်ထားသည့် ကုမ္ပဏီ ၂၈ ခုအနက် ကုမ္ပဏီသုံးခုယှဉ်ပြိုင်ခဲ့သော်လည်း နောက်ဆုံးကျန်ခဲ့သည့် တရုတ်(တိုင်ပေ)မှ ကုမ္ပဏီမှာ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီမှုမရှိသောကြောင့် ပထမအကြိမ်တင်ဒါကို ဖျက်သိမ်းခဲ့ခြင်းဖြစ်သည်။

ပထမအကြိမ်တင်ဒါကို ဖျက်သိမ်းပြီးနောက် ဒုတိယအကြိမ်အဖြစ် ၂၀၁၅ ခုနှစ် ဩဂုတ်လအတွင်းက တင်ဒါခေါ်ယူခဲ့ရာတွင် တင်ဒါလျှောက်ထားရမည့် နောက်ဆုံးရက်အဖြစ် နိုဝင်ဘာ ၆ ရက်နေ့ဟုသတ်မှတ်ခဲ့သော်လည်း တင်ဒါလျှောက်ထားသူများအနေဖြင့် အဆိုပြုလွှာတင်သွင်းရာတွင် စနစ်တကျရှိစေရန် အဆိုပြုလွှာတင်သွင်းရ မည့်နောက်ဆုံးရက်ကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၆ ရက်အထိ နှစ်လ ထပ်မံတိုးမြှင့်ခဲ့ကြောင်း သိရသည်။

ရန်ကုန်ဘူတာကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းသည် ရန်ကုန်မြို့တော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်၏ အဓိကအရေးပါသော အစိတ်အပိုင်းတစ်ရပ်ဖြစ်သည့်အတွက် ရင်းနှီးတည်ဆောက်လိုသူများအနေဖြင့် ပိုမိုပြည့်စုံသော အဆိုပြုလွှာများ ပြုစုတင်ပြနိုင်ရန်နှင့် မြန်မာ့မီးရထားမှလိုအပ်သော သတင်းအချက်အလက်များ ထပ်မံဖြည့်စွက် ပံ့ပိုးပေးနိုင်ရန် EOI အဆိုပြုလွှာတင် သွင်းရမည့်ကာလကို နှစ်လအထိ တိုးမြှင့်ပေးခြင်းဖြစ်ကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။

အဆိုပါစီမံကိန်းအတွက် ပထမဆုံးအကြိမ်အဖြစ် ၂၀၁၄ ခုနှစ် ဧပြီလ အတွင်းက မြန်မာ၊ မလေးရှား၊အီတလီ၊ ကိုရီးယား၊ ကာတာ၊ ပြင်သစ်၊ တရုတ် (တိုင်ပေ)၊ ဂျပန်၊ တရုတ်၊ စင်ကာပူ၊ ကနေဒါနှင့် ဗီယက်နမ်နိုင်ငံတို့မှ အဆိုပြုလွှာပေါင်း ၃၄ စောင်ပေးပို့ခဲ့ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။ ဟိုတယ်နှင့်စီးပွားရေးလုပ်ငန်းများ၊ဘူတာရုံနှင့်ပတ်သက်သည့်အဆင့်မြှင့်တင်မှုလုပ်ငန်းများ၊ နားနေဆောင်များကိုပါ ထည့်သွင်းရေးဆွဲထားသည့် စီမံကိန်းအရ တင်ဒါအောင်မြင်သည့် ကုမ္ပဏီအနေဖြင့် လက်ရှိ ရန်ကုန်ဘူတာကြီး နယ်မြေဖြစ်သည့် မြေဧရိယာ ၂၅ ဒသမ ၃ ဟက်တာပေါ်တွင်လုပ်ငန်းများ လုပ်ကိုင်ခွင့်ရရှိမည်ဖြစ်သည်။

**AJS**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အကွာရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | တိုယိုတာ(ဝှစ်ရှ်) (၂၀၀၃) | ယာယီ | ၁၆၃ သိန်း | 1.8 စီစီ |
| ၂။ | (ဘယ်လ်တာ)(၂၀၁၀) | ယာယီ | ၁၃၀ သိန်း | 1.3 စီစီ |
| ၃။ | စူဇူကီး (ဆွစ်) (၂၀၀၉) | ယာယီ | ၁၀၅ သိန်း | 1.3 စီစီ |
| ၄။ | ဗီလ်ဒါ (၂၀၀၃) | ယာယီ | ၁၂၅ သိန်း | 1.5 စီစီ |
| ၅။ | အာအေဗီ (၄) (၂၀၀၄) | ယာယီ | ၂၂၀ သိန်း | 1.8 စီစီ |
| ၆။ | စီအာဗီ (၂၀၀၁) | 9H | ၁၉၅ သိန်း | 1.8 စီစီ |
| ၇။ | အာဗီအာ (၂၀၁၁) | 5H | ၂၇၀ သိန်း | 1.8 စီစီ |
| ၈။ | မတ်(ခ်)တူး (၂၀၀၄) | ယာယီ | ၂၁၅ သိန်း | 2.0 စီစီ |
| ၉။ | ခရောင်းဆလွန်း (၂၀၀၅) | ယာယီ | ၃၀၀ သိန်း | 3.0 စီစီ |
| ၁၀။ | အပ်ကား(နှစ် ၂၀) | - | ၆၀ သိန်း | |

# Training Programme on Intellectual Property Rights & WTO Trade Remedies သင်တန်းဖွင့်လှစ်မည်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ Centre for WTO Studies & India နဲ့ EU Trade Development Programme for Myanmar တို့ ပူးပေါင်း၍ Training Programme on Intellectual Property Rights & WTO Trade Remedies သင်တန်းကို နိုဝင်ဘာလ ၂၃ ရက်မှ ၂၅ နေ့ထိ ဖွင့်လှစ်သွားမယ်လို့ သတင်းရရှိပါတယ်။ သင်တန်းကို ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးရုံးခွဲမှာ သင်တန်းဖွင့်လှစ်ပို့ချမှာဖြစ်ပြီး ဝန်ကြီးဌာနများမှ သင်တန်းသား ၄၀ တက်ရောက်ကြမယ်လို့သိရပါတယ်။

တက်ရောက်ကြမယ့် သင်တန်းသားများဟာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ရှေ့နေချုပ်ရုံး၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ အလုပ်သမားအလုပ်အကိုင်နဲ့ လူမှုဖူလုံရေးဝန်ကြီးဌာနနဲ့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကိုယ်စားပြုဝန်ထမ်းများ တက်ရောက်ကြမှာဖြစ်ပါတယ်။

အဆိုပါ သင်တန်းကို WTO သဘောတူညီချက်များအရ ဉာဏပစ္စည်း မူပိုင်ခွင့်ဆိုင်ရာများနဲ့ ကုန်သွယ်မှု အကာအကွယ်ပေးခြင်း ဆိုင်ရာ ဆောင်ရွက်မှုများ၊ အခွင့်အရေးများကို အစိုးရဝန်ထမ်းများ သိရှိနားလည်ပြီး နိုင်ငံရဲ့ IPRs Law Safeguards Law နဲ့ Anti Dumping Law များ ရေးဆွဲရာ မှာ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့တာ ဖြစ်ပါတယ်။

**MIRT**

### ➲ စာမျက်နှာ ၃ – ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် မြန်မာနိုင်ငံဆိုင်ရာ . . . မှ အဆက်

သည့်အချိန်တွင် ကျင်းပပြုလုပ်ရန် စီစဉ်ထားပါကြောင်း၊ မိမိတို့ဝန်ကြီးဌာန မှ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ၊ နယ်စပ်ဈေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်လုပ်ကိုင်သွားမည် ဖြစ်ပါကြောင်း၊ ယခု ကျင်းပပြုလုပ်မည့်ပွဲတွင် နယ်စပ်ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပူးတွဲဖိုရမ်အား ပူးတွဲဆောင်ရွက်မည်ဖြစ်သောကြောင့် မိမိအနေဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်သောဌာနနှင့်လည်း အတူတကွ ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးကလည်း မိမိတို့အနေဖြင့် ဒုတိယအကြိမ် အိန္ဒိယမြန်မာကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုပူးတွဲဖိုရမ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုပြပွဲ၊ အိန္ဒိယနိုင်ငံနှင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နိုင်ငံများအကြား ဆွေးနွေးပွဲကို အိန္ဒိယနိုင်ငံ ချင်နိုင်းတွင် ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် တစ်ပြိုင်တည်း ကျင်းပပြုလုပ်သွားမည် ဖြစ်ပါကြောင်း၊ အဆိုပါပွဲများအား တစ်ပြိုင်တည်း ကျင်းပပြုလုပ်ခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်မည့်သူများမှ မိမိတို့၏ ပူးပေါင်းဆောင်ရွက်မှုအပေါ် ယုံကြည်မှုရရှိမှုများ ပိုမိုအားကောင်းလာမည်ဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများလည်း ပိုမိုမြင့်တင် လုပ်ကိုင်နိုင်မည်ဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဌာနနှင့် ဆွေးနွေးဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် နှစ်နိုင်ငံဆက်ဆံရေးလုပ်ငန်းများ၊ ကုန်သွယ်ရေးလုပ်ငန်းများကို ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အပြန်အလှန်ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားများသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

### ➲ စာမျက်နှာ ၃– စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး . . . မှ အဆက်

ထို့နောက် ပြည်ထောင်စုဝန်ကြီးဦးဝင်းမြင့်က ဘုရားကြီးတောရကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဓမ္မပါလထံသို့ ကထိန်လျှာဉာတ်သင်္ကန်းအားလည်းကောင်း၊ ဒုတိယဝန်ကြီးဒေါက်တာပွင့်ဆန်းက သဒ္ဒမ္မပါလကျောင်းတိုက်ဆရာတော် ဦးဉာဏနှင့် မြို့သစ်ကျောင်းတိုက်ဆရာတော် ဦးခေမာထံသို့ ကထိန်လျှာဉာတ်သင်္ကန်းအားလည်းကောင်း၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာ အကြီးအကဲများက ကထိန်သင်္ကန်းများအား အသီးသီးဆက်ကပ်လှူဒါန်း ကြသည်။

ဆက်လက်၍ လှူဒါန်းမှုအစုစုအတွက် ရေစက် သွန်းချအမျှပေးဝေကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုသုံး ကြိမ်ရွတ်ဆိုပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆရာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ယနေ့ ဒသမအကြိမ်မြောက် စုပေါင်းကထိန် သင်္ကန်းဆက်ကပ်လှူဒါန်းမှု၌ လှူဖွယ်ဝတ္ထုအစုစု၏ တန်ဖိုးမှာ ၁၆၉၂၁၂၇၀ ကျပ်ဖြစ်ကြောင်း သတင်းရရှိသည်။

# စစ်ကိုင်းတိုင်းဒေသကြီးတွင် ဝန်ထမ်းများစွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်း Mobile Training ဖွင့်လှစ်

ဝန်ထမ်းများစွမ်းဆောင်ရည်မြှင့်တင်ရန် ရည်ရွယ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ မုံရွာမြို့၊ တိုင်းဒေသကြီးဦးစီးမှူးရုံး သင်တန်းခန်းမမှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်မှ ဦးဆောင်ပြီး ဝန်ထမ်းများစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း Mobile Training ကို ၂၀၁၅ခုနှစ်၊ နိုဝင်ဘာလ ၁၈ရက်နေ့မှ ၂၀ရက်နေ့ထိသုံးရက်ကြာဖွင့်လှစ်ခဲ့ရာ ကုန်သွယ်မှုမြှင့် တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဝန်ထမ်းများ၊ ကလေး၊ ကသာ၊ စစ်ကိုင်း၊ ရွှေဘို၊ ယင်းမာပင်၊ ကန့်ဘလူခရိုင်များမှ ဝန်ထမ်းများ စုစုပေါင်း ၇၀ ဦး တက်ရောက်ခဲ့ပါတယ်။

အဆိုပါသင်တန်းတွင် ကုန်သွယ်ရေးဦးစီးဌာန၊ နေပြည်တော်နှင့် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ နေပြည်တော်မှညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက် ညွှန်ကြားရေးမှူးများ၊ ဦးစီးအရာရှိများက သင်တန်းနည်းပြများအဖြစ်ဆောင်ရွက်ပြီး၊ ပြည်တွင်း/ ပြည်ပကုန်စည်ပြပွဲ ဆိုင်ရာအကြောင်းအရာ များ၊ MYANTRADE Project အကြောင်း သိကောင်း စရာများ၊ Quality Management၊ SMEs Development၊ စီမံကိန်းရေးဆွဲခြင်းနှင့် စာရင်းဇယားများပြုစုရေးဆွဲခြင်း၊ စားသုံးသူအကာအကွယ်ပေးရေးအကြောင်းသိကောင်းစရာများ၊ ထုတ်ကုန်လုံခြုံမှုဆိုင်ရာအကြောင်း သိကောင်း စရာများ၊ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်း များ၊ ITC ကဒ်ဖြင့် ပို့ကုန်သွင်းကုန် ဆောင်ရွက်ခြင်းနှင့် လုပ်ထုံး လုပ်နည်းများ၊ ပို့ကုန်သွင်းကုန် လုပ်ထုံးလုပ်နည်းနှင့် ကုန်သွယ်မှု ဆိုင်ရာ ဖြေလျှော့မှုများ၊ ကုန်သွယ်မှုဆိုင်ရာဥပဒေများအကြောင်း၊ ပြည်တွင်း ကုန်သွယ်မှုမြှင့်တင်ရေး ဆောင်ရွက်ချက်များအကြောင်း၊ ငွေစာရင်းဌာနနဲ့ စီမံရေးရာဌာနခွဲများ၏ လုပ်ထုံးလုပ်နည်း ဘာသာရပ်များကို သင် ကြားပို့ချခဲ့ပါတယ်။

သင်တန်း၏ နောက်ဆုံးနေ့ ညနေပိုင်းတွင် သင်တန်းသား ၇၀ ဦးအား အုပ်စုလေးစုဖွဲ့ကာ မြန်မာ့ထုတ်ကုန် များ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ကုန်သွယ်မှုမြှင့်တင်ရေးအတွက် ရှေ့ဆက်လက် ဆောင်ရွက်ရမည့်လုပ်ငန်း များ၊ မြန်မာ့ပို့ကုန်များ နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်ရေး၊ စားသုံးသူ အကာအကွယ်ပေးရေး ရှေ့ဆက် ဆောင်ရွက်ရမည့် လုပ်ငန်းများ ခေါင်းစဉ်လေးမျိုးဖြင့် ကုန်သွယ်မှု မြှင့် တင်ရေး လုပ်ငန်းများဆောင်ရွက်ရန် နည်းလမ်းများအား သင်တန်းသားများက မိမိတို့၏လုပ်ငန်းအတွေ့အကြုံများကို သင်တန်းမှ စာတွေ့သဘောတရားများနှင့်ပေါင်းစပ်ကာ တင်ပြဆွေးနွေးခြင်းများကို နည်းပြများမှ လိုအပ်သည်များ ထပ်မံဖြည့်စွက်ပြောကြားသဖြင့် ကုန်သွယ်မှုမြှင့်တင်ရန်နည်းလမ်းများကို တွေးတောကြံဆ နည်းလမ်းရှာဖွေခဲ့ကြကြောင်း သတင်းရရှိပါတယ်။

**သန်းသန်းတင်-မုံရွာ**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့<br>Fax:01-254023,<br>Ph:01-250270,254019<br>email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့<br>Fax : 053-28220,<br>Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့<br>Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့<br>Fax : 042-21811,<br>Ph: 042-24520,24522<br>email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့<br>Fax : 02-36340,<br>Ph: 02-36342,36339<br>email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့<br>Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့<br>Fax : 063-23199,<br>Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့<br>Fax:081-2121093,Ph:081-2121627<br>email:m.myintmaungmaung@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့<br>Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့<br>Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့<br>Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့<br>Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့<br>Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့<br>Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့<br>Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့<br>Fax : 071-23630,<br>Ph:071-23630,22924 |


## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
## ၂၃-၁၁-၂၀၁၅ မှ ၂၉-၁၁-၂၀၁၅ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** စီးပွားရေးကောင်းမွန်လာပြီး ဝင်ငွေသင့်တင့်မှုရှိနေမည်။ လျှပ်စစ်ပစ္စည်းများရောင်းဝယ်ခြင်း၊ ဖယောင်းတိုင်လုပ်ငန်း တွင်ကျယ်ခြင်းရှိနေတတ်ပါသည်။ ပညာရေးတွင် အောင်မြင်မှုရရှိနေတတ်ပါသည်။ ကျန်းမာရေးတွင် အပူကြောင့်ဖြစ်သော ဝေဒနာခံစားရတတ်ပါသည်။ အချစ်ရေးတွင် မိမိအပေါ် ကြင်နာယုယသူနှင့်တွေ့ရတတ်ပါသည်။ အိမ်ထောင်ရေးတွင် သားသမီးကို အဓိကဦးစားပေးနေရတတ်ပါသည်။

**ယတြာ။ ။သလဲသီးဆွမ်းကပ်လှူပါ- လိုရာဆုတောင်းပါ။**




**တနင်္လာသားသမီးများအတွက်** ရင်းနှီးမြှုပ်နှံမှုငွေကြေးနည်းပါးစွာဖြင့် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် အောင်မြင်မှုများ ရရှိနေလိမ့်မည်။ ဂျုံထွက်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်း များ အကျိုးပေးအားကောင်းနေမည်။ ကျန်းမာရေးအနေဖြင့် ဦးခေါင်းခြေလက်တို့တွင် ထိခိုက်ဒဏ်ရာရရှိတတ်သည် ။ အချစ်ရေးတွင် ခင်မင်ရင်းနှီးနေသော အပေါင်းအသင်းများထဲမှချစ်သူကြင်ဖက်ဖြစ်ရတတ်သည်။ အိမ်ထောင်ဖက်အပေါ် မိမိဩဇာလွှမ်းမိုးလိမ့်မည်။

**ယတြာ။ ။သီဟိုဠ်စေ့ဆွမ်းကပ်ပါ။**



**အင်္ဂါသားသမီးများအတွက်** လုပ်ငန်းများကို လုပ်ကိုင်ဆောင် ရွက်ရာတွင် အထူးကြိုးစားဆောင်ရွက်နေရတတ်သည်။ မီးဖိုဆောင်သုံးပစ္စည်းများ၊ အကျိုးဆောင်လုပ်ငန်းများ၊ အနုပညာပစ္စည်းများ အောင်မြင်မှုရရှိနေတတ်ပါသည်။ ချစ်သူ၏ဆန္ဒကြောင့် မြန်မြန်ဆန်ဆန် လက်ထပ်ရတတ်သည်။ ပညာရေးတွင် အနည်းငယ်အနှောင့်အယှက်ဖြစ်နေရတတ်သည်။ ကျန်းမာရေးအနေဖြင့် သွားဖုံးရောင်ရောဂါ သွေးကြောရောင်ရောဂါ ဖြစ်တတ်ခြင်းရှိမည်။

**ယတြာ။ ။ နှင်းသီးလှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** ဆရာသမားများ၏ အကြံဉာဏ်များ အကူအညီအထောက်အပံ့များကို ရယူ၍စီးပွားရေးလုပ်ငန်းများကိုလုပ်ကိုင်ဆောင်ရွက်ရာတွင် လေလွင့်ပျက်စီးမှုအနည်းငယ်ရှိ နေတတ်သော်လည်း ဆုံးရှုံးမှုမရှိနိုင်ပါ။ လယ်ယာထွက်ကုန်ပစ္စည်းများ၊ လယ်ယာသုံးပစ္စည်းများ အကျိုးရှိလာနိုင်ပါသည်။ အချစ်ရေးနှင့် အိမ်ထောင်ရေးတွင်လည်း အခြေအနေနှင့်အချိန်အခါကို သုံးသပ်၍အကောင်အထည်ဖော်ဆောင်ရွက်နိုင်စွမ်းရှိနေ တတ်ပါသည်။

**ယတြာ။ ။စပျစ်သီးအပေါင်းအသင်းကိုကျွေးပါ။**




**ကြာသပတေးသားသမီးများအတွက်** မည်သည့်လုပ်ငန်းမဆို အောင်မြင်အောင်ကြိုးစားလုပ်ကိုင်နေတတ်သည်။ ရင်းနှီးမြှုပ်နှံမှုငွေကြေးအတိုင်းအတာနှင့် လုပ်ကိုင်နိုင်သည့် စွမ်းရည်အောင်မြင်အောင်ပြုလုပ်တတ်ပါသည်။ ခရီးသွားပို့ဆောင်ရေးလုပ်ငန်း၊ မြေတူး လုပ်ငန်းများ၊ မြေတူးစက်ရောင်းဝယ်ရေးလုပ်ငန်းများ အကျိုးပေးပါသည်။ ချစ်သူထံမှဝမ်းသာသတင်းကြားရမည်။ ကျန်းမာရေးတွင် ဦးခေါင်းကိုက်ခြင်း၊ ဇက်ကြောတက်ခြင်း ဝေဒနာခံစားရတတ်ပါသည်။

**ယတြာ။ ။ဩဇာသီးလှူပါ။**



**သောကြာသားသမီးများအတွက်** လုပ်ကိုင်ရာတွင် အောင်မြင် တိုးတက်သောလုပ်ငန်းများနှင့်အမြတ်အစွန်းများစွာရခြင်းတို့ ရှိနေတတ်ပါသည်။ ဆက်သွယ်ရေးပစ္စည်းများ၊ အလှကုန်ပစ္စည်း များနှင့်ဓာတ်သတ္တုရှာဖွေရေးလုပ်ငန်းများ အကျိုးပေးပါသည်။ ဝင်ငွေအားကောင်းနေတတ်ပါသည်။ အချစ်ရေးတွင် အထင်လွဲမှားမှု ကြုံရတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် အစားအသောက် မှားယွင်းမှုကြောင့်ဖြစ်သော အစာအဆိပ်သင့်ခြင်းရောဂါဝေဒနာ ခံစားရတတ်ပါသည်။

**ယတြာ။ ။ ဘုရားတွင် သစ်တော်သီးလှူပါ။**



**စနေသားသမီးများအတွက်** လုပ်ငန်းနှစ်မျိုး၊ သုံးမျိုးလုပ်ရန် ရည်ရွယ်ထားသော်လည်း ငွေကြေးအတိုင်းအတာနှင့်လုပ်ကိုင်နေရတတ်သည်။ ဆောက်လုပ်ရေးပစ္စည်းများ ရောင်းဝယ်ခြင်း၊ ဆောက်လုပ်ရေး လုပ်ငန်းများ လုပ်ကိုင်ခြင်းဖြင့် စီးပွားဖြစ်ထွန်းနေမည့်ကာလဖြစ်နေတတ်ပါသည်။ ဝန်ထမ်းလုပ်ငန်း၊ ဆက်သွယ်ရေးလုပ်ငန်းများအကျိုးပေးပါသည်။ ကျန်းမာရေးအနေဖြင့် ထူးထူးခြားခြားရောဂါများ မဖြစ်ပေါ်တတ်သော်လည်း ဝမ်းချုပ်၊ ဆီးချုပ်၊ အပူကြီးသော ဖျားနာခြင်းသတိရှိသင့်ပါသည်။ အချစ်ရေးကံကောင်းနေတတ်ပါသည်။

**ယတြာ။ ။ စတော်ဘယ်ရီသီးဖျော်ရည်လှူပါ။**

# မကွေးပွဲတော်တွင် တောင်သူသုံးပစ္စည်းများရောင်းအားကောင်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ မြစ်ခြေအုပ်စု၊ သိမ်တော်ရပ်ကွက်မှ ဝါး၊ ကြိမ်၊ ထန်းလျှော်များကို အခြေခံ၍ မြန်မာ့လက်မှုပညာဖြင့် ပြုလုပ်သော ဆန်ကော၊ ဆန်ခါ၊ တင်းတောင်းများနှင့် တောင်သူသုံးပစ္စည်းများ မကွေးမြသလွန်ပွဲတော်တွင်နှစ်စဉ် ရောင်းချနေသော်လည်း ယခုနှစ်တွင် ယခင်နှစ်များနှင့်မတူဘဲ လက်မလည်အောင် ရောင်းချခဲ့ရသည်ဟု ယင်းပစ္စည်းများကို ရောင်းချနေတဲ့ ကုန်သည်တစ်ဦးက ပြောသည်။

"ဒီပစ္စည်းတွေကို မိရိုးဖလာအစဉ်အဆက်လုပ်ကြတာ လုပ်ငန်းရှင်များက ကုန်ကြမ်းဝယ်ပေးတယ်။ လက်မှုပညာရှင်တွေက ထုတ်လုပ်ကြတယ်။ ဝါး၊ ကြိမ်၊ ထန်းလျှော်တွေက အဓိကကုန်ကြမ်းပေါ့၊ ဒီပွဲတော်မှာက ဆန်ကော၊ ဆန်ကာနဲ့ တင်းတောင်းတွေ အများဆုံးရောင်းရတယ်။ ကျေးလက်ကအဝယ်များတယ်။ တစ်တင်းဝင်တင်းတောင်းက ကျပ် ၃၅၀၀-၄၅၀၀-၅၅၀၀ ရှိတယ်။ တစ်ခွဲဝင် တင်းတောင်းက ကျပ် ၂၀၀၀-၂၅၀၀-၃၀၀၀၊ တစ်စိတ်ဝင်က ကျပ် ၁၅၀၀-၂၀၀၀-၁၈၀၀ ဆန်ကောအကြမ်းက ကျပ် ၈၀၀၊ အချောက ကျပ် ၁၅၀၀၊ ကြိမ်နဲ့ ကွပ်ထားတဲ့ "ဘန်း" (အချော)က ကျပ် ၂၀၀၀၊ ထမင်းစားအုပ်ဆောင်း(အချော) ကျပ် ၃၅၀၀၊ (အကြမ်း) ကျပ် ၁၅၀၀၊ ထန်းလျှော်တောင်း လေးမျိုးတစ်စုံ ကျပ် ၇၅၀၀-၆၅၀၀-၆၀၀၀၊ နှီးနဲ့ယက်ထားတဲ့ချိန်ခွင်(အကြီး) ကျပ် ၁၀၀၀၊ (အလတ်) ကျပ် ၈၀၀၊ ကလေးကစားစရာ ချိန်ခွင်လေးတွေက ကျပ် ၅၀၀-၃၀၀၊ တံမြက်စည်းတစ်ချောင်း ကျပ် ၁၀၀၀-၁၂၀၀ ရှိတယ်။

ယခင်ကဆို ကျွန်တော်တို့ဟာ တန်ဆောင်မုန်းလပြည့်ကျော် အထိရောင်းကြတယ်။ ဒီနှစ်တော့ပွဲတော်စောစောသိမ်းမယ်လို့ကြားထားတဲ့အတွက် ဈေးဝယ်သူတွေဟာ နောက်ပိုင်းမရမှာစိုး လို့ စောစောလာဝယ်ကြတယ်။ နေ့ရောညရော ကြိတ်ကြိတ်တိုးစည်နေသလို ဈေးသည်တွေလည်း အရောင်းသွက်နေတယ်။ ကျွန်တော်တို့ဆိုရင် လေးယောက်ရောင်းတာလက်မလည်ဘူး၊ ဒီကပြီးရင် မြင်ကွန်းပွဲတော်၊ မိကျောင်းရဲ၊ မလွန်၊ ဆင်ပေါင်ဝဲပွဲတော်တွေကို ဆက်ကူးရမယ်။ နောက်ထပ်ပစ္စည်းတွေထပ်မှာထားတယ်။ မြသလွန်ဘုရားပွဲတော် သိမ်းတဲ့အခါ ဘုရားကြီး ရွှေသင်္ကန်းကပ်ဖို့ဈေးသည်တွေစုပေါင်းပြီး အလှူငွေထည့်ကြပါတယ်" ဟု ၎င်းကပြောပြပါသည်။

**နေလင်းသူရိန်**

# တောင်သူများ သီးနှံစိုက်ပျိုးချိန် မျိုးစျေးကြီးမြင့်

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်မှာ ယာမြေဧက ၉ ဒသမ ၈ သိန်းကျော်ရှိပြီး ပဲမျိုးစုံနဲ့ ဆီထွက်သီးနှံစိုက်ပျိုးဧက ၆ ဒသမ ၇သိန်းကျော်ရှိပါတယ်။ ယာသီးနှံသာ အဓိကထားစိုက်ပျိုးတဲ့တောင်သူများက ပြည်ပဈေးကွက်ဝင် နှမ်းဆင်းရတနာ (၃) ခေါ် နှမ်းနက်မျိုးများ အဓိကထားစိုက်ပျိုးပေမယ့် အောက်တိုဘာလတွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဖြစ်ထွန်းမှုနည်းပြီး အပျက်အစီးများခဲ့ပါတယ်။ နှမ်းနက်မျိုးရဲ့သဘာဝက မိုးခေါင်ဒဏ်ခံနိုင်တဲ့မျိုးဖြစ်သဖြင့် မိုးများရင် ဖြစ်ထွန်းမှု နည်းနိုင်ပါတယ်။

တောင်သူများဟာ ပျက်စီးတဲ့ယာမြေများမှာ ကုလားပဲ၊ နေကြာ၊ ဆောင်းမြေပဲ၊ ဂျုံ စတဲ့သီးနှံများ အချိန်မီအစားထိုးစိုက်ပျိုးလျက်ရှိပါတယ်။ နေကြာစေ့ကို စိုက်ပျိုးရေးမှ ထုတ်လုပ်ရောင်းချတဲ့ စပ်မျိုးနေကြာ တစ်ဧကစာ ၃ ပြည်ထုပ်တစ်ထုပ်ကို ၁၃၅၀၀ ကျပ်ပေးရပြီး၊ အထွက်နှုန်းကောင်းတဲ့အပြင် ဆီကြိတ်ရာမှာလည်း ရိုးရိုးနေကြာ တစ်တင်းကြိတ်ရင် ၃ ဒသမ ၅ ပိဿာရရှိပြီး စပ်မျိုးနေကြာမှာ ၅ ဒသမ ၄ ပိဿာရရှိကြောင်း တောင်သူများ၏ပြောပြချက်အရ သိရှိရပါတယ်။

တောင်သူများ ဆောင်းသီးနှံစိုက်ပျိုးချိန်မှာ မျိုးစေ့ဈေးနှုန်းကြီးမြင့်နေကြောင်း၊ တောင်သူများက ပြောပြပါတယ်။ ယခုလက်ရှိ မျိုးစေ့ဈေးနှုန်းများမှာတော့ နှမ်းနက်တစ်တင်း ၈၀၀၀၀ ကျပ်မှ ၈၅၀၀၀ ကျပ်၊ ကုလားပဲ တစ်တင်း ၄၀၀၀၀ ကျပ်၊ ပဲစင်းငုံ တစ်တင်း ၅၁၀၀၀ ကျပ်၊ မတ်ပဲ တစ်တင်း ၇၀၀၀၀ ကျပ်နဲ့ ပဲတီစိမ်း ၅၀၀၀၀ ကျပ်၊ မြေပဲဆန် တစ်တင်း ၅၀၀၀၀ ကျပ်၊ နှမ်းဖြူ တစ်တင်း ၃၅၀၀၀ ကျပ်ရှိကြောင်း သိရပါတယ်။

**သန်းပို-ယင်းမာပင်**

# ပွင့်လင်းရာသီဈေးကွက်တွင် ပြည်ပပို့ကုန် ပုသိမ်ထီး အရောင်းအဝယ်သွက်

ဧရာဝတီတိုင်းဒေသကြီး ပြည်ပပို့ကုန်များတွင် တစ်ခုအပါအဝင်ဖြစ်တဲ့ မြန်မာ့လက်မှုရိုးရာ ပုသိမ်ထီးမှာ ယခုပွင့်လင်းရာသီတွင် အရောင်းအဝယ်သွက်လျက်ရှိကြောင်း၊ ပြည်တွင်းပြည်ပဈေးကွက် ခိုင်မာစွာရရှိထားသော ပုသိမ်ထီးများကို ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ ပုဂံညောင်ဦး၊ တောင်ကြီး၊ အင်းလေး၊ မော်လမြိုင်မြို့များရှိ ဟိုတယ်များတွင်အသုံးပြုရန် ဝယ်ယူလျက်ရှိပြီး၊ ငွေဆောင်၊ ချောင်းသာ၊ ငပလီ စသည့် ကမ်းခြေဒေသများတို့မှလည်း အမှာစာများရရှိထားကြောင်း ဈေးကွက်မှသိရပါတယ်။

ပုသိမ်ထီးဈေးကွက်မှာ အာရှမှ ဝယ်ယူသူများရှိသလို ဥရောပဈေးကွက်တွင် ပို၍လူကြိုက်များကြောင်း၊ ချောင်းသာ၊ ငွေဆောင်ကမ်းခြေသို့ လာရောက်လည်ပတ်တဲ့ နိုင်ငံခြားခရီးသွားများနဲ့ သီးသန့်လာရောက် လေ့လာဝယ်ယူတဲ့ ပြည်ပနိုင်ငံသားများလည်းရှိကြောင်း၊ ပုသိမ်ထီးပြုလုပ်ရာတွင် ဒေသထွက်ကုန် သစ်၊ ထီးရိုးဝါး၊ သရက်ူဝါး၊ တယ်သီး၊ ဖဲဖျင်၊ ပိတ်စများ အဓိကအသုံးပြုရပြီး ထီးဆိုက်မှာ အသေးလေးလက်မမှ ၂၀ လက်မအတွင်းနဲ့ ဆိုက်ကြီး လေးပေမှ ၁၀ ပေ၊ ၁၂ ပေအထိရှိကြောင်း၊ ထီးကိုအလှဆင်ရာတွင် ရှေးရိုးရာမပျက် ကနုတ်ပန်း ပန်းချီဖြင့် အလှဆင်ပြီး၊ ကနုတ်ပန်း ပန်းချီဒီဇိုင်းအမျိုးအစား ၁၀၀ ကျော်ခန့် ရေးဆွဲလျက် ရှေးခေတ်ရိုးရာမပျက်ရေးဆွဲထားပြီး ထီးတစ်ခုလုံးကို လက်ဖြင့်သာပြုလုပ်ရသောကြောင့် လက်မှုအနုပညာတစ်ခုအဖြစ် ပြည်ပနိုင်ငံများမှ စိတ်ဝင်တစားဝယ်ယူကြိုက်နှစ်သက်မှုရှိကြောင်း ပုသိမ်မြို့တောရကျောင်းလမ်း ရွှေစာထီးလုပ်ငန်းရှင် ဦးမင်းနိုင်ကပြောပါတယ်။

လက်ရှိ ရန်ကုန်မြို့ Frangi Pani ကုမ္ပဏီမှတစ်ဆင့် ဂျာမနီနိုင်ငံ ဟမ်းဘတ်သို့တင်ပို့ရန် ပုသိမ်ထီး အကြီးအသေးဆိုက်စုံ အလက်ရေ လေးငါးရာခန့် ဝယ်ယူရန် အမှာစာရရှိထားကြောင်း ၎င်းကဆက်လက် ပြောကြားပါတယ်

**မင်းမင်းဦး-ပုသိမ်**

# တရုတ်နယ်စပ်တွင် မြန်မာဖရဲများ ဈေးကောင်းရ

ဖရဲသီးစပေါ်ချိန်ဟာ စက်တင်ဘာလဖြစ်ပြီး ဧပြီလတွင် ဖရဲရာသီကုန်ဆုံးကြောင်း၊ ဖရဲရာသီအစ စက်တင်ဘာလမှ လက်ရှိအချိန်ထိ တရုတ်နိုင်ငံသို့ ဖရဲတန်ချိန် နှစ်သောင်းကျော်ခန့်တင်ပို့ခဲ့ပြီးဖြစ်ကြောင်း မူဆယ် သစ်သီးဝလံကုန်စည်ဒိုင်မှ သိရပါတယ်။

နိုဝင်ဘာလ ဒုတိယပတ်မှာတော့ မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၄၉၀ သန်းတန်ဖိုးရှိ ဖရဲသီးတန်ချိန် ၄၈၅၀ တင်ပို့ခဲ့ပါတယ်။ မကွေးတိုင်းဒေသကြီး ဆိပ်ဖြူဒေသထွက် ထိုင်ဝမ်ဖရဲများကို တရုတ်နိုင်ငံမှ ဝယ်ယူနေမှုကြောင့် ဈေးကောင်းရရှိနေကြတယ်၊ ထိုင်ဝမ်ဖရဲဟာ အရင်းအနှီး ကြီးပေမယ့် ဒေသမျိုးများထက် အမြတ်ပိုကျန်တာကြောင့် မိုးရာသီနဲ့ ဆောင်းရာသီတွင် စီးပွားဖြစ်စိုက်ပျိုးကြတယ်၊ ယခုအခါ မူဆယ်ဖရဲဈေးကွက်တွင် ဖရဲ တစ်တန်လျှင် ယွမ် ၂၀၀၀ ကျော် ရောင်းချနေကြရတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## မြို့ကြီးများ၏ ၂၃-၁၁-၂၀၁၅ မှ ၂၇-၁၁-၂၀၁၅ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၂၃-၁၁-၂၀၁၅) | အင်္ဂါ(၂၄-၁၁-၂၀၁၅) | ဗုဒ္ဓဟူး(၂၅-၁၁-၂၀၁၅) | ကြာသပတေး(၂၆-၁၁-၂၀၁၅) | သောကြာ(၂၇-၁၁-၂၀၁၅) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၃၃°C/၉၂°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၂°C/၉၀°F |
| ရန်ကုန်မြို့ | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၂°C/၉၀°F |
| မန္တလေးမြို့ | နေသာ ၃၂°C/၈၉°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၇°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၈၉°F |
| မြစ်ကြီးနား | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၅°F |
| လားရှိုး | နေသာ ၂၆°C/၇၉°F | နေသာ ၂၅°C/၇၇°F | နေသာ ၂၅°C/၇၇°F | နေသာ ၂၅°C/၇၇°F | တိမ်အသင့်အတင့် ၂၄°C/၇၅°F |
| ကျိုင်းတုံ | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၈°C/၈၃°F | ၆၀% ၂၄°C/၇၅°F |
| လွိုင်ကော် | နေသာ ၂၈°C/၈၃°F | နေသာ ၂၇°C/၈၁°F | နေသာ ၂၇°C/၈၁°F | နေသာ ၂၇°C/၈၁°F | တိမ်အသင့်အတင့် ၂၆°C/၇၉°F |
| တောင်ကြီး | နေသာ ၂၃°C/၇၄°F | နေသာ ၂၃°C/၇၄°F | နေသာ ၂၃°C/၇၃°F | နေသာ ၂၃°C/၇၃°F | နေသာ ၂၃°C/၇၃°F |
| မော်လမြိုင် | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၃°C/၉၂°F |
| ဘားအံ | နေသာ ၃၅°C/၉၅°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၄°C/၉၃°F |
| တောင်ငူ | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F |
| မုံရွာ | နေသာ ၃၁°C/၈၇°F | နေသာ ၃၁°C/၈၇°F | နေသာ ၃၁°C/၈၇°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၈°F |
| ပုသိမ် | နေသာ ၃၄°C/၉၃°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F |
| မြိတ် | နေသာ ၃၅°C/၉၅°F | နေသာ ၃၆°C/၉၆°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၂°C/၉၀°F |
| စစ်တွေ | နေသာ ၃၁°C/၈၇°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၇°F | နေသာ ၃၀°C/၈၆°F |
| မကွေး | နေသာ ၃၃°C/၉၂°F | ၃၀% ၃၂°C/၉၀°F | ၆၀% ၃၂°C/၉၀°F | ၆၀% ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F |
| ဖလမ်း | တိမ်အသင့်အတင့် ၂၁°C/၇၀°F | တိမ်အသင့်အတင့် ၂၁°C/၇၀°F | နေသာ ၂၀°C/၇၀°F | နေသာ ၂၁°C/၆၉°F | နေသာ ၂၀°C/၆၈°F |

## တရုတ်နိုင်ငံတောင်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်း၍ မြေပြိုကျမှုများဖြစ်ပွား၊ မြောက်ပိုင်းတွင် နှင်းမုန်တိုင်းများ တိုက်ခတ်

တရုတ်နိုင်ငံတောင်ပိုင်းတွင် နေ့စဉ်ရက်ဆက် မိုးသည်းထန်စွာရွာသွန်းသဖြင့် မြေပြိုကျမှုများဖြစ်ပွားခဲ့ရာ လူပေါင်း ၃၈ ဦးသေဆုံးခဲ့ရပြီး ပျောက်ဆုံးနေသူများလည်း ရှိနေကြောင်း ဆင်ဟွာသတင်းဌာနက ထုတ်ပြန်ကြေညာခဲ့သည်။ ထို့အတူ မြောက်ပိုင်းဒေသများတွင်လည်း နှင်းမုန်တိုင်းများ တိုက်ခတ်လျက်ရှိပြီး နှင်းများထူထပ်စွာကျရောက်လျက်ရှိကြောင်း အဆိုပါသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

တရုတ်နိုင်ငံတောင်ပိုင်းရှိ ရှီကျန်းပြည်နယ်၊ လီတုန်းမြို့တွင် လေးရက်ဆက်တိုက် မိုးသည်းထန်စွာ ရွာသွန်းခဲ့ရာ သုံးရက်မြောက်နေ့တွင် မြေပြိုကျမှုများဖြစ်ပွားခဲ့ရခြင်းဖြစ်သည်။ ရွှံ့နွံများနှင့်အတူ ကျောက်တုံး၊ ကျောက်ခဲများကြားတွင် ပိတ်မိနေသူများအား ကယ်ဆယ်နိုင်ရေးအတွက် ကြိုးစားလုပ်ဆောင်ခဲ့ကြသော်လည်း မိုးသည်းထန်စွာရွာသွန်းနေသဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများမှာ အရာမထင်ခဲ့ကြောင်း၊ ထို့ကြောင့် သေဆုံးသူအရေအတွက် မြင့်တက်လာနိုင်ဖွယ်ရာရှိကြောင်းဖြင့် ရှီကျန်းပြည်နယ်အုပ်ချုပ်ရေးမှူးက ပြောကြားခဲ့သည်။

အဆိုပါ မြေပြိုကျသည့်နေရာတွင် လူပေါင်း ၃၀၀ ကျော် နေထိုင်ကြကြောင်း၊ ထိုနေရာရှိ နေအိမ် ၂၇ လုံးမှာ ရွှံ့များ၊ ကျောက်တုံးများအောက်သို့ ရောက်ရှိသွားကြောင်း၊ ယနေ့အထိ လူ ပေါင်း ၃၈ ဦး၏ရုပ်အလောင်းများကို ရှာဖွေတွေ့ရှိထားပြီး ရွှံ့နွံများအောက်တွင် ကျန်ရှိနေသောသူများကိုလည်း ဆက်လက်ရှာဖွေလျက်ရှိကြောင်းဖြင့် ၎င်းကထပ်မံပြောကြားခဲ့သည်။

အသက်ရှင် ကျန်ရစ်သူများအတွက် ပြည်သူများ၏ လှူဒါန်းငွေစုစုပေါင်း အမေရိကန်ဒေါ်လာ ၆၆၃၀၀၀ ကို လက်ခံရရှိထားကြောင်း သိရသည်။

ထို့အတူ မြောက်ပိုင်းဒေသများရှိ ရှင်ကျန်းပြည်နယ်၊ အူဂါလူမျိုးစုအုပ်ချုပ်ခွင့်ရ ဒေသများတွင် နှင်းမုန်တိုင်းများ တိုက်ခတ်လျက်ရှိပြီး တချို့နေရာများတွင် ရှေ့မြင်ကွင်းကို လုံးဝမမြင်ရသည်အထိ ဖြစ်ပေါ်နေကြောင်း ရှင်ကျန်းပြည်နယ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ မိုးလေဝသဌာန၏ ခန့်မှန်းချက်များအရ ဟူနန်ပြည်နယ် တောင်ပိုင်းဒေသများတွင်လည်း မိုးသည်းထန်စွာ ရွာသွန်းနိုင်ကြောင်း သိရသည်။

**မယ်သီတာ**



## တမီလ်နာဒူးပြည်နယ်တွင် မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းနေမှုကြောင့် ရေလွှမ်းမိုးမှုများဖြစ်ပွားကာ လူပေါင်း ၇၁ ဦး သေဆုံး

အိန္ဒိယနိုင်ငံ တမီလ်နာဒူးပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းလျက်ရှိသဖြင့် ရေလွှမ်းမိုးမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိရာ လူပေါင်း ၇၁ ဦးသေဆုံးခဲ့ကြောင်း၊ သေဆုံးသူဦးရေမှာ ဆက်လက်မြင့်တက်လာနိုင်ကြောင်းဖြင့် အိန္ဒိယသတင်းစာတစ်စောင်တွင် ဖော်ပြထားသည်။

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း ဖြစ်ပေါ်ခဲ့သည့်မုန်တိုင်းငယ်ကြောင့် မိုးရွာသွန်းခဲ့သော်လည်း အဆိုပါမိုးသည် ရပ်တန့်သွားခြင်းမရှိဘဲ ဆက်လက်ရွာသွန်းခဲ့ခြင်းဖြစ်ကြောင်း၊ ယခုတစ်ပတ်အတွင်းတွင်မူ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုများကြောင့် ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ရခြင်းဖြစ်ကြောင်း၊ ရေလွှမ်းမိုးမှုများ လယ်ကွင်းများ၊ စိုက်ခင်းများတွင် ဖြစ်ပေါ်ခဲ့သဖြင့် လယ်သမားများအခက်တွေ့နေကြကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံတောင်ပိုင်းရှိ ချင်းနိုင်မြို့တွင်လည်း မိုးသည်းထန်စွာရွာသွန်းနေသဖြင့် မီးရထားလမ်းများတွင်ပါ ရေလွှမ်းမိုးနေမှုကြောင့် ရထားပြေးဆွဲမှုများကို ရပ်ဆိုင်းထားရကြောင်း၊ ထို့ကြောင့် ချင်းနိုင်မြို့နှင့် ဆက်သွယ်နေသည့် တခြားမြို့များ အဆက်အသွယ်များ ပြတ်တောက်သွားခဲ့ရကြောင်းဖြင့် အဆိုပါသတင်းတွင် ဖော်ပြထားသည်။

နိုဝင်ဘာလ ၁၁ ရက်နေ့မှ ၁၅ ရက်အတွင်း ဖြစ်ပွားခဲ့သည့် ရေလွှမ်းမိုးမှုများ ဖြစ်ပွားချိန်တွင် မြစ်ကမ်းပါးနံရံ ပြိုကျမှုများကြောင့် အာဒယာမြစ်ကမ်းပါးနေထိုင်ကြသည့် သူများအနက် လူ ၁၂ ဦးထက်မနည်း သေဆုံးခဲ့ရကြောင်း ချင်းနိုင်မြို့ဝန်ကြီးချုပ် ဂျာယာလာတီသာက ပြောကြားခဲ့သည်။

ချင်းနိုင်မြို့နှင့် တမီလ်နာဒူးမြို့တို့မှ သဘာဝဘေးအန္တရာယ်တားဆီးကာ ကွယ်ရေးအဖွဲ့တို့သည် ရေလွှမ်းမိုးသည့် ဒေသများရှိဒေသခံများအား ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ပေးလျက်ရှိသည်ဟုဆိုသည်။

ဝန်ကြီးချုပ် ဂျာယာလာတီသာက ရေဘေးသင့်ပြည်သူများအား အိမ်ထောင်စုတစ်စုလျှင် ရူပီး ၅၀၀၀ နှင့် ဆန်၊ ဒိုတီ၊ ဆာရီနှင့် ရေနံဆီတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်းသိရသည်။

ချင်းနိုင်ကော်ပိုရေးရှင်းမှလည်း အဆိုပါရေဘေးဒုက္ခသည်များအား ကူညီစောင့်ရှောက်မှုများပြုလုပ်ပေးလျက်ရှိသည်ဟု ဆိုသည်။

ထို့ပြင် သီရိလင်္ကာနိုင်ငံ၊ ကိုလိုရာဒိုမြို့တွင်လည်း မိုးသည်းထန်စွာ ရွာသွန်းခဲ့ရာ လူပေါင်းခြောက်သောင်းနီးပါး ရေလွှမ်းမိုးမှုဒဏ်ကို ခံစားခဲ့ရသည်ဟု ဆိုသည်။

**မယ်သီတာ**

Domestic Sport News
Vol: 15, No.45 Monday November 23 2015

# ကမ္ဘောဇအသင်းကို ရှမ်းယူနိုက်တက်အသင်းဟု အမည်ပြောင်းပြီး အများပိုင်အသင်းအဖြစ် ဖွဲ့စည်းရန် စီစဉ်



ရှမ်းပြည်နယ်ကိုယ်စားပြု မြန်မာနေရှင်နယ်လိဂ် ကလပ်အသင်းဖြစ်သည့် ကမ္ဘောဇအက်ဖ်စီအသင်းကို ၂၀၁၆ ခုနှစ်ဘောလုံးရာသီတွင် ရှမ်းယူနိုက်တက်အသင်းဟု အမည်ပြောင်း၍ အများပိုင်အသင်းအဖြစ် ပြုလုပ်ရန် စီစဉ်ထားကြောင်း ကမ္ဘောဇအသင်း အမှုဆောင် အရာရှိချုပ် ဦးဝင်းမြင့်ဦးက ပြောကြားသည်။

ကမ္ဘောဇအသင်းသည် ၂၀၀၉ ခုနှစ် မြန်မာနေရှင်နယ်လိဂ်စတင်ချိန်မှစကာ ရှမ်းပြည်နယ်ကိုယ်စားပြုအသင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကာ အိမ်ကွင်းအဖြစ် ပရိသတ်ခုနစ်ထောင်ခန့် ဝင်ရောက်ကြည့်ရှုနိုင်သည့်တောင်ကြီး အားကစားကွင်းကို အသုံးပြုလျက်ရှိသည်။

"ကျွန်တော်တို့ လာမယ့်နှစ်မှာ အသင်းကို နာမည်ပြောင်းဖို့ စီစဉ်နေပါတယ်။ ကျွန်တော်တို့အသင်းက ရှမ်းပြည်နယ်တစ်ခုလုံးကို ကိုယ်စားပြုတဲ့ သဘောနဲ့ ရှမ်းယူနိုက်တက်လို့ ပြောင်းဖို့ စီစဉ်ထားပါတယ်။ နာမည်ပြောင်းဖို့ကိုတော့အဖွဲ့ချုပ်ကိုစာတင်ပြီးလျှောက်ထားသွားမှာပါ။လာမယ့်နှစ်မှာအသင်းကို တစ်ဦးတည်းပိုင်ကနေ အများပိုင်ပြောင်းဖို့လည်း စီစဉ်ထားပါတယ်။ ရှမ်းပြည်နယ်က လုပ်ငန်းရှင်တွေနဲ့ အသင်းပိုတိုးတက်အောင် ဆောင်ရွက်သွားမှာပါ။နောက်နှစ်မှာတော့ အသင်းကို သေသေချာချာ ပြင်ဆင်သွားမှာပါ" ဟု ဦးဝင်းမြင့်ဦးက ပြောကြားခဲ့သည်။

ကမ္ဘောဇအသင်းသည် အသင်းစတင်ဖွဲ့စည်းစဉ်မှ ယနေ့အချိန်အထိ အသင်းသမိုင်း တစ်လျှောက်တွင် အောင်မြင်မှုအဖြစ် ၂၀၁၃ခုနှစ်တွင် ရှုံးထွက်ဖလားချန်ပီယံဆုကို ရရှိခဲ့ဖူးသော်လည်း မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆု တစ်ကြိမ်မျှ ရရှိခဲ့ဖူးခြင်းမရှိသေးပေ။

ပြီးခဲ့သည့် ဘောလုံးရာသီက ကမ္ဘောဇအသင်းသည် အဆင့်ငါးတွင်သာ ရရှိခဲ့သည်။



# ရန်ကုန်တိုင်းဒေသကြီး လေးခရိုင်ဝန်ကြီးချုပ်ဖလား အသက် ၁၉ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲမှ ထူးချွန်သည့်ကစားသမားများကို ရန်ကုန်ယူနိုက်တက်(လူငယ်)အသင်းအတွက် ရွေးချယ်သွားမည်

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ အားကစားနှင့်ကာယပညာဦးစီးဌာန(ရန်ကုန်)မှ ကြီးမှူးကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီး လေးခရိုင် ဝန်ကြီးချုပ်ဖလား အသက် ၁၉ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို ရန်ကုန်ယူနိုက်တက် အသင်း၏မြက်ခင်းတုကွင်းတွင် နိုဝင်ဘာလ ၁၆ ရက်နေ့မှ စတင်ကျင်းပလျက်ရှိရာ နိုဝင်ဘာလ ၂၇ရက်တွင် ပြီးဆုံးမည်ဖြစ်သည်။

အဆိုပါဘောလုံးပြိုင်ပွဲမှ ထွက်ပေါ်လာသော ထူးချွန်သည့်ဘောလုံးသမားများကို ရန်ကုန်ယူနိုက်တက်(လူငယ်)အသင်းအတွက် ရွေးချယ်သွားမည်ဖြစ်ကြောင်း ရန်ကုန်ယူနိုက်တက်အသင်းမှ အထွေထွေမန်နေဂျာ ဦးကျော်လင်းထွေးက ပြောကြားခဲ့သည်။

"ကျွန်တော်တို့ လာမယ့်နှစ် ၂၀၁၆မှာ လူငယ်ပြိုင်ပွဲက ယူ-၂၀ဖြစ်သွားပါတယ်။ ဒါကြောင့် အဲဒီပြိုင်ပွဲအတွက် ကစားသမားတွေ လိုအပ်နေပါတယ်။ ကစားသမားရွေးချယ်မှုတွေကို မကြာမီပြုလုပ်သွားဖို့ရှိသလို အခုကျင်းပမယ့် ပြိုင်ပွဲထဲကလည်း ထူးချွန်တဲ့ကစားသမားတွေကို ရွေးချယ်ခေါ်ယူသွားဖို့ စောင့်ကြည့်နေတာရှိပါတယ်"ဟု ၎င်းက ပြောကြားခဲ့သည်။

ယင်းဘောလုံးပြိုင်ပွဲကို 100 Plus အားဖြည့်အချိုရည်မှ အဓိကကူညီပံ့ပိုးပေးထားပြီး Winter Sports အားကစားပစ္စည်းအရောင်းဆိုင်နှင့် Atum Media & Event Management တို့က Co-Sponsor များအဖြစ် ကူညီထားကြောင်း သိရသည်။

ပြိုင်ပွဲကို အုပ်စုနှစ်စုခွဲ၍ ကျင်းပလျက်ရှိရာ အုပ်စု(က)တွင် အရှေ့ပိုင်းခရိုင်(က)၊ မြောက်ပိုင်းခရိုင်(က)၊ အနောက်ပိုင်းခရိုင်(က)နှင့်တောင်ပိုင်းခရိုင်(ခ) အသင်းတို့ ကျရောက်နေပြီး အုပ်စု(ခ)တွင် မြောက်ပိုင်းခရိုင်(ခ)၊ အနောက်ပိုင်းခရိုင်(ခ)၊ တောင်ပိုင်းခရိုင် (က)နှင့်အရှေ့ပိုင်းခရိုင်(က)အသင်းတို့ ပါဝင်ယှဉ်ပြိုင်လျက်ရှိကြောင်းသိရသည်။ ပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်ပွဲစဉ်များကို နိုဝင်ဘာ ၂၃ ရက်နှင့် ၂၄ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ပြီး ဗိုလ်လုပွဲစဉ်ကို နိုဝင်ဘာ ၂၇ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပထမဆုအဖြစ် တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားကျပ်၁၅သိန်း၊ ဒုတိယဆုအဖြစ် တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆု ကျပ် ၁၀ သိန်း ပေးအပ်သွားမည်ဖြစ်ပြီး ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးကစားသမားဆုနှင့် ဂိုးသွင်းအများဆုံးကစားသမားဆုကိုလည်း ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

# AFC Cup 2015ပြိုင်ပွဲတွင် ရောဝတီယူနိုက်တက် ကစားသမား ရစ္စတီ ဂိုးသွင်းအများဆုံး ဆုရရှိ



အာရှဘောလုံးအဖွဲ့ချုပ် (AFC) က ကြီးမှူးကျင်းပသည့် AFC Cup 2015 ပြိုင်ပွဲတွင်အုပ်စု(ဆ)မှဝင်ရောက်ယှဉ်ပြိုင်သည့် ဧရာဝတီယူနိုက်တက်အသင်း၏ရှေ့တန်းတိုက်စစ်မှူး မက်ဆီဒိုးနီးယားနိုင်ငံသားရစ္စတီသည် ပြိုင်ပွဲများပြီးဆုံးချိန်တွင် ဂိုးသွင်းအများဆုံးကစားသမားဆုအား ရရှိခဲ့သည်။

ရစ္စတီသည် AFC Cup 2015 ပြိုင်ပွဲတွင် သွင်းဂိုးစုစုပေါင်း ရှစ်ဂိုးအထိ သွင်းယူခဲ့ပြီး ဂိုးသွင်းအများဆုံးဆုအား ဟောင်ကောင်ကလပ်ဆောက်ချိုင်းနားအသင်း၏ ဩစတြေးလျကစားသမား ဒယ်နီရယ်မက်ခ်ဘရင်းနှင့် ပူးတွဲရရှိခဲ့ခြင်းဖြစ်သည်။

ဧရာဝတီ ယူနိုက်တက်အသင်းသည် AFC Cup ပြိုင်ပွဲတွင် အုပ်စုတွင်း၌ ရှုံးပွဲလုံးဝမရှိဘဲ ၁၆ သင်းဆင့် ရှုံးထွက်အဆင့်သို့ တက်လှမ်းနိုင်ခဲ့ကာ ရှုံးထွက်အဆင့်တွင် မလေးရှားကလပ် ဂျိုဟိုးအသင်းအား အဝေးကွင်းတွင် ငါးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

ဂျိုဟိုးအသင်းသည် AFC Cup 2015 ဗိုလ်လုပွဲအထိ တက်လှမ်းနိုင်ခဲ့ပြီး ဗိုလ်လုပွဲတွင် တာဂျီကစ္စတန်ကလပ် အစ္စတီလိုအသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကာ ချန်ပီယံဖြစ်ခဲ့ကြောင်း သိရသည်။

အာရှဘောလုံး အဖွဲ့ချုပ်သည် ရစ္စတီအတွက် ဆုတံဆိပ်ကို ကစားသမားထံသို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှတစ်ဆင့် မကြာမီရက်ပိုင်းအတွင်း ပို့ပေးမည်ဖြစ်ကြောင်း သိရသည်။

# မြန်မာ့လက်ရွေးစင်ဂိုးသမားဟောင်း သီဟစည်သူ ကမ္ဘောဇအသင်းသို့ ပြောင်းရွှေ့ရန် ညှိနှိုင်းနေ

မြန်မာ့လက်ရွေးစင်အသင်း၏ ဂိုးသမားဟောင်းဖြစ်သူ ရတနာပုံအသင်းဂိုးသမား သီဟစည်သူသည် ၂၀၁၆ ခုဘောလုံးရာသီတွင် ကမ္ဘောဇအသင်းသို့ ပြောင်းရွှေ့ရန်ညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိသည်ဟု ဆိုသည်။

သီဟစည်သူသည် ၂၀၁၃ ခုနှစ်တွင် ဧရာဝတီယူနိုက်တက်အသင်းမှ ရတနာပုံအသင်းသို့ ပြောင်းရွှေ့လာခဲ့သော်လည်း ၂၀၁၅ ဘောလုံးရာသီတွင် ရတနာပုံအသင်းနည်းပြအဖွဲ့နှင့် အဆင်မပြေဖြစ်ကာ အသင်းမှထွက်ခွာခွင့်ပြုထားသည့် ကစားသမားတစ်ဦးလည်းဖြစ်သည်။

"ကျွန်တော်အရင်က ပြောခဲ့ဖူးသလိုပဲ။ အေးအေးချမ်းချမ်းပဲ ကစားချင်လို့ ကမ္ဘောဇအသင်းကို ပြောင်းဖို့ဆုံးဖြတ်တာပါ။ လောလောဆယ်တော့ အသင်းနဲ့ ညှိနှိုင်းနေဆဲပါပဲ။ စာချုပ် မချုပ်ရသေးပါဘူး။ ဒီရက်ပိုင်းအတွင်းတော့ ချုပ်ဖြစ်မယ်ထင်ပါတယ်။ ပြီးတာနဲ့ ကျွန်တော်အားလုံးကို အသိပေးပြောကြားသွားမှာပါ။ ဘယ်အသင်းပဲရောက်ရောက် လာမယ့်နှစ်မှာ အကောင်းဆုံး ကြိုးစားကစားသွားဖို့ ဆုံးဖြတ်ထားပါတယ်"ဟု သီဟစည်သူက ပြောကြားခဲ့သည်။



အသက် ၂၈ နှစ်အရွယ်ရှိပြီဖြစ်သည့် သီဟစည်သူသည် မြန်မာ့လက်ရွေးစင်အသင်းတွင် ၂၀၀၉ ခုနှစ်မှစတင်ကာ ရွေးချယ်ခံခဲ့ရပြီး လက်ရွေးစင်ပွဲပေါင်း ၂၃ ပွဲအထိ ပါဝင်ကစားခဲ့သော်လည်း နည်းပြချုပ် ဂတ်ဆီဇီလက်ထက်တွင် မူရွေးချယ်ခံခဲ့ရခြင်းမရှိပေ။

# ကမ္ဘောဇအသင်းနောက်ခံလူ သိန်းသန်းဝင်းအား ရတနာပုံအသင်းခေါ်ယူ

၂၀၁၆ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးပြိုင်ပွဲအတွက် ပြင်ဆင်လျက်ရှိသည့် ရတနာပုံအက်ဖ်စီအသင်းသည် ကမ္ဘောဇအသင်းနောက်ခံလူ သိန်းသန်းဝင်းအား နှစ်နှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့ ကြောင်း အသင်းပိုင်ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ရတနာပုံအသင်းနှင့် စာချုပ်ချုပ်ဆိုခဲ့မှုအပေါ် သိန်းသန်းဝင်းက"ကျွန်တော်ဝမ်းသာမိပါတယ်။ အသင်းသစ်နဲ့ စိန်ခေါ်မှုအသစ်တွေကြောင့်ပါ။ ရတနာပုံအသင်းနဲ့အတူ ကျွန်တော်အစွမ်းရှိသလောက် ကြိုးစားသွားပါ့မယ်"ဟု ပြောကြားခဲ့သည်။ ရတနာပုံအက်ဖ်စီအသင်းသည် ရာသီသစ်အတွက် ကစားသမားသစ်သုံးဦးအထိ ခေါ်ယူနိုင်ခဲ့ပြီဖြစ်သည်။ အဆိုပါကစားသမားများမှာ ယူ-၁၉ လက်ရွေးစင်နောက်ခံလူ ရဲရင့်အောင်၊ မြန်မာ့လက်ရွေးစင်ဂိုးသမား ရန်အောင်လင်းနှင့် ယခုခေါ်ယူလိုက်သည့်ကမ္ဘောဇအသင်းနောက်ခံလူ သိန်းသန်းဝင်းတို့ဖြစ်ကြသည်။




# အခွန်ပြဿနာကြောင့် ဘာစီလိုနာမှ နေမာ ထွက်ခွာနိုင်ခြေရှိဟု ၎င်း၏ဖခင်က ပြောကြား

ဘာစီလိုနာအသင်း၏တိုက်စစ်မှူး နေမာသည် အခွန်ရှောင်သည့်အမှုကိစ္စနှင့်ဆက်နွယ်နေသဖြင့် ဘာစီလိုနာမှ ထွက်ခွာနိုင်ခြေရှိလာနိုင်ကြောင်း ၎င်း၏ဖခင်က ပြောကြားလိုက်သည်။ စပိန်နိုင်ငံ၊ ဘာစီလိုနာမြို့တွင် နေမာနှင့်၎င်း၏ဖခင်ဖြစ်သူတို့သည် အခွန်တိမ်းရှောင်နေသည်ဟူသော စွပ်စွဲချက်များအတွက် အမှုရင်ဆိုင် ဖြေ ရှင်းနေရသည်။

ဘာစီလိုနာအသင်းသည် နေမာအားစာချုပ်သက်တမ်းတိုးကာ ၎င်း၏ပြောင်းရွှေ့ကြေးကို မြှင့်တင်သတ်မှတ်လိုသော်လည်း နေမာ၏အေးဂျင့်အဖြစ် တာဝန်ယူဆောင်ရွက်နေသည့် ၎င်း၏ဖခင်က အခြေအနေအရပ်ရပ်အပေါ် မူတည်ပြီး ၎င်း၏သားဖြစ်သူ ဘာကာမှထွက်ခွာနိုင်သည်ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာသည် နေမာ၏ပြောင်းရွှေ့ကြေးကို ပေါင်သန်း ၁၄၀ အထိ တိုးမြှင့်သတ်မှတ်ထားပြီး စာချုပ်သက်တမ်းမှာ ၂၀၁၈ ခုနှစ်ကျန်ရှိနေသေးကြောင်း သိရသည်။ ယခုအခါတွင် ဘာစီလိုနာသည် နေမာနှင့် သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် စီစဉ်လျက်ရှိသော်လည်း ဖခင်ဖြစ်သူ၏ ပြောစကားများကြောင့် လက်တွန့်လျက်ရှိကြောင်း သိရသည်။

နေမာ၏ဖခင်က “ကျွန်တော် ဘာစီလိုနာနဲ့ စာချုပ်သက်တမ်းတိုးမယ့် ကိစ္စကို ဆွေးနွေးနေပါပြီ။ ဒါပေမယ့် တခြားထည့်စဉ်းစားရမယ့်အရာတွေ ရှိနေတုန်းပဲ။ စပိန်ကိုရောက်လာကတည်းက အတိုက်အခိုက်တွေ သိပ်များတယ်။ အဲဒါတွေက ဘရာဇီးအထိပါလာတယ်။ နှစ်နှစ်ခွဲလောက်အတွင်းမှာ ကျွန်တော်တို့ဟာ စွပ်စွဲမှုတွေကနေ လွတ်မြောက်ဖို့ တော်တော်လေးကို ရုန်းကန်နေရတယ်။ စာချုပ်သက်တမ်းတိုးဖို့ဆိုရင်တော့ ကျွန်တော်တို့ရဲ့စိတ်အေးချမ်းမှုကိုပါ ထည့်သွင်းစဉ်းစားရပါလိမ့်မယ်။ ဒီနိုင်ငံမှာဆက်နေဖို့ အဆင်မပြေတော့ဘူးဆိုရင် ကျွန်တော်တို့ စပိန်မှာ ဆက်မနေတော့ပါဘူး။ ဒီနိုင်ငံကို စွန့်သွားရုံပါပဲ”ဟု ပြောကြားခဲ့သည်။

# ထိုးသတ်ခွင့် ပေါင်နှစ်သိန်းပေးသွင်းရန် ပျက်ကွက်ခဲ့သည့် မီဂွယ်ကော်တို၏ မစ်ဒယ်ဝိတ်တန်း ချန်ပီယံရွှေခါးပတ်အား ပြန်လည်ရုပ်သိမ်း

ကမ္ဘာ့လက်ဝှေ့ကောင်စီသည် မစ်ဒယ်ဝိတ်တန်းချန်ပီယံ မီဂွယ်ကော်တို အား လက်ဝှေ့ထိုးသတ်ခွင့်အတွက် ပေါင်နှစ်သိန်းပေးသွင်းရန် ပျက်ကွက်ခဲ့သဖြင့် ၎င်းအား ပေးအပ်ခဲ့သည့်ရွှေခါးပတ်ကို ပြန်လည်ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက အမေရိကန်နိုင်ငံ၊ လာ့စ်ဗေးဂတ်စ်မြို့တွင် အမေရိကန်နိုင်ငံသား မစ်ဒယ်ဝိတ်တန်းချန်ပီယံ မီဂွယ်ကော်တိုနှင့် မက္ကဆီကိုနိုင်ငံသား လက်ဝှေ့ချန်ပီယံ ကာနယ်လိုအယ်လ်ဗရက်ဇ်တို့ယှဉ်ပြိုင်ထိုးသတ်ကြရာ မီဂွယ်ကော်တိုက အနိုင်ရရှိခဲ့သဖြင့် မစ်ဒယ်ဝိတ်တန်းလက်ဝှေ့ချန်ပီယံဆုကို ရရှိခဲ့သည်။

ကမ္ဘာ့လက်ဝှေ့ ကောင်စီသည် ကော်တိုအား မစ်ဒယ်ဝိတ်တန်းရွှေခါးပတ်ဆုကို ပေးအပ်ပြီးနောက် ပြန်လည်စိစစ်ခဲ့ရာကော်တိုသည် လက်ဝှေ့မထိုးသတ်မီ ပေးသွင်းရသည့် ထိုးသတ်ခွင့်ဝင်ကြေး ပေါင်နှစ်သိန်းပေးသွင်းရန် ပျက်ကွက်ခဲ့သည်ကို တွေ့ရှိခဲ့ရသည့်အတွက် မစ်ဒယ်ဝိတ်တန်းရွှေခါးပတ်ကို ပြန်လည်သိမ်းယူခဲ့ခြင်းဖြစ်သည်။

ကော်တိုသည် အဆိုပါပွဲတွင် အယ်လ်ဗရက်ဇ်ကို အနိုင်ရရှိခဲ့သဖြင့် ထိုးသတ်ကြေး အမေရိကန်ဒေါ်လာသန်း ၁၀ ရရှိခဲ့သော်လည်း အမေရိကန်ဒေါ်လာ သုံးသိန်း(ပေါင်နှစ်သိန်း) ပေးသွင်းရန် ပျက်ကွက်ခဲ့သဖြင့် ယခုကဲ့သို့ ပြုလုပ်ရခြင်းဖြစ်သည်ဟု ESPN အားကစားသတင်းတွင် ဖော်ပြထားချက်များအရ သိရသည်။



ကမ္ဘာ့လက်ဝှေ့ကောင်စီ၏ကြေညာချက်တွင် ကော်တိုသည် လက်ဝှေ့သမားတို့ လိုက်နာရမည့်စည်းကမ်းကို ဖောက်ဖျက်ခဲ့ကြောင်း၊ မိမိရရှိမည့်ငွေကြေးပမာဏကို သိရှိလျက်နှင့် ယခုကဲ့သို့ သတ်မှတ်ထားသည့်ငွေကြေးကို ပေးသွင်းခြင်းမပြုခြင်းသည် စည်းကမ်းကို မထီမဲ့မြင်ပြုခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါပွဲတွင် အနိုင်ရရှိသူအဖြစ် မက္ကဆီကိုနိုင်ငံသား အယ်လ်ဗရက်ဇ်ကို သတ်မှတ်လိုက်ပါကြောင်းဖြင့် ဖော်ပြထားသည်။

ကမ္ဘာ့လက်ဝှေ့ကောင်စီ၏ကြေညာချက်နှင့်ပတ်သက်၍ ကော်တိုဘက်မှ မည်သို့မျှ တုံ့ပြန်ပြောကြားခြင်းမရှိသေးကြောင်း သိရသည်။

အသက် ၂၅နှစ်အရွယ်ရှိ အယ်လ်ဗရက်ဇ်သည် မစ်ဒယ်ဝိတ်တန်းလက်ဝှေ့ချန်ပီယံဟောင်းတစ်ဦး ဖြစ်သော်လည်း ကော်တိုနှင့် ယှဉ်ပြိုင်သည့်ပွဲတွင် ရှုံးနိမ့်ခဲ့ရသဖြင့် ချန်ပီယံသရဖူကို လွှဲပြောင်းပေးခဲ့ရသူဖြစ်သည်။

“ကော်တိုရော၊ အယ်လ်ဗရက်ဇ်ရော ကောင်စီရဲ့ စည်းမျဉ်းစည်းကမ်းတွေကို ရှောင်လွှဲလိုတဲ့စိတ်မရှိကြပါဘူး။ ဒါပေမယ့် အခုဖြစ်ရပ်ကတော့တော်တော်လေးကို ရုပ်ဆိုးလွန်းလှပါတယ်။ ကော်တိုအနေနဲ့ ဒီငွေကို မသွင်းနိုင်ဘူးဆိုရင် ထိုးသတ်ဖို့အတွက် စာချုပ်မချုပ်သင့်ဘူး”ဟု ကမ္ဘာ့လက်ဝှေ့ကောင်စီဥက္ကဋ္ဌ မာရှူစီယိုစူလိုင်မန်က ပြောကြားခဲ့သည်။ ယခုပွဲတွင် အယ်လ်ဗရက်ဇ်ကို အနိုင်ပေးလိုက်သဖြင့် ၎င်းသည် WBC ချန်ပီယံလုပွဲအတွက် ကာဇက်စတန်နိုင်ငံသား ဂိုလော့ဗ်ကင်နှင့် ထိုးသတ်ရမည်ဖြစ်သည်။

# အကြမ်းဖက်တိုက်ခိုက်လာနိုင်သည်ဟူသော သတင်းကြောင့် ဂျာမနီနှင့် နယ်သာလန်တို့၏ ခြေစမ်းပွဲကို ဖျက်သိမ်း

အကြမ်းဖက်တိုက်ခိုက်မှုများပြုလုပ်ရန် စီစဉ်ထားကြောင်း ယုံကြည်ရသည့် အခြေအနေများကြောင့် ဂျာမနီနိုင်ငံတွင်ပြုလုပ်မည့် ဂျာမနီနှင့် နယ်သာလန်တို့၏ ခြေစမ်းပွဲကိုဖျက်သိမ်းလိုက်ကြောင်း သိရသည်။

ဂျာမနီနိုင်ငံ ဟန်နိုဗာမြို့ရှိ ပရိသတ် ၄၅၀၀၀ ဆံ့ HDI Arena ဘောလုံးကွင်းကြီးတွင် နယ်သာလန်လက်ရွေးစင် ဘောလုံးအသင်းနှင့် ဂျာမနီလက်ရွေးစင်ဘောလုံးအသင်းတို့ ခြေစမ်းပွဲယှဉ်ပြိုင်ကစားရန် စီစဉ်ထားခဲ့သည်။


သို့သော် ပွဲကြည့်စင်တွင်ဗုံးထောင်ထားမည်ဟူသည့်သတင်းကြောင့် ပွဲမစမီ မိနစ် ၉၀ အလိုတွင် ယင်းပွဲကို ဖျက်သိမ်းလိုက်ခြင်းဖြစ်သည်။ ဟန်နိုဗာရဲတပ်ဖွဲ့အကြီးအကဲ ဖော်လ်ကာကလူဝီက အဆိုပါဘောလုံးကွင်းတွင် အကြမ်းဖက်မှုများပြုလုပ်ရန် စီစဉ်ထားသည်ဟူသည့်သတင်းများကို ရရှိထားသည်ဟု သတင်းထောက်များကို ပြောကြားခဲ့သည်။

အဆိုပါသတင်းကြောင့် ပွဲကိုဖျက်သိမ်းပြီး ပွဲကြည့်စင်၊ အားကစားရုံနှင့် နေရာအနှံ့အပြားတွင် လက်နက်ကိုင်အထူးရဲတပ်ဖွဲ့များက ဖြန့်ကြက်ရှာဖွေခဲ့သည်။ နိုဝင်ဘာလ ၁၃ ရက်က ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် အကြမ်းဖက်တိုက်ခိုက်မှုများ နေရာအနှံ့ဖြစ်ပွားခဲ့ရာ အနည်းဆုံးလူပေါင်း ၁၅၀ ခန့် သေဆုံးခဲ့ရသည်။ အဆိုပါအကြမ်းဖက်မှုဖြစ်ပွားနေစဉ် ပဲရစ်မြို့၌ ပြင်သစ် လက်ရွေးစင်အသင်းနှင့် ဂျာမနီလက်ရွေးစင်အသင်းတို့ ချစ်ကြည်ရေးဘောလုံးပွဲယှဉ်ပြိုင်လျက်ရှိသည်။ ယင်းဘောလုံးပွဲတွင် ကွင်းစောင့်လုံခြုံရေးတစ်ဦးက ဘောလုံးကွင်းအတွင်းသို့ ဝင်ရောက်လာသည့်သူတစ်ဦးအား သတိထားမိကာ စစ်ဆေးခဲ့သဖြင့် ကွင်းအတွင်း ပေါက်ကွဲမှုဖြစ်ပွားခြင်းမရှိခဲ့သော်လည်း အဆိုပါဘောလုံးကွင်းအနီးတွင် ပေါက်ကွဲမှုဖြစ်ပွားကာ လူသုံးဦး သေဆုံးခဲ့ရသည်။

ဟန်နိုဗာရဲတပ်ဖွဲ့ဝင်များသည် ကွင်းပတ်ဝန်းကျင်တွင် ဖြန့်ကြက်နေရာယူလိုက်ပြီးနောက် ပွဲကြည့်စင်တွင် ရောက်ရှိနေကြသည့် ပရိသတ်များအား ကွင်းအတွင်းမှ အေးဆေးစွာ ထွက်ခွာ၍ အိမ်ပြန်ကြရန် တိုက်တွန်းခဲ့ကြသလို မည်သည့်အန္တရာယ်မှလည်း မရှိကြောင်း ပြောကြားခဲ့သည်။

# ၂၀၁၆ ရိုက်ဒါဖလား ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် အမေရိကန်အသင်း၏ အသင်းခေါင်းဆောင်အဖြစ် တိုက်ဂါးဝုဒ် ခန့်အပ်ခံရ

၂၀၁၆ခုနှစ်တွင်ကျင်းပမည့် ရိုက်ဒါဖလား ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် အမေရိကန်အသင်း၏ အသင်းခေါင်းဆောင်အဖြစ် ဂေါက်သီးချန်ပီယံဟောင်း တိုက်ဂါးဝုဒ်ကို ခန့်အပ်လိုက်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။



အမေရိကန် ဂေါက်သီးရိုက်အဖွဲ့ချုပ်သည် တိုက်ဂါးဝုဒ်ကို အသင်းခေါင်းဆောင်အဖြစ် ခန့်အပ်ပြီးနောက် လက်ထောက် အသင်းခေါင်းဆောင်အဖြစ် ဒေးဗစ်လပ်ဖ်(၃)ကို ခန့်အပ်ခဲ့သည်။

အသက် ၃၉ နှစ်အရွယ်ရှိပြီဖြစ်သည့် တိုက်ဂါးဝုဒ်သည် နောက်ကျောဒဏ်ရာများကြောင့် ပြိုင်ပွဲများနှင့်ဝေးကွာနေခဲ့ရသည်။ သို့သော် ယခုအခါတွင် ၎င်း၏ဒဏ်ရာကို ခွဲစိတ်ကုသခဲ့သဖြင့် ပြန်လည်ကောင်းမွန်လာခဲ့ပြီးနောက် ယခုကဲ့သို့အသင်းခေါင်းဆောင်အဖြစ် ခန့်အပ်ခြင်းခံခဲ့ရခြင်းဖြစ်သည်။

“ကျွန်တော့်ရဲ့ ကျန်းမာရေးက တော်တော်လေးကို ကောင်းနေပါပြီ။ အသင်းအတွက် အကောင်းဆုံးဖြစ်အောင် ကျွန်တော်ကြိုးစားပါ့မယ်။ ကျွန်တော် ဒေးဗစ်နဲ့ လက်တွဲပြီးအလုပ်လုပ်ရမှာဖြစ်တဲ့အတွက် တော်တော်လေးကိုစိတ်လှုပ်ရှားနေမိတယ်။ တခြားသော ဒုတိယအသင်းခေါင်းဆောင်တွေရော၊ ကစားသမားတွေ အားလုံးနဲ့ ပါပူးပေါင်းပြီး အမေရိကန်အသင်း အနိုင်ရရှိရေးအတွက် ကြိုးစားသွားမှာပါ”ဟု မေးလ်အွန်လိုင်းနှင့်အင်တာဗျူးစဉ် ပြောကြားခဲ့ခြင်းဖြစ်သည်။

၂၀၁၆ ရိုက်ဒါဖလားဂေါက်သီးရိုက်ပြိုင်ပွဲကို အမေရိကန်နိုင်ငံ၊ မင်နီဆိုတာမြို့ရှိ Hazeltine National Golf Club တွင် ၂၀၁၆ခုနှစ် စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၂ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါပြိုင်ပွဲကို နှစ်နှစ်လျှင် တစ်ကြိမ်ကျင်းပခြင်းဖြစ်ပြီးဥရောပမှ အသင်း ရှစ်သင်းနှင့်အမေရိကန်မှ နှစ်သင်း စုစုပေါင်း ၁၀ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

သင့်ကျန်းမာရေး

# သားအိမ်ခေါင်း ကင်ဆာ

**ဒေါက်တာလွင်သန့်**

သားအိမ်ခေါင်းကင်ဆာဖြစ်ပွားမှုကြောင့် မရေတွက်နိုင်တဲ့ မိသားစုဝင်များ ကြေကွဲဆုံးရှုံးမှုဖြစ်ပွားလျက်ရှိနေပါတယ်။ အာရှအမျိုးသမီးတွေမှာ သားအိမ်ခေါင်းကင်ဆာဟာ သေဆုံးမှု ဒုတိယအများဆုံး အမျိုးသမီးရောဂါဖြစ်တယ်။ ယင်းအချက်က အမှန်တကယ် တုန်လှုပ်ခြောက်ခြားစရာကောင်းနေတယ်။

**အမျိုးသမီးရဲ့ အသက်အန္တရာယ်ကို -** ခြိမ်းခြောက်ရန်ရှာရုံမကဘဲ မသေခင်ဝေဒနာခံစားနေရသူများ ကိုယ်ရောစိတ်ပါ ခံစားကြရတယ်။ ဝေဒနာခံစားနေရသူရဲ့ မိသားစု၊ လုပ်ငန်းခွင်၊ လူနေမှုဘဝ ဝန်းကျင်ကိုပါ အကြီးအကျယ် ပြောင်းလဲထိခိုက်နိုင်ပါတယ်။ အမျိုးသမီးတိုင်း အသက်အရွယ်မရွေး၊ အဆင့်အတန်းမရွေး၊ အသားအရောင်မရွေး ဖြစ်ပွားနိုင်တယ်။

**သားအိမ်ခေါင်းကင်ဆာရောဂါ-** ဝေဒနာခံစားနေရရင်၊ လူနာသာမက လူနာရဲ့မိသားစုဝန်းကျင်၊ ချစ်ခင်သူများ၊ မိသားစုနဲ့ အားလုံးထပ်တူခံစားကြရမယ်။ ကြေကွဲကြရမှာပဲဖြစ်တယ်။

**ဗိုင်းရပ်စ်။** သားအိမ်ခေါင်းကင်ဆာဟာ အိပ်ချ်ပီဗွီ (HPV -Human Papilloma Virus) ကြောင့်ဖြစ်တယ်။ ကာကွယ်လို့ရပါတယ်။ အိပ်ချ်ပီဗွီအမျိုးပေါင်း ၁၀၀ ကျော်ထဲက အချို့သာဖြစ်ပွားတယ်။

**လိင်ဆက်ဆံမှုရှိတဲ့** အမျိုးသမီးငါးယောက်မှာ လေးယောက်ကူးစက် ပျံ့ပွားနိုင်ပါတယ်။ ပုံမှန်အားဖြင့် လူတစ်ယောက်ရဲ့ ခန္ဓာကိုယ်ဟာ ဗိုင်းရပ်စ်ဝင်လာရင် ပြန်လည်တိုက်ထုတ်ဖို့ ကိုယ်ခံစွမ်းအားတည်ဆောက်လေ့ရှိပါတယ်။ အိပ်ချ်ပီဗွီဗိုင်းရပ်စ်ကိုတော့ မတိုက်ထုတ်နိုင်ကြပါဘူး။

**ဗိုင်းရပ်စ်ပိုးအမျိုးအစားတွေကများလွန်းတော့** ခန္ဓာကိုယ်က မမှတ်မိတော့ဘဲ အချို့ကိုကာကွယ်နိုင်ပေမယ့် နောက်ထပ်တစ်မျိုးဝင်လာရင် အခက်တွေ့ရပြန်ပါတယ်။ အမျိုးသမီးတိုင်း အိပ်ချ်ပီဗွီပိုး ကူးစက်စေဖို့ အန္တရာယ်ရှိပါတယ်။

**အိပ်ချ်ပီဗွီပိုးဟာ** လိင်ဆက်ဆံခြင်း(သို့) လိင်အင်္ဂါအရေပြားချင်းထိ တွေ့ခြင်းကြောင့် အဓိကကူးစက်တယ်။ အမျိုးသမီးများဟာ ပထမအကြိမ် လိင်ဆက်ဆံခြင်းကစလို့ ဘဝတစ်လျှောက်လုံး အကြိမ်ကြိမ် ကူးစက်ခံရနိုင်တယ်။ ဒါကြောင့်အမျိုးသမီးတိုင်းက သားအိမ်ခေါင်း ကင်ဆာအကြောင်း သိထားသင့်ပြီး၊ ကြိုတင်ကာကွယ်မှုများ ပြုလုပ်ထားသင့်ပါတယ်။ အမျိုးသမီးတိုင်း သားအိမ်ခေါင်းကင်ဆာဖြစ်နိုင် ပါတယ်။

**ကာကွယ်ခြင်း။** လက်ရှိအချိန်ထိ အကောင်းဆုံးကာကွယ်နည်းက ပုံမှန်ပက်စပီးယားရယူပြီး၊ စောစီးစွာကုသမှုခံယူဖို့ဖြစ်တယ်။ ပုံမှန်စစ်ဆေးခြင်းက ရောဂါဖြစ်ပွားနှုန်းသိသိသာသာလျော့ကျသွားကြောင်း တွေ့ ရှိရပါတယ်။ ပုံမှန်အခြေအနေမှ မည်သည့်ပြောင်းလဲမှုများကိုမဆို စောစောစီးစီးသတိပြုမိပြီး ထိရောက်အောင် ကုသနိုင်ပါတယ်။ မိသားစုဆရာဝန်နဲ့တိုင်ပင်ပြီး ပုံမှန်စစ်ဆေးခံကာ စောစောစီးစီး ကုသမှုခံယူသင့်တယ်။ ကင်ဆာအကြောင်း သိလိုသမျှကို မိသားစု ဆရာဝန်ထံ ပွင့်ပွင့်လင်းလင်း ဆွေးနွေးနိုင်တယ်။ သားအိမ်ခေါင်းကင်ဆာ ကာကွယ်ရေးနဲ့ ပတ်သက်ပြီး ဆွေးနွေးနိုင်တယ်။

**သားအိမ်ခေါင်းကင်ဆာကာကွယ်ရေးဟာ** အမျိုးသမီးတိုင်းအတွက်ဖြစ်လို့ မိသားစုဆရာဝန်နဲ့ ပုံမှန်စမ်းသပ်စစ်ဆေးပြီး၊ မေးမြန်းတိုင်ပင်ရမယ်။ ပက်စပီးယားယူပြီး၊ ကင်ဆာမရှိရင် သားအိမ်ခေါင်းကင်ဆာ ကာကွယ်ဆေးထိုးထားသင့်တယ်။ တစ်ကြိမ်ထိုးထားရုံနဲ့ လုံလောက် တယ်လို့ဆိုတယ်။ သားအိမ်ခေါင်းကင်ဆာရောဂါဖြစ်ရင်လည်း စောစောစီးစီး ကုသမှုခံယူသင့်ပါတယ်။

# အသည်းရောင်အေပိုးကူးစက်ခံရသဖြင့် စားသုံးသူတစ်ဦးက မက်ခ်ဒေါ်နယ်စားသောက်ဆိုင်ကို တရားစွဲဆို

အသည်းရောင်အေပိုး ကူးစက်ခံရသည်ဟုဆိုကာ စားသုံးသူတစ်ဦးက မက်ခ်ဒေါ်နယ်လ်စားသောက်ဆိုင်ကို တရားစွဲဆိုခဲ့ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြထားသည်။ အမေရိကန်နိုင်ငံ နယူးယောက်မြို့တော်၊ ဝါတာလူးရှိ မက်ခ်ဒေါ်နယ်စားသောက်ဆိုင်တွင်ဆိုင်မှ ဝန်ထမ်းတစ်ဦးပြင်ဆင်ပေးသည့် အစားအသောက်များကို စားသောက်ပြီးနောက် အသည်းရောင်အေပိုး ကူးစက်ခံရသည်ဟုဆိုကာ တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

အဆိုပါမက်ခ်ဒေါ်နယ်စားသောက်ဆိုင်ကို ဖရန်ချိုက်စ်ပုံစံဖြင့် ဆီနီကာကောင်တီရှိ Jascor Inc က ရယူလုပ်ကိုင်နေခြင်းဖြစ်သည်။ အသည်းရောင်အေပိုးသည် အစားအသောက်များ မသန့်ရှင်းခြင်း၊ အစားအသောက်များကို ထည့်သွင်းစားသုံးသည့် ပန်းကန်ခွက်ယောက်များ မသန့်ရှင်းခြင်းတို့မှ ကူးစက်တတ်သည့်ရောဂါဖြစ်သည်။

အဆိုပါစွပ်စွဲပြောဆိုမှုနှင့်ပတ်သက်၍ မက်ခ်ဒေါ်နယ်စားသောက်ဆိုင်ကို တရားဝင်ဖွင့်လှစ်ခွင့်ရရှိထားသည့် Jascor Inc ကမူ မည်သို့မျှ ပြန်လည်ပြောဆိုခြင်းမရှိခဲ့ပေ။ တရားလိုဖြစ်သူသည် အသည်းရောင် အေပိုးကူးစက်ခံထားရသည်ဟု ဆီနီကာကောင်တီကျန်းမာရေးဌာနက နိုဝင်ဘာလ ၁၃ ရက်နေ့တွင် အတည်ပြုပြောကြားခဲ့သည်။

တရားလိုဖြစ်သူကမူ အဆိုပါစားသောက်ဆိုင်တွင် အသည်းရောင်အေပိုးရှိနေသည့် အလုပ်သမားတစ်ဦးရှိနေနိုင်ကြောင်း၊ ထိုအလုပ်သမားမှတစ်ဆင့် ကူးစက်ခြင်းဖြစ်နိုင်ကြောင်းပြောကြားခဲ့သည်။ အဆိုပါရောဂါရှိနေသည့် အလုပ်သမားသည် အစားအစာများကို ထည့်သည့်ပန်းကန်များကို သန့်ရှင်းစွာဆေးကြောခြင်းမပြုသည့် ၎င်း၏လက်ကိုလည်း သန့်ရှင်းအောင် ထားခြင်းမပြုသည့်အတွက်ယခုကဲ့သို့ ရောဂါများ ကူးစက်ရခြင်းဖြစ်ကြောင်း၊ ထို့ပြင် အဆိုပါအလုပ်သမားသည် သန့်စင်ခန်းသို့သွားပြီးတိုင်း ၎င်း၏လက်ကို သန့်ရှင်းစွာ ဆေးကြောခြင်းမပြုသည့်အတွက်လည်း ယခုကဲ့သို့ ရောဂါပိုးများကူးစက်ရခြင်းဖြစ်ကြောင်း ဆိုသည်။

**မယ်သီတာ**

# ကလေးငယ်ဘဝတွင် မိဘ၏ စွန့်ပစ်ခြင်းကိုခံရပါက မိမိကိုယ်ကို သတ်သေခြင်း ပိုမိုဖြစ်ပွားနိုင်

ကလေးငယ်ဘဝကတည်းကပင် မိဘနှစ်ဦးစလုံး၏ စွန့်ပစ်ခြင်းကို ခံရပါက အဆိုပါကလေးငယ် ကြီးပြင်းလာသည့်အချိန်တွင် မိမိကိုယ်ကိုယ် သတ်သေနိုင်မှုရာခိုင်နှုန်းသည် ပိုမိုမြင့်တက်လာနိုင်ဖွယ်ရာရှိကြောင်းဖြင့် ဒိန်းမန်နိုင်ငံ သုတေသီများက ဖော်ထုတ်ရေးသားခဲ့သည်။

မိဘနှစ်ပါးစလုံးက ငယ်ရွယ်စဉ်ကပင် စွန့်လွှတ်လိုက်ရသဖြင့် အဆိုပါကလေးငယ်သည် အခြားသောကလေးငယ်များထက် စိတ်ဖိစီးမှုများ ပိုမိုဖြစ်ပွားလာနိုင်ပြီး ဘဝတွင် ဒုက္ခပေါင်းစုံနှင့် ရင်ဆိုင်နေရကြောင်း၊ ထို့ပြင် အဆိုပါကလေးငယ်များအနက် အများစုသည် ကိုယ့်ကိုယ်ကိုသေကြောင်းကြံစည်မှုများ ဖြစ်ပွားလျက်ရှိကြောင်းဖြင့် ဒိန်းမတ်နိုင်ငံ Aarhus တက္ကသိုလ်မှ သုတေသနပြုချက်များအရ သိရှိရကြောင်း ရိုက်တာသတင်းဌာနတွင် ဖော်ပြထားသည်။

အဆိုပါတက္ကသိုလ်မှ သုတေသီများသည်၁၉၆၈ခုနှစ်မှ ၂၀၀၈ ခုနှစ်အတွင်း ကောက်ယူထားသည့် အချက်အလက်များကို အခြေခံကာ အဆိုပါအစီရင်ခံစာကိုထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ဆွီဒင်နှင့် ဖင်လန်နိုင်ငံတို့တွင် အသက် ၁၈ နှစ်မတိုင်မီ မိဘသေဆုံးသွားသဖြင့် မိဘမဲ့ကလေးငယ်ပေါင်း ၁၈၉၀၉၄ ဦးရှိသည်ဟု ဆိုသည်။

အဆိုပါ သုတေသနပြုချက်အရ ယောကျ်ားလေးများသည် မိန်းကလေးများထက် ကိုယ့်ကိုယ်ကို သေကြောင်းကြံစည်မှု ပိုမိုဖြစ်ပွားကြောင်း၊ မိဘမဲ့ယောကျ်ားကလေး ၁၀၀၀ လျှင် လေးဦးနှုန်းရှိပြီး မိန်းကလေး ၁၀၀၀ လျှင် နှစ်ဦးသာ ကိုယ့်ကိုယ်ကို သတ်သေလျက်ရှိနေကြောင်းဖြင့် အဆိုပါအစီရင်ခံစာတွင် ဖော်ပြထားသည်။

"ကျွန်တော်တို့ လေ့လာဆန်းစစ်နေဆဲအချိန်မှာပဲ ကိုယ့်ကိုယ်ကို သတ်သေမှုနှုန်းတွေဟာ ပိုပြီးမြင့်တက်လာပါတယ်။ မိဘနှစ်ပါးစုံစုံညီညီရှိတဲ့ ကလေး၊ မိဘမဲ့၊ ဆွေမဲ့မျိုးမဲ့ တစ်ကောင်ကြွက်သမားတွေဟာ ကိုယ့်ကိုယ်ကို သတ်သေမှုနှုန်းတွေ မြင့်တက်လာတာ တွေ့ရပါတယ်။ ဒါကို သတိထားပြီး မိဘမဲ့ကလေးငယ်တွေရဲ့ စိတ်တွေကို မြှင့်တင်ပေးနိုင်ဖို့ လုပ်ဆောင်ပေးကြရပါမယ်"ဟု အဆိုပါသုတေသနအဖွဲ့က မှတ်ချက်ပြုထားခဲ့သည်။ **မယ်သီတာ**

# တရုတ်နိုင်ငံတွင် လူနှင့်ဝက်များ၌ ကပ်ပါးပိုးများ ကျရောက်လျက်ရှိသဖြင့် သတိပေးချက်များ ထုတ်ပြန်၊ ကပ်ရောဂါအသွင်ဖြစ်လာနိုင်သည်ဟု ဆို

တရုတ်နိုင်ငံတစ်ဝန်းရှိ လူများနှင့် ဝက်များတွင် ကပ်ပါးပိုးများ ကျရောက်လျက်ရှိသဖြင့် နိုင်ငံတစ်ဝန်းလုံးအား သတိပေးချက်များ ထုတ်ပြန်ထားရသည်ဟုဆိုသည်။ အဆိုပါကပ်ပါးပိုးသည် ကပ်ရောဂါအသွင်ဖြစ်လာနိုင်သည်ဟု သုတေသနပညာရှင်များက ယူဆထားကြောင်းဖြင့် ဆင်ဟွာသတင်းဌာနက ရေးသားဖော်ပြထားသည်။

ယင်းကပ်ပါးပိုးသည် Superbug အသွင်ဖြင့် ရှိနေပြီး မူလအစက ဝက်များတွင်တွေ့ရှိခဲ့ရကြောင်း၊ ဝက်များတွင် အဆိုပါကပ်ပါးပိုးကျရောက်ခဲ့ပါက အနာများပေါက်လာကာ ဝက်များသေဆုံးသည်အထိ ဖြစ်လာတတ်ကြောင်း၊ ယင်းသေဆုံးသွားသည့် ဝက်များကို စားသုံးမိသည့်လူများတွင် ကပ်ပါးပိုးကြောင့် အနာစိမ်းများပေါက်လာပြီး လူတို့၏အသက်အန္တရာယ်ကိုပါ ခြိမ်းခြောက်လာနိုင်ကြောင်းဖြင့် သုတေသနပညာရှင်များက ထုတ်ဖော်ပြောကြားခဲ့သည်။

တရုတ်နိုင်ငံတွင် ဖြစ်ပွားလျက်ရှိသည့် ကပ်ပါးပိုးအား မွေးမြူရေးလုပ်ငန်းများတွင် အသုံးပြုသည့် ပိုးသတ်ဆေးတစ်မျိုးဖြစ်သည့် ပေါ်လီမိုင်ဆင်ကို အသုံးပြု၍စမ်းသပ်စစ်ဆေးခဲ့ရာ အဆိုပါကပ်ပါးပိုးသည် ယင်းဆေးဒဏ်ကို ခံနိုင်ရည်ရှိသည်ကို တွေ့ရှိခဲ့ရသည်ဟု ဆိုသည်။

ထို့ကြောင့် ယင်းကပ်ပါးပိုးကျရောက်နေသည့် နေရာများသို့ သွားရောက်ခြင်းကို တားမြစ်ထားပြီး ယင်းပိုးကို တားဆီးနိုင်မည့်ပိုးသတ်ဆေးကို ရှာဖွေလျက်ရှိသည်ဟု ဆိုသည်။

သိပ္ပံပညာရှင်များကလည်း အဆိုပါကပ်ပါးပိုးကို သေစေနိုင်သည့် ပိုးသတ်ဆေးကိုရှာဖွေရန် အပူတပြင်းလုပ်ဆောင်လျက်ရှိပြီး ကမ္ဘာတစ်ဝန်းလုံးသို့ ပျံ့နှံ့ခြင်းမရှိစေရန်လည်း ဆက်လက်လုပ်ဆောင်သွားမည်ဟုဆိုသည်။ **မယ်သီတာ**

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# ရေစုန်မျောနေသည့် ကိုရီးယားငွေရေးကြေးရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး

ကိုရီးယား ငွေရေးကြေးရေးကဏ္ဍ ပြုပြင်ပြောင်းလဲဖို့ရန် နိုင်ငံရေးအာဏာရှိသည့် ဘဏ္ဍာရေးဝန်ကြီး Mr. Choi Kyung-hwan က ပညာရှင်များ၊ ငွေရေးကြေးရေးကဏ္ဍ ကြပ်မတ်ကွပ်ကဲသူအများအပြားထံမှ အကြံဉာဏ်များ လက်ခံရယူ ဆောင်ရွက်နေသဖြင့် လေ့သူကြီးများစွာ ဦးစီးနေသည့် ရေယာဉ်တစ်စီးကဲ့သို့ ဦးတည်ရာ မရောက်ဘဲ ရေစုန်မျောနေသည့် အနေအထားဖြစ်နေပါသည်။ ကိုရီးယားငွေကြေးကဏ္ဍအား ပြုပြင်ပြောင်းလဲရန် လိုအပ်လျက်ရှိကြောင်း ဘဏ္ဍာရေးဝန်ဆောင်မှုကော်မရှင် (Financial Services Commission-FSC) ဥက္ကဋ္ဌဖြစ်သူ Mr. Yin Jong-yong ကစိုးရိမ်တကြီးပြောကြားပြီးနောက်ပိုင်း လက်ရှိသမ္မတမဒမ်ပတ်ဂွမ်ဟီး၏ လက်ထောက်အဖြစ် ကာလရှည် လုပ်ကိုင်လာသည့် လက်ရှိဘဏ္ဍာရေးဝန်ကြီးက ငွေကြေးကဏ္ဍပြုပြင်ပြောင်းလဲရေးကို အပူတပြင်း ဆောင်ရွက်လာခဲ့သည်။

လစာ အဆမတန်ယူထားပြီး အုပ်ချုပ်မှုနည်းလမ်းများ လျော့ရဲနေကြောင်း ဘဏ်အရာထမ်းကြီးများအပေါ် ယခင်သီတင်းပတ်က FSC ဥက္ကဋ္ဌက စွပ်စွဲပြောဆိုခဲ့သည်။ ဈေးကွက်လေ့လာသူများက အဆိုပါ စွပ်စွဲပြောဆိုချက်သည် ဘဏ်လုပ်ငန်း၏ အလုပ်ချိန်ကိုသာ ဦးတည်ထားသော်လည်း အဓိကပြဿနာမှာ ဘဏ်များအချင်းချင်း ပြိုင်ဆိုင်မှုလျော့ရဲခြင်းဖြစ်ကြောင်း ဝေဖန်သုံးသပ်ခဲ့သည်။ ဥက္ကဋ္ဌအနေဖြင့်လည်း ၎င်းတာဝန်ယူစဉ်ကာလအတွင်း ငွေကြေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုကို အပြီးသတ်ဆောင်ရွက်သွားလိုသည်။ ငွေကြေးကဏ္ဍ ပြုပြင် ပြောင်းလဲမှုများကို ဆောင်ရွက်မည်ဆိုပါက အသုံးမဝင်တော့သည့်စည်းမျဉ်းများကို ဦးစွာဖယ်ရှားပစ်ရန်လိုကြောင်း NH Financial Group ဥက္ကဋ္ဌဖြစ်သူက ပြောဆိုထားခဲ့သည်။

သူ၏ ရိုးသားမှုကြောင့် ဘဏ္ဍာရေးဝန်ကြီး၏ ငွေကြေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို ငွေကြေးလုပ်ငန်းအသိုင်းအဝိုင်း၏ ထောက်ခံမှုများစွာရရှိထားသည်။ သို့သော်လုပ်ငန်းစဉ်အား ပြတ်ပြတ်သားသား ဆောင်ရွက်သွားရန်လိုကြောင်း ထောက်ပြပြောဆိုထားကြသည်။ ဘဏ္ဍာရေးဝန်ကြီး၏ ဘဏ်လုပ်ငန်းတွင် အလုပ်ချိန်တိုလွန်းကြောင်း ဝေဖန်ချက်အပေါ် FSC ဥက္ကဋ္ဌနှင့် ဘဏ်လုပ်ငန်းအသိုင်းအဝိုင်းက အလွန်အမင်း စိတ်ပျက်နေကြသည်။ ဘဏ် လုပ်ငန်းတွင် အလုပ်ချိန်ပိုတိုးလိုက်ခြင်းဖြင့် ယှဉ်ပြိုင်နိုင်မှု စွမ်းအားနှင့်အကျိုးအမြတ် ပိုတိုးလာမည် မဟုတ်ကြောင်း ဝေဖန်ခဲ့ကြသည်။

ဘဏ်ခွဲများ လျှော့ချ၍ ဝန်ထမ်းအင်အား လျှော့နည်းစေခြင်း၊ အွန်လိုင်းဘဏ်လုပ်ငန်းကို ပိုမိုတိုးပွားလာစေပြီး ဘဏ်လုပ်ငန်းတွင် ကုန်ထုတ်လုပ်မှု တိုးလာမည်ဖြစ်ကြောင်းနှင့်အလုပ်ချိန်ပိုတိုးခြင်းဖြင့် ဘဏ်လုပ်ငန်းကဏ္ဍကိုပိုမိုဖွံ့ဖြိုးစေမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီး၏ မှတ်ချက်ကို မည်သို့မျှနားမလည်နိုင်ကြောင်း KB Kookmin Bank ၏ အရာထမ်းတစ်ဦးက ပြောဆိုခဲ့သည်။ မဒမ်ပတ်ဂွမ်ဟီး၏ အစိုးရသည် ငွေရေးကြေးရေးကဏ္ဍကို နားမလည်ဘဲ ငွေကြေးကဏ္ဍကို ပြုပြင်ပြောင်းလဲရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍထက် ဘဏ်လုပ်ငန်းကဏ္ဍသည် နောက်ကျကျန်နေကြောင်း ထပ်တလဲလဲသာပြောနေသည်ဟု ဝေဖန်သုံးသပ်သူများက ထောက်ပြပြောဆိုခဲ့သည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

## စင်ကာပူဈေးကွက်သို့ထိုင်းဆန်တင်ပို့မှု အလားအလာကောင်းလျက်ရှိ

စင်ကာပူ ကုန်သည်များသည် ထိုင်းနိုင်ငံပုဂ္ဂလိကကဏ္ဍမှ ဘတ်သန်း ၇၂၀ ဖိုးရှိသော ဆန်များဝယ်ယူရန် အရောင်းအဝယ်စာချုပ်လက်မှတ်ရေးထိုးပြီးဖြစ်ကြောင်း၊ ဖိလစ်ပိုင်နှင့်အင်ဒိုနီးရှားနိုင်ငံတို့သည် ဆန်ပိုမိုဝယ်ယူဖွယ်ရှိကြောင်း သိရှိရပါသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာနဝန်ကြီး Ms.Apiradi ၏ ဦးဆောင်မှုဖြင့် စင်ကာပူမှ တင်သွင်းသူများသည် ပြီးခဲ့သည့် ရက်သတ္တပတ် ၌Ubon Ratchathani ပြည်နယ်၌ စပါးစိုက်ပျိုးမှုကို လေ့လာခဲ့ ကြပါသည်။ ၎င်းတို့အနေဖြင့် Ubon Ratchathani ပြည်နယ် မှ ၂၀၁၅-၂၀၁၆ ရိတ်သိမ်း ရာသီတွင် ထွက်ရှိမည့် ဟုန်မာလီဆန်မွှေး တန်ချိန် ၂၂၀၀၀ ဝယ်ယူမည်ဖြစ်ကြောင်း ဝန်ကြီး Ms.Apiradiမှ ပြောကြားခဲ့ပါ သည်။

စင်ကာပူကုန်သည်များအနေဖြင့် ကောက်ညှင်းဆန် ဝယ်ယူရန်လည်း ရည်ရွယ်ထားကြောင်း၊ သို့ရာတွင် ကောက်ညှင်းဆန်ဈေးနှုန်းသည် မြင့်မားသောကြောင့် အရောင်းအဝယ်စာချုပ် လက်မှတ်ရေးထိုးခြင်း မရှိသေးကြောင်း၊ စင်ကာပူနိုင်ငံသည် ထိုင်းဆန်တင်ပို့မှုအတွက် အဓိက ဈေးကွက်တစ်ခုဖြစ်ကြောင်း၊ (စင်ကာပူ) ပြည်တွင်းစားသုံးမှု အတွက်သာမက ပြည်ပပြန်လည်တင်ပို့မှု (re-export)အတွက် ထိုင်းဆန်များ တင်သွင်းလျက် ရှိကြောင်း သိရှိရပါသည်။

စင်ကာပူနိုင်ငံ၏ ထိုင်းဆန်တင်သွင်းမှုပမာဏသည် ၂၀၁၃ ခုနှစ်၌ ၁၂၆၀၁၃ တန် (တန်ဖိုးအားဖြင့် ဘတ် ၃ ဒသမ ၉၉ ဘီလီယံ)၊ ၂၀၁၄ ခုနှစ်၌ ၁၆၂၅၇၇ တန်(တန်ဖိုးအားဖြင့် ဘတ် ၅ ဒသမ ၇၆ ဘီလီယံ) ရှိခဲ့ပါသည်။ ယခုနှစ် ပထမ ၁၀ လအတွင်း စင်ကာပူသို့ ထိုင်းဆန်တင်ပို့မှုသည် ၉၉၂၁၆ တန်(တန်ဖိုး အားဖြင့် ဘတ် ၂ ဒသမ ၇၇ ဘီလီယံ) ဖြစ်ပါသည်။

ထိုင်းနိုင်ငံ၌ ၂၀၁၅-၂၀၁၆ သီးနှံ ရာသီတွင် ဟုန်မာလီစပါးတန်ချိန် ၆သန်း သို့မဟုတ် ဆန်တန်ချိန် ၃ သန်း ထွက်ရှိနိုင်သည်ဟု ခန့်မှန်းထားကြောင်း၊ ယခုနှစ်တွင် မိုးရွာသွန်းမှုလျော့နည်းခြင်းသည် ဟုန်မာလီဆန်အား ပိုမိုရနံ့မွှေးစေပြီး ဆန်အရည်အသွေးပိုမိုကောင်းမွန်စေနိုင်သည်ဟု မျှော်လင့်ထားကြောင်း ထိုင်း ဆန်တင်ပို့သူများအသင်း ဥက္ကဋ္ဌ Mr. Charoen ကပြောကြားခဲ့ပါသည်။ ကာလတိုအတွင်း ဟုန်မာလီဆန် ဈေးနှုန်းအလားအလာနှင့်ပတ်သက်၍ စိုးရိမ်လျက်ရှိကြပါသည်။ နိုင်ငံအနှံ့တွင် ဆန်များတစ်ပြိုင်တည်း ထွက်ရှိလာခြင်းသည် ဆန်ဈေးနှုန်းများအပေါ် အတိုင်းအတာတစ်ခုအထိ အကျိုးသက်ရောက်မှု ရှိနိုင်သည်ဟု ယူဆထားကြပါသည်။

နိုဝင်ဘာနှင့်ဒီဇင်ဘာလများတွင် ထွက်ရှိလာမည့် အဓိကသီးနှံ(စပါး)များ ဈေးကွက်သို့ မရောက်ခင် ဆန်ဈေးနှုန်းများ တည်ငြိမ်စေရန် ကြိုးပမ်းမှုတစ်ရပ်အဖြစ် ဆန်မူဝါဒနှင့်စီမံခန့်ခွဲမှု ကော်မတီသည် နိုင်ငံပိုင် အရည်အသွေးမြင့်ဆန်များ ထုတ်ရောင်းခြင်းကို အချိန်ရွှေ့ဆိုင်းထား ရန် သဘောတူခဲ့ပြီးဖြစ်ပါသည်။ ထိုင်းပြည်ပတင်ပို့သူများအနေဖြင့်လည်း ဟုန်မာလီစပါးတစ်တန်လျှင် (ရည်မှန်းထားသည့် ဈေးနှုန်း) ၁၃၅၀၀ ဘတ် သို့မဟုတ် ဆန်တစ်တန်လျှင် ၂၆၀၀၀ ဘတ်ဖြင့် ဝယ်ယူရန် ကတိပြုခဲ့ကြောင်း သိရှိရပါသည်။

**ရီရီမွန် ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ထိုင်းခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့က ပြည်ပရုံးသစ်များ ဖွင့်လှစ်ရန် စီစဉ်

ထိုင်းခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့ (TAT) သည် ထိုင်းခရီးသွားလုပ်ငန်းအနေဖြင့် တရုတ်နိုင်ငံအပေါ် မှီခိုနေရမှုကို လျှော့ချပြီး အလားအလာရှိသော ဈေးကွက်များ ရရှိနိုင်ရန် ၂၀၁၈ ခုနှစ်နောက်ဆုံးထား၍ ပြည်ပရုံးခွဲသစ် ငါးရုံးဖွင့်လှစ်မည်ဖြစ်ပါသည်။ TAT၏ ပြည်ပရုံးသစ်များကို အစ္စတန်ဘူလ်၊ ဗလာဒီဗော့စတော့၊ ယိုဟန်နက်စဘတ်၊ ဗျူနိုအေရိစ်မြို့များနှင့် ကနေဒါရှိ မြို့တစ်မြို့တို့တွင် ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

လောလောဆယ်တွင် ထိုင်းခရီးသွားလုပ်ငန်းသည် တရုတ်နိုင်ငံဈေးကွက်အပေါ် တွင်များစွာမှီခိုလျက်ရှိကြောင်း၊ တရုတ်နိုင်ငံ၏ စီးပွားရေးသည် ရုရှားနိုင်ငံကဲ့သို့ အလားတူဖြစ်ရပ်မျိုး တွေ့ကြုံခံစားရမည်ဆိုပါက ထိုင်းခရီးသွားလုပ်ငန်းအနေဖြင့် ၎င်းရည်မှန်းချက် ပြည့်မီအောင် မည်သို့ ဆက်လက်ခရီးဆက်မည်ကို ထည့်သွင်းစဉ်းစားလျက်ရှိကြကြောင်း၊ ထိုင်းခရီးသွားလုပ်ငန်းအတွက် စွန့်စားရမှု နည်းအောင် ဆောင်ရွက်လျက်ရှိကြကြောင်း သိရှိရပါသည်။

ထိုင်းနိုင်ငံသို့ ယခုနှစ် ပထမကိုးလအတွင်း တရုတ်ခရီးသွား ဧည့်သည် ဝင်ရောက်မှုသည် ၆ ဒသမ ၁၁ သန်း ဖြစ်ပါသည်။ တစ်နှစ်လုံးအနေဖြင့် တရုတ်ခရီးသွားဧည့်သည် ရှစ်သန်းခန့်လာရောက်လိမ့်မည်ဟု မျှော်လင့်ထားပါသည်။

ရုရှားခရီးသည် ဝင်ရောက်မှုသည် ယခုနှစ် ပထမကိုးလအတွင်း၌ ၄၇ ရာခိုင်နှုန်း ကျဆင်းပြီး ၅၇၉၄၆၂ ဦးသာရှိခဲ့ကြောင်း၊ ရုရှားခရီးသွားဧည့်သည်ဈေးကွက်သည် ၂၀၁၄ ခုနှစ် နှစ်လယ်ပိုင်း (ရုရှားငွေကြေး/ရူဘယ်တန်ဖိုးအားပျော့သွားချိန်) မှစ၍ သိသိသာသာ ထိုးကျသွားခဲ့ကြောင်း သိရှိရပါသည်။

ထိုင်းခရီးသွားလုပ်ငန်းအတွက် အာဂျင်တီးနားနှင့်တောင်အာဖရိကဈေးကွက်များသည် အလားအလာကောင်းနေဆဲဖြစ်ပါသည်။ ထိုင်းနိုင်ငံသို့ အာဂျင်တီးနားမှ ခရီးသည်ဝင်ရောက်မှုသည် ယခုနှစ် ပထမကိုးလအတွင်း၌ ၃၄ ရာခိုင်နှုန်း မြင့်တက်ခဲ့၍ ၂၀၁၄၆ ဦးရှိခဲ့ပြီး တောင်အာဖရိကမှ ခရီးသည် ဝင်ရောက်မှုသည် ၈ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်၍ ၅၀၃၄၄ ဦးရှိခဲ့ပါသည်။

အဆိုပါနိုင်ငံများမှ ခရီးသည်ဝင်ရောက်မှုဦးရေနည်းပါးနေသေးသော်လည်း (အဆိုပါ နိုင်ငံများသို့ ပျံသန်းပြေးဆွဲသည့်) လေယာဉ်အရေအတွက်နှင့်အတူ မြင့်တက်လာမည်ဟု TAT မှယုံကြည်ထားပါသည်။

အာဂျင်တီးနားနှင့် တောင်အာဖရိကရှိနေရာများသို့ Thai Airways International လေကြောင်းလိုင်းမှ တိုက်ရိုက်ပျံသန်းပြေးဆွဲသည့် လေယာဉ်မရှိကြောင်း၊ လေယာဉ်တိုက်ရိုက်ပြေးဆွဲမှုမရှိခြင်းသည် ခရီးသွားလုပ်ငန်းအတွက် အဟန့်အတားတစ်ခုဖြစ်ကြောင်း သို့ရာတွင် အရှေ့အလယ်ပိုင်း လေကြောင်းလိုင်းများမှ အကူအညီ ရရှိနိုင်ကြောင်း သိရှိရပါသည်။

**ရီရီမွန် ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ထိုင်းဆန်ပြည်ပတင်ပို့မှု ဆက်လက်အားကောင်းဖွယ်ရှိ

လာမည့်နှစ်တွင် ထိုင်းနိုင်ငံ၏ ဆန်ပြည်ပတင်ပို့မှုသည် တန်ချိန် ၉သန်းခွဲ မှ ၁၀ သန်းအထိ ရှိနိုင်သည်ဟု ခန့်မှန်းထားပြီး၊ ထိုင်းနိုင်ငံ၏ ဆန်ပြည်ပတင်ပို့မှုအလားအလာ ကောင်းမွန်နေကြောင်း ထိုင်းဆန်ပြည်ပတင်ပို့သူများအသင်းမှ ပြောကြားခဲ့ပါသည်။

တရုတ်၊ ဖိလစ်ပိုင်နိုင်ငံများသို့ အစိုးရချင်းစနစ်ဖြင့် ဆန်ရောင်းချမှုများကြောင့် ထိုင်းနိုင်ငံ၏ ဆန်ဈေးကွက်အခြေအနေသည် တည်ငြိမ်လျက်ရှိကြောင်း ထိုင်းဆန်ပြည်ပတင်ပို့သူများအသင်းဥက္ကဋ္ဌ Mr. Charoen ကပြောကြားခဲ့ပါသည်။

မိုးခေါင်မှု၏ အကျိုးဆက်အဖြစ် စပါးထွက်ရှိမှု လျော့နည်းခြင်းကြောင့် အစိုးရအနေဖြင့် လာမည့်နှစ်တွင် ၎င်းသိုလှောင်ထားသော ဆန်များကို ပိုမိုရောင်းချနိုင်မည်ဟု မျှော်လင့်ထားပါသည်။ မိုးခေါင်မှုကြောင့် လာမည့်နှစ်တွင် စပါးထွက်ရှိမှုသည် ၅၀ ရာခိုင်နှုန်းလျော့နည်း၍ တန်ချိန် ၄သန်းမှ ၅ သန်းသာရှိနိုင်ကြောင်း ခန့်မှန်းထားကြပါသည်။

မိုးခေါင်မှုသည် များစွာသော နိုင်ငံများအား ဆန်ဝယ်ရန် စေ့ဆော်ပေးလျက်ရှိသည့် အားလျော်စွာ ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် ဆန်ပိုမိုဝယ်ယူလိမ့်မည်ဟု မျှော်မှန်းထားကြပါသည်။ ထိုင်းဆန်ပြည်ပတင်ပို့မှုနှင့် ဆန်ဈေးနှုန်းများအတွက် အလားအလာကောင်းများ ဖြစ်ပေါ်လျက်ရှိပြီး အီရန်၊ စင်ကာပူနှင့် ဟောင်ကောင်နိုင်ငံများသို့ ဆန်ပိုမိုရောင်းချနိုင်မည်ဟု မျှော်လင့်ထားကြပါသည်။

ထိုင်းနိုင်ငံ အစိုးရသည် အင်ဒိုနီးရှား ဆန်ဝယ်ယူရေးအေဂျင်စီ (Bulog) သို့ဘတ် ၈ ဘီလီယံဖိုးရှိသော ဆန်တန်ချိန် ၅သိန်း ရောင်းချရန် နိုဝင်ဘာလ ဒုတိယရက်သတ္တပတ် အတွင်းတွင် အရောင်းအဝယ်စာချုပ် လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း၊ ဝန်ကြီးချုပ်ပရာယွတ် လက်ထက်တွင် ထိုင်းနိုင်ငံသည် အစိုးရချင်း ရောင်းဝယ်သည့် စနစ်ဖြင့် ဆန်တန်ချိန် ၂သန်းကျော် ရောင်းချပြီးဖြစ်ကြောင်း သိရှိရပါသည်။

**ရီရီမွန်၊**
**စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊**
**ဗန်ကောက်မြို့**

■

Organizations News
Vol: 15, No.45 Monday November 23 2015

# ဖွံ့ဖြိုးရေးကုန်ပစ္စည်းများအတွက် အခွန်လျှော့ရန် အင်ဒိုနီးရှားနိုင်ငံက တိုက်တွန်း

ကျေးလက်ဒေသဖွံ့ဖြိုးရေး သို့မဟုတ် ဖွံ့ဖြိုးရေးကုန်ပစ္စည်းများ (Davelopment Goods) အဖြစ် သတ်မှတ်ထားတဲ့ ကုန်ပစ္စည်းများအတွက် အခွန်လျှော့ချပေးမယ့် မူဝါဒကို ရေးဆွဲဖို့ အင်ဒိုနီးရှားနိုင်ငံမှာ ကျင်းပတဲ့ အေပက်ခေါင်းဆောင်များ ရက်သတ္တပတ် (APEC Economic Leaders Week-AELW) မှာတိုက်တွန်းသွားမှာဖြစ်ကြောင်း အင်တာရာ နယူးစ်သတင်းမှာ ဖော်ပြထားပါတယ်။

"အာရှပစိဖိတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ဖိုရမ် (အေပက်)ကို တက်ရောက်လာကြမယ့် အဖွဲ့ဝင် ၂၁ နိုင်ငံ အနက် လေးနိုင်ငံက ဖွံ့ဖြိုးရေးကုန်ပစ္စည်း အယူအဆကို ဦးဆောင်ဦးရွက်ပြုဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီလိုထုတ်ကုန်ပစ္စည်းများအတွက် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမှာ အထူးအထောက်အပံ့တွေထားပေးဖို့ ကျွန်တော်တို့တောင်းဆိုသွားမှာဖြစ်ပါတယ်" လို့ ကုန်သွယ်ရေးဝန်ကြီးသောမတ်လမ်ဘောင်းက အေပက်ဆွေးနွေးပွဲအပြီး အလွတ်သဘော တွေ့ဆုံပွဲမှာ နိုဝင်ဘာ ၁၆ ရက်က ပြောပါတယ်။

ဦးဆောင်ဦးရွက်ပြုဆောင်ရွက်သွားမယ့် နိုင်ငံလေးနိုင်ငံက ပီရူး၊ ပါပူဝါနယူးဂီနီ၊ ယူးဂီ၊ ဗီယက်နမ်နဲ့ အင်ဒိုနီးရှားနိုင်ငံတို့ဖြစ်ပါတယ်။ အကယ်၍ ဒီအယူအဆကို အေပက်အဖွဲ့ဝင်နိုင်ငံတွေက အတည်ပြုလိုက်မယ်ဆိုရင် "ဖွံ့ဖြိုးရေးကုန်ပစ္စည်း"အဖြစ် သတ်မှတ်ခံရတဲ့ ကုန်ပစ္စည်းအတွက် အခွန်လျှော့ပေါ့ကောက်ခံမှာဖြစ်ပါတယ်။

အထူးသဖြင့် သူတို့ထုတ်ကုန်တွေနဲ့ ပတ်သက်ပြီး လယ်သမားတွေက နည်းပညာဆိုင်ရာအတားအဆီးတွေကြုံတွေ့နေရတဲ့အတွက် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုကို ဆောင်ရွက်ရတဲ့အခါ လယ်သမားတွေအတွက် အထောက်အပံ့တွေ အထူးတလည် ဆောင်ရွက်ပေးဖို့လိုနေကြောင်း ဝန်ကြီး သောမတ်က ပြောပါတယ်။

"တကယ်တမ်းကျတော့ ကျွန်တော်တို့က အခွန် သုညရာခိုင်နှုန်းလောက်အထိ လိုချင်တာပါ။ ဒါပေမယ့် ပွင့်ပွင့်လင်းလင်း ပြောရရင် နည်းပညာဆိုင်ရာ အတားအဆီးတွေရှိနေပါတယ်။ အထူးသဖြင့် စစ်ဆေးရေး၊ ရောဂါပိုးကင်းရှင်းရေးနဲ့ စစ်တမ်းကောက်ယူရေးစတဲ့ ကိစ္စမျိုးတွေမှာ အတားအဆီးတွေ တွေ့နေရပါတယ်"လို့ သူကပြောပါတယ်။

ဒီအစီအစဉ်ကို လေးနိုင်ငံက အေပက်အဖွဲ့ဝင်အားလုံးကို တင်ပြမှာဖြစ်ပေမယ့် စေ့စပ်ညှိနှိုင်းမှုတွေက ချောချောမွေ့မွေ့ မရှိတတ်တာများပါတယ်။

ကုန်စည်အမျိုးအစားပေါင်း ၁၅၇ မျိုးကို ဖွံ့ဖြိုးတိုးတက်ရေး ကုန်ပစ္စည်းအဖြစ် သတ်မှတ်နိုင်မယ့်အနေအထားရှိကြောင်း အင်ဒိုနီးရှားကုန်သွယ်ရေးဝန်ကြီးဌာနရဲ့ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးကော်ပိုရေးရှင်း ညွှန်ကြားရေးမှူးချုပ် ဘက်ချရူးချိုင်ရီက ပြောပါတယ်။ အဲဒီကုန်ပစ္စည်းအမယ်တွေထဲက အင်ဒိုနီးရှားက အဓိကထားဆွေးနွေးမယ့် ကုန်ပစ္စည်းအမယ်တွေထဲမှာ အဓိကအားဖြင့် စားအုန်းဆီ၊ ရော်ဘာ၊ ငါးလုပ်ငန်း၊ ပင်လယ်ထွက်ကုန်နဲ့ သစ်တောထွက်ပစ္စည်းတွေဖြစ်ပါတယ်။

"ဒီထွက်ကုန်တွေက ရာသီဥတုပြောင်းလဲမှုအပါအဝင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူပြုပါတယ်"လို့ သူကပြောပါတယ်။

# ဒုတိယသုံးလပတ်မှာ အေပက်အဖွဲ့ဝင်နိုင်ငံတွေရဲ့ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကျဆင်း

၂၀၁၅ ခုနှစ် ဒုတိယသုံးလပတ်မှာ အာရှပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဝင် (Asia-Pacific Ecomomic Cooperaton-APEC) နိုင်ငံ ၂၁ နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းက ၃ ဒသမ ၁ ရာခိုင်နှုန်းသာရှိရာ ပထမသုံးလပတ်က ရှိခဲ့တဲ့ ၃ ဒသမ ၂ ရာခိုင်နှုန်းနဲ့ ယခင်နှစ်ကာလတူက ရှိခဲ့တဲ့ ၃ ဒသမ ၄ ရာခိုင်နှုန်းနဲ့ နှိုင်းယှဉ်ပါက တိုးတက်မှုနှုန်းကျဆင်းခဲ့ကြောင်း နိုဝင်ဘာ ၁၇ ရက်က ထုတ်ပြန်တဲ့ အေပက်ရဲ့ စီးပွားရေးလေ့လာဆန်းစစ်ချက်ကို ကိုးကားပြီး ရှင်ဝှာသတင်းမှာဖော်ပြပါတယ်။

စီးပွားရေးဖွံ့ဖြိုးမှု နှေးကွေးတာကိုကြည့်ခြင်းအားဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံများရဲ့ စီးပွားရေးနာလန်ထူမှု နှေးကွေးကျဆင်းတာနဲ့ ထွန်းသစ်စနိုင်ငံများရဲ့ ဖွံ့ဖြိုးမှုနှုန်းနှေးကွေးကျဆင်းနေတာကို ရောင်ပြန်ဟပ်လျက်ရှိနေတာကို တွေ့ရမှာဖြစ်ကြောင်း အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

ရင်းနှီးမြှုပ်နှံမှု ကျဆင်းတာနဲ့ ပို့ကုန်လုပ်ငန်းတွေရဲ့ တိုးတက်မှုအလားအလာ မှေးမှိန်လာတာကြောင့် နိုင်ငံတွေရဲ့စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှု(ဂျီဒီပီ)ကို ကျဆင်းစေခဲ့ကြောင်း အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

"အာရှ-ပစိဖိတ်ဒေသမှာရှိတဲ့ စီးပွားရေးတွေ ဆက်လက်တိုးတက်ခဲ့ပေမယ့် ကုန်သွယ်မှုပမာဏ ဖွံ့ဖြိုးမှုနိမ့်ကျတဲ့အတွက် စီးပွားရေးဖွံ့ဖြိုးမှု ကိုဟန့်တားခံနေရတဲ့ ပုံစံမျိုးကို တွေ့ရပါတယ်၊"လို့ အေပက်အတွင်းရေးမှူးချုပ်ရဲ့ အမှုဆောင်ဒါရိုက်တာ အေလန်ဘောလတ်က ပြောပါတယ်။

ဈေးကွက်မရေရာမှုတွေနဲ့ ကိုယ်ကျိုးစီးပွားကာကွယ်မှုတွေကြောင့် စိုးရိမ်စရာတွေဖြစ်ရတယ်ဆိုပေမယ့် ကုန်သွယ်မှုကို ပုံပျက်ပန်းပျက်ဖြစ်စေတဲ့ အစီအမံတွေက ယေဘုယျအားဖြင့် ဒုက္ခပေးနေကြောင်း ဘောလတ်က ပြောပါတယ်။ ဒေသတွင်းမှာရှိတဲ့ နိုင်ငံတွေက ကုန်သွယ်မှုအပေါ်မှာ အကြီးအကျယ် မှီခိုလျက်ရှိနေပြီး ဖွံ့ဖြိုးမှုအခွင့်အလမ်းတွေကို ကုန်သွယ်မှုကသာ ရနိုင်ဖို့ရှိကြောင်း သူကပြောပါတယ်။ ဒါပေမယ် အေပက်ဒေသမှာ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် သမားရိုးကျ ချဉ်းကပ်မှုပုံစံတွေနဲ့သာ ဆောင်ရွက်နေလို့ လုံလောက် မှုမရှိကြောင်းလည်း သူပြောပါတယ်။

# အသေးစားစီးပွားရေးလုပ်ငန်းများအတွက် အလီဘာဘာဂျက်မာက အဖွဲ့အစည်းထူထောင်မည်



ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို)က လုပ်ငန်းကြီးများအတွက်သာ အထောက်အကူဖြစ်နိုင်တဲ့အတွက် အီးကောမတ်စ်လုပ်ငန်းတွေက အသေးစား စီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးအောင် အကူအညီပေးဖို့အတွက် နောက်ထပ်အဖွဲ့အစည်းသစ်တစ်ခု ထူထောင်ဖို့လိုအပ်ကြောင်း ဂျက်မာလို့လူသိများနေတဲ့ အလီဘာဘာအုပ်စုရဲ့ ဥက္ကဋ္ဌ သန်းကြွယ်သူဌေး မာလွန်းရဲ့ ပြောကြားချက်ကို ကိုးကားပြီး ဖိလစ်ပိုင်သတင်းမှာ ဖော်ပြပါတယ်။ ဒီလိုမှ မထူထောင်ဘူးဆိုရင် အားလုံးဒုက္ခရောက်သွားနိုင်တယ်လို့ သူကပြောပါတယ်။

ဂျက်မာထူထောင်ခဲ့တဲ့ အလီဘာဘာဝက်ဘ်ဆိုက်ဟာ နေ့စဉ် သုံးစွဲသူ ပျမ်းမျှသန်း ၁၀၀ ကျော်ရှိတဲ့ ပလက်ဖောင်းတစ်ခုဖြစ်ပါတယ်။ ဒါကြောင့် ဂျက်မာက တရုတ်လူမျိုးရဲ့ တယ်လီကွန်း ဆက်သွယ်ရေးနဲ့ မိုဘိုင်းလုပ်ငန်းတွေရဲ့ တိုးတက်မှုကို ဖော်ဆောင်ပေးခဲ့သူတစ်ဦးဖြစ်ပါတယ်။ သူက တရုတ်နိုင်ငံမိုဘိုင်းလုပ်ငန်းတိုးတက်မှုရဲ့ ပြယုဂ်တစ်ခုဖြစ်သလို အောက်သက်ကြေခဲ့သူတစ်ဦးလည်းဖြစ်ပါတယ်။

"သင်ဘယ်နိုင်ငံက လာတာပဲဖြစ်ဖြစ် သင့်ကုမ္ပဏီအရွယ်အစားဘယ်လောက်ပဲရှိရှိ အကြောင်းမဟုတ်ပါဘူး။ ကုန်သွယ်မှုက လွတ်လပ်မှုရှိရပါမယ်။ လူ့အခွင့်အရေး ရှိရမယ်။ တခြားစီးပွားရေးတစ်ခုခုကို ထိုးနှက်တဲ့လက်နက်မ ဖြစ်ရပါဘူး"လို့ အာရှပစိဖိတ် စီးပွား ရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့က နိုဝင်ဘာ ၁၈ ရက်နေ့မှာကျင်းပတဲ့ အာရှပစိဖိတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (အေပက်)ရဲ့ အလုပ်အမှုဆောင်များ ညီလာခံ (APEC CEO Summit 2015) အခမ်းအနားမှာ မာကပြောပါတယ်။

"အသေးစားစီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးရေးကို အကူအညီပေးဖို့အတွက် WTO 2.0 သို့မဟုတ် e-WTO လို အဖွဲ့အစည်းမျိုးရှိသင့်ပါတယ်"လို့ သူက ပြောပါတယ်။

၂၀၁၄ ခုနှစ်က နယူးယောက်မှာ အလီဘာဘာရဲ့ အများပြည်သူအတွက် ကနဦး ရှယ်ယာထုတ်ဝေမှု (Intial Public Offering-IPO) တန်ဖိုးက အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၈ ဘီလီယံရှိတဲ့အတွက် ကမ္ဘာပေါ်ရှိ အများပြည်သူအတွက် ကနဦးထုတ်ဝေတဲ့ ရှယ်ယာတန်ဖိုးအနက် အမြင့်ဆုံးဖြစ်ခဲ့ပါတယ်။

ဘဏ်တင်-စုစည်းတင်ပြသည်

# အေအီးစီကြောင့် လုပ်ငန်းသစ်များ အလျှိုအလျှိုပေါ်ထွက်လာဖွယ်ရှိ

အာဆီယံ စီးပွားရေးအသိုက်အဝန်း(အေအီးစီ)ကို အပြည့်အဝအကောင်အထည်ဖော်တော့မှာဖြစ်တဲ့အတွက် ထိုင်းနိုင်ငံမှာ ကုမ္ပဏီသစ်မှတ်ပုံတင်မှုက ၂၀၁၆ ခုနှစ်မှာ ၆၅၀၀၀ အထိ တိုးတက်လာမှာဖြစ်ကြောင်း နေးရှင်းသတင်းမှာ ဖော်ပြပါတယ်။

အာဆီယံ ပေါင်းစည်းမှုကြောင့် ဖွံ့ဖြိုးတိုးတက်မည့် အခွင့်အလမ်းတွေ ပိုမိုတွေ့မြင်ရခြင်းနဲ့ ထိုင်းနိုင်ငံစီးပွားရေး ခိုင်မာလာခြင်း စတဲ့ အချက်တွေကြောင့် ၂၀၁၆ ခုနှစ်မှာ ဆောက်လုပ်ရေး၊ ကုန်သွယ်ရေးနဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေအပါအဝင် စက်မှုလုပ်ငန်းကဏ္ဍအသီးသီးမှာ လုပ်ငန်းသစ်တွေ ထူထောင်ကြမှာဖြစ်ကြောင်း စီးပွားရေး ဖွံ့ဖြိုးရေးဌာနမှ ညွှန်ကြားရေးမှူးချုပ် ပွန်းပန်ဂီယာရာ ဗီရိယာပန်က နိုဝင်ဘာ ၁၇ ရက်က ပြောပါတယ်။

တခြားနိုင်ငံများအတွင်း ထိုးဖောက်ဝင်ရောက်နိုင်တဲ့ အချိတ်အဆက်တွေ ထိုင်းနိုင်ငံမှာရှိနေတဲ့အတွက် ထိုင်းနိုင်ငံကို ဒေသတွင်း ပေါင်းစည်းရေးရဲ့ အချက်အချာဒေသအဖြစ် သဘောထားကြကြောင်း၊ စီးပွားရေးဖွံ့ဖြိုးမှုကဏ္ဍမှာ ဆောင်ရွက်နေသူတွေက ပြောပါတယ်။ လာမယ့်နှစ်မှာ စီးပွားရေး ဖွံ့ဖြိုးမယ့် အလားအလာကောင်းတွေ ရှိနေတဲ့အတွက် ထူထောင်စလုပ်ငန်းသစ်တွေ ပိုမိုများပြားလာလိမ့်မယ်လို့ ခန့်မှန်းကြပါတယ်။

ထိုင်းနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို ၂ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်မယ်လို့ ခန့်မှန်းထားတဲ့အတွက် ယခုနှစ်အတွင်းမှာ အသစ်ထူထောင်မယ့် ကုမ္ပဏီပေါင်း ၆၀၀၀၀ အထိ ရှိမယ်လို့ ခန့်မှန်းထားပါတယ်။ ထိုင်းအစိုးရက ဆောင်ရွက်ပေးတဲ့ ရေတိုစီးပွားရေးလှုံ့ဆော်အားပေးမှု အစီအမံတွေကလည်း ယခုနှစ်အကုန်မှာ ရလဒ်တွေထွက်ပေါ်လာလိမ့်မယ်လို့လည်း ခန့်မှန်းထားပါတယ်။

# ဖိလစ်ပိုင်နိုင်ငံ ဆူးဘစ်ပင်လယ်ဆိပ်ကမ်းမှာ အီလက်ထရွန်းနစ်ယာဉ်များ အသုံးပြုမည်

၂၀၁၆ ခုနှစ် နှစ်ဦးပိုင်းကိုရောက်ရှိပါက ဆူးဘစ်ပင်လယ်အော်ရဲ့ ပင်လယ်ဆိပ်ကမ်းမှာ အသုံးပြုဖို့အတွက် အီလက် ထရွန်းနစ်သုံး ယာဉ်များ (E-vehicles) ကို ဖိလစ်ပိုင်နဲ့ တရုတ် (တိုင် ပေ) စီးပွားရေးလုပ်ငန်းများက ဖွဲ့စည်းထားတဲ့ ဖက်စပ်ကုမ္ပဏီတစ်ခုက စတင် ထုတ်လုပ်နေပြီဖြစ်ကြောင်း ဆူးဘစ်ပင်လယ်အော် အာဏာပိုင်အဖွဲ့တစ်ခုဖြစ်တဲ့ Subic Bay Metropolian Authority (SBMA) ရဲ့ ပြောကြားချက်ကို ကိုးကားပြီး ဖိလစ်ပင်းစတားသတင်းမှာ ဖော်ပြပါတယ်။

ဖိလစ်ပိုင်နိုင်ငံ မော်တော်ဆိုင်ကယ်ရောင်းဝယ်ရေးလုပ်ငန်း ရိုပါလီကော်ပိုရေးရှင်းနဲ့ တရုတ်(တိုင်ပေ) အခြေစိုက် လျှပ်စစ်မော်တာထုတ်လုပ်ရေးကုမ္ပဏီ TECO Electric and Machinery Co.,Ltd တို့ဖက်စပ်ဖွဲ့စည်းထားတဲ့ Roteco ကုမ္ပဏီက သဘာဝပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေဖြစ်မယ့် ယာဉ်များကို ဆူးဘစ်ပင်လယ်ဆိပ်ကမ်းမှာ စတင်ထုတ်ဖော်ပြသခဲ့ပါတယ်။

ယခုထုတ်လုပ်လိုက်တဲ့ ယာဉ်တွေက လောင်စာဆီကို သုံးစွဲပြီး ပတ်ဝန်းကျင်ညစ်ညမ်းမှုတွေ ဖြစ်ပွားစေခဲ့တဲ့ ဒီဇယ်ဂျစ်ကားတွေရဲ့နေရာအစား ထိုးဝင်ရောက်ပြီး အများပြည်သူတွေအတွက် အခွင့်အလမ်းကောင်းတွေ ပေးသွားမှာဖြစ်ကြောင်း TECO ကုမ္ပဏီရဲ့ဥက္ကဋ္ဌ ချောင်ကိုင်လျူကပြောပါတယ်။

"သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းပြီး ခေတ်မီယာဉ်တွေအသုံးပြုခြင်းအားဖြင့် ဖိလစ်ပိုင်နိုင်ငံရဲ့ အများပြည်သူသယ်ယူပို့ဆောင်ရေး အရည်အသွေးကို တိုးမြှင့်တင်ပေးသွားမှာပါ။ တစ်ချိန်တည်းမှာ ရာသီဥတု ပြောင်းလဲမှုကိုဖြစ်စေတဲ့ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုကိုလည်း လျှော့ချပေးနိုင်မှာဖြစ်ပါတယ်"လို့ လျူကပြောပါတယ်။

Roteco ကုမ္ပဏီရဲ့ အဓိကရည်မှန်းချက်က အီလက်ထရွန်းနစ်ယာဉ်တွေထုတ်လုပ်ပြီး ပြည်တွင်းသယ်ယူပို့ဆောင်ရေးကဏ္ဍမှာ တီထွင်ဆန်းသစ်မှုတွေကို မိတ်ဆက်ပေးဖို့ဖြစ်ကြောင်း ရိုပါလီကုမ္ပဏီ ဥက္ကဋ္ဌ ရောဘတ်တို အလင်ဂေါ့က ပြောပါတယ်။

"အများပြည်သူအတွက် သန့်ရှင်းတဲ့လေနဲ့ သန့်ရှင်းတဲ့သဘာဝပတ်ဝန်းကျင်ကို ပေးစွမ်းနိုင်ဖို့က ကျွန်တော်တို့ရဲ့ ရည်မှန်းချက်ဖြစ်ပါတယ်"လို့ သူက ပြောပါတယ်။

အီလက်ထရောနစ်ယာဉ်များ ထုတ်လုပ်မှုကို ၂၀၁၆ ခုနှစ် ဇန်နဝါရီမှာ စတင်ဖို့ ရည်မှန်းထားကြောင်း အလင်ဂေါ့ ပြောပါတယ်။

# အလုပ်သင်အစီအစဉ်တိုးတက်ရေးအတွက် နည်းပညာဆိုင်ရာ ပညာရေးသိပ္ပံနဲ့ ကုမ္ပဏီတစ်ရာကျော်တို့ လက်မှတ်ရေးထိုး




နည်းပညာဆိုင်ရာ ပညာရေးသိပ္ပံ (Institute of Technical Education-ITE) မှ ကျောင်းဆင်းလာမယ့် ကျောင်းသားများအတွက် အထောက်အပံ့ဖြစ်စေမယ့်အဆင့်မြင့် အလုပ်သင်အစီအစဉ်ကို ထောက်ပံ့ပေး ကုမ္ပဏီ ၁၀၀ ကျော်တို့က နိုဝင်ဘာ ၁၈ ရက်နေ့မှာ ကတိပြုခဲ့ကြောင်း နဲ့ အဆိုပါအစီအစဉ်ကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်နေ့မှာ စတင်မှာဖြစ်ကြောင်းနဲ့ စီအင်အေသတင်းမှာ ဖော်ပြပါတယ်။

အင်ဂျင်နီယာနဲ့ ဟိုတယ်လုပ်ငန်းများအစပြုပြီး စီးပွားရေးလုပ်ငန်းများနဲ့ဝန်ဆောင်မှုလုပ်ငန်းများအထိ ပါဝင်တဲ့ ကုမ္ပဏီ ၁၁၀ က ITE နဲ့ သဘောတူစာချုပ် ချုပ်ဆိုခဲ့ပါတယ်။ အဲဒီကုမ္ပဏီတွေထဲမှာ Crowine Plaza Changi Airport, The soup spoon. Alexandra Health System နဲ့ အိုစီဘီစီဘဏ်တို့ ပါဝင်ပါတယ်။

ဒီသဘောတူစာချုပ်မှာ ITE နဲ့ ကုမ္ပဏီတွေရဲ့ အခန်းကဏ္ဍနဲ့ တာဝန်တွေကိုပြတ်ပြတ်သားသား သတ်မှတ်ပေးထားကြောင်း ITE က ပြောပါတယ်။

အဆင့်မြင့် အလုပ်သင်အစီအစဉ်မှာ လုပ်ငန်းဆိုင်ရာ သင်တန်းဆရာရဲ့ လမ်းညွှန်မှုနဲ့အညီ သဘောတူထားတဲ့လုပ်ငန်းအစီအစဉ်ကို အသုံးပြုပြီး လေ့ကျင့်ရေးအစီအစဉ်ကိုဆောင်ရွက်မှာဖြစ်ပါတယ်။

အလားတူပဲ ကျောင်းသားများရဲ့ သင်ယူမှုရလဒ်များကို အနီးကပ်စောင့်ကြည့်ပြီး သူတို့ရဲ့ ကျွမ်းကျင်မှုကို တိုးမြှင့်ပေးနိုင်အောင် အထောက်အကူပေးသွားမှာဖြစ်ကြောင်း ITE ကပြောပါတယ်။

နိုဝင်ဘာ ၁၈ ရက်နေ့ နံနက်ကပြုလုပ်တဲ့ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို အဆင့်မြင့်ပညာရေးနဲ့ ကျွမ်းကျင်မှုဝန်ကြီးဌာန ယာယီဝန်ကြီး အွန်းယဲကွန်းလည်း တက်ရောက်ခဲ့ပါ တယ်။ ၂၀၁၆ ခုနှစ်မှာ ITE ရဲ့ လေ့ကျင့် ရေးသင်တန်း ၆၂ ရာခိုင်နှုန်းကို အဆင့်မြင့် အလုပ်သင်သင်တန်းများအတွက် ပို့ချပေးသွားမှာ ဖြစ်ပါတယ်။

အစီအစဉ်ရဲ့ အဓိက ရည်ရွယ်ချက်က ၂၀၂၀ ပြည့်နှစ်မှာ ITE သင်တန်းများအားလုံးအတွက် သင်တန်းကာလကို သုံးလမှ ခြောက်လအထိ သတ်မှတ်ဆောင်ရွက်သွားဖို့ဖြစ်ပါတယ်။

# အီး-ကောမတ်စ်လုပ်ငန်းများအား ရင်းနှီးမြှုပ်နှံမှု လျှောက်ထားရန် လိုသည့်စာရင်းမှ အင်ဒိုနီးရှားအစိုးရက ပယ်ဖျက်မည်အင်ဒိုနီးရှား

ပြည်တွင်းမှာ အီးကောမတ်စ် လုပ် ငန်း ဆောင်ရွက်နေသူများအတွက် ငွေကြေးရရှိစေရန် စီမံချက်တစ်ရပ်အဖြစ် အထူးသဖြင့် အင်ဒိုနီးရှားမှာ ထူထောင်ပြီးဖြစ်တဲ့ နိုင်ငံခြားအီးကောမတ်စ်ကုမ္ပဏီများ နိုင်ငံတွင်းမှာ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လာအောင် အားပေးမှုအဖြစ် အစိုးရက ရင်းနှီးမြှုပ်နှံမှုအတွက် လျှောက်ထားရမည့် စာရင်း "Negative Investment List" ကို ပြုပြင်ပေးမှာဖြစ်ကြောင်း ဂျကာတာပို့စ်သတင်းမှာ ဖော်ပြပါတယ်။

ဆက်သွယ်ရေးနဲ့ ပြန်ကြားရေးဝန်ကြီး ဂူဒီယာနာရာ၊ ကုန်သွယ်ရေးဝန်ကြီးသောမတ်လမ်ဘောင်း၊ ရင်းနှီးမြှုပ်နှံမှု ပေါင်းစပ်ညှိနှိုင်းရေးဘုတ်အဖွဲ့ (BKPM) ဥက္ကဋ္ဌ ဖရန်ကီဆီဘာရာနီတို့ တွေ့ဆုံဆွေးနွေးပြီးနောက် ပြင်ဆင်ရေး စီမံချက်ပေါ် ထွက်လာတာဖြစ်ပါတယ်။ [ရင်းနှီးမြှုပ်နှံမှု လျှောက်ထားရန် လိုအပ်သည့်စာရင်းမှ] ထူထောင်ပြီးဖြစ်တဲ့ ကုမ္ပဏီများကို ဖယ်ရှားပေးဖို့ သူတို့က သဘောတူခဲ့ပါတယ်။

ပြည်တွင်း အင်တာနက်ကုမ္ပဏီတွေ ငွေကြေးပိုမိုရရှိနိုင်မယ့် နည်းလမ်းတွေကိုလည်း ဆွေးနွေးခဲ့ကြကြောင်း ဂူဒီယန်တာရာက ပြောပါတယ်။

ထူထောင်ထားပြီးဖြစ်တဲ့ အီးကောမတ်စ်ကုမ္ပဏီတွေကို ရင်းနှီးမြှုပ်နှံမှုလျှောက်ထားရန် လိုအပ်တဲ့စာရင်းက ဖယ်ရှားပေးဖို့ "ကျွန်တော်၊ လမ်ဘောင်းနဲ့ ဖရန် ကီတို့က ဆွေးနွေးခဲ့ကြပါတယ်။ ဒါပေမယ့် ထူထောင်စလုပ်ငန်းတွေ၊ အသေးစားနဲ့ အလတ်စား စီးပွားရေး လုပ်ငန်းတွေတော့ မပါဝင်သေးပါဘူး"လို့ သူကပြောပါတယ်။

ထူထောင်စ လုပ်ငန်းများနဲ့ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများကို ပြည်တွင်းလုပ်ငန်းရှင်တွေ စတင်ဆောင်ရွက်ရမယ်လို့ သူက ပြောပါတယ်။

ပြည်တွင်း အီးကောမတ်စ်လုပ်ငန်းတွေအနေနဲ့ ဘဏ္ဍာငွေကြေးရရှိဖို့ကြိုးပမ်းဆောင်ရွက်ရာမှာ အခက်အခဲရှိစေတဲ့အတွက် အီးကောမတ်စ်လုပ်ငန်းများအား 'ရင်းနှီးမြှုပ်နှံမှုအတွက် လျှောက်ထားရန် လိုအပ်တဲ့စာရင်း'မှာ ထည့်သွင်းထားတာနဲ့ ပတ်သက်လို့ ဝေဖန်မှုတွေ အများအပြားရှိနေပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# ဈေးကွက်သစ်တွေ ထိုးဖောက်ဖို့ ဗီယက်နမ် လုပ်ငန်းရှင်တို့ နည်းလမ်းရှာ

ဗီယက်နမ်ကုမ္ပဏီတွေ ထုတ်လုပ်တဲ့ ထုတ်ကုန်တွေအတွက် အမေရိကန်ပြည်ထောင်စုနဲ့ လက်တင်အမေရိကနိုင်ငံတွေမှာ ဝယ်လိုအားတွေ အမြောက်အမြားရှိနေကြောင်း၊ ဒါပေမယ့် ဒီဈေးကွက်ထဲကို ဝင်မယ်ဆိုရင် ဂရုတစိုက် လေ့လာဖို့လိုကြောင်း နိုဝင်ဘာ ၁၇ ရက်က ဟိုချီမင်းစီးတီးမှာ ကျင်းပ တဲ့ ဖိုရမ်တစ်ခုမှာ ဆွေးနွေးခဲ့တာကို ကိုးကားပြီး VNS သတင်းမှာ ဖော်ပြပါ တယ်။

ဒီဈေးကွက်မှာရှိတဲ့ ဝယ်လို အားကို ဖြည့်ဆည်းဖို့အတွက် ဗီယက်နမ်ပို့ကုန်လုပ်ငန်းရှင်တွေက အရည်အသွေးကို မြှင့်တင်ဖို့ လိုအပ်မှာဖြစ်ကြောင်း ဟိုချီမင်းစီးတီးရဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့ ကုန်သွယ်မှုမြှင့်တင်ရေး စင်တာက တာဝန်ယူ ကျင်းပတဲ့ ပို့ကုန်ဖိုရမ် အစည်းအဝေးကို တက်ရောက်လာသူတွေက ပြောပါတယ်။

ပို့ကုန်လုပ်ငန်းတွေကို ပိုမိုအာရုံစိုက် ဆောင်ရွက်ခဲ့တဲ့အတွက် အမေရိကန်ပြည်ထောင်စုရဲ့ သွင်းကုန်တွေတိုးတက်လာခဲ့ကြောင်း စက်မှုနဲ့ကုန်သွယ်ရေးဝန်ကြီးဌာန အမေရိကန်ဈေးကွက်ဌာန ဦးစီးမှူး ငုယင်ဒိုင်ခီယန်က ပြောပါတယ်။

အမေရိကန်ပြည်ထောင်စု ဈေးကွက်မှာ လယ်ယာစိုက်ပျိုးရေးထုတ်ကုန်များအပြင် ချည်မျှင်နဲ့ အထည်ချုပ်၊ ဖိနပ်၊ သစ်ထုတ်ကုန်ပစ္စည်း၊ ပင်လယ်စာနဲ့ အီလက်ထရွန်နစ်ထုတ်ကုန်များနဲ့ ဆက်စပ်ပစ္စည်းများအပါအဝင် တခြားကုန်ပစ္စည်းအမယ်များကိုလည်း ဝယ်လိုအားမြင့်မားကြောင်းနဲ့ ဗီယက်နမ်စီးပွားရေးလုပ်ငန်းများကလည်း ဒီထုတ်ကုန်များမှာ ထုတ်လုပ်မှုအားကောင်းကြောင်း သူကပြောပါတယ်။

ဗီယက်နမ်နဲ့ အမေရိကန်ပြည်ထောင်စုတို့ရဲ့ ကုန်သွယ်မှုပမာဏက ၂၀၁၄ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၃၆ ဒသမ ၃ ဘီလီယံရှိခဲ့ပြီး ဗီယက်နမ်ပို့ကုန်က အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၆ ကီလီယံရှိပါတယ်။ ဒါပေမယ့် အမေရိကန်ပြည်ထောင်စု သွင်းကုန်ရဲ့ ၁ ဒသမ ၃ ရာခိုင်နှုန်းသာရှိပါတယ်။

ဗီယက်နမ်ရဲ့ ပြိုင်ဘက်အများစုက သဘောတူစာချုပ်ထဲမှာ မပါဝင်ကြပါဘူး။ ဗီယက်နမ်ကတော့ TPP မှာ ပါဝင်လို့ ခံစားခွင့်ရတဲ့ အကောက်ခွန်လျှော့ချမှုတွေကြောင့် ကြီးမားတဲ့ အခွင့်အလမ်းတွေ ရစေနိုင်ပါတယ်။

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

## ဝါရှင်တန်

အမေရိကန်ပြည်ထောင်စု ဗဟိုဘဏ်ကို ထိန်းချုပ်ဖို့ အဆိုပြုထားတဲ့ ဥပဒေကြမ်းကို ရီပတ်ဘလီကင် အမတ်များရဲ့ ထောက်ခံမှုဖြင့် အမေရိကန်အောက်လွှတ်တော်က နိုဝင်ဘာ ၁၉ ရက်နေ့မှာ အတည်ပြုခဲ့ကြောင်းနဲ့ အဆိုပါဥပဒေကို အထက်လွှတ်တော်က အတည်ပြုပြီးနောက် သမ္မတဘားရက်အိုဘားမားထံ တင်ပြရဦးမည်ဖြစ်ရာ သမ္မတက ဗီတိုအာဏာသုံး၍ ပယ်ချနိုင်ရန် အလားအလာရှိကြောင်း အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။

## စင်ကာပူ

တရုတ်စီးပွားရေးတိုးတက်နှုန်း နှေးကွေးမှုကြောင့် ကမ္ဘာ့စီးပွားရေးနဲ့ ကုန်သွယ်မှုများနှေးကွေးကျဆင်းလျက်ရှိတဲ့အတွက် တီထွင်ဆန်းသစ်မှုနဲ့ နည်းပညာတို့ကို အသုံးပြုပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ဖို့ လိုကြောင်း နိုဝင်ဘာ ၂၀ ရက်က ပြုလုပ်သော The Straits Times Global Outlook Forum မှာ စင်ကာပူဒုတိယဝန်ကြီးချုပ် သာမန်ရှာမူဝါရက်တနမ်ရဲ့ ပြောကြားချက်ကို ကိုးကားပြီး စီအင်အေသတင်းမှာ ဖော်ပြပါတယ်။

## ယိုတ်တာ(ဂျပန်)

အရှုံးပေါ်လျက်ရှိနေတဲ့ ဂျပန်အီလက်ထရွန်နစ် လူသုံးကုန်များ ထုတ်လုပ်နေတဲ့ SHARP ကော်ပိုရေးရှင်းက ပင်လယ်ရပ်ခြားရှိ ကျန်တီဗွီ စက်ရုံတို့ကို ပိတ်တော့မှာဖြစ်ကြောင်း၊ ဒါပေမယ့် ၂၀၁၆ ခုနှစ်မှာ တီဗီလုပ်ငန်းများမှ အမြတ်အစွန်းများ ပြန်ရလိမ့်မယ်လို့မျှော်လင့်ထားကြောင်း SHARP ကုမ္ပဏီရဲ့ ဒစ်ဂျစ်တယ် အချက်အလက် အသုံးပြုရေး ဌာနဦးစီးမှူး ကင်နီချီကိုဒါနီက ပြောပါတယ်။

## ဆိုးလ်

တောင်ကိုရီးယားမှာ အသက် ၆၅ နှစ်အထက်ရှိသူ ဦးရေက ၂၀၁၃ ခုနှစ်မှာ ၁၂ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ပြီး သန်း ၅၀ အထိ ရှိလာပြီး လုပ်သားအင်အား ကျဆင်းမှုကြောင့် ကိုရီးယားနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းက ၁ ရာခိုင်နှုန်းအထိ ကျဆင်းလာနိုင်ကြောင်း နိုဝင်ဘာ ၂၀ ရက်က ကျွမ်းကျင်သူတစ်ဦးရဲ့ ပြောကြားချက်ကို ကိုးကားပြီး ယွန်ဟပ်သတင်းမှာ ဖော်ပြပါတယ်။

## South Asia

# ရေနံဈေးနှုန်းကျဆင်းမှုက အိန္ဒိယစီးပွားရေးအတွက် အခွင့်ကောင်းများဖန်တီးပေး

ရေနံဈေးနှုန်းများ ကျဆင်းမှုက အိန္ဒိယနိုင်ငံ စီးပွားရေးအတွက် အခွင့်သာသော ပတ်ဝန်းကျင်အခြေအနေကို ဖန်တီးပေးပြီး ငွေကြေးဖောင်းပွမှုကို ထိန်းချုပ်နိုင်မယ့် အနေအထားကို ရောက်ရှိစေခဲ့ကြောင်း နိုဝင်ဘာ ၁၆ ရက်က အိန္ဒိယဘဏ္ဍာရေးဝန်ကြီး အရန်ဂျိတ်တလီရဲ့ ပြောကြားချက်ကို ကိုးကားပြီး ပီတီတိုင်သတင်းမှာဖော်ပြပါတယ်။

ရေနံဈေးနှုန်းတွေ ကျဆင်းတဲ့အတွက် အိန္ဒိယအစိုးရက ထောက်ပံ့ကြေးတွေကို လျှော့ချပေးနိုင်ခဲ့ကြောင်း ဂျိတ်တလီကပြောပါတယ်။

“ရေနံဈေးနှုန်းတွေ ကျဆင်းတဲ့အတွက် ကြိုဝယ်ထားလို့ ကျွန်တော်တို့ကုမ္ပဏီတွေရဲ့ အရှုံးတွေကို ထေမိခဲ့ပါတယ်။ ဒီလို ဈေးနှုန်းတွေ ကျဆင်းနေတဲ့အတွက် ငွေကြေးဖောင်းပွမှုကိုလည်း ထိန်းချုပ်နိုင်ပြီး အကျိုးဆက်အားဖြင့် အိန္ဒိယဗဟိုဘဏ်က အတိုးနှုန်းတွေကိုလည်း လျှော့ချပေးနိုင်ပါတယ်” လို့ သတင်းစာရှင်းလင်းပွဲမှာ သူက သတင်းထောက်တွေကို ပြောပါတယ်။

လွန်ခဲ့တဲ့ လအနည်းငယ်ကရှိခဲ့တဲ့ ရေနံစိမ်းဈေးနှုန်းတွေက အိန္ဒိယ စီးပွားရေးအတွက် အခွင့်အလမ်း သာတဲ့ ပတ်ဝန်းကျင်အခြေအနေတွေကို ဖန်တီးပေးခဲ့ကြောင်း သူက ပြောပါတယ်။ ရေနံစိမ်းဈေးနှုန်းတွေ ကျဆင်းလာတယ်ဆိုတာက ရေနံစိမ်းထုတ်လုပ်တဲ့ နိုင်ငံတွေကနေ ရေနံသုံးစွဲတဲ့နိုင်ငံ တွေအတွက် ဥစ္စာဓနကိုလွှဲပြောင်းပေး တယ်ဆိုတဲ့ သဘောကို ဆောင်နေကြောင်း သူက ပြောပါတယ်။

အိန္ဒိယဘဏ္ဍာရေးဝန်ကြီးက အိန္ဒိယနိုင်ငံက ဆောင်ရွက်ပေးနေတဲ့ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းအမျိုးမျိုးကို ရင်းနှီးမြှုပ်နှံသူတို့အား ရှင်းလင်းတင်ပြနိုင်ရန်အတွက် အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး)သို့ နှစ်ရက်ကြာခရီးစဉ်အဖြစ် နိုဝင်ဘာ ၁၆ ရက်နေ့က ရောက်ရှိခဲ့ပါတယ်။

ရင်းနှီးမြှုပ်နှံမှုအတွက် တံခါးဖွင့်ပေးထားရုံဖြင့် ရင်းနှီးမြှုပ်နှံမှုတွေဝင်လာမှာ မဟုတ်ကြောင်း နိုင်ငံရဲ့ စီးပွားရေးအခြေအနေကို ယုံကြည်ပြီး သူတို့ ရင်းနှီးမြှုပ်နှံမှုတွေ ဘေးအန္တရာယ်ကင်းကင်းနဲ့ လုံလောက်တဲ့ အမြတ်အစွန်းရမယ်လို့ ယုံကြည်မှသာ ရင်းနှီးမြှုပ်နှံမှာဖြစ်ကြောင်း သူက ပြောပါတယ်။

## USA

# အမေရိကန်ဗဟိုဘဏ်နဲ့ ပတ်သက်ပြီး အဆိုပြုထားတဲ့ဥပဒေကြောင့် အမေရိကန်စီးပွားရေးကိုထိခိုက်စေနိုင်ကြောင်း ယယ်လင်ကသတိပေး

အမေရိကန်ဗဟိုဘဏ်ကို ပိုမိုပြီး အနီးကပ်ကြီးကြပ်ဖို့ အမေရိကန်ကွန်ဂရက်ကို အဆိုပြုထားတဲ့ ဥပဒေက အမေရိကန်စီးပွားရေးကို ထိခိုက်စေနိုင်ကြောင်း အမေရိကန်ဗဟိုဘဏ်ဥက္ကဋ္ဌ ဂျနက်ယက်လင်က နိုဝင်ဘာ ၁၇ ရက်က သတိပေးစကား ပြောကြားခဲ့တယ်လို့ အေအက်ဖ်ပီသတင်းမှာ ဖော်ပြထားပါတယ်။



ဗဟိုဘဏ် ကြီးကြပ်ထိန်းသိမ်းမှု ပြုပြင်ပြောင်းလဲရေးနဲ့ ခေတ်မီတိုးတက်ရေး အက်ဥပဒေ (Fed Oversight Reform and Modernisation Act-FORM Act) က ဗဟိုဘဏ်မူဝါဒရေးဆွဲသူရဲ့ လက်ကိုတုတ်နှောင်ထားသလို ဖြစ်စေနိုင်ကြောင်း အောက်လွှတ်တော်ဥက္ကဋ္ဌ ပေါလ်ယန်းနဲ့ အောက်လွှတ်တော် ဒီမိုကရက်တစ်ခေါင်းဆောင် နန်စီပဲလိုစီထံ ပေးပို့တဲ့စာမှာ ယယ်လင်က ရေးသားဖော်ပြခဲ့ပါတယ်။

ဒီဥပဒေကြမ်းကိုသာ ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်မယ်ဆိုရင် အမေရိကန်ရဲ့စီးပွားရေးကို ဆိုးဆိုးရွားရွား ဖျက်ဆီး ခံရမှာဖြစ်ကြောင်းနဲ့ ကမ္ဘာ့ဘဏ္ဍာရေးဈေးကွက်မှာ ဒေါ်လာအဆင့်အတန်းကို နိမ့်ကျစေပြီး စီးပွားရေးနဲ့ ဘဏ္ဍာရေးတည်ငြိမ်မှုကို လျှော့ကျသွားစေမှာဖြစ်ကြောင်း ယယ်လင်ရဲ့စာမှာ ဖော်ပြထားပါတယ်။

FORM Act မှာ အဆိုပြုထားတဲ့ အတိုင်း ဗဟိုဘဏ်ရဲ့ ငွေကြေးမူဝါဒ ကို လမ်းညွှန်မှုပေးတဲ့ စည်းမျဉ်းတွေကို ပြဋ္ဌာန်းမယ်ဆိုရင် အကျပ်အတည်းကာလအတွင်းမှာ ဆောင်ရွက်ရမယ့် ဗဟိုဘဏ်ရဲ့ စွမ်းဆောင်ရည်တွေကို ဖျက်သိမ်းလိုက်သလို ဖြစ်နိုင်ကြောင်းလည်း ဖော်ပြထားပါတယ်။

အက်ဥပဒေကို ယခုရက်သတ္တပတ်အတွင်း အမေရိကန်အောက်လွှတ်တော်မှာ မဲခွဲဆုံးဖြတ်မှာဖြစ်ပါ တယ်။ အမေရိကန် လွှတ်တော်နှစ်ရပ်စလုံးက အတည်ပြုဖို့ မဲပေးဆုံးဖြတ်မယ်ဆိုရင်တောင် အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ဗီတိုအာဏာနဲ့ ပယ်ချနိုင်ကြောင်း အိမ်ဖြူတော်က နိုဝင် ဘာ ၁၇ ရက်နေ့မှာ သတိပေးပြောကြားပါတယ်။

## EU

# အီးယူစီးပွားရေးလုပ်ငန်း ၁၀ ခုအနက် ကိုးခုက လုပ်သား ၁၀ ယောက်အောက်သာ ခန့်ထားနိုင်

ဥရောပသမဂ္ဂ(အီးယူ) အတွင်း စီးပွားရေး လုပ်ငန်းများအနက် ၉၀ ရာခိုင်နှုန်းကျော်ဟာ လုပ်သား ၁၀ ယောက်အောက်သာ ခန့်ထားနိုင်တဲ့ မိုက်ကရို အသေးစား စီးပွားရေးလုပ်ငန်းများဖြစ်သလို စီးပွားရေးအရ အရေးပါတဲ့ အခန်းကဏ္ဍက ပါဝင်လျက်ရှိကြောင်း အီးယူရဲ့ စာရင်းရုံးဖြစ်တဲ့ Eurostat ရဲ့ နိုဝင်ဘာ ၁၇ ရက်က ထုတ်ပြန်ချက်ကို ကိုးကားပြီး ရှင်ဟွာသတင်း မှာ ဖော်ပြပါတယ်။

စီးပွားရေးလုပ်ငန်းများကို မြှင့်တင်ပေးနိုင်ဖို့ ရည်ရွယ်ပြီး နိုဝင်ဘာ ၁၆ ရက်မှ ၂၂ ရက်အတွင်း ရက်သတ္တပတ်ကို အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများ (အက်စ်အမ်အီး)ရဲ့ ရက်သတ္တပတ်အဖြစ် အီးယူက သတ်မှတ်ကျင်းပပေးခဲ့ရာ ဒီအခမ်းအနားမှာ အီးယူက ကိန်းဂဏန်းတွေကို ထုတ်ပြန်ကြေညာပေးခဲ့တာဖြစ်ပါ တယ်။

၂၀၁၂ ခုနှစ်က စာရင်းများ အရ အီးယူဒေသမှာရှိတဲ့ ဘဏ္ဍာရေးလုပ်ငန်းမဟုတ်တဲ့ စီးပွားရေးလုပ်ငန်း ၂၂ ဒသမ ၃သန်းရှိတဲ့အနက် အများစုဖြစ်တဲ့ ၉၂ ဒသမ ၇ ရာခိုင်နှုန်းက မိုက်ကရိုအသေးစား စီးပွားရေး လုပ်ငန်းတွေဖြစ်ပြီး အလုပ်သမား ၉ ဦးအထိသာ ခန့်ထားနိုင်တဲ့ လုပ်ငန်းတွေဖြစ်ပါ တယ်။ အဲဒီလုပ်ငန်းတွေဟာ အလုပ်သမားစုစုပေါင်းရဲ့ ၂၉ ရာခိုင်နှုန်းကို ခန့်ထားပေးတဲ့လုပ်ငန်းတွေ ဖြစ်ပါတယ်။ အလုပ်သမား ၁၀ ဦးမှ ၂၄၉ ဦးအထိ ခန့်ထားနိုင်တဲ့ အသေးစားနဲ့ အလတ်စား စီးပွားလုပ်ငန်းက ၇ ဒသမ ၁ ရာခိုင်နှုန်းရှိပြီး အလုပ်အကိုင်ခန့်ထားမှုရဲ့ ၃၈ ရာခိုင်နှုန်းကို ခန့်ထားပေးပါတယ်။ လုပ်သားအရေအတွက် ၂၅၀ နဲ့ အထက် ခန့်ထားနိုင်တဲ့ စီးပွားရေးလုပ်ငန်းကြီးတွေက သုည ဒသမ ၂ ရာခိုင်နှုန်းရှိပြီး အလုပ်အကိုင်ခန့်ထားမှု စုစုပေါင်းရဲ့ ၃၃ ရာခိုင်နှုန်းကို ခန့်ထားပေးပါတယ်။

အီးယူနိုင်ငံတွေအနက် ဘဏ္ဍာရေးလုပ်ငန်းမဟုတ်တဲ့ ကဏ္ဍမှာ မိုက်ကရိုစီးပွားရေး လုပ်ငန်းပါဝင်မှု အချိုးအစား အမြင့်မားဆုံးနိုင်ငံက ဂရိနိုင်ငံဖြစ်ပြီး ၉၆ ဒသမ ၇ ရာခိုင်နှုန်း ရှိပါတယ်။ အနိမ့်ဆုံးနိုင်ငံက ဂျာမနီ နိုင်ငံဖြစ်ပါတယ်။

## East Asia

# ၂၀၁၆ ခုနှစ်မှာ တောင်ကိုရီးယား စီးပွားရေး တိုးတက်မှု သုံးရာခိုင်နှုန်းအောက် ကျဆင်းမည်ဟု စီးပွားရေး လုပ်ငန်းကြီးများက ခန့်မှန်း

တရုတ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးနှုန်းနှေးကွေးမှုနဲ့ မိသားစုကြွေးမြီများ မြင့်တက်နေမှုစတဲ့ အကြောင်းတရားများကြောင့် လာမယ့်နှစ်မှာ ပြည်တွင်းစီးပွားရေး တိုးတက်မှုက သုံးရာခိုင်နှုန်းအောက်ကျဆင်းမယ်လို့ တောင်ကိုရီးယား စီးပွားရေးလုပ်ငန်း ၉၀ ရာခိုင်နှုန်းက ခန့်မှန်းကြောင်း နိုဝင်ဘာ ၁၇ ရက်က ထုတ်ပြန်ခဲ့တဲ့ စစ်တမ်းတစ်ခုကို ကိုးကားပြီး ယွန်ဟပ်သတင်းများမှာ ဖော်ပြပါတယ်။

တောင်ကိုရီးယားရှိ စက်မှုကုမ္ပဏီကြီး ၂၈၅ ခုကို ကောက်ယူခဲ့တဲ့ ကိုရီးယားစက်မှုလုပ်ငန်းဖက် ဒရေးရှင်းရဲ့ စစ်တမ်းအရ ကိုရီးယားစီးပွားရေးတိုးတက် နှုန်းက သုံးရာခိုင်နှုန်းအောက် ကျဆင်းမယ်လို့ ၉၀ ဒသမ ၂ ရာခိုင်နှုန်းကဖြေကြားကြောင်း သိရပါတယ်။ ယခုခန့်မှန်းချက်က အစိုးရခန့်မှန်းချက်ဖြစ်တဲ့ ၃ ဒသမ ၃ ရာခိုင်နှုန်းနဲ့ ကိုရီးယားဘဏ်ရဲ့ ခန့်မှန်းချက်ဖြစ်တဲ့ ၃ ဒသမ ၂ ရာခိုင်နှုန်းအောက် ကျဆင်းနေတာကို တွေ့ရတယ်။

စစ်တမ်း ကောက်ယူခဲ့သူများအနက် ၂၀၁၆ ခုနှစ်မှာ စီးပွားရေးဖွံ့ဖြိုးမှုနှုန်း ၂ ရာခိုင်နှုန်းအောက် ကျဆင်းမယ်လို့ ခန့်မှန်းသူက ၁၅ဒသမ ၆ ရာခိုင်နှုန်းရှိပါတယ်။

စီးပွားရေး လုပ်ငန်းတွေကို ဆောင်ရွက်ရာမှာ စိန်ခေါ်မှုအဖြစ်ဆုံး အကြောင်းရင်းများကို မေးမြန်းတဲ့အခါ ပို့ကုန်နဲ့ ပြည်တွင်းဝယ်လိုအား နှစ်ခုစလုံး ကျဆင်းမှုကြောင့် ဖြစ်တယ်လို့ ပြောကြားသူက ၄၈ ဒသမ ၁ ရာခိုင်နှုန်းရှိပြီး ပင်လယ်ရပ်ခြား ဈေးကွက်တွေမှာ ယှဉ်ပြိုင်မှုတွေ ပြင်းထန်နေတာကြောင့် ဖြစ်ကြောင်း ပြောကြားသူက ၂၁ ဒသမ ၁ ရာခိုင်နှုန်းရှိပါတယ်။

ယခုနှစ် လုပ်ငန်းအခြေအနေကို မေးမြန်းရာမှာ ရောင်းအားတွေ မူလရည်မှန်းချက်အောက်ကျဆင်းတယ်လို့ ၅၂ ဒသမ ၇ ရာခိုင်နှုန်းက ပြောကြားပြီး နှစ်အလိုက် ရည်မှန်းချက်ထက်ပိုမိုတယ်လို့ ပြောကြားသူက ၁၈ ဒသမ ၇ ရာခိုင်နှုန်းရှိပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်




# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

နှစ်ပေါင်းများစွာအတွင်း ပထမဆုံးအကြိမ်အဖြစ် အတိုးနှုန်းကို မြှင့်တင်ပေးတဲ့အခါ အမေရိကန်ပြည်ထောင်စုဗဟိုဘဏ်က အတိုးနှုန်းကို တဖြည်းဖြည်းခြင်းသာ တိုးမြှင့်ပေးသွားမယ့် အရိပ်အယောင်တွေ တွေ့ရတဲ့အတွက် အာရှဒေသတွင်း ငွေကြေးတန်ဖိုးတွေ ကျဆင်းနိုင်ဖွယ်ရှိတယ်လို့ ခန့်မှန်းတဲ့ ရင်းနှီးမြှုပ်နှံသူ အရေအတွက် နည်းလာပါတယ်။ ဒါကြောင့် နိုဝင်ဘာမှာ ပထမဆုံးအကြိမ်အဖြစ် အတိုးနှုန်းမြှင့်တင်ပေးဖို့ အမေရိကန်ဗဟိုဘဏ်အရာရှိတွေက နိုဝင်ဘာ ၁၈ ရက်မှာ ထောက်ခံကြသလို ပြည်နယ်ဗဟိုဘဏ်တွေကလည်း နောက်ဆုံးကျင်းပတဲ့သူတို့ရဲ့ ဗဟိုဘဏ်အစည်းအဝေးတွေမှာ ထောက်ခံခဲ့ကြပါတယ်။ ဒီအခြေအနေတွေကြောင့် အမေရိကန်ဒေါ်လာတန်ဖိုးက အခြားအဓိကငွေကြေး ခြောက်ခုနဲ့ ဖလှယ်ရာမှာ ခုနစ်လအတွင်း အမြင့်ဆုံးနှုန်းကို ရောက်ရှိခဲ့ပါတယ်။

ဒါပေမယ့် အတိုးနှုန်းမြှင့်တင်မှုကို အကောင်အထည်ဖော်တဲ့အခါ တဖြည်းဖြည်းချင်းသာ ဆောင်ရွက်မယ့် အလားအလာတွေ တွေ့ရတဲ့အတွက် နိုဝင်ဘာ ၁၉ ရက်နေ့မှာ ဒေါ်လာတန်ဖိုး ပြန်လည်ကျဆင်းခဲ့ပါတယ်။ အမေရိကန်ဗဟိုဘဏ် နောက်တစ်ကြိမ်အစည်းအဝေးကို ဒီဇင်ဘာ ၁၆ ရက်နဲ့ ၁၇ ရက်နေ့မှာ ကျင်းပမှာဖြစ်ပါတယ်။

ဥရောပဗဟိုဘဏ်ရဲ့ နောက်ဆုံးအကြိမ် အစည်းအဝေးမှာ ဗဟိုဘဏ်အရာရှိတွေရဲ့ သုံးသပ်ချက်အရ ဗဟိုဘဏ်က ဆောင်ရွက်နေတဲ့ စီးပွားရေးလှုံ့ဆော်အားပေးတဲ့ အစီအမံတွေက ဥရောပစီးပွားရေး အခြေခိုင်လာတဲ့အထိ လုံလောက်မှုမရှိသေးဘူးလို့ သုံးသပ်ကြပါတယ်။ ဒါကြောင့် စိုးရိမ်မှုတွေရှိနေကြောင်း ဝေါစထရိဂျာနယ်မှာ ဖော်ပြပါတယ်။

### တရုတ်ယွမ်

ပြည်ပမှ ငွေထုတ်ငွေချေးသူတွေရဲ့ ငွေကြေးများပြည်ပသို့ စီးထွက်မှုကို တင်းတင်းကျပ်ကျပ် ထိန်းချုပ်ဖို့ တရုတ်ဗဟိုဘဏ်က ဆောင်ရွက်လာတဲ့အတွက် နိုဝင်ဘာ ၂၀ ရက်က ဟောင်ကောင်မှာ ယွမ်ငွေကြေးတန်ဖိုး ဒုတိယနေ့အဖြစ် ဆက်လက်မြင့်တက်ခဲ့ပါတယ်။

ဘလွမ်းဘတ်ကပြုစုထားတဲ့ ကိန်းဂဏန်းများအရ ဟောင်ကောင်မှာ ဒေသစံတော်ချိန် ၁၁ နာရီ ၁၄ မိနစ်မှာ ယွမ်ငွေကြေးတန်ဖိုးက သုညဒသမ ၀၅ ရာခိုင်နှုန်းကျဆင်းပြီး တစ်ဒေါ်လာကို ၆ ဒသမ ၄၀၇၆ ယွမ်နှုန်းရှိခဲ့ပါတယ်။ ရှန်ဟဲမှာ ယွမ်ငွေတန်ဖိုးက သုညဒသမ ၀၆ ရာခိုင်နှုန်းမြင့်တက်ပြီး တစ်ဒေါ်လာ ၆ ဒသမ ၃၇၉၆ ယွမ်နှုန်းရှိခဲ့ကြောင်း တရုတ်နိုင်ငံခြားငွေရောင်းဝယ်ရေးဌာန ကိန်းဂဏန်းများအရ တွေ့ရပါတယ်။

### အိန္ဒိယရူပီး

ပို့ကုန်လုပ်ငန်းများနဲ့ ဘဏ်များက အမေရိကန်ဒေါ်လာရောင်းချမှု ပိုမိုများပြားလာတဲ့အတွက် နိုဝင်ဘာ ၂၀ ရက်နေ့ မနက်ပိုင်း ဈေးကွက်မှာ ရူပီးတန်ဖိုးက သုညဒသမ ၁၀ ရူပီးနှုန်းမြင့်တက်ပြီး အမေရိကန်တစ်ဒေါ်လာကို ၆၆ ဒသမ ၀၈ ရူပီးနှုန်းရှိခဲ့ပါတယ်။ ပြည်ပမှာ တခြားငွေကြေးတွေနဲ့ ဖလှယ်တဲ့အအခါ ဒေါ်လာတန်ဖိုးကျဆင်းမှုက ရူပီးတန်ဖိုးမြင့်တက်ဖို့ အထောက်အကူဖြစ်စေခဲ့ပါတယ်။

### ဂျပန်ယန်း

အမေရိကန်ဒေါ်လာတန်ဖိုးက တိုကျိုမှာ နိုဝင်ဘာ ၂၀ ရက်နေ့က တစ်ဒေါ်လာကို ၁၂၂ ဒသမ ၅ သန်းအထက်မှာရှိနေပါတယ်။ဒါပေမယ့် နယူးယောက်ဈေးကွက်မှာတော့ အပြောင်းအလဲမရှိသလောက် ဖြစ်ခဲ့ပါတယ်။

ဒေါ်လာတန်ဖိုးက နိုဝင်ဘာ ၁၉ ရက် ညနေ ၅ နာရီက နယူးယောက်မှာ ၁၂၂ ဒသမ ၈၁ ယန်းနဲ့ တိုကျိုမှာ ၁၂၃ ဒသမ ၃၆ ယန်းနှုန်းရှိရာမှာ နောက်တစ်နေ့နံနက် ၉ နာရီမှာ တစ်ဒေါ်လာကို ၁၂၂ ဒသမ ၉၀ ယန်းနှုန်း ရှိခဲ့ပါတယ်။ယူရိုငွေကြေးက နိုဝင်ဘာ ၁၉ ရက်နေ့ ညနေက နယူးယောက်ဈေးကွက်မှာ တစ်ယူရိုကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၇၂၈ နဲ့ ၁၃၁ ဒသမ ၈၃ ယန်းနှုန်းဖြင့်လည်းကောင်း တိုကျိုဈေးကွက်မှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၇၂၄ ဒေါ်လာနဲ့ ၁၃၁ ဒသမ ၈၀ ယန်း နှုန်းရှိခဲ့ပါတယ်။

### မလေးရှားရင်းဂစ်

ရင်းဂစ်ဝယ်လိုအား ဆက်လက်မြင့်တက်လာတဲ့အတွက် နိုဝင်ဘာ ၂၀ ရက် ဈေးဖွင့်ချိန်မှာ အမေရိကန်ဒေါ်လာနဲ့ ဖလှယ်တဲ့အခါ ရင်းဂစ်တန်ဖိုးမြင့်တက်ခဲ့ကြောင်း ဝယ်ရောင်းသမားတွေက ပြောပါတယ်။

အမေရိကန်ဒေါ်လာနဲ့ ရင်းဂစ်ဖလှယ်နှုန်းက နိုဝင်ဘာ ၁၉ ရက်နေ့ ဈေးပိတ်ချိန်မှာ တစ်ဒေါ်လာကို ၄ ဒသမ ၃၄၁၀ ရင်းဂစ်နှုန်း ရှိခဲ့ရာမှာ နောက်တစ်နေ့ နံနက် ၉ နာရီ ၂ မိနစ်မှာ ၄ ဒသမ ၃၁၅၀ ရင်းဂစ်နှုန်းအထိ ဒေါ်လာတန်ဖိုး ကျဆင်းခဲ့ပါတယ်။

မကြာသေးမီက မြင့်တက်ခဲ့ရာမှ ဒေါ်လာတန်ဖိုးပြန်လည်ကျဆင်းခဲ့တာဖြစ်ပြီး ရေနံဈေးနှုန်းမြင့်တက်မှုက ရင်းဂစ်ငွေကြေးတန်ဖိုး မြင့်တက်ဖို့ အထောက်အပံ့ဖြစ်စေခဲ့ကြောင်း ဝယ်ရောင်းသမားတစ်ဦးက ပြောပါတယ်။ တခြားအဓိကငွေကြေးတွေနဲ့ ဖလှယ်ရာမှာလည်း ရင်းဂစ်တန်ဖိုးမြင့်တက်ပါတယ်။

### တောင်ကိုရီးယားဝမ်

တောင်ကိုရီးယားကုမ္ပဏီတွေရဲ့ ကွန်ပျူတာနဲ့ပတ်သက်တဲ့ ရှယ်ယာတန်ဖိုးတွေက အတက်အကျအမျိုးမျိုး ရှိခဲ့ပြီးနောက် တောင်ကိုရီးယား ရှယ်ယာဈေးနှုန်းတွေက နိုဝင်ဘာ ၂၀ ရက်မှာ အတက်အကျ ရှိခဲ့ပါတယ်။

ဝမ်ငွေတန်ဖိုးက နံနက် ၉ နာရီ ၁၅ မိနစ်က တစ်ဒေါ်လာကို ၅၈ ဒသမ ၅၅ ဝမ်နှုန်းရှိခဲ့တဲ့အတွက် နိုဝင်ဘာ ၁၉ ရက် ဈေးပိတ်ချိန်ကထက် ၃ ဒသမ ၁၅၀ ဝမ်နှုန်း မြင့်တက်ပါတယ်။

### ထိုင်းဘတ်

အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်း မြှင့်တင်တဲ့အခါ ထိုင်းနိုင်ငံက အကောင်းဆုံးတောင့်ခံနိုင်မယ့် နိုင်ငံတစ်နိုင်ငံဖြစ်လာလိမ့်မယ်လို့ ရင်းနှီးမြှုပ်နှံသူတွေက ယုံကြည်ထားတဲ့အတွက် အရှေ့တောင်အာရှရှိ အကြီးဆုံးငါးနိုင်ငံအနက် ထိုင်းဘွန်းစာချုပ်တွေရဲ့ အကျိုးအမြတ်က အမြင့်ဆုံးကို ရောက်ရှိခဲ့ပါတယ်။

ထိုင်းဘတ်ငွေတန်ဖိုးက လွန်ခဲ့တဲ့ ခြောက်လအတွင်း ၆ ရာခိုင်နှုန်းကျဆင်းခဲ့ပါတယ်။ ဒါပေမယ့် ယခင်နေ့ကနဲ့ နှိုင်းယှဉ်ရင် ထိုင်းဘတ်ငွေရဲ့ ဖလှယ်နှုန်းက အမေရိကန်တစ်ဒေါ်လာ ကို ၃၅ ဒသမ ၆၈ ဘတ်နှုန်းရှိတဲ့အတွက် သုညဒသမ ၆၅ ရာခိုင်နှုန်းမြင်တက်ခဲ့ပါတယ်။

ဘဏ်တင်-စုစည်းတင်ပြသည်

## ၂၀၁၅ ခုနှစ်မှာ ကမ္ဘာ့ရင်းနှီးမြှုပ်နှံမှု ဘဏ်တွေ ဝင်ငွေကျဆင်းနိုင်

ရင်းနှီးမြှုပ်နှံမှုများအဆုံး ကမ္ဘာ့ဘဏ်ကြီး ၁၀ ခုရဲ့ ဝင်ငွေက လွန်ခဲ့တဲ့နှစ်နှစ်ကနဲ့ နှိုင်းယှဉ်ရင် ၂ ရာခိုင်နှုန်းကျဆင်းပြီး အမေရိကန်ဒေါ်လာ ၁၄၈ ဘီလီယံထိ ကျဆင်းခဲ့ကြောင်း၊ ဒါပေမယ့် အီကွီတီရှယ်ယာတန်ဖိုးမြင့်တက်မှုက ဘဏ်တွေရဲ့ ဝင်ငွေကျဆင်းမှုကို ထိန်းချုပ်ပေးနိုင်ခဲ့ကြောင်း နိုဝင်ဘာ ၁၇ ရက်က ထုတ်ပြန်တဲ့ စစ်တမ်းတစ်ခုကို ကိုးကားပြီး ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

စည်းမျဉ်းစည်းကမ်းများ တင်းကျပ်မှု၊ တရားစွဲဆိုစရိတ်မြင့်တက်မှုနဲ့ ဈေးကွက်မတည်ငြိမ်မှုစတဲ့ အချက်တွေကြောင့် မကြာသေးမီနှစ်များအတွင်းက အထူးသဖြင့် ဥရောပဒေသရှိ ရင်းနှီးမြှုပ်နှံမှုဘဏ်တွေရဲ့ ဝင်ငွေတွေကျဆင်းခဲ့ပါတယ်။ ဒါကြောင့် ဘဏ်တွေရဲ့ ဖွဲ့စည်းတည်ဆောက်မှုကို ပြန်လည်ပြုပြင်ခြင်း၊ ဝန်ထမ်း လျှော့ချခြင်းစတာတွေ ပြုလုပ်ခဲ့ရကြောင်း ဘဏ်လုပ်ငန်းစိစစ်ဝေဖန်ရေးလုပ်ငန်း Coalition ရဲ့ စစ်တမ်းများမှာ ဖော်ပြပါတယ်။

၂၀၀၉ ခုနှစ်နောက်ပိုင်းမှာ ကမ္ဘာ့ထိပ်တန်းဘဏ်ကြီး ၁၀ ခုမှာ ရင်းနှီးမြှုပ်နှံမှုဝင်ငွေက ၅၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း စစ်တမ်းမှာ ဖော်ပြပါတယ်။

ရင်းနှီးမြှုပ်နှံမှုဘဏ်တွေရဲ့ ခြေနေကောင်းမွန်တာက အီကွီတီရှယ်ယာလုပ်ငန်းတွေဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စုက အတိုးနှုန်းကို ဒီဇင်ဘာမှာ မြှင့်တင်ပေးတော့မယ့်အလားအလာ ပိုမိုကောင်းမွန်လာတဲ့အတွက် ရင်းနှီးမြှုပ်နှံသူတွေက အီကွီတီရှယ်ယာတွေ ပိုမိုဝယ်ယူလာကြပါတယ်။ ဒါကြောင့် အီကွီတီရှယ်ယာလုပ်ငန်းက နှစ်အလိုက်နှိုင်းယှဉ်ရင် ၁၂ ရာခိုင်နှုန်း မြင့်တက်ပြီး အမေရိကန်ဒေါ်လာ ၄၄ ဒသမ ၈ ဘီလီယံ ထိရှိခဲ့ပါတယ်။

## စင်ကာပူ-တရုတ်ကုန်သွယ်မှုမှာ မတည်ရင်းနှီးငွေ ဈေးကွက်ကိုအဓိကထားမည်

တရုတ်နိုင်ငံနဲ့ စင်ကာပူနိုင်ငံတို့ နောက်တစ်ဆင့်ဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှုကို လုပ်ဆောင်ကြတဲ့အခါ မတည်ရင်းနှီးငွေဈေးကွက်ကို အထူးအလေးပေးမှာဖြစ်ကြောင်း တူဒေးသတင်းမှာ ဖော်ပြပါတယ်။

ထိုသို့ ပူးပေါင်းဆောင်ရွက်ချိန်မှာ ရှန်ဟဲအပါအဝင် တရုတ်နိုင်ငံရဲ့ အဓိကမြို့ကြီးတွေမှာ စင်ကာပူနိုင်ငံက အစုစပ်အဖြစ် ပါဝင်ဆောင်ရွက်မှုမျိုးလည်း ပါဝင်မှာဖြစ်ကြောင်း စင်ကာပူငွေကြေးအာဏာပိုင်အဖွဲ့ (Monetary Authnity of Singapore-MAS) မှ အရာရှိတစ်ဦးက နိုဝင်ဘာ ၁၇ ရက်နေ့က ပြောပါတယ်။

စင်ကာပူရဲ့ အဖွဲ့အစည်းတည်ရှိနေတဲ့ ရင်းနှီးမြှုပ်နှံမှုအခြေခံနဲ့ ငွေဖြစ်လွယ်တဲ့ စာချုပ်စာတမ်းဈေးကွက်စတဲ့ စင်ကာပူရဲ့ ခိုင်မာတောင့်တင်းတဲ့ စွမ်းအားတွေက တရုတ်နိုင်ငံရဲ့ စီးပွားရေးဈေးကွက်ကို ပြည့်စုံစွာ ဖြစ်ထွန်းလာစေနိုင်ကြောင်း၊ စင်ကာပူရှန်ဟဲ ဘဏ္ဍာရေးဖိုရမ်ဖွင့်ပွဲမှာ MAS ဒုတိယဦးဆောင်ညွှန်ကြားရေးမှူးချုပ် ဂျက်ကလင်လောက ပြောပါတယ်။

“စင်ကာပူစတော့ဒိုင်မှာ မှတ်ပုံတင်ခြင်းဖြင့်လည်းကောင်း၊ ဘွန်းစာချုပ်များ ထုတ်ဝေခြင်းဖြင့်လည်းကောင်း၊ စင်ကာပူက ရင်းနှီးမြှုပ်နှံသူတွေနဲ့ တိုက်ရိုက်ဆက်ဆံပြီး တရုတ်ကုမ္ပဏီတွေက သူတို့ရဲ့ငွေကြေးရနိုင်မယ့် အရင်းအမြစ်တွေကို အမျိုးမျိုး ဖြန့်ခွဲအသုံးပြုနိုင်တော့မှာဖြစ်ပါတယ်။ တစ်ချိန်တည်းမှာ စင်ကာပူက ရင်းနှီးမြှုပ်နှံသူတွေ သူ့ငွေကြေးဈေးကွက်ထဲကို တိုက်ရိုက်ဝင်လာအောင် ဆောင်ရွက်ပေးခြင်းဖြင့် တရုတ်နိုင်ငံကလည်း သူ့ငွေကြေးဈေးကွက်ကို ကျယ်ပြန့်နက်ရှိုင်းစွာချဲ့ထွင်နိုင်မှာဖြစ်ပါတယ်လို့ မစ္စလောက ပြောပါတယ်။



## ၂၀၁၆ ရွှေကမ္ဘာလုံးမယ်အဖြစ် ရွေးချယ်ခံခဲ့ရတဲ့ ကိုရီနီးဖောက်စ်

၂၀၁၆ခုနှစ်အတွက် ရွှေကမ္ဘာလုံးမယ် (2016 Miss Golden Globes) အဖြစ် ကိုရီနီးဖောက်စ်ကို ရွေးချယ်လိုက်တယ်လို့ ဆိုပါတယ်။

ကိုရီနီးဖောက်စ်ဟာ အမေရိကန် ဟာသသရုပ်ဆောင်အဆိုတော် ဂျရယ်မီဖောက်စ်ရဲ့ သမီးဖြစ်ပါတယ်။

အသက် ၂၀ အရွယ်သာရှိသေးတဲ့ ကိုရီနီးဖောက်စ်ဟာ ဟောလိဝုဒ်နိုင်ငံခြား သတင်းစာဆရာများအသင်းကပြုလုပ်တဲ့ ရွှေကမ္ဘာလုံးမယ်ဆုကို ရရှိခဲ့တာဖြစ်ပါတယ်။

အဲဒီဆုကို ရရှိခဲ့တဲ့အတွက် ကိုရီနီး ဖောက်စ်ဟာ ၂၀၁၆ ခုနှစ်မှာကျင်းပမယ့် ရွှေကမ္ဘာလုံးဆုပေးပွဲမှာ ပါဝင်ဆင်နွှဲခွင့်ရရှိမှာ ဖြစ်ပါတယ်။ ကိုရီနီးဖောက်စ်ဟာ အဲဒီ ရွှေကမ္ဘာလုံးဆုပေးပွဲမှာ အစီအစဉ်တင်ဆက်သူတွေကို ကူညီပေးဖို့ တာဝန်ပေးအပ်ခြင်းခံရမှာဖြစ်ပါတယ်။

ကိုရီနီးဟာ ဟောလိဝုဒ်ကကျင်းပတဲ့ ကော်ဇောနီအခမ်းအနားတွေနဲ့ စိမ်းတဲ့သူတစ်ဦးမဟုတ်ပါဘူး။ သူဟာ သူရဲ့ဖခင်ဖြစ်တဲ့ ဂျရယ်မီဖောက်စ်နဲ့အတူ ဟောလိဝုဒ်က ကျင်းပတဲ့ပွဲတိုင်းကို တက်ရောက်ခဲ့တဲ့အတွက် ဖြစ်ပါတယ်။

ကိုရီနီးဟာ အဲဒီအခမ်းအနားမှာ ပါဝင်ခွင့်ရဖို့အတွက် ဘရုစ်ဝီလီရဲ့သမီး ရူမာ၊ ကီလ်ဆေးဂရမ်မာရဲ့ သမီး ဂရီယာ၊ ဘရုစ်ဒါရင်းရဲ့သမီးလော်ရာတို့နဲ့အတူ ယှဉ်ပြိုင်အရွေးခံခဲ့ရတာဖြစ်ပါတယ်။ ဟောလိဝုဒ်ရဲ့ ၇၃ကြိမ်မြောက် ရွှေကမ္ဘာလုံးဆုအတွက် စကာတင်အမည်စာရင်းကို ဒီဇင်ဘာ ၁၀ရက်မှထုတ်ပြန်မှာဖြစ်ပြီး ဆုပေးပွဲကိုတော့ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၀ ရက်မှာ ကျင်းပမှာဖြစ်ပါတယ်။

## လက်ထပ်မင်္ဂလာပွဲသတင်းကို ပရိသတ်တွေထံ ကိုယ်တိုင် ဖွင့်ဟပြောကြားမယ်လို့ ကတိပြုလိုက်တဲ့ မင်းသားချော ရိန်း



တောင်ကိုရီးယားနိုင်ငံရဲ့ ရုပ်ရှင်မင်းသားချော၊ အဆိုတော်ရိန်းက သူ့ ရဲ့လက်ထပ်မင်္ဂလာပွဲပြုလုပ်မယ့်နေ့နဲ့ သူ့ရဲ့ဇနီးချောလေးအကြောင်းကို သူကိုယ် တိုင် သူ့ရဲ့ပရိသတ်တွေကို ဖွင့်ဟပြောကြားမယ်လို့ ကတိပြုလိုက်ပါတယ်။ ရိန်းဟာ သူနဲ့ကင်တေဟီးတို့ရဲ့ မင်္ဂလာပွဲနဲ့ပတ်သက်ပြီး သူ့ရဲ့ပရိသတ်တွေကြားမှာ သို့လောသို့လောဖြစ်နေတဲ့ကိစ္စနဲ့ပတ်သက်ပြီး စိုးရိမ်ပူပန်မှုတွေ ဖြစ်နေတဲ့အတွက် သူ့ရဲ့လူမှုကွန်ရက် ဝက်ဘ်ဆိုက် Instagram မှာ ဖွင့်ဟပြောကြားခဲ့တာပါ။

"ပရိသတ်ကြီးရေ ကျွန်တော် ရိန်းပါ။ ပရိသတ်ကြီး ထင်နေသလိုမျိုး မဟုတ်ပါဘူး။ ကျွန်တော် တုပ်ကွေးမိနေလို့ အပြင်မထွက်နိုင်တာပါ။ လက်ထပ်တယ်ဆိုတာ တစ်သက်မှာတစ်ကြိမ် ပဲလုပ်လို့ရတဲ့ကိစ္စမျိုးပါ။ နောက်ပြီး တစ်ဦးနဲ့တစ်ဦး ပါဝင်ပတ်သက်မှုမရှိဘဲ လက်ထပ်လို့မရပါဘူး။ အဲဒီလိုဖြစ်ရပ်တွေရှိတဲ့အတွက် ကျွန်တော်လက်ထပ်မယ့်ရက်နဲ့ ကျွန်တော်ရဲ့ဇနီးလောင်းကို ကျွန်တော်ကိုယ်တိုင် ပရိသတ်ကြီးကို ဖွင့်ဟပြောကြားမှာပါ။ ကျွန်တော်ချစ်တဲ့ကျွန်တော့်ရဲ့ပရိသတ်ကြီးကို ထာဝရလေးစားသွားမှာပါ။ အပြင်မှာပြောနေ ကြတာတွေကို မယုံကြပါနဲ့နော်။ အားလုံးကို ချစ်တယ်"လို့ ရေးသားဖော်ပြခဲ့ ပါတယ်။

ရိန်းနဲ့ကင်တေဟီးတို့ဟာ ၂၀၁၃ ခုနှစ်မှာ ချစ်သူတွေဖြစ်ခဲ့ကြပေမယ့် နောက်ပိုင်းမှာ သူတို့နှစ်ဦးရဲ့သတင်းတွေကို မကြားခဲ့ရဘဲ အခုရက်ပိုင်းကျမှ လက်ထပ်တော့မယ်ဆိုတဲ့သတင်းတွေ ထွက်ပေါ်ခဲ့တာပဲဖြစ်ပါတယ်။ ရိန်းဟာ ဒီဇင်ဘာလ ၁၁ ရက်နေ့နဲ့ ၁၃ ရက်နေ့တို့မှာ ပရိသတ်ကြီးနဲ့တွေ့ဆုံပွဲကို ကျင်းပဖို့ စီစဉ်ထားတယ်လို့ ဆိုပါတယ်။

## ဂျိမ်းစ်ဘွန်းဇာတ်ကားသစ် Spectre ကို အိန္ဒိယဆင်ဆာ အာဏာပိုင်အဖွဲ့က နမ်းရှုပ်နေသည့် အခန်းများအား ဖြတ်တောက်ရန်အမိန့်ချမှတ်

ကမ္ဘာတစ်ဝန်း ရုံတင်ပြသနေတဲ့ ဂျိမ်းစ်ဘွန်းဇာတ်ကားသစ် Spectre ကို အိန္ဒိယနိုင်ငံ ဆင်ဆာအာဏာပိုင်တွေက ဆင်ဆာဖြတ်တောက်ရန် အမိန့်ချ မှတ်ခဲ့တယ်လို့ Times of India မှာ ဖော်ပြထားပါတယ်။

အိန္ဒိယ ဆင်ဆာအာဏာပိုင်အဖွဲ့ဟာ အဲဒီ ဂျိမ်းစ်ဘွန်းဇာတ်ကားသစ်မှာ မလိုအပ်ဘဲ နမ်းရှုပ်နေတဲ့အခန်းတွေ တော်တော်များများ ပါဝင်နေတဲ့အပြင် အသက် ၁၂ နှစ်အောက် ကလေးငယ်တွေ မကြည့်ရှုသင့်တဲ့ ဇာတ်ဝင်ခန်းတွေ ပါဝင်နေတာကြောင့် အခုလို ဆင်ဆာဖြတ်တောက်ရတာဖြစ်တယ်လို့ သူ့ရဲ့ အမိန့်ကြေညာချက်မှာ ဖော်ပြထားပါတယ်။

အဲဒီဇာတ်ကားမှာ အဓိကဇာတ်ကောင်နှစ်ဦးဖြစ်တဲ့ ဒယ်နီရယ်ခရိုက်ဖ်နဲ့ မော်နီကာ ဘီလူစီတို့ဟာ မလိုအပ်ဘဲ အကြာကြီး နမ်းရှုပ်နေတဲ့အခန်းတွေကို ထည့်သွင်းပြသထားသလို ကလေးငယ် တွေ မကြည့်ရှုသင့်တဲ့ ဇာတ်ဝင်ခန်းတွေကိုလည်း မလိုအပ်ဘဲထည့်သွင်းထားတယ်လို့ဆိုပါတယ်။ လျှို့ဝှက်စုံထောက်တစ်ဦးဖြစ်တဲ့ဂျိမ်းစ်ဘွန်းကို ၁၉၅၃ခုနှစ်ကတည်းက စတင်ဖန်တီးခဲ့တာ ဖြစ်ပါတယ်။ စတင်ဖန်တီးခဲ့တဲ့ အချိန်ကတည်းက ဂျိမ်းစ်ဘွန်းကို မြာပွေသူတစ်ဦးအဖြစ် ဖန်တီးထားပြီး အဲဒီ မြာတွေကြောင့်ပဲ ဂျိမ်းစ်ဘွန်း အဖမ်းခံရ၊ ဒုက္ခရောက်ရတာတွေကို ဇာတ်လမ်းတွေ အမျိုးမျိုး ဖန်တီးထားတာပဲ ဖြစ်ပါတယ်။ ၁၉၆၂ ခုနှစ်မှာ ဂျိမ်းစ်ဘွန်းဇာတ်ကားကို စတင်ရိုက်ကူးခဲ့တာဖြစ်ပါတယ်။ အိန္ဒိယဆင်ဆာအဖွဲ့ရဲ့ ဆင်ဆာ ဖြတ်တောက်မှုများကြောင့် ဇာတ်လမ်းရဲ့ အရသာပျောက်သွားသလို ဇာတ်လမ်းမှာ ပါဝင်တဲ့ တချို့စာသားတွေကိုလည်း ပြင်ဆင်ခဲ့တယ်လို့ ဆိုပါတယ်။



အဲဒီဇာတ်ကားမှာ ဂျိမ်းစ်ဘွန်းဟာ ဘမ်းစကားတွေ အများကြီးသုံးပြီး ညစ်ညမ်းတဲ့အသုံးအနှုန်းတွေကိုလည်း သုံးထားတာကြောင့် အိန္ဒိယနိုင်ငံဆင်ဆာအဖွဲ့က ပြင်ဆင်ခဲ့တာ ဖြစ်တယ်လို့ဆိုပါတယ်။

## အိတ်ချ်အိုင်ဗွီပိုးရှိနေတာကို ပြောဖို့ကောင်းတယ်လို့ ချာလီရှီးန်ကို အပြစ်တင်လိုက်တဲ့ ဂျင်နီမက်ကာသီ



အမေရိကန် မော်ဒယ်တစ်ဦး ဖြစ်သလို တီဗွီ အစီအစဉ်တွေမှာလည်း အစီအစဉ်ကြေညာသူအဖြစ် ပါဝင်လုပ်ဆောင်နေတဲ့ ဟောလိဝုဒ်ရဲ့ မင်းသမီးချော ဂျင်နီမက်ကာသီက အိတ်ချ်အိုင်ဗွီပိုးရှိနေတာကို ပြောကြားဖို့သင့်ခဲ့တယ်လို့ ချာလီရှီးန်ကို ပြစ်တင်ပြောကြားလိုက်ပါတယ်။

အခုရက်ပိုင်းအတွင်း ဟောလိဝုဒ်တစ်ခွင်မှာ ဟိုးလေးတစ်ကျော်ဖြစ်သွားတဲ့ ကိစ္စကတော့ Platoon, Wall Street, Young Guns, Eight Men Out စတဲ့ ဇာတ်ကားတွေနဲ့ အောင်မြင်မှုရရှိနေတဲ့မင်းသား ချာလီရှီးန်က သူ့မှာ အိတ်ချ်အိုင်ဗွီပိုးရှိနေပြီလို့ ထုတ်ဖော်ဝန်ခံလိုက်တာပဲဖြစ်ပါတယ်။

အဲဒီလိုဝန်ခံလိုက်တဲ့အတွက် သူနဲ့ ပတ်သက်ခဲ့ဖူးတဲ့သူတွေအားလုံး တုန်လှုပ်ချောက်ချားကုန်ကြပါတယ်။ အဲဒီလို တုန်လှုပ်ချောက်ချားကြတဲ့သူတွေအနက် ဂျင်နီမက်ကာသီကတော့ ချာလီအနေနဲ့ ဒီရောဂါပိုးရှိနေတယ်ဆိုတာ သူ့ကို ကြိုတင်ပြောကြားထားသင့်တယ်လို့ ဆိုပါတယ်။ ဒါ့အပြင် ချာလီအနေနဲ့ ဒီရောဂါပိုးရှိနေတယ်ဆိုတာကို အခုလို လူသိရှင် ကြား ထုတ်ဖော်ပြောကြားဖို့မသင့်ဘူးလို့လည်း ပြောကြားလိုက်ပါတယ်။

ချာလီနဲ့ မက်ကာသီတို့ဟာ Two and a Half Men ဆိုတဲ့ တီဗွီဇာတ်လမ်းတွဲမှာ ပါဝင်သရုပ်ဆောင်ရင်း ဖက်ရမ်းနမ်းရှုပ်တဲ့အခန်းတွေကို ရိုက်ကူးတင်ဆက်ခဲ့ရပါတယ်။

အဲဒါတွေကြောင့် မက်ကာသီက ချာလီအနေနဲ့ အိတ်ချ်အိုင်ဗွီပိုး ကူးစက်ခံထားရတာကို ကြိုတင်ပြောကြားသင့်တယ်လို့ ဆိုလိုက်တာဖြစ်ပါတယ်။

"နမ်းတာတစ်ခုတည်းနဲ့တော့ အိတ်ချ်အိုင်ဗွီပိုး မကူးစက်နိုင်ဘူးဆိုတာ သိထားပေမယ့် သူ့အနေနဲ့ ကြိုပြောထားရင် ပိုကောင်းတာပေါ့"လို့ မက်ကာသီက ပြစ်တင်ပြောကြားခဲ့တာပါ။

# The Commerce Journal

တွင်

## ကြော်ငြာများထည့်သွင်းနိုင်ရန်အတွက်

## ကြော်ငြာနှုန်းထားများ

| စဉ် | စာမျက်နှာ | အရွယ်အစား | အရောင် | ဈေးနှုန်း (ကျပ်) |
|---|---|---|---|---|
| ၁ | ရှေ့မျက်နှာဖုံးအတွင်းစာမျက်နှာ | ၉.၅"× ၁၄" (တစ်မျက်နှာပြည့်) | လေးရောင် | ၂၀၀၀၀၀ |
| ၂ | နောက်ကျောဖုံးအတွင်း စာမျက်နှာ | ၉.၅"× ၁၄" (တစ်မျက်နှာပြည့်) | လေးရောင် | ၁၅၀၀၀၀ |
| ၃ | နောက်ကျောဖုံးအပြင်စာမျက်နှာ | ၉.၅"× ၇" (မျက်နှာတစ်ဝက်) | လေးရောင် | ၁၀၀၀၀၀ |
| | | ၉.၅"× ၃" (မျက်နှာတစ်စိတ်) | လေးရောင် | ၅၀၀၀၀ |
| ၄ | အတွင်းစာမျက်နှာများ | ၉.၅"× ၁၄" (တစ်မျက်နှာပြည့်) | လေးရောင် | ၁၂၀၀၀၀ |
| | | ၉.၅"× ၇" (မျက်နှာတစ်ဝက်) | လေးရောင် | ၆၀၀၀၀ |




**ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ**

ဒေါ်မြင့်ဇင်ညွန့် (ကြော်ငြာတာဝန်ခံ) - ၀၉ ၇၃၀၅၃၅၃၁

ဂျာနယ်တိုက် - ၀၁-၂၅၂၀၁၇၊ ၃၇၁၀၂၃

http://www.commercejournal.com.mm

http://www.facebook.com/mocommerce

commercejournal.editor@gmail.com

# COMMERCE INTERNATIONAL

## အာရှအိုင်တီပညာရှင်များကို ဂျပန်နိုင်ငံက နှစ်ဆတိုးခေါ်ယူမည်

ဂျပန်နိုင်ငံတွင် အိုင်တီလုပ်သားရှားပါးမှုကို လျော့ကျစေရန်အတွက် ဂျပန်စီးပွားရေးဝန်ကြီးဌာနက အာရှနိုင်ငံများမှ သတင်းအချက်အလက်နဲ့ နည်းပညာ(အိုင်တီ)ဘွဲ့ရပညာရှင် ၁၀၀၀ ခေါ်ယူနိုင်ရေးအတွက် ကွန်ပျူတာလုပ်ငန်းများနဲ့ ဂျပန်ဘာသာစကား သင်တန်းကျောင်းများနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ကြောင်း နယူးယောက်တိုင်းမ်သတင်းမှာ ဖော်ပြထားပါတယ်။

စီမံကိန်းကို အကောင်အထည်ဖော်နိုင်ရန်အတွက် ဝန်ကြီးဌာနက နိုဝင်ဘာ ၁၇ ရက်နေ့မှာ ကောင်စီတစ်ခုကို ဖွဲ့စည်းတည်ထောင်သွားမှာဖြစ်ပါတယ်။ ဖွဲ့စည်းလိုက်တဲ့ကောင်စီက ဂျပန်ဆော့ဝဲအသင်းဝင် ကုမ္ပဏီ ၃၅ ခု နဲ့ ဂျပန်ဘာသာစကားသင်ကျောင်းများနဲ့ ပူးပေါင်းပြီး အိုင်တီဘွဲ့ရသူများ ခန့်ထားနိုင်ရေးအတွက် ဆောင်ရွက်ကြမှာ ဖြစ်ပါတယ်။

သက်ဆိုင်ရာ အစိုးရများက ထောက်ခံတင်ပြပေးလိုက်တဲ့ အာရှဘွဲ့ရများ ဂျပန်ဘာသာစကားသင်ကျောင်း များ တက်ရောက်နိုင်ရန်အတွက်လည်းကောင်း၊ ဂျပန်ကုမ္ပဏီများမှာ အလုပ်လုပ်ကိုင်နိုင်ရန်အတွက် လည်းကောင်း ကောင်စီက အကူအညီပေးသွားမှာဖြစ် ပါတယ်။ ၂၀၁၆ ဘဏ္ဍာနှစ်မှာ အိန္ဒိယနဲ့ ဗီယက်နမ်စတဲ့ အာရှနိုင်ငံ တွေက အိုင်တီဘွဲ့ရ ၁၀၀၀ ကို လက်ခံသွားဖို့ ကောင်စီက ရည်မှန်းထားပါတယ်။

အင်တာနက်မှတစ်ဆင့် ထုတ်ကုန်များနဲ့ ဝန်ဆောင်မှုအမျိုးအစားအားလုံးကို ဆောင်ရွက်ပေးတဲ့ ကွန်ရက်တစ်ခုဖြစ်တဲ့ Internet of Things (IOT)၊ Artificial Intelligence (AI) နဲ့ သတင်းအချက်အလက်စိစစ်မှုတို့ အပါအဝင် နည်း ပညာသစ်တွေကို ဂျပန်နိုင်ငံက အရှိန်မြှင့်ဆောင်ရွက်လျက်ရှိပါတယ်။ ဝန်ကြီးဌာနရဲ့ အဆိုအရ ဂျပန်နိုင်ငံသတင်းအချက်အလက် ဝန်ဆောင်မှုမှာ တာဝန်ထမ်းဆောင်နေသူတစ်သန်းရှိတဲ့အနက် ၃၀,၀၀၀ က နိုင်ငံခြားသားတွေဖြစ်ကြောင်း သိရပါတယ်။

IOT, AI နဲ့ သတင်းအချက်အလက်စိစစ်မှု လုပ်ငန်းတွေ ကမ္ဘာအနှံ့အပြားမှာ တစ်ဟုန်ထိုးမြင့်တက်လာတဲ့ အတွက် ဂျပန်နိုင်ငံမှာလည်း ပညာရှင်တွေ လိုအပ်လာပါတယ်။ ဒါကြောင့် အိုင်တီပညာရှင် ရရှိရေးက ကြီးမားတဲ့ အခက်အခဲတစ်ခုဖြစ်လာပါတယ်။ ၂၀၂၀ ပြည့်နှစ် ရောက်ရင် အိုင်တီကဏ္ဍမှာ နိုင်ငံခြားသားလုပ်သားကို နှစ်ဆတိုးပြီး ၆၀၀၀၀ အထိခန့်ထားဖို့ ရည် မှန်းထားတဲ့အတွက် အိန္ဒိယ၊ ဗီယက်နမ်နဲ့ တခြားအာရှနိုင်ငံတွေကနေ အိုင်တီပညာရှင်များခေါ် ယူဖို့ ဂျပန်အစိုးရက ကြိုးပမ်းလျက်ရှိပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်



## ကုန်ကျစရိတ်လျှော့ချဖို့ စင်ကာပူကုမ္ပဏီတို့ ပူးတွဲရုံးခန်းနေရာရှာ

စင်ကာပူမှာ လုပ်ငန်းလုပ်ကိုင်ဖို့ နေရာရှာဖွေကြတဲ့အခါ အခန်းငှားပြီး စာချုပ်ချုပ်ဆို ငှားရမ်းမှုမရှိကြတော့ဘဲ အလုပ်လုပ်ဖို့ လိုအပ်လာတဲ့အခါ သုံးဖို့ ရုံးပစ္စည်းပစ္စယတွေကိုသာ ရှာဖွေသုံးကြတဲ့ လုပ်ငန်းတွေနဲ့ လူပုဂ္ဂိုလ်တွေ များပြား လာတာကို တွေ့ရပါတယ်။ ဒီလိုအပ် ချက်တွေကိုဖြည့်ဆည်းပေးနိုင်တဲ့ ရုံးဖွဲ့စည်းပုံကို ပူးတွဲရုံးခန်းနေရာ (Co-working Space) လို့ ခေါ်ဝေါ်သုံးစွဲ ကြပါတယ်။ ဒီလိုငှားရမ်းသုံးစွဲမှုမျိုးကို လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကတည်းက လူကြိုက် များလာခဲ့ပြီး စင်ကာပူနိုင်ငံတစ်ဝန်းလုံးမှာ ဒီလိုနေရာမျိုးတွေ စီစဉ်ပေးတဲ့လုပ်ငန်းပေါင်း ၂၀ လောက်ရှိကြောင်း စီအင်န်အေသတင်းမှာ ဖော်ပြထားပါတယ်။

ကုမ္ပဏီတွေနဲ့ လူပုဂ္ဂိုလ်တွေအတွက် ပူးပေါင်းနေထိုင်နိုင်တဲ့ လုပ်ငန်းနေရာတွေ ဖန်တီးပေးရာမှာ နာမည်ကြီးတာက The Hub နဲ့ The Co တို့ပါဝင်ပြီး နောက်ဆုံးပေါ် လုပ်ငန်းအဖွဲ့က Work Central ဖြစ်ပါတယ်။ ဒီလိုပူးတွဲရုံးခန်းနေရာတွေက ကုန်ကျစရိတ်လျှော့ချလို့ပြီး ရေရှည်ရုံးခန်းငှားထားဖို့မလိုတဲ့ ကုမ္ပဏီအတွက် အဆင်ပြေတဲ့နေရာထိုင်ခင်းဖြစ်ပြီး ပြောင်းလွယ်ပြင်လွယ်ရှိပါတယ်။

အဖွဲ့ဝင်ကုမ္ပဏီတွေက သူတို့အလိုရှိတဲ့အချိန်မှာ ပစ္စည်းပစ္စယတွေကို သုံးစွဲနိုင်ပါတယ်။ ကြိုးလိုင်းဖုန်းနဲ့ သတ်သတ်မှတ်မှတ် ရုံးခန်းလိုချင်ရင်လည်းရပါတယ်။ ပြီးခဲ့တဲ့လက နေရာသစ်တစ်ခုကို ဖွင့်လှစ်ပြီးတဲ့နောက် Work Central မှာ အဖွဲ့ဝင် ၁၀ ဦးရှိပါတယ်။ ပူးတွဲရုံးခန်းနေရာကို အသုံးပြုခြင်းဖြင့်လုပ်ဖော်ကိုင်ဖက်လုပ်သားတွေနဲ့ ပူးပေါင်းလုပ်ကိုင်နိုင်တဲ့ အခွင့်အလမ်းကို ရရှိစေနိုင်ပါတယ်။

"လူကြီးမင်းဆန္ဒရှိရင် အတူတူအလုပ်လုပ်နေတဲ့သူ (တခြားအဖွဲ့ဝင်ကုမ္ပဏီတစ်ခုမှ ပုဂ္ဂိုလ်)နဲ့ စကားစမြည်ပြောလို့ရပါတယ်။ ဒီပုဂ္ဂိုလ်တွေက လုပ်ငန်းချင်းတိုက်ရိုက် ဆက်စပ်နေတဲ့ လူဟုတ်ချင်မှ ဟုတ်မယ်။ ဒါပေမယ့် ခင်ဗျားရဲ့ လုပ်ငန်းအတွက် ဝန်ဆောင်မှုပေးနိုင်တဲ့ လုပ်ဖော်ကိုင်ဖက်တစ်ဦးဖြစ်ချင်လည်း ဖြစ်လာနိုင်ပါတယ်။ ဥပမာ ခင်ဗျားက ဝက်ဘ် ဒီဇိုင်နာဖြစ်မယ်ဆိုပါစို့။ ဒီလုပ်ငန်းနဲ့ ဆက်စပ်တဲ့ သူနဲ့တွေ့ရင်လည်း အဆင်ပြေတာပါပဲ"လို့ Work Central ကို တည်ထောင်သူနဲ့ အမှုဆောင်ချုပ် မစ္စတာပေါလီက ပြောပါတယ်။

ပူးတွဲရုံးခန်းထားတဲ့ စနစ်က အသစ်အဆန်းတော့မဟုတ်ပါ။ မကြာသေးမီနှစ်များကတည်းက စတင်ဖြစ်တည်လာခဲ့တာ ဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်က Infocom Development Authority (IDA) က ကမ္ဘာ့လုပ်ငန်းနေရာဖန်တီးပေးတဲ့ ကုမ္ပဏီ Regus နဲ့ တွဲပြီး လူပုဂ္ဂိုလ်တစ်ဦးချင်းနဲ့ ကုမ္ပဏီတွေအတွက် စာကြည့်တိုက်တွေမှာ နေရာဖန်တီးပေးခဲ့ပါတယ်။

ဒီလိုလုပ်ငန်းနေရာတွေကို သုံးခြင်းဖြင့် ပူးပေါင်းဆောင်ရွက်နိုင်မယ့် အခွင့်အရေးကို ရစေနိုင်ရုံသာမက သမားရိုးကျ ရုံးခန်းတွေထက် ကုန်ကျစရိတ်သက်သာပါတယ်။


Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်၊

SINOR LINES RO/RO Service for Myanmar

<< October And November Sailing Schedule >>

Date : 23th November 2015

* SUBJECT TO CHANGE WITH OR WITHOUT NOTICE

KOREA/JAPAN/MYANMAR

| VESSEL | Height (m) | | | | JAPAN | | | | | | KOREA | | | SINGAPORE | MYANMAR | THAILAND |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | KOBE | SAKAI SENBOKU | HAKATA | YOKOSUKA | NAGOYA | YOKOHAMA | MASAN | INCHEON | ULSAN | SINGAPORE | YANGON | LAEM CHABANG |
| MV.CITY OF MUMBAI V.24 | 1.55 | 1.90 | 2.20 | 3.50 | 9.10.2015 | | | | 10.10.2015 | 11.10.2015 | | | | 19.10.2015 | 23.10.2015 | |
| | S/O CUT | | | | 5.10.2015 | | | | 6.10.2015 | 7.10.2015 | | | | | | |
| MV.HOEGH CHENNAI V.18 | 1.55 | 1.90 | 2.20 | 3.50 | | 27.10.2015 | 25.10.2015 | | 28.10.2015 | 29.10.2015 | | | | | 10.11.2015 | |
| | S/O CUT | | | | | 23.10.2015 | 21.10.2015 | | 24.10.2015 | 25.10.2015 | | | | | | |
| MV.CITY OF MUMBAI V.25 | 1.55 | 1.90 | 2.20 | 3.50 | | 8.11.2015 | | | 9.11.2015 | 10.11.2015 | | 4.11.2015 | | | 25.11.2015 | |
| | S/O CUT | | | | | 4.11.2015 | | | 5.11.2015 | 6.11.2015 | | | | | | |
| MV.HOEGH CHENNAI V.19 | 1.55 | 1.90 | 2.20 | 3.50 | 26.11.2015 | | | | 25.11.2015 | 24.11.2015 | | 29.11.2015 | | 8.12.2015 | 12.12.2015 | |
| | S/O CUT | | | | 22.11.2015 | | | | 23.11.2015 | 20.11.2015 | | | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441
Email : gleltd.office@gmail.com ( Management ), gleltd.mktg@gmail.com ( Operation ), docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing ), goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama
Loading address (SAKAI SENBOKU)
Shiomi Wharf 5-A/B/C
Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway Ei Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စင်္ကာပူနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်၊